လ

ပြည်မြို့၊ ဝေပုလ္လာရာမကျောင်းတိုက်၊ ပဓာနနာယက

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဝေပုလ္လာရာမဆရာတော်ကြီး

# ဘဒ္ဒန္တဝေပုလ္လ

ရေးသားပြုစုတော်မူသည့်

# ဝိဇ္ဇာစရဏပညာ မှတ်စုကျမ်း

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ရှေးပဝေသဏီ ဝိဇ္ဇာတို့၏ ထွက်စဉ်များ | ၉ |
| (၂) | ယခုခေတ် အသေထွက်၊ အရှင်ထွက်တို့၏ သဘောများ။ | ၁၆ |
| (၃) | ဂိုဏ်းတို့၏ သဘော၊ ထွက်ရပ်ပေါက်တို့၏ သဘောများ။ | ၂၂ |
| (၄) | အတုနှင့်အစစ် ခွဲခြားခြင်း | ၂၅ |
| (၅) | ဥစ္စာ၊ သစ္စာ၊ သမာဓိ၊ မေတ္တာတို့၏ အဓိကဇာတ်ဟောင်း။ | ၂၉ |
| (၆) | လောကီထွက်ရပ် ဂန္ဓာရီကျင့်စဉ် | ၃၄ |
| (၇) | ထွက်ရပ်လမ်းကြီး (၄) ပါးကို ခွဲခြားပြခြင်း | ၃၈ |
| (၈) | ဗုဒ္ဓတရားနှင့် အထက်လမ်းပညာ တွဲစပ်၍ပြခြင်း။ | ၄၅ |

(၉) စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲများကို ခွဲခြားပြခြင်း ၄၉
(၁၀) အလယ်နက်ကြီးအမျိုးမျိုးကို ခွဲခြားပြခြင်း ၅၇
(၁၁) အထက်နက်ကြီးအမျိုးမျိုးကို ခွဲခြား၍ပြခြင်း ၆၂
(၁၂) ပညာစောင့်နတ်များ၊ ပညာစောင့်ဝိဇ္ဇာများကို ခွဲခြားပြခြင်း ၆၈
(၁၃) ပယောဂပညာနှင့်ထွက်ရပ်ပညာကို ခွဲခြားပြခြင်း ၈၀
(၁၄) စူဠဂန္ဓာရီဂိုဏ်းတို့၏ သဘောတရားများ ၈၅
(၁၅) မဇ္ဈိမဂန္ဓာရီဂိုဏ်းတို့၏ သဘောတရားများ ၉၁
(၁၆) မဟာဂန္ဓာရီဂိုဏ်းတို့၏ သဘောတရားများ ၉၄
(၁၇) စမတို့၏သဘော ၁၀၃
(၁၈) အင်းတို့၏သဘော ၁၁၄
(၁၉) ဂါထာ၊ မန္တန်၊ မန္တရားတို့၏သဘော ၁၃၁
(၂၀) လောကီထွက်ရပ်လမ်းနှင့်လောကုတ္တရာ ထွက်ရပ်လမ်းများ ၁၄၉
(၂၁) ပညာအမျိုးမျိုးကိုပြခြင်း ၁၅၄
(၂၂) အဓိဋ္ဌာန်သစ္စာဖြင့် ပညာဖြစ်ပုံပြခြင်း ၁၆၀
(၂၃) မန္တန်၊ မန္တရားဖြင့် ပညာဖြစ်ပုံပြခြင်း ၁၆၇
(၂၄) အင်း၊ စမများဖြင့် ပညာဖြစ်ပုံပြခြင်း ၁၇၇
(၂၅) သမထတရားကြောင့် ပညာဖြစ်ပုံပြခြင်း ၁၉၀
(၂၆) လောကုတ္တရာ၊ အရိယာတရားကြောင့် ပညာဖြစ်ပုံပြခြင်း ၁၉၉
(၂၇) ပုတီးစိပ်ခြင်းကြောင့် ပညာဖြစ်ပုံကိုပြခြင်း ၂၀၉

(၂၈) ပညာမဖြစ်ဘဲ ထွက်ရပ်မပေါက်နိုင်ကြောင်းကို ၂၁၀
ပြခြင်း
(၂၉) ပညာယူခြင်းအမျိုးမျိုးကိုပြခြင်း ၂၁၃
(၃၀) သိပ္ပပညာအခန်း ၂၂၀
(၃၁) ပကိဏ္ဏကပညာများ ၂၂၈
(၃၂) ကျမ်းပြီးနိဂုံး ဆုတောင်းခန်း ၂၄၀

## ရှေးဗုဒ္ဓဝင်ဆို ဝိဇ္ဇာဝတ္ထု၏ ထွက်ခါပဝေဂါဖြူး

ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူသည် ကေနအမှန်ပွင့် တော်မူကြပေသည်။ ထိုဘုရားငါးဆူခေတ်တွင် ဝိဇ္ဇာများထွက် စဉ်ကား-

| | |
|---|---|
| ပဌမ ကောက္ကသံဘုရား၏ သာသနာတော်အတွင်းအပ ထွက်ရပ်ပေါက်ကြသော ဝိဇ္ဇာပေါင်း | ၈၀၀၀၀ |
| ဒုတိယကောဏာဂုံဘုရား | ၈၀၀၀၀ |
| တတိယ ကဿပဘုရား | ၈၀၀၀၀ |
| စတုတ္ထ ဂေါတမဘုရား | ၈၀၀၀၀ |

ပဥ္စမ အရိမေတ္တေယျဘုရား၏ သာသနာတော်အတွင်းအပ ထွက်ရပ်ပေါက်ကြမည့် ဝိဇ္ဇာပေါင်းကား ၃၂၀၀၀၀ ရှိသည်။

စုစုပေါင်း ဘုရားငါးဆူတွင် ထွက်ကြသော ဝိဇ္ဇာများ (၆၄၀၀၀၀) ခြောက်သိန်းလေးသောင်းရှိကြပေကုန်သတည်း။

ယခု ဂေါတမရှင်တော်ဘုရား၏ သာသနာတော်အတွင်း ထွက်ရပ်ပေါက်ကြမည့် ဝိဇ္ဇာများ၊ ထွက်ရပ်ပေါက်ပြီး ဝိဇ္ဇာများ

ကား ပုဗ္ဗဝိဒေဟကျွန်းမှ စုတေခဲ့၍ ကာသိကရာဇ်တိုင်း၌ သုတေဇ္ဇာသရမည်သော ပုဏ္ဏားမျိုးမှဖြစ်သော မြဒါးဝိဇ္ဇာ (၆၄) ယောက်၊ ၎င်းအပြင် ကိဘူမန္တမည်သော နတ်မင်းကြီး၏သား စုတေခဲ့၍ ၎င်းတောင်ကျွန်း အင်္ဂပူရတိုင်း၊ ကိလဘူမန္တမည် သော ပုဏ္ဏားမျိုးမှဖြစ်သော မြဒါးဝိဇ္ဇာပေါင်း (၁၉၅) ယောက်၊ ၎င်းနောက် အပရဂေါယာနကျွန်းမှ စုတေခဲ့၍ ကောသလတိုင်း အမျှတေဇ္ဇာသာရမည်သော ပုဏ္ဏားမျိုးမှဖြစ်သော သံဝိဇ္ဇာပေါင်း (၄၉၃) ယောက်၊ ၎င်းအပြင် မြောက်ကျွန်းမှစုတေခဲ့၍ ကုရုတိုင်း သင္ကာရ ဗြဟ္မဏမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ဆေးဝိဇ္ဇာ ပေါင်း (၆၅၈) ယောက်၊ ၎င်းအပြင် ရာဇဂြိုဟ်ပြည်၌ ဇောတိက ၏ အဘမြဒါးဝိဇ္ဇာသည်လည်းကောင်း၊ သထုံပြည်၊ နာဂဝိဇယ မင်း၏ အဘဖြစ်သော မြဒါးဝိဇ္ဇာသည်လည်းကောင်း၊ သီဟိုဠ် ကျွန်း၊ နာဂတိဿမည်သော ရဟန်း၏အဘဖြစ်သော ဆေးဝိဇ္ဇာ သည်လည်းကောင်း၊ သထုံပြည်၊ သထုံသူ ပုဖ္ဖမာလာနှင့် ဆက် ဆံသော အင်းဝိဇ္ဇာသည်လည်းကောင်း၊ ကဝိလမိုင်းဇာတ်၌ တက္ကသိုလ်ဆရာကြီး၏ မြေးတော် ပဥ္စရူပမင်းသမီးကို မင်းသား တစ်ပါးနှင့် ကြုပ်လုပ်၍ ကြုပ်တွင်းတွင် မင်းသမီးအား တိတ်တ ဆိတ်ထည့်ကာ မင်းသားအား ပေးအပ်လိုက်၏။ မင်းသားအား လည်း လမ်းတွင်နားခိုက် ကြုပ်ကို မဖွင့်ရန်မှာလိုက်၏။ နန်း တော်ရောက်မှဖွင့်ပါဟု မှာ၏။ မင်းသားသည် နားမထောင်ဘဲ လမ်းတွင်ဖွင့်မိသောကြောင့် မင်းသမီးနှင့် ပရသိဒ္ဓိမည်သော ဆေးဝိဇ္ဇာတို့ စုံဖက်ပေါင်းသင်းဖူးသည်။

ငင်းအပြင် အင်းဝမြို့တည်၊ သတိုးမင်းဖျားလက်ထက် ပြဒါးဖြင့် ထွက်ရပ်ပေါက်ဖူးသော မစုသခ်ရာဇာမည်သော ဘုန်းတော်ကြီးသည်လည်းကောင်း၊ မြင်းစိုင်းမြို့ ဇေယျသင်းကြန် (ဇေယျသကြန်) လက်ထက် ပညာသိရှိကျော်သူ အမတ်တစ်ဦးနှင့် နောက်ပါ (၃၆) ယောက်တို့သည် တောတောင်ထဲ၌ ဆေးသိုက်ကို လိုက်စားကြပြီး ထွက်ရပ်ပေါက်ကြသော ဆေးဝိဇ္ဇာများသည်လည်းကောင်း၊ ပုဂံပြည် ကျစွာမင်းကြီးလက်ထက် အရှင်ဉာဏဝံသမည်သော ဆရာတော်သည်လည်းကောင်း၊ စိန္တာမယအင်းကို အကြိမ်ကြိမ်ကစားသဖြင့် အင်းသိုက်ကြီးပွားကာ ထွက်ရပ်ပေါက်သော စိန္တာမယအင်းဝိဇ္ဇာသည်လည်းကောင်း၊ ငင်းအပြင် ပေါက်ကံ (ပေါက္ကံ) မြို့၌ ပြဒါးဖြင့်ထွက်ရပ်ပေါက်သော အရှင်အဂ္ဂဂေါဏမည်သော ပြဒါးဝိဇ္ဇာသည်လည်းကောင်း၊ ငင်းအပြင် ဒွါရာဝတီမြို့၌ အရှင်ကဝိန္ဒသာရမည်သော ဆရာတော်သည် လည်းကောင်း၊ သလဲပြဒါးကို စီရင်သဖြင့် ထွက်ရပ်ပေါက်သော ရေတိမ်ဆရာတော် ပြဒါးဝိဇ္ဇာသည်လည်းကောင်း၊ သရေခေတ္တရာပြည် မယပင် (မယားပင်) ရွာသား ဆရာအောင်သည် သလဲပြဒါးကို စီရင်သဖြင့် ထွက်ရပ်ပေါက်ဖူးသော ပြဒါးဝိဇ္ဇာ ဆရာအောင်သည် တစ်ရပ်၊ ငင်းအပြင် အင်းဝမြို့ နောင်တော်မင်းတရားလက်ထက် အောင်ချမ်းသာရွာတောင် တောရကျောင်း ဣန္ဒာစရိယမည်သော ထွက်ရပ်ပေါက်ပြဒါးဝိဇ္ဇာသည်လည်းကောင်း၊ ငင်းအပြင် အမရပူရမြို့၊ နောင်တော်ကြီးမင်းလက်ထက် တောင်သမန်ရွာအနီး ခဝဲရလောဟမည်သော် သံ

ကိုစီရင်၍ ထွက်ရပ်ပေါက်သော ရှင်နာဂိသာရမည်သော သံဝိဇ္ဇာသည် တစ်ရပ်၊ ၎င်းအပြင် သံသုမာဂိရိတောင်ထိပ်တွင် နေခင် မြတ်စွာဘုရား ဝါတော်ကပ်၍ ရပ်တော်မူလိမ့်မည်ကို သံပရ မာလာမည်သော သံဝိဇ္ဇာသည် သိ၍ ကောင်းစွာလျှံအံ့သောငှာ အလျားအတောင် (၂၅၀)၊ အနံအတောင် (၂၀၀)၊ ထု (၄၀) ရှိသော သေလုဝါရမည်သော သံကျောက်ဖျာကြီးကို ဂန္ဓမာဒန တောင်မှ ဆောင်ယူခဲ့၍လည်းကောင်း၊ သံသုမာဂိရိတောင်ထိပ် ဝယ် ကျောင်းအလို့ငှာ ခင်းထားလျှုဒါန်းခဲ့သော သံဝရမာလာ သံဝိဇ္ဇာကြီးသည်တစ်ရပ်၊ ဂေါတမဘုရား၏ သာသနာတော် အတွင်းအပ ဤ (၂) ရပ်၌ ထွက်ကြကုန်သော ဝိဇ္ဇာများကား ဆက်လက်၍-

တာရာနသီပြည် (တာရာဏသီ)၊ ဗြဟ္မဒတ်မင်းလက်ထက် သုတေဇ္ဇာသရမည်သော ရသေ့တို့သည် သံရုံပြဒါးကို စီရင်သဖြင့် အထမြောက်၍ ထွက်ရပ်ပေါက်ကြကုန်သော (၆၄) ယောက် သော ပြဒါးဝိဇ္ဇာသည်တစ်ရပ်၊

၎င်းပြင် ဝက်တိုင်း၊ စမ္ပာနဂိုရ်ပြည်၊ ဝါသုဒတ္တမင်းလက် ထက် ရသေဇ္ဇာသာရအမည်ရှိသော သလဲပြဒါးကို စီရင်သဖြင့် ထွက်ရပ်ပေါက်ကြသော (၅၅) ယောက်သော ရသေဇ္ဇာသာရ မည်သော ပြဒါးဝိဇ္ဇာတို့သည် တစ်ရပ်၊

၎င်းပြင် သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ သုဒ္ဓေါဒနမင်းလက် ထက် ပါရဒေဇ္ဇာသာရမည်သော ရသေ့တို့သည် ပါဒုဗ္ဗာမှဖြစ် သော ငွေဓားပြဒါးကို စီရင်သဖြင့် ထွက်ရပ်ပေါက်ကြကုန်သော

ပါရဒေဇ္ဇာသာရအမည်ရှိသော (၉၉) ယောက်ကုန်သော ပြဒါးဝိဇ္ဇာတို့သည် တစ်ရပ်၊ ၎င်းအပြင် မဂဓတိုင်း၊ ကောလိယပြည်၊ သကျရာဇာမင်းလက်ထက်၊ သုဝဏ္ဏော ဇ္ဇာသာရ အမည်ရှိသော ရသေ့တို့သည် ရွှေစားဒုတ္တာမှဖြစ်သော ပြဒါးကို စီရင်ကြ၍ အထမြောက်ကာ ထွက်ရပ်ပေါက်ကြသော သုဝဏ္ဏော ဇ္ဇာသာရ မည်သော (၅၅၀) ယောက်သော ပြဒါးဝိဇ္ဇာတို့သည်တစ်ရပ်။

၎င်းပြင် အင်္ဂပူရတိုင်း၊ မခုရပြည်၊ သဗ္ဗိယမင်းလက်ထက် ကိလေဘူဗျန္တအမည်ရှိသော ပုဂ္ဂိုလ်အပေါင်းတို့သည် မြေအောက်ပြဒါးကို စီရင်ကြသဖြင့် ထွက်ရပ်ပေါက်ကြကုန်သော ကိလဘူဗျန္တမည်သော (၉၅) ယောက်သော ပြဒါးဝိဇ္ဇာသည်တစ်ရပ်၊ ၎င်းပြင် စေတီယတိုင်း၊ ကောသမ္ဗီပြည်၊ ဥတေနမင်းလက်ထက် လောဟပါရ အဇ္ဇသရမည်သော ပုဂ္ဂိုလ်အပေါင်းတို့သည် လောဟာကျောက်မှဖြစ်သော ပြဒါးကို စီရင်ကြသဖြင့် ထွက်ရပ်ပေါက်ကြပေကုန်သော လောဟာပါရဒမည်သော (၂၈၀) သော ပြဒါးဝိဇ္ဇာတို့သည် တစ်ရပ်၊

၎င်းပြင် ကလိင်္ဂပြည်၊ မန္ဒိန္ဓမင်းလက်ထက် ခတိရနေဇ္ဇာ သရမည်သော ရသေ့တို့သည် ၎က်ပျောခေါင်းမှရသောသံကို စီရင်ကြသဖြင့် ထွက်ရပ်ပေါက်ကြပေကုန်သော ခတိရနေဇ္ဇာသာ ရမည်သော (၃၈၉) ယောက်သော သံဝိဇ္ဇာများသည် တစ်ရပ်၊ ၎င်းအပြင် ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ပသေနဒီမင်းလက်ထက် အမြတေကျောက်မှဖြစ်သောသံကို စီရင်ကြပြီးလျှင် ထွက်ရပ်ပေါက်ကြပေကုန်သော (၄၉၉) ယောက်သော သံဝိဇ္ဇာများ

သည် တစ်ရပ်၊ အဝန္တိတိုင်း၊ တက္ကသီလပြည်၊ ပဏ္ဍုသမင်းလက်ထက် ရုက္ခဇာသရမည်သော ရသေ့တို့သည် ရုက္ခမူသံကို တစ်ပါးသောခေတ်တို့ဖြင့် စီရင်ကြရာ အထမြောက်ပြီး ထွက်ရပ်ပေါက်ကြပေကုန်သော (၅၅၅) ယောက်သော သံဝိဇ္ဇာတို့သည် တစ်ရပ်၊

ရင်းအပြင် ကုရုတိုင်း၊ သက်သဿနဂိုရ်ပြည်၊ ရာဇိန္ဒာမင်းလက်ထက် ဓမ္မိကာရမည်သောရသေ့တို့သည် တောင်ပို့ချသံကို စီရင်သဖြင့် ထွက်ရပ်ပေါက်ကြပေကုန်သော (၆၅၈) ယောက်သော သံဝိဇ္ဇာများသည် တစ်ရပ်၊

ရင်းပြင် ပဥ္စာလရာဇ်တိုင်း၊ စေတုတ္တရာပြည်၊ ဇနိန္ဒာမင်းလက်ထက်၊ ပါဏီသခေ်ဇ္ဇာသရမည်သော ရသေ့တို့သည် ရေမှဖြစ်သော သံခရုသင်းမှဖြစ်သော သံတို့ကို စီရင်ကြသဖြင့် ထွက်ရပ်ပေါက်ကြပေကုန်သော (၇၈၅) ယောက်သော သံဝိဇ္ဇာတို့သည် တစ်ရပ်၊

ရင်းအပြင် ဝိဒေဟရာဇ်တိုင်း၊ မိတ္ထိလာပြည်၊ ဇနိသဿမင်းလက်ထက် မုတ္တာကန္တမည်သောပုဂ္ဂိုလ်တို့သည် ပုလဲမှဖြစ်သော၊ သံယောက်သွားမှဖြစ်သော သံတို့ကိုစီရင်သဖြင့် ထွက်ရပ်ပေါက်ကြပေကုန်သော (၈၆၄) ယောက်သော သံဝိဇ္ဇာတို့သည်တစ်ရပ်၊

ရင်းအပြင် ပါစီတိုင်း၊ ပါဋလိပုတ်ပြည်၊ မုဏ္ဍာရီမင်းလက်ထက်၊ သရဘူမျဒကအမည်ရှိကြပေကုန်သော ရသေ့တို့သည် သယံဇာတ သံဘူမျာဒကသံတို့ကို စီရင်ကြ၍ ထွက်ရပ်ပေါက်ကြပေကုန်သော (၉၉၄) ယောက်သော သံဝိဇ္ဇာများသည်လည်းကောင်း၊

သုရတိုင်း၊ ပါဝါပြည်၊ သုရိန္ဒမင်းလက်ထက် ဒီဃမူလ သတ္တင္ခအမည်ရှိသော ပုဂ္ဂိုလ်တို့သည် ကျောက်ခရု၊ ကျောက်ပုစွန်၊ သစ်မြစ်တွင်းမှရသောသံတို့ကို စီရင်လုပ်ကိုင်ကြသဖြင့် ထွက်ရပ်ပေါက်ကြသော (၁၃၅၀) ယောက်ရှိသော သံဝိဇ္ဇာများ သည်တစ်ရပ်၊

ဧင်းအပြင် ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၊ ပဏ္ဍုသာဒိမင်း လက်ထက် မဟာပရနိမ္မိမယိဒ္ဓိမည်သော ပုဂ္ဂိုလ်တို့သည် တော တောင်ကျွမ်းကျင် သိုက်ဝင်မဖျက် တစ်ပါးသောဓာတ်တို့ဖြင့် ချောက်ထက်တွင် ချက်ပြီးလျှင် မန္တန်ဖြင့် စုတ်နှီး၍ ရုပ်တစ် မျိုးကဏ္ဍဖြင့် ထွက်ရပ်ပေါက်ကြပေကုန်သော (၁၃၉) ယောက် သော ဆေးဝိဇ္ဇာတို့သည် တစ်ရပ်၊

မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဗိမ္ဗိသာရမင်းလက်ထက် စိန္တမယဝိဇ္ဇာလောင်းတို့သည် အာယုသမိုင်း၊ ဓာတုသမိုင်း၊ဖြဟန္ဓ သမိုင်း၊ ဓန္ဓသမိုင်း အစရှိသော အင်းသိုက်တို့ လိုက်စား၍ ထွက် ရပ်ပေါက်ပေကုန်သော (၂၆၀) သော စိန္တမယအင်းဝိဇ္ဇာသည် တစ်ရပ်၊

ဧင်း (၈၀၀၀၀) ရှစ်သောင်းသောဝိဇ္ဇာတို့တွင် (၇၇၃၀) ဝိဇ္ဇာများသည် ထွက်ရပ်ပေါက်ပြီးဖြစ်ကြကုန်၏။ ကျန်သော (၇၂၂၇၀) သော ဝိဇ္ဇာလောင်းများကား ဆက်လက်၍ ထွက်ရပ် ပေါက်ကြမည်ဖြစ်ပါ၍ ပါရမီများစွာဖြစ်အောင် ကြိုးစားအား ထုတ်ကြကုန်ရာသတည်း။

ဤတွင် ရှေးပဝေသဏီ ဝိဇ္ဇာတို့၏ ထွက်စဉ်ကို ပြ၍ပြီးပါ ပြီ။

## သစ္စာတော် အလောင်းတော်၊ အရှင်ဘုရားတို့၏ သဘောတရားများ

သေဆုံးခြင်းတည်းဟူသော မရဏသဘောတရားကို လွန်ဆန်နိုင်သော သတ္တဝါမည်သည် မရှိပါချေ။ စကြာဝတေးမင်းတို့သည်လည်းကောင်း၊ ပဒေသရာဇ်မင်းတို့သည်လည်းကောင်း၊ သိကြားမင်းသည် လည်းကောင်း၊ ဗြဟ္မာမင်းသည်လည်းကောင်း မြတ်စွာဘုရားသည်လည်းကောင်း လွန်ဆန်ခြင်းငှာ မစွမ်းနိုင်ချေ။ ထို့ကြောင့် လောကတွင် ထွက်ရပ်ပေါက်ကြပေကုန်သော ဘိုးဘိုးအောင်သည်လည်းကောင်း၊ ဘိုးတော်အောင်မင်းခေါင်သည်လည်းကောင်း၊ ရက်ကန်းစင်တောင်ဆရာတော်ဦးဩဘာသသည်လည်းကောင်း၊ အလုံးစုံသော အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မြဒါးဝိဇ္ဇာ၊ (မန္တန်) ဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ သမထအရိယာဝိဇ္ဇာ စသော ဝိဇ္ဇာမျိုးတို့သည်လည်းကောင်း၊ မည်သည့်ဝိဇ္ဇာမဟူ သေခြင်းတို့မှ (ဝါ) သေမင်း၏ လက်တွင်းမှ မလွတ်ကင်းနိုင်ချေ။

အကြင်ဝိဇ္ဇာတစ်ပါးပါးသည် မသေဖူးဟု ဆိုငြားအံ့၊ ထိုဝိဇ္ဇာကား သင်္ခါရဓမ္မကို မမြင်ဘဲ မြတ်စွာဘုရား၏ အာဏာမေ့

စက်ကို လွန်ဆန်သောကြောင့် ထိုဝိဇ္ဇာကား အတ္တဒိဋ္ဌိလွန်ကဲသော ဝိဇ္ဇာဖြစ်၏။ သို့ဆိုသော ဝိဇ္ဇာသည် မြတ်စွာဘုရားထက်ပင် မွန်မြတ်ပေသလော၊ မြတ်စွာဘုရားသည် ဝါတော် (၄၅) ဝါ၊ သက်တော် (၈၀) ၌ သေမင်း၏ နှိပ်စက်ခြင်းကို ခံစားရကာ ပရိနိဗ္ဗာန်ဝင်စံတော်မူရချေ၏။

လောကတွင် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းထက် ဆထက်လွန်ကဲ၍ အထူးသဖြင့် မြတ်ပေသော မြတ်စွာဘုရားသည်ပင် လျှင် သေမင်း၏လက်တွင်းသို့ ပါရချေသေး၏။ အကြင်ဝိဇ္ဇာသည် မသေဟု ဆိုလာအံ့။ ထိုဝိဇ္ဇာသည် ဘုရားထက်ပင် မြင့်မြတ်ပေသလော၊ ဘုရားထက်ပင် အသက်ရှည်သော တန်ခိုးရှိပေသည်လော၊ ဘုရားထက်ပင် ဘုရားဟု (ဝါ) ဘုရားကြီးဟု ဆိုချင်သော် မှားပေမည်။ သူတော်စင်တို့ သတိပြုကြပါ။

အာယုသိဒ္ဓိတည်းဟူသည် အသက်ရှည်သောသိဒ္ဓိဟု အဓိပ္ပါယ်ရသည်။ အသက်သာရှည်သည်၊ မသေဘူးဟု မဆိုပါ။ သေကားသေ၏။ သို့သော် အသက်ရှည်၏ဟု ဆိုပါသည်။ အသက်ကား ဝိဇ္ဇာတို့၏ အသက်သည် အနည်းဆုံး နှစ်ပေါင်း (၁၀၀၀) ရှည်၏။ အာယုသိဒ္ဓိကောင်းသော ဝိဇ္ဇာများကား အချို့မှာ နှစ်ပေါင်း (၅၀၀၀)၊ အချို့မှာ နှစ်ပေါင်း (၁၀၀၀၀)၊ အချို့မှာ ကမ္ဘာနှင့်ပင်ချီ၍ အသက်ရှည်ကြကုန်၏။

ဤသို့ အသက်ရှည်စွာနေပြီးသကာလ သေဆုံးရ၏။ မသေဘဲနေသော ဝိဇ္ဇာသည်လည်းကောင်း၊ ဇော်ဂျီသည်လည်းကောင်း၊ ထွက်ရပ်ပေါက်သော ဆရာတော်သည်လည်းကောင်း

မရှိပါ။ သေဆုံးခြင်းကား မလွဲပါ။ သို့သော် လိုက်စားထားသော ကျင့်ကြံပွားများအားထုတ်ထားသော သိဒ္ဓိတန်ခိုးဖြင့် အသက်ကား တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း၊ တစ်ကမ္ဘာစသည်ဖြင့် ရှည်၏။ ရှည်ပြီးလျှင် သေဆုံးရတော့၏။ ထို့ကြောင့် မသေသော သတ္တဝါမည်သည် လောကတွင် မရှိချေ။

ထို့အတူ အသေထွက်ဆိုသည်မှာလည်း လောကတွင် မရှိချေ။ သေသည်မှာ သေသည်ပင်ဖြစ်သည်။ အသေထွက်ဟု မဆိုပါ။ အသေထွက် ထွက်သည်မှာ ခပ်ရှင်းရှင်းဆိုရလျှင် သေဆုံးသည်ဟုပင် ဆိုရမည်။ သေသည်၊ ဘဝကူးသည်၊ အနိစ္စရောက်သည်၊ ကွယ်လွန်သည်၊ နတ်ရွာစံသည်၊ ပျံလွန်တော်မူသည်၊ ပရိနိဗ္ဗာန်ပြုသည် စသည်တို့မှာ သေသည်သာဖြစ်ပါသည်။ ပုဂ္ဂိုလ်အမြင့် အမြတ် အယုတ် အနိမ့်ကို ခွဲခြား၍ စကားအမျိုးမျိုး သုံးကြရသည်။

မြတ်စွာဘုရား သေသည်ကို ပရိနိဗ္ဗာန်ပြုသည်ဟု ခေါ်သည်။ ဆရာတော်များ၊ ဘုန်းတော်ကြီးများ သေသည်ကို ပျံလွန်တော်မူသည်ဟု ဆိုပါသည်။ ရှင်ဘုရင်၊ စကြာဝတေးမင်း၊ ပဒေသရာဇ်မင်းတို့ သေသည်ကို နတ်ရွာစံသည်ဟု ခေါ်ကြသည်။ လူကြီး၊ သူကြီးသေသည်ကို ကွယ်လွန်အနိစ္စရောက်သည်ဟု ခေါ်ကြသည်။ ဝိဇ္ဇာပညာဂိုဏ်းများကို လေ့ကျင့်ပွားများ၍ လမ်းဆုံးဟုဆိုသော ထွက်ရပ်မပေါက်ဘဲ သေဆုံးသွားသည်ကို သေသည်ဟု သုံးစွဲရမှာ အချို့ ကျန်ရစ်ခဲ့သောတပည့်များက ရှက်ကြောက်ကြသဖြင့် ဝိဇ္ဇာဂိုဏ်း လေ့ကျင့်ပွားများသော ဆရာအား

အသေထွက် ထွက်သည်ဟု ပရိယာယ်တစ်မျိုးဖြင့် သုံးစွဲခြင်းသာ ဖြစ်သည်၊ (ဝါ) လိမ်ညာခြင်းသာဖြစ်သည်။ သေသည်ဟု ပြော ဆိုရမှာ မကောင်းတတ်၍ အသေထွက်ထွက်သည်ဟု ပရိယာယ် ဖြင့် ခေါ်ဆိုခြင်းဖြစ်ပါသည်။ အမှန်တရားကား သေဆုံးခြင်းပင် ဖြစ်သည်။

အသေထွက်ထွက်ရပ်ပေါက်ဟု မဆိုရ။ လောကတွင် အသေထွက် ထွက်ရပ်ပေါက်ဆိုသည်မှာ မရှိချေ။ သေသည်မှာ သေသည်ပင် ဖြစ်သည်။ သေပြီးသည့် အခြားဘဝ၌ မိမိ၏ ကုသိုလ်၊ အကုသိုလ်ကံအားလျော်စွာ နတ်ဖြစ်ချင် ဖြစ်နိုင်သည် (သို့မဟုတ်) ငရဲကျချင်ကျနိုင်သည်။ တိရစ္ဆာန်ဖြစ်ချင်ဖြစ်နိုင် သည်။ မည်သူမျှ (ဝါ) ဘုရားရဟန္တာ သမထ ပုဂ္ဂိုလ်မှတစ်ပါး အတပ်မပြောနိုင် ချေ။ ထို့ကြောင့် အသေထွက်ထွက်သည်ဆို သည် လောကတွင် မရှိပါချေ။ ဘုရားလည်း မဟောကြားခဲ့ချေ။ ပိဋကတ်စာပေကျမ်းကြီးထဲတွင် မပါချေ။ အချို့သော လောကီ ကျမ်းများစွာတွင်ကား ဒဏ္ဍာရီသဘော၊ စိတ်ကူးယဉ် သဘော ဖြင့် ရေးသားထားသည်ကို တွေ့ကြရသည်။ မမှန်ချေ။ သဒ္ဓါရစမှ လိုက်၍ကြည့်သော် များစွာမှားယွင်းကြလေသည်။ ထို့ကြောင့် လောကတွင် အသေထွက် ထွက်ရပ်ပေါက်သည်မှာ မရှိချေဟု မှတ်သားကြပါကုန်။

အရှင်ထွက်ဖြင့် ထွက်ရပ်ပေါက်သည်ဟု ဆိုကား မှန်ပါ၏။ ၎င်းအရှင်ထွက်ပင်လျှင် နှစ်မျိုးနှစ်စားရှိကုန်၏။

(၁) မိမိမှလရုပ်ကို ပြောင်း၍ ထုံကူးကာ ပညာဖြင့် ရုပ်တစ်မျိုး

ထွင်ကာ နာမ်ကား မူလနာမ်ဖြင့် အရှင်ထွက်တစ်မျိုး (နာမ်တစ်ဆက်တည်း ဆက်လက်၍ ယူခြင်းမျိုး ဖြစ်ဟန်တူသည်)

(၂) မိမိမူလရုပ်ကို မပြောင်းလဲဘဲ အလွန်အစွမ်းထက်သော မဟိဒ္ဓိဆေးအင်း၊ စမ၊ ဂါထာ၊ ပြာ စသည်တို့၏ အစွမ်းဖြင့် အိုမင်းခြင်း၊ နာခြင်း စသည့် ဇရာဒုဗ္ဗလအရွယ်ကို ထိန်းသိမ်းနိုင်ပြီးလျှင် အရှင်ထွက် ထွက်ရပ်ပေါက်ခြင်းမျိုး စသည်ဖြင့် (၂) မျိုး ရှိပါသည်။

(၁) ပထမမျိုးမှာ မီးထုံ (ခေါ်) မီးထဲခုန်ချ၍ အင်းအစွမ်း၊ ဆေးအစွမ်းဖြင့် ရုပ်လဲကာ အရှင်ထွက်ခြင်းမျိုး။

(၂) ရေထဲခုန်ချကာ ရေထုံဖြင့် အင်းအစွမ်း၊ ဆေးအစွမ်းဖြင့် ရုပ်လဲကာ အရှင်ထွက်ခြင်းမျိုး။

(၃) ဂူလိုဏ်ထုံ (ခေါ်) ဂူလိုဏ်၊ ဥမင်အောင်း၍ အဓိဋ္ဌာန်ဖြင့် ဆေးအင်းအစွမ်းဖြင့် ရုပ်လဲကာ အရှင်ထွက်ခြင်းမျိုး။

(၄) အခေါင်းထုံ (အခေါင်းထုံမှာ လူသေသည့်အခါ ထည့်သော ပျဉ်၊ သစ်သားဖြင့်ပြုလုပ်ရသောအခေါင်းမျိုး) ဖြင့် အခေါင်းထဲဝင်ကာ အဓိဋ္ဌာန် ဆေး၊ အင်း တန်ခိုးဖြင့် ရုပ်လဲ၍ အရှင်ထွက် ထွက်ခြင်းမျိုးဟု (၄) မျိုး ခွဲခြားလာပြန်သည်။

ဒုတိယမျိုးမှာ မိမိ၏မူလရုပ်ကို မပြောင်းလဲရဘဲ မူလရုပ်အတိုင်း၊ မူလနာမ်အတိုင်း အိုမင်းသောဇရာကို အလွန်အစွမ်းထက်သော အင်း၊ ဆေး၊ စမ၊ ရုပ်ပြာ၊ သံပြာ၊ ပြဒါးပြာ စသည်တို့၏ အစွမ်းဖြင့် အသက်နှစ်ပေါင်းများစွာ ရှည်ကြာကာ ထွက်ရပ်ပေါက်ခြင်းမျိုးဟု တစ်မျိုးတည်းလာပါသည်။

အချုပ်မှတ်ရန်မှာ

ပထမအရှင်ထွက်မျိုးသည် ရုပ်ပြောင်းပြီး မူလနာမ်နှင့် မီးဖိုလ်၊ ရေဖိုလ်၊ လိုဏ်ဂူဖိုလ်၊ အခေါင်းဖိုလ် စသည်၏သဘော ဖြင့် အရှင်ထွက်ခြင်းမျိုး၊

ဒုတိယအရှင်ထွက်မျိုးသည် ရုပ်လည်းမပြောင်း၊ နာမ် လည်းမပြောင်း မူလရုပ်အတိုင်း၊ မူလနာမ်အတိုင်း ဆေး၊ အင်း၊ မန္တံ (မန္တန်) ပြာ စသော သိဒ္ဓိဝင်ဓာတ်တန်ခိုး၏အစွမ်းဖြင့် အရှင် ထွက် ထွက်ရပ်ပေါက်ခြင်းမျိုး ဖြစ်ပါသည်။ ထို့ကြောင့် အသေ ထွက်ဟူသည်မရှိ။ အရှင်ထွက်သာ ရှိသည်ဟု သူတော်ကောင်း များ မှတ်တော်မူကြပါကုန်။

ဤတွင် ယခုခေတ် အသေထွက်၊ အရှင်ထွက်တို့၏ သဘောများကို ရေးသားရှုံ ပြီးပါပြီ။

## ဂိုဏ်းတို့၏ အကြောင်း၊ ထွက်ရပ်ပေါက်တို့၏ အကြောင်းများ

ဂိုဏ်းဟူသည် ဖွဲ့စည်းခြင်း၊ စုစည်းခြင်း (ဝါ) ခေတ်စကား အရဆိုလျှင် ပါတီဖွဲ့စည်းသည်ကို ခေါ်သည်။

ထိုဂိုဏ်းတို့ကို တည်ထောင်သော ဆရာကြီးများ၊ ဆရာတော်ကြီးများသည် ထွက်ရပ်ပေါက်ကြသည်လည်း ရှိကြ၏။ ထွက်ရပ်မပေါက်ကြသေးသော ဂိုဏ်းဆရာကြီးများလည်း ရှိကြ၏။ ထိုဂိုဏ်းများတွင် အထက်ဂိုဏ်းမှန်သမျှ တည်ထောင်ကြသော ဆရာကြီးများသည် ဂိုဏ်းဝင်သော ဆရာများကိုလည်းကောင်း၊ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများကို ရှေ့နောက်မြော်မြင်၍ သနားတော်မူလှ၍ သစ္စာ၊ သမာဓိ၊ ပညာ၊ မေတ္တာ စသည်များဖြင့် ဖွဲ့စပ်ထား၍ ဂိုဏ်းဖွဲ့ကြကုန်သည်။ ထိုဂိုဏ်းများတွင် အထက်ဂိုဏ်းမှန်သမျှကို မဟာဂန္ဓာရီဂိုဏ်းဟု ဆိုကြ၊ ခေါ်ကြ၏။

အလယ်ဂိုဏ်းမှန်သမျှကို မဇ္ဈိမဂန္ဓာရီဂိုဏ်းဟု ခေါ် ဆိုကြ၏။ အောက်လမ်း၊ အောက်ဂိုဏ်းမှန်သမျှကို စူဠဂန္ဓာရီဂိုဏ်းဟု

ခေါ် ဆိုကြ၏။ ၎င်းဂိုဏ်းများကို ဖွဲ့စည်းသော ဂိုဏ်းဆိုင်ရာ အင်းများ၊ စမများ၊ ဆေးများ၊ ဂါထာများဖြင့် ပညာများဖြစ်စေ၏။

ဂိုဏ်းစောင့်များအဖြစ် နတ်များ၊ ဝိဇ္ဇာများ၊ အင်းစောင့်၊ ဆေးစောင့်၊ ပညာစောင့်များ ထားရှိကြကုန်၏။ ကျင့်ကြံပွားများ အားထုတ်နိုင်၍ ပါရမီရင့်သန်က ထွက်ရပ်ပေါက်သည်အထိ ရည်စူးထားကြသော ဂိုဏ်းများဖြစ်ကြကုန်၏။

ဤတွင် ဂိုဏ်း၏သဘောကို ရေးပြပြီး၍ ထွက်ရပ်ပေါက် တို့၏ သဘောမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မှန်သမျှကို ဘုရား၊ ရဟန္တာမှလွဲလျှင် လောကီထွက်ရပ်ပေါက်ဟု ခေါ် ဆိုရသည်။

လောကီထွက်ရပ်ပေါက်ဟူသည် လူ့လောက၊ လူ့လောကီ (ဝါ) လူ့အသိုင်းအဝိုင်းအပြင်ဘက်သို့ ထွက်ကာ ဝိဇ္ဇာလောကသို့ ဝင်ရောက်ကြသည်ကို လောကီထွက်ရပ်ပေါက်သည်ဟု ဆို သည်။ ၎င်းအပြင် ထွက်ရပ်ပေါက်ဟူသည် (၂) မျိုး (၂) စားရှိပြန် သည်။ ပထမထွက်ရပ်မှာ လောကုတ္တရာထွက်ရပ်ဟု ခေါ် ဆို၍ ဒုတိယထွက်ရပ်မှာ လောကီထွက်ရပ်ဟု (၂) မျိုးရှိကြသည်။ ပထမလောကုတ္တရာထွက်ရပ်မှာ အလုံးစုံသော ကိလေသာ အညစ်အကြေးများကို အရဟတ္တမဂ်ဉာဏ်လက်နက်ဖြင့် ပယ် သတ်၍ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိ မဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ် စသော မဂ် (၄) ပါး၊ ဖိုလ် (၄) ပါး ကိုရကာ သုံးဆယ့်တစ်ဘုံမှ ကျွတ်လွတ်ထွက်ရပ်ပေါက်၍ နိဗ္ဗာန် သို့ ဝင်စံသည်ကို လောကုတ္တရာထွက်ရပ်ပေါက်ဟု ခေါ် ဆို သည်။ မြတ်စွာဘုရားနှင့်တကွ ရဟန္တာတို့၏ အာရုံဖြစ်သော

ကြောင့် လောကုတ္တရာထွက်ရပ်ဟု ခေါ်ဆိုရသည်။

ဒုတိယလောကီထွက်ရပ်မှာ လောကီပညာတည်းဟူသော အင်း၊ ဆေး၊ မှော်၊ စမ၊ ပြဒါး၊ သံ၊ ဂါထာ၊ မန္တ (မန္တန်) စသည်ကို ပညာဖြစ်အောင် ပွားများအားထုတ်ကာ လူ့ဘဝ၊ လူ့လောကမှ ဖဲကြဉ်ကာ ဝိဇ္ဇာဖြစ်၍ ဝိဇ္ဇာလောကသို့ ရောက်ရှိသည်ကို လောကီထွက်ရပ်ပေါက်သည်ဟု ခေါ်ဆိုရသည်။

ဥပမာ - ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသ စသည်တို့သည် လောကီထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဖြစ်ကြ၏။ လောကုတ္တရာထွက်ရပ်ကား မဟုတ်သေး။ ဤတွင် ဂိုဏ်းတို့၏သဘောများကို စီရင်ရေးသား၍ ပြီးပါပြီ။

## အတုနှင့်အစစ် ခွဲခြားခြင်း

လောကတွင် လူကောင်းများရှိသလို လူလိမ်လူကောက်များလည်း ရှိကြသည်။ လောကတွင် အဖြူရှိသကဲ့သို့ အမည်းလည်းရှိမည်။ အကုသိုလ်ရှိသလောက် ကုသိုလ်လည်းရှိရမည်။ အကောင်းရှိလျှင် အဆိုးရှိရမည်။ အဆိုးရှိလျှင်လည်း အကောင်းရှိရမည်။ အဝိဇ္ဇာရှိလျှင် ဝိဇ္ဇာရှိရမည်။ ဝိဇ္ဇာရှိလျှင် အဝိဇ္ဇာလည်းရှိရမည်။ အမရှိလျှင် အဖိုရှိရမည်။ အဖိုရှိလျှင်လည်း အမရှိရမည် ဖြစ်ပါသည်။

ထို့အတူ အတုရှိလျှင် အစစ်ရှိရမည်။ အစစ်ရှိလျှင်လည်း အတုရှိရမည် ဖြစ်ပါသည်။ ထိုဟာသည် လောက၏ဓမ္မတာတရားဖြစ်ပါသည်။

ထို့ကြောင့် ဝိဇ္ဇာဂိုဏ်းဝင်များသည် အစစ်များရှိသကဲ့သို့ အတုများ အယောင်ဆောင်များလည်း များစွာပေါ်ပေါက်လာပေသည်။ ထို့အတူ အတုအယောင်များကို များစွာသတိထားရပါလိမ့်မည်။ အစစ်ကို မတွေ့တွေ့အောင် ရှာကြံရပါလိမ့်မည်။

ဆရာ ရှာကြသည်။ ဆရာအစစ်ရှာကြသည်။ သို့သော် အတု အယောင်များနှင့် တွေ့ရတတ်ကြသည်။ ထို့အတူ အတုအ ယောင်များသည် အစစ်များကို အတုခိုး၍ အယောင်ဆောင် တတ်ကြကုန်၏။

ဥပမာ။ ။ ပတ္တမြားအနာအဖြုန်းများကို တွေ့ရပြီးမှ ကုသိုလ်ကံအလျောက် ပတ္တမြားအစစ်ကို နောက်မှတူးဖော်ရရှိ ကြရသည်။ ထို့အတူ နည်းပေးလမ်းပြ ဆရာကောင်း၊ သမား ကောင်းအစစ်များကို ရှာကြံကြရာတွင် အတုအယောင်များကို သာ များစွာတွေ့ကြုံရတတ်ပါသည်။ အချို့များသောအားဖြင့် အတုအယောင်များသည် တန်ခိုးကြီးသော ရွှေတိဂုံစေတီ၏ ရင် ပြင်တော်တွင်လည်းကောင်း၊ အခြား တန်ခိုးကြီးမားသော ရွှေ ဆံတော်ဘုရား၊ မကွေး မြသလွန်ဘုရား စသော တန်ခိုးကြီးမား သော စေတီပုထိုး ရင်ပြင်များတွင်လည်းကောင်း ကျက်စားကြ ကုန်၏။ အချို့မှာ မုတ်ဆိတ်ကျင်စွယ်ဖြင့်လည်းကောင်း၊ အချို့မှာ ပိတ်ဖြူစင် ကြယ်ဖြင့်လည်းကောင်း၊ အချို့မှာ ပုတီးစလွယ်သိုင်း ၍ တောင်ဝှေးကိုင်ကာလည်းကောင်း အမျိုးမျိုး လိမ်ညာကြကုန် ၏။ မိမိသည် ရက်ကန်းစင်တောင်ဂိုဏ်းမှဖြစ်ကြောင်း (သို့မ ဟုတ်) ဘိုးဘိုးအောင်ဂိုဏ်းမှဖြစ်ကြောင်း၊ ဘိုးမင်းခေါင် စသည် များသည် မိမိ၏ ဆရာဖြစ်ကြောင်း မိမိသည် အမြင်အကြားရ ကြောင်း စသည်ဖြင့် ဝါကြွားပြောဆိုတတ်ကုန်၏။

ဆရာကောင်း၊ သမားကောင်း၊ ဝိဇ္ဇာဂိုဏ်းဝင် ဆရာစစ် များသည် -

(၁) စကားနည်း၏။ အချို့ အကြောင်းမရှိဘဲ မပြောပါ။
(၂) ရိုးရိုးကျင့်ပြီး ကုတ်ကုတ်နေတတ်၏။
(၃) မိမိ ဤဂိုဏ်းဝင်၊ ဤပညာတတ်သည်ကို အခြားသူသိမှာ အလွန်စိုးရိမ်ခြင်း။
(၄) ငွေကြေးမက်မောမှုမရှိခြင်း၊ အချို့ ငွေကြေးနှင့်ပတ်သက်လျှင် လုံးဝအပြောမခံခြင်း၊ မယူခြင်းမျိုး။
(၅) ဝါကြွားမှု၊ ပလွှားမှု မရှိချေ။
(၆) ပညာနှင့်ပတ်သက်၍ မာနမရှိခြင်း၊ အထင်မခံခြင်း။
(၇) စကားပြောသော် ရှေ့နောက်ညီခြင်း၊ လောကီ လောကုတ္တရာနှင့် ကိုက်ညီခြင်း၊ ညီညွတ်ခြင်း။

၎င်းအချက် (၇) ချက်နှင့်ပြည့်စုံမှသာလျှင် ဆရာကောင်း၊ ဆရာမြတ်ဟု မှတ်ယူအပ်၏။ ပညာစုံသည်၊ မစုံသည်ကို မဆိုလို။ ဆရာကောင်း၊ သမားကောင်း၏ ခံယူကျင့်သုံးအပ်သော တရားကိုသာ ဆိုလိုသည်။ အတုအယောင်များကား -

(၁) စကားများခြင်း၊ စကားများစွာ ပြောခြင်း။
(၂) မိန်းမများစွာ မွေးခြင်း၊ ဆက်ဆံခြင်း။
(၃) ကန်တော့ပွဲများ မြင်ခိုင်း၍ ငွေများစွာယူခြင်း။
(၄) စကားပြောသောအခါ လောကီလောကုတ္တရာတရားနှင့် မညီခြင်း၊ မကိုက်ညီခြင်း၊ သဘာဝမွှမကျခြင်း။
(၅) လျှို့ဝှက်အပ်သော မပြောကောင်း၊ မပြောအပ်သော ပညာများ၊ အမြင်အကြားများကို ထုတ်ဖော်ပြောဆိုခြင်း။
(၆) ဝါကြွားခြင်း၊ ပလွှားခြင်း၊ မာနကြီးခြင်း။

(၇) ထည်ထည်ဝါဝါ နေတတ်ခြင်း၊ လူအများအထင်ကြီးလာ အောင် နေထိုင်တတ်ခြင်း။

ဤအထက်ပါ (၇) ချက်နှင့် ညီညွတ်ပါက ကောင်းကင် ပျံနိုင်သော ပုဂ္ဂိုလ်ပင်ဖြစ်စေ ဆရာကောင်းမဟုတ်၊ ဝိဇ္ဇာကောင်း မဟုတ်၊ ဝိဇ္ဇာမြတ်မဟုတ်၊ အတုအယောင်သာဖြစ်ချေတော့ သည်ကို အထူးသတိထားအပ်သည်။ မိမိသည် လူသားတစ်ဦး ဖြစ်၍ လူသည် အသိဉာဏ်များစွာရှိ၏။ ရှေ့နောက်ညီမှ လောကီ လောကုတ္တရာတရားနှင့်ကိုက်မှ သဘာဝတရားနှင့် ညီညွတ်မှ ဆရာကောင်းအစစ် မှတ်ကြပါကုန်လော့။

ဤတွင် အတုနှင့်အစစ် ခွဲခြားမှု ပြီးပါပြီ။

## ဇွဲ၊ သစ္စာ၊ သမာဓိ၊ မေတ္တာတို့၏ အဓိပ္ပာယ်ဖော်ပြချက်

ဇွဲဟူသည် ဝီရိယကို ဆိုလိုသည်။ ဝီရိယသည် ကြိုးစားအားထုတ်ရမည့်အားကို ဆိုလိုသည်။

သစ္စာသည် မှန်ကန်သောစကားကို ဆိုလိုသည်။

သမာဓိသည် တည်ကြည်ခြင်း၊ ငြိမ်သက်ခြင်း၊ ဖြောင့်မတ်ခြင်းကို ဆိုလိုသည်။

မေတ္တာဟူသည် အေးချမ်းခြင်း၊ သာယာခြင်း၊ ရောင်ပြန်ဟပ်ခြင်း၊ အညမညသဘောတရားကို ဆိုသည်။ ဝိဇ္ဇာဂိုဏ်းတစ်ခုခုကို ဝင်ရောက်ပြီး မိမိ၏စိတ်ဆန္ဒ အာသီသမှာ ငါသည် မရမနေ၊ မဖြစ်မနေ၊ ယနေ့မှစ၍ ထွက်ရပ်မပေါက်မခြင်း ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အားထုတ်မည်ဟု အဓိဋ္ဌာန်ထားကြကုန်၏။ ဤသည်ပင်လျှင် ဇွဲတည်းဟူသော ဝီရိယ၏ သဘောတစ်ခုကို ပြအပ်ပါသည်။ ငါသည် ဤဝိဇ္ဇာမဟာဗိန္ဓပညာမျိုးကို မရမနေ ပြင်းထန်စွာဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားအားထုတ်မည်ဟု ဆိုကြကုန်၏။ ဤသည်ပင်လျှင် ဇွဲကည်းဟူသော ဝီရိယပင်တည်း။

ငါသည် တစ်ဆယ့်တစ်ပါးသောမီးတို့၏ အေးရာအမှန်နိဗ္ဗာန်မင်္ဂဖိုလ်ကို မရမနေ မရောက်လျှင်မနေ၊ ပြင်းထန်စွာ မဆုတ်မနစ်ကြိုးစားကျင့်ကြံမည်ဟု စိတ်မှဆုံးဖြတ်ကျင့်ကြံခြင်းသည် ဝီရိယတည်းဟူသော ဉာဏ်တစ်မျိုးပင်တည်း။

ငါသည် ယနေ့မှစ၍ ငါးပါးသီလကို မြဲပြီ၊ မှန်ကန်သော သစ္စာစကားကြောင့် ငါသည် ဝိဇ္ဇာဖြစ်ရပါလို၏ဟု ဆိုခြင်းသည် မှန်ကန်သောစကားဖြစ်၍ သစ္စာမည်ပေသည်။ ငါသည် ယနေ့အချိန်မှစ၍ ပုတီးကို နေ့စဉ် (၉) ပတ်စိပ်ပါ၏။ မှန်ကန်သော စကားကြောင့် ငါသည် သိဒ္ဓိကြီး (၁၀) ပါး ပြီးစီးရပါလို၏ ဟု ဆိုခြင်းသည် မှန်ကန်သောစကားဖြစ်၍ သစ္စာမည်၏။

ငါသည် ဤမည်သော ဝိဇ္ဇာဂိုဏ်းကိုဝင်၍ ဤမည်သော တရားတို့ကို အားထုတ်ပါ၏။ မှန်ကန်သောစကားကြောင့် ငါသည် ဝိဇ္ဇာဝိုရ် ယောက်ျား သာသနာပြု အာဇာနည်ပုဂ္ဂိုလ်သည် အမှန်ဖြစ်ပါစေသတည်းဟု ဆိုလိုခြင်းသည် မှန်ကန်သောစကားဖြစ်၍ သစ္စာမည်၏။ ငါသည် (ဝါ) အကျွန်ုပ်သည် ဤမည်သော ဝိဇ္ဇာဂိုဏ်းကို ဝင်ရောက်ပြီးသော အချိန်အခါမှစ၍ ယနေ့အထိ သူ့သားမယားကို မပြစ်မှားပါ။ သေရည်သေရက်နှင့် ဘိန်းဘင်း ကစော်များကို မသောက်မစားပါ။ ကျွဲသား၊ ဝက်သား၊ နွားသား စသည်ကိုလည်း သိလျက်နှင့် မစားသောက်ပါ။ ဤမှန်ကန်သော သစ္စာစကားကြောင့် ငါသည် စုန်းမျိုး၊ နတ်မျိုး၊ ဘီလူးမျိုးတို့ကို နိုင်နင်းရပါလို၏ဟု ဆိုလိုခြင်းသည် မှန်ကန်သောစကားဖြစ်၍ ဤသည်လည်း သစ္စာမည်ပေ၏။ ထိုမျှလောက်ဖြင့် သစ္စာ၏

သဘောတရားကို သိသာလောက်ပေပြီ။

သမာဓိတရားသည် အထက်လမ်းဝိဇ္ဇာများ၏ မရှိလျှင် မဖြစ်သော အဓိကတရားမည်၏။ သမာဓိမရှိလျှင် မည်သည့် အထက်လမ်းဝိဇ္ဇာမှဖြစ်မြောက်လိမ့်မည်မဟုတ်ပေ။ ဥပမာ- ချက်ပြုတ်သော ဟင်းအမျိုးမျိုးများသည် ဆားပါမှသာလျှင် လိုရာ အရသာကို လျှာပေါ်တွင်ဖြစ်ပေါ်လာရသကဲ့သို့ ဆားမပါလျှင် မည်သည့်ဟင်း ပေါ့မှန်းမသိ၊ ငန်မှန်းမသိ ဖြစ်ရ၍ သုံးဆောင်ရသော ပုဂ္ဂိုလ်များသည် အရသာမတွေ့ဖြစ်တတ်ချေသည်။ ထိုနည်းအတူ မော်တော်ကား၊ မီးသင်္ဘောများသည် မောင်းသူမပါဘဲ မသွားသကဲ့သို့လည်းကောင်း၊ ထို့အတူ တိုက်တာအဆောက်အဦ တည်ဆောက်သော် ဘိလပ်မြေမပါလျှင် တိုက်တာအဆောက်အဦမဖြစ်သကဲ့သို့ လည်းကောင်း၊ တိုင်းပြည်မှန်သမျှသည် မြို့နယ်မှန်သမျှသည် အုပ်ချုပ်သူ မင်းရာဇာ၊ မြို့ဝန်၊ ဝန်ထောက်၊ အရေးပိုင် စသည်များမရှိလျှင် မဖြစ်သကဲ့သို့လည်းကောင်း၊ ဝိဇ္ဇာဂိုဏ်းဝင် ဆရာတိုင်းသည် ထွက်ရပ်ပေါက်လမ်းကို လိုက်ကြကုန်သော သူတော်စင်တို့သည် သမာဓိမရှိလျှင် မဖြစ်ချေ။ သမာဓိရှိရန်အတွက် သီလရှိရမည်။ သီလမရှိဘဲ သမာဓိမဖြစ်ပေ။ သီလရှိမှ သမာဓိတည်ပေမည်။ သမာဓိတည်မှ ဝိဇ္ဇာဉာဏ်မျိုး၊ ပညာမျိုးကို အလွယ်တကူ ရလွယ်တော့သည်။

ရင်းအမြင် မေတ္တာတရားသည်လည်း လွန်စွာအရေးကြီးပါသည်။ လောကတွင် သူမေတ္တာရှိမှ ကိုယ့်မေတ္တာရှိသည်ဟု ဆိုသကဲ့သို့ သူများအကျိုးကို ဆောင်ရွက်ပေးမှ ကိုယ့်အကျိုးကို

ဆောင်ရွက်ပေးလိမ့်မည်။ ဥပမာ - သူများ၏အိမ်ကို မိမိက ဝင်ရောက်မီးကာပေးပါက မိမိအိမ် အလှည့်ကျပါက သူများ တကာကလည်း လာရောက်၍ မီးကာပေးလိမ့်မည်။ သူများအ ကျိုးဆောင်မှ မိမိအကျိုးအောင်မည်ဟူသော ဆောင်ပုဒ်အရ မိမိက ရန်လိုလျှင် ရန်လာသည်။ မိမိကမိတ်လိုလျှင် မိတ်လာ သည်။ မေတ္တာသည် ခန္တီဟူသော သည်းခံခြင်း၏ အဒေါသ စေတသိက်မည်၏ ဟု အဘိဓမ္မာတရားတွင် ဆို၏။ သည်းခံခြင်း သည် မေတ္တာမည်၏။

အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် ဝိဇ္ဇာဂိုဏ်းကို ဝင်ရောက် ၍ ထွက်ရပ်လမ်းကို ကျင့်ကြ၏။ ထိုပုဂ္ဂိုလ်သည် မိမိကိစ္စထွက်ရပ် လမ်း အောင်မြင်ရန် မေတ္တာကို များစွာ ရှေ့ထားရ၏။ ပို့ပေးရ ၏။ ထိုပုဂ္ဂိုလ်သည် ဝိဇ္ဇာဖြစ်ပါက (၃၇) မင်းနတ်များကို လည်း ကောင်း၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်များကိုလည်းကောင်း ခိုင်းစေနိုင် ခြင်း၊ အမိန့်ပေးနိုင်ခြင်း၊ နှိမ်နင်းနိုင်ခြင်း စသည်တို့ကြောင့် အချို့ တောစောင့်၊ တောင်စောင့်နတ်များ မနာလိုကြ၍ ထွက်ရပ်လမ်း လိုက်ကြသောဆရာများကို တစ်ဝက်တစ်ပျက်ဖြစ်အောင် လမ်း ဆုံး မရောက်အောင် ဖျက်ဆီးတတ်ကြ၏။

ထို့ကြောင့် ထိုနတ်များ အနှောင့်အယှက်မလုပ်ဘဲ ချစ်ခင် လာအောင် ရိုသေလေးစားလာအောင် မေတ္တာကို များများပို့ပေး ရာ၏။

မေတ္တာကို ရှေ့ထားရာ၏။ မေတ္တာများစွာ ရှေ့ထားပါမှ ထိုထိုသော ဝိဇ္ဇာများ၊ နတ်များသည် မိမိအား ချစ်ခင်ကြင်နာ

၍ ဝိဇ္ဇာများ၊ နတ်များက မိမိအား ကူညီစောင့်ရှောက်သဖြင့် ထွက်ရပ်လမ်းသို့ အလွယ်တကူ ရောက်နိုင်တော့သည်။ ဤတွင် ဋ္ဌဲ သစ္စာ၊ သမာဓိ၊ မေတ္တာတို့၏ အဓိကဇာတ်ကောင်များကို စီရင်ရေးသား၍ ပြီးပါပြီ။

## လောကီထွက်ရပ် ဂန္ဓာရီကျင့်စဉ်

လောကီထွက်ရပ် ဂန္ဓာရီကျင့်စဉ်ကား အလွန်ပင်ခက်ခဲ၏။ ကျင့်ပုံကျင့်နည်းများလည်း များစွာရှိကြကုန်၏။ အချို့မှာ ပုတီးစိပ်ခြင်းဖြင့် ထွက်ရပ်ကျင့်ကြံအားထုတ်ကြ၏။ အချို့မှာ နေ့ကသိုဏ်း၊ လကသိုဏ်းစသော ကသိုဏ်းများကို လိုက်စား၍ ထွက်ရပ်လမ်းကို တက်လှမ်းကြကုန်၏။ အချို့မှာ အာဏာပါနာ (အာနာပါနာ) ထွက်လေဝင်လေဖြင့် ကမ္မဋ္ဌာန်းထိုင်၍ ထွက်ရပ်လှမ်းကြကုန်၏။

ထို့ကြောင့် အကျွန်ုပ် ဆရာရှင်ဦးဝေပုလ္လသည် အင်းလမ်းဖြစ်စေ၊ မန္တန်လမ်းဖြစ်စေ၊ ဆေးလမ်းဖြစ်စေ၊ အခြားသော ထွက်ရပ်လမ်းဖြစ်စေ၊ ထွက်ရပ်ပေါက်လမ်း၏ ဝိဇ္ဇာဂိုဏ်းဝင်အများနှင့်ဆိုင်သော ကျင့်စဉ်တစ်ရပ်ကို ပြပါအံ့။

အကြင် ဝိဇ္ဇာဂိုဏ်းဝင်ဆရာတစ်ယောက်သည် လောကီထွက်ရပ်လမ်းကို ကျင့်ကြံအားထုတ်မည်ဆိုသော် -

(၁) ဂိုဏ်းပါးကို ကာယကံမြောက် လုံခြုံစွာထိန်းသိမ်းရမ်း

(၂) အသက်သတ်လွတ် ဆားဟင်းကိုသာ စားရခြင်း။

(၃) ပုတီးစိပ်သည်ဖြစ်စေ၊ တရားထိုင်သည်ဖြစ်စေ၊ အဓိဋ္ဌာန် ပြု၍ သစ္စာပြုပြီးမှ ထိုင်ရ၊ စိပ်ရခြင်း။

(၄) ပဌမ ဘုရားရှိခိုးရခြင်း။

(၅) ဒုတိယဝိဇ္ဇာဆရာကြီးများကို ရှိခိုးပူဇော်ရခြင်း။

(၆) မိမိရထားသော ပရိတ်တော်၊ ဂုဏ်တော်၊ ဂါထာမန္တန်များ ကို အထပ်ထပ်ရွတ်ဖတ်သရဇ္ဈာယ်ရခြင်း။

(၇) ဝိဇ္ဇာများ၊ ဆရာတော်များ၊ နတ်ကောင်းနတ်မြတ်များ၊ သတ္တဝါ ဝေနေယျများကို မေတ္တာများများ ပို့ပေးရမည်။

(၈) ပြီးလျှင် အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ရမည်။ ပုတီးစိပ်သော အခါ အဓိဋ္ဌာန်ပြုလျှင် တစ်ထိုင်တည်း ပုတီးပတ် (၂၇) ပတ် ရှိစေရမည်။

(၉) တရားထိုင်သော် အဓိဋ္ဌာန်ပြု၍ တစ်ခါထိုင်လျှင် တစ်နာရီ ကြာစေရမည်။

(၁၀) အားလုံးပြီးမှ အမျှဝေပါလေ။

(၁၁) သန့်ပြန့်စွာ နေထိုင်ရမည်။

(၁၂) သန့်ပြန့်သော အဝတ်အစားများကို ဝတ်ဆင်ရမည်။

(၁၃) စကားနည်းစေ၊ အကြောင်းမရှိဘဲ မပြောရပါ။

(၁၄) ကာမဂုဏ်၊ မေထုန်အမှုကို ရှောင်ကြဉ်ရမည်။

(၁၅) ဆေးဂိုဏ်းမှန်လျှင် မိမိ၏ထွက်ရပ်ဆေးကိုလည်းကောင်း၊ အင်းဂိုဏ်းမှန်လျှင် မိမိ၏ထွက်ရပ်အင်းကိုလည်းကောင်း၊ မန္တန် ဝိဇ္ဇာဂိုဏ်းမှန်လျှင် မိမိဂိုဏ်းဆိုင်ရာ ထွက်ရပ်မန္တန်

လည်းကောင်း၊ အမြဲမပြတ် နေ့စဉ်၊ ညစဉ် သောက်မျိုရမည်။ ရွတ်ဖတ်သရဇ္ဈာယ်ရမည်။ ထုံစေရမည်။

(၁၆) မိမိအလိုရှိသော ထွက်ရပ်လမ်း ဆုတောင်းနည်းကို နံနက်အရုဏ်တက်တစ်ကြိမ်၊ နေ့လယ်မွန်းတည့်တစ်ကြိမ်၊ ညနေ နေဝင်ချိန်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတွင် တစ်ကြိမ် တစ်နေ့ (၄) ကြိမ် ဆုတောင်းရမည်၊ ဆုတောင်းခန်းကို တစ်နေရာတွင် ပြုပါအံ့။

(၁၇) ဝီရိယဟူသော ဇွဲကို မဖြစ်မနေ မွေးမြူ၍ အားထုတ်ရမည်။

(၁၈) မိမိ၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ အပေါင်းအသင်းများမှ လည်းကောင်း၊ မိမိ၏ ဆွေမျိုးညာတိများမှလည်းကောင်း၊ မိမိ၏ တပည့်သားမြေးများမှလည်းကောင်း၊ ယုတ်စွအဆုံး မိမိဇနီးမှလည်းကောင်း ကြီးစွာသော အတိုက်အခံ အနှောင့်အယှက် အဖျက်အဆီးများ ဝင်လာတတ်သည်။ မည်သည့်အဖျက်အဆီး အတိုက်အခံမဟူ အဖျက်ကို အဖျက်ဟူ၍လည်းကောင်း၊ အတိုက်ကို အတိုက်ဟူ၍လည်းကောင်း၊ အနှောင့်အယှက်ကို အနှောင့်အယှက်ဟူ၍လည်းကောင်း သိရမည်။ သိလာအောင်လည်း သတိတရားကို မပြတ်ဂရုစိုက်ရမည်။ သိလျှင် ခံ၍၊ မျိုသိပ်၍၊ နှုတ်ပိတ်၍ မေတ္တာကို များစွာရှေ့ထားရမည်ကို အထူးသတိပြုရမည်။

ဤအထက်ပါကျင့်စဉ်အချက် (၁၈) ချက်ကို သဘော

ပေါက်အောင် ကြည့်ရှုမှတ်သား၍ ကျင့်ကြံအားထုတ်ပါက ပါရမီ အလျောက် ယခုဘဝတွင် ထွက်ရပ်ပေါက်လျှင် ပေါက်၊ မပေါက် ပါက နောက်ဘဝတွင် ဆက်လက်၍ပေါက်တော့သည်သာ ဖြစ် ၏။ (၂) ဘဝ၊ အလွန်ဆုံး (၃) ဘဝထက်လွန်၍ မကျင့်ရပါ။ ထွက်ရပ်ပေါက်မည် ကေန်အမှန်ဖြစ်တော့သည်။

လောကီထွက်ရပ်ပေါက်ပြီးပါက လောကုတ္တရာထွက်ရပ် ဟူသည် မခဲယဉ်းတော့ပြီ။ နိဗ္ဗာန်ကို ကေန်အမှန်ရတော့သည် သာ ဖြစ်ပေသည်။ ဤတွင် လောကီထွက်ရပ်ကျင့်စဉ်ကို ရေး သား၍ ပြီးပါပြီ။

## ထွက်ရပ်ပေါက်ကြီးစေးဝါးတွေ့ ချိုရွှေပြခြင်း

အထက်ဆရာတော်ကြီးများ၏ အမိန့်ရှိတော်မူသည်ကား-

ကရုဏာ ဘောက်၊ ၀ လေးဒေါင့်၊

ပေါက်ကန့်ရှင်ကြီး ထီးနဝင်းမျှော်၊


၀ လေးဒေါင့်ကို၊ တွေ့အောင်ရှာ၊ ဂဏန်းကိုးလုံးမှာ၊

ရှေ့လည်းသည်မှာ၊ နောက်လည်းသည်မှာ၊

အင်းလည်းသည်မှာ၊ ဆေးလည်းသည်ပင်

မတွေ့ရှင်လှ၊ ဖူးတွေ့ရမည်မှတ်။

ခေမာ အမတ နိဗ္ဗာန်၊ ခန္ဓာငါးပါးရှိသော သူတို့သည် ထွက်ရပ်လမ်းကြီး (၄) ပါးကို သွားရောက်နိုင်ကြောင်း ပြဆိုအံ့။



၀ (၄) လုံးသည် ထွက်ရပ်လမ်းကြီး (၄) ပါးကို ပြသည်။ ဂဏန်းအားဖြင့် စုစုပေါင်း (၉) ခုရှိပါသည်။

(၁) မြတ်စွာဘုရား

(၂) ရုပ်နာမ် (၂) ပါး

(၃) သရဏဂုံ (၃) ပါး

(၄) သဏ္ဍာ (၄) ပါး
(၅) ခန္ဓာ (၅) ပါး
(၆) ဉာဏ်တော် (၆) ပါး
(၇) ဗောဇ္ဈင် (၇) ပါး
(၈) မဂ္ဂင် (၈) ပါး
(၉) ဂုဏ်တော် (၉) ပါး

ရှင်းလင်းစွာ မြပါဦးအံ့။

တစ်က ဘုရား၊ ကိုးက ဂုဏ်တော်ကိုးပါး၊ တစ်ရယ် ကိုးရယ်ပေါင်းသော် (၁+၉) = ၁၀ ရသည်။ ၎င်း (၁၀) တွင် (၁) သည် အရေအတွက်တန်ဖိုးရှိ၍ ပါယ်ရသည်။ သုညသည် ဗျည်း (၃၃) လုံးတွင် ဝလုံးအက္ခရာကို တွေ့ရမည်။ သချာအားဖြင့် သုညတစ်လုံးရသည်။ အက္ခရာအားဖြင့် ဝ တစ်လုံးရသည်။ ထို့ကြောင့် ဝံသေ - ဝသေ ဓာတ်သေသည့်အတွက် ၎င်းထွက်ရပ်လမ်းကို 'ပဋ္ဌမ်ဦးအောင် စာမထွက်ရပ်လမ်း' ဟု ခေါ်ဆိုသည်။

ထို့ကြောင့် ပဋ္ဌမ်ဦးအောင် (ဝါ) ဘိုးဘိုးအောင်၏ထွက်ရပ်လမ်းကို လိုက်ကြသော သူတော်စင်တို့သည် မြတ်စွာဘုရားကို အာရုံပြု၍ ဗုဒ္ဓနိမိတ်ကို စိတ်မနောဒွါ အချိန်ကြာအောင် ထင်မြင်ကာ ဂုဏ်တော် (၉) ပါးကို ပုတီးစိပ်ရမည်ဟု ဆိုလိုသည်။ သို့မှသာ ထွက်ရပ်ပေါက်သည်။

ဒုတိယ (၂) က ရပ်နာမ် (၂) ပါး၊ ၎င်းက လောကုတ္တရာ အခေါ်အယူ၊ လောကီအခေါ်အယူကား - နေ၊ လ (၂) ပါးကို ယူရမည်။ ၎င်း (၂) နှင့် (၈) က မဂ္ဂင် (၈) ပါး၊ နှစ်နှင့်ရှစ်ပေါင်းသော် (၂+၈) = ၁၀ တစ်ဆယ်ပြန်သည်။ ၎င်းတစ်ဆယ်တွင် ပဋ္ဌမပြဆိုခဲ့သော နည်းအတိုင်း (၁) တစ်သည် အရေအတွက် တန်ဖိုးရှိ၍ ပါယ်ရသည်။ ကျန်သော သုည (၀) သည် ဗျည်း

(၃၃) လုံးတွင် လိုက်ရှာသော ဝလုံးအက္ခရာကိုတွေ့ရမည်။ သင်္ချာအားဖြင့် သုညတစ်လုံးရသည်။ အက္ခရာအားဖြင့် ဝလုံးတစ်လုံးရသည်။

ထို့ကြောင့် ဝတစ်လုံးပိုင်သောကြောင့် ဝံသေ၊ 'ဝ'သေ၊ ဓာတ်လေ၊ ရုပ်သေသောကြောင့်လည်းကောင်း၊ လမ်းကို (ဝါ) ဂုဏ်းထွက်ရပ်လမ်းကို လောကီယဝိဇ္ဇာလမ်းဟု ခေါ် ဆိုပြန်သည်။ ဂုဏ်းလမ်းသည် ရှင်ဒေဝီလရသေ့ စသော ရသေ့လမ်းဖြစ်သည်။ ထွက်ရပ်ပေါက်သော ရသေ့ပျံဖြစ်၏။ သိန္ဒိ (၁၀) ပါးပြီး၏။ ရှေ့ (၁၂) ဖြစ်၊ နောက် (၁၂) ဖြစ်ကို ပြန်၍ သိ၏။ ဂုဏ်းလမ်းကို လိုက်ကြကုန်သော သူတော်စင်တို့သည် နေလတည်းဟူသော ကသိုဏ်းကိုအားထုတ်ကြ၏။ သို့မှ လောကီယဝိဇ္ဇာထွက်ရပ်လမ်း ပြီးတော့၏။

တတိယ (၃) က သရဏဂုံ (၃) ပါး၊ (၇) ကား ဗောဇ္ဈင် (၇) ပါး၊ သုံးရယ်၊ ခုနစ်ရယ်ပေါင်းသော (၃+၇) = ၁၀ ရသည်။ တစ်ဆယ်ရသော အထက်နည်းအတိုင်း တစ်သည်အရေအတွက်တန်ဖိုးရှိ၍ ပါယ်ရသည်။ ကျန်သော သုည 'ဝ' သည် ဗျည်း (၃၃) လုံးတွင် လိုက်၍ရှာသော ဝလုံးအက္ခရာကို တွေ့ရမည်။ သင်္ချာအားဖြင့် သုညတစ်လုံးပိုင်၍ရ၏။ အက္ခရာအားဖြင့် 'ဝ' လုံး တစ်လုံးပိုင်၏။

ထို့ကြောင့် ဝံသေ-ဝသေ၊ ဓာတ်သေသည့်အတွက် ဂုဏ်းထွက်ရပ်လမ်းကို ဂန္ဓာရီဝိဇ္ဇာလမ်းဟု ခေါ် သည်။ တစ်နည်းအားဖြင့် အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ

ဧသောလမ်းတွင် အပါအဝင်ဖြစ်ပေသည်။ ထို့ကြောင့် အချို့သောလမ်းတွင် အပါအဝင်ဖြစ်ပေသည်။ ထို့ကြောင့် အချို့
သော ဂန္ထာရိဝိဇ္ဇာလမ်းတွင် များသောအားဖြင့် သရဏဂုံ (၃)
ပါးကို ပုတီးများစွာ စိပ်ရ၏။ သရဏဂုံ (၃) ပါးကို အင်းချ၍
သောက်ကြရသည်ကို သူတော်ကောင်းတို့ မှတ်ယူကြပါကုန်
လော။

စတုဗ္ဗ (၄) ကား သစ္စာ (၄) ပါး (ဝါ) ဒုက္ခသစ္စာ၊ သမုဒယ
သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဧသော သစ္စာ (၄) ပါး၊ (၆)
ကား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဧသော ဒွါရ
များတွင် ဝင်ရောက်တတ်သော အာရုံ (၆) ပါး၊ လေး (၄) ရယ်၊
ခြောက် (၆) ရယ် ပေါင်းသော် (၄+၆) = ၁၀ တစ်ဆယ်ရသည်။

၎င်းတစ်ဆယ်ကို အထက်ကပြခဲ့သည့်နည်းအတိုင်း (၁)
တစ်သည် အရေအတွက် တန်ဖိုးရှိသောကြောင့် ပါယ်ရသည်။
(၀) သုညသည် ဗျည်း (၃၃) လုံးတွင် လိုက်၍ရှာကြည့်သော်
'ဝ' လုံးကို တွေ့ရမည်။ သင်္ချာအားဖြင့် သုည (၀) တစ်လုံးပိုင်
၏။ ရ၏၊ အက္ခရာအားဖြင့် 'ဝ' တစ်လုံးပိုင်၏။ ထို့ကြောင့်
ဝံသေ-ဝသေ-ဓာတ်သေ-ရုပ်သေသည့်အတွက် ၎င်းထွက်ရပ်
လမ်းကို အရိယာဝိဇ္ဇာလမ်းဟု ခေါ်ဆိုသည်။

၎င်းအရိယာဝိဇ္ဇာလမ်းကို လိုက်စားကျင့်ကြံကြမည်ဖြစ်
သော သူတော်ကောင်းတို့သည် ဝိပဿနာတရားကို များစွာ
အားထုတ်ရာ၏။ မိမိ၏ ဆဋ္ဌဒွါရတည်းဟူသော စက္ခု၊ သောတ၊
ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဧသော (၆) ပါးသော ဒွါရအပေါက်မှ
အကုသိုလ်၊ ဒုစရိုက်တရားများ မဝင်ရောက်ဖို့ အရေးကြီးပါ

သည်။ ၎င်း (၆) ပါးသော ဒွါရတွင် အကုသိုလ်ဒုစရိုက်များ မဝင်ရောက်နိုင်ပါမှ အနုသယကိလေသာစသော ကိလေသာများကို အလွယ်တကူ အမြစ်ပါမကျန် ပယ်သတ်နိုင်ပေတော့မည်။ ထိုသို့ ပယ်သတ်နိုင်ပါက (၄) ပါးတည်းဟူသော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာစသော သစ္စာ (၄) ပါးတရားကို တွေ့မည်။ သစ္စာ (၄) ပါးတရား၏ အာရုံအရသာကို ထူးထွေစွာ ခံစားရပေမည်။ ထိုသစ္စာ (၄) ပါးတရားကိုသိမှ၊ ပိုင်မှ၊ မင်ဖိုလ်နိဗ္ဗာန်ကို အလွယ်တကူ ရပေတော့မည်။

ထို့ကြောင့် ထိုလမ်းကို 'အရိယာဝိဇ္ဇာလမ်း' ဟု ခေါ်ဆိုသည်။ မြတ်စွာဘုရားနှင့်တကွ ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့၏ နယ်ပယ်ဟုဆိုသည်။ ဘုံ (၃၁) ဘုံမှ ကင်းလွတ်၊ ကျွတ်လွတ်သော လမ်းဟု ဆိုသည်။

ထို့ကြောင့် လောကတွင် ထိုထွက်ရပ်လမ်းကြီး (၄) ပါးမှ လွဲ၍ကားမရှိ။ ထွက်ရပ်လမ်းကြီး (၄) ပါးမှတစ်ပါးပါးကို လိုက်မှ ထွက်ရပ်ပေါက်သည်။

အချုပ်ကား မှတ်ရန်မှာ -

(၁) ပဥ္စမံဦးအောင်လမ်းသည် လောကီနယ်ပယ်၊ ရဟန်းရှင်လူတို့၏ လိုက်စားရာ လောကီထွက်ရပ်။ (၁+၉-၁၀)

(၂) လောကီယဝိဇ္ဇာလမ်းသည် လောကီနယ်ပယ်မှထွက်သည်။ ရသေ့ပုံလမ်း၊ ဈာန်ရ ရသေ့လမ်း။ လောကီထွက်ရပ်။ (၂+၈-၁၀)

(၃) ဂန္ဓာရီဝိဇ္ဇာလမ်းသည် လောကီနယ်ပယ်မှ ဝိဇ္ဇာနယ်သို့ ကူးသည်။ ရဟန်းရှင်လူနှင့်ဆိုင်သည်။ ဝိဇ္ဇာမိုရ်လမ်း။ (၃+၇-၁၀)

၎င်းလမ်း (၃) လမ်းသည် မည်သည့်ပုဂ္ဂိုလ်မဆို လေ့ကျင့် အားထုတ်ပါက မလွဲမသွေရပါ၏။ သမထတရားနှင့်ဆိုင်၏။ လောကီ လောကီပညာ၊ အင်း၊ ဆေး မန္တန်၊ ပြဒါး၊ သံနှင့်ဆိုင်၏။ လောကီ ထွက်ရပ်ပေါက်လမ်းဖြစ်၏။ အလုံးစုံသော ကမ္ဘာသူကမ္ဘာသား တို့သည် ရွှေလိုချင်ကြ၏။ ငွေကိုလိုချင်ကြ၏။ ဘုရားတည် ကျောင်းဆောက် စသော သာသနာပြုချင်ကြ၏။ တိုက်တာ အဆောက်အဦနှင့် နေချင်ကြ၏။ ကောင်းမွန်စွာ ကြီးပွားတိုး တက်လိုကြ၏။ အဆင်းလှလိုကြ၏။ တန်ခိုးကြီးလိုကြ၏။ အာဏာခြဇာရှိလိုကြ၏။ အသက်လည်း ရှည်လိုကြ၏။

ထိုအထက်ပါ ရည်မှန်းချက်ဖြင့်လည်းကောင်း၊ ဤ အထက်ပါ လိုလားချက်ဖြင့်လည်းကောင်း၊ အလိုရှိပါက ကျင့်ကြံ အားထုတ်လိုက အထက်ဖော်ပြပြီးဖြစ်သော ပဌမံ ဦးအောင် လမ်း၊ လောကီဝိဇ္ဇာလမ်း၊ ဂန္ဓာရီလမ်း စသော လမ်း (၃) လမ်း စလုံးကိုသော် လည်းကောင်း၊ တစ်လမ်းလမ်းကိုသော်လည်း ကောင်း၊ အားထုတ်မှသာလျှင် လိုရာအကျိုးကို အလွယ်တကူ ရပေမည်။

နောက်ဆုံးဖော်ပြလိုသော (၄) အချက် စတုတ္ထလမ်းကား ဘုံ (၃၁) ဘုံလည်သော လမ်းမဟုတ်။ သံသရာလည်သော လမ်း မဟုတ်။ လောကီပညာနှင့်တကွ လောကီရတနာများရရှိသော လမ်းမဟုတ်ဟု မှတ်ပါ။ ထိုလမ်းသည် အရိယာဝိဇ္ဇာလမ်းဖြစ်၏။ ဝိပဿနာတရားအားထုတ်သောလမ်းဖြစ်၏။ ဘုံ (၃၁) ဘုံမှ ထွက်မြောက်သောလမ်းဖြစ်၏။ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ

ရဟန္တာများ၏ နောက်ဆုံးထွက်လမ်းဟု ဆိုသည်။ ထို့ကြော
လောကတွင် ထိုအထက်ဖော်ပြခဲ့သော ထွက်ရပ်လမ်းကြီး (၄)
ပါးမှလွဲ၍ကား မရှိ။ မဖြစ်ချေ။ (၄+၆-၁၀)

အလုံးစုံသော လူသားသတ္တဝါများသည် ထိုလမ်းကြီး (၄)
လမ်းတွင် တစ်လမ်းလမ်းကို အကျုံးဝင်ရသည်သာဖြစ်၏။ မဝင်
၍မဖြစ်ပေ။ ထို့ကြောင့် မိမိတို့ကံ၊ ပါရမီအလျောက် ကြိုက်နှစ်
သက်ရာလမ်းများကို ရွေးချယ်၍အားထုတ်ကြကုန်ရာသတည်း။

ဤတွင် ထွက်ရပ်လမ်းကြီး (၄) ပါးကို ခွဲခြားပြခြင်းပြီး
ပြီ။

## ဗုဒ္ဓဘာသာနှင့် အသေသင်ပေမိပေပညာ တွဲစပ်၍ပြခြင်း

လောကတွင် ရှိကြသမျှသော ဘာသာတရားများတွင် ဗုဒ္ဓဘာသာတရားသည် အလွန်ပင်တန်ဖိုးရှိသော ဘာသာ၊ အလွန်ပင် တန်ခိုးကြီးသော ဘာသာ၊ အလွန်ပင် နက်နဲသိမ်မွေ့သော ဘာသာဖြစ်ကြောင်းကို ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့သည် ဟုတ်သည်ဟု ဝန်ခံရပေမည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝိနည်း (၅) ကျမ်း၊ သုတ် (၃) ကျမ်း၊ အဘိဓမ္မာ (၇) ကျမ်း စသော ပိဋကတ် သုံးပုံ၊ အကျယ်အားဖြင့် ဓမ္မက္ခန္ဓာပေစာပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀) ကို ဟောကြားခဲ့ပေ၏။ လူသားတို့၏ ယဉ်ကျေးမှု၊ ဆက်ဆံမှု၊ ရှေ့နောက် ညီညွတ်မှု၊ တရားမျှတမှု၊ ကောင်းသောအကျင့်ကို ကျင့်ကြံမှုမှအစ သဘာဝ ပေါင်းစုံ အကုန်အစင် သင်ကြားပြသပေးတော်မူပေ၏။

ထို့အပြင် ရဟန်းသံဃာတော်များ၊ နတ်ပြဟ္မာများ၊ အလုံးစုံသော ဝေနေယျသတ္တဝါများကို မယဉ်ကျေးသူကို ယဉ်ကျေးအောင်၊ မကောင်းသူကို ကောင်းအောင်၊ မှားသူကို မှန်အောင်၊

ဆင်းရဲနေသည်ကို ချမ်းသာအောင်၊ မကျွတ်မလွတ်သည်ကို ကျွတ်လွတ်အောင် သွန်သင်ဆုံးမတော်မူပေ၏။

ထို့နည်းတူစွာပင် အထက်လမ်းဝိဇ္ဇာပညာများသည် အခြားသော ခရစ်ယာန်ဘာသာ၊ မွတ်စလင်ဘာသာ၊ ဗရင်ဂျီဘာသာ စသည်တို့မှလာသော ပညာမဟုတ်ပါ။ ဆင်းသက်လာသော လမ်းစဉ်လည်း မဟုတ်ပါ။ မြတ်စွာဘုရားရှင်၏ ဗုဒ္ဓဘာသာတရားတော်မှ ဆင်းသက်ပေါက်ဖွားလာသော ပညာမြတ်သာလျှင် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တရားတော်သည် နူးညံ့သိမ်မွေ့၏။ ထို့အတူ အထက်လမ်းပညာသည်လည်း နူးညံ့သိမ်မွေ့၏။ မြတ်စွာဘုရား၏တရားတော်သည် မယဉ်ကျေးသူကို ယဉ်ကျေးအောင်၊ သွန်သင်ဆုံးမတော်မူသကဲ့သို့ အထက်လမ်းဘုရားဝိဇ္ဇာပညာသည်လည်း၊ မယဉ်ကျေးသူကို ယဉ်ကျေးအောင်၊ မကောင်းသူကို ကောင်းအောင်၊ မှားနေသူကို မှန်ကန်လာအောင် မြှုပြင်ထိန်းသိမ်းကူညီပေးသော အထက်လမ်းပညာမြတ်သာလျှင် ဖြစ်ပေသည်။

မြတ်စွာဘုရား၏ တန်ခိုးတော်၊ တရားတော်သည် အနန္တရှိပေစွတကား။ အထက်လမ်းပညာသည် မြတ်စွာဘုရား၏ပညာများပင် ဖြစ်၏။ ဘုရားရှင်၏ အမိန့်ဖြင့် နတ်များက၊ ဝိဇ္ဇာများက ကူညီ၏။ ဂိုဏ်းဝင်ပုဂ္ဂိုလ်များကလည်း မြတ်ဘုရားမကြိုက်သော တရားကို မကျင့်မကြံကြချေ။ ထိန်းသိမ်းစောင့်ရှောက်ကြကုန်၏။

ဤသစ္စာအဓိဋ္ဌာန်၏တန်ခိုးကြောင့် ဘုရားသားတော်များ

ဖြစ်၍ နတ်ကောင်းနတ်မြတ်များ ကူညီကြကုန်၏။ တစ်ဖန် သွင်း
အပ်သော အထက်လမ်းပညာများသည် မြတ်စွာဘုရား၏ နှုတ်
ကပတ်တော်များ၊ ပရိတ်တော်များ၊ ပါဠိတော်များမှ ထုတ်နုတ်
ထားသော ပညာမြတ်များဖြစ်ကြ၏။ ပညာယူလိုသော ပုဂ္ဂိုလ်
တို့သည် မြတ်စွာဘုရားနှင့်တကွ အနန္တ (၅) ပါးကို ပထမဦးစွာ
ရိုသေလေးစား ရှိခိုးပူဇော်ရ၏။ ထို့ကြောင့် အထက်လမ်းပညာ
များသည် ဗုဒ္ဓဘာသာတရားမှ ပေါက်ဖွားလာကြောင်း မကောင်းရာ
မကောင်းကြောင်း မကောင်းရှင်းအပ်ကြောင်းကို သူတော်စင်တို့မှ
မှတ်ယူကြပါကုန်လော့။

ပယောဂကုသသည့်အခါဖြစ်စေ၊ အန္တရာယ်အပေါင်း၊ ရန်
အပေါင်းကို တွေ့ရှိ၍ ဖယ်ရှားသည်ဖြစ်စေ၊ မြတ်စွာဘုရား၏
အမိန့်တော်ကို ပြန်ကြရ၏။ မြတ်စွာဘုရား၏ဂုဏ်တော်များကို
အထပ်ထပ်ရွတ်ဖတ်ကြရ၏။ မြတ်စွာဘုရားပါဝင်သော (ဥပမာ)
သမ္ဗုဒ္ဓေဂါထာတော်၊ သိရသ္မိံဂါထာတော်၊ ဘုရားငါးဆူဂါထာ
တော် စသည်များကို ပုတီးစိပ်ရခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ရခြင်း
ကို ပြုရာ၏။ ငါးပါးသီလ မြဲရ၏။ မြတ်စွာဘုရား၏ ဂုဏ်တော်၊
တရားတော်၏ ဂုဏ်တော်များကို ပုတီးစိပ်နေထိုင်မှ အထက်
လမ်းပညာကို ဖြစ်စေရ၍ အထက်လမ်းဝိဇ္ဇာပညာများသည်
မြတ်စွာဘုရား၏ အမိန့်တော်ဖြင့် မကောင်းရှင်းကြောင်း မြတ်စွာ
ဘုရား အမျှပြု၍ ဝိဇ္ဇာအပေါင်းတို့ တည်ထောင်ပေးအပ်သော
အထက်လမ်းပညာများဖြစ်ကြောင်းကို အထက်လမ်းပညာရပ်
များ လေ့လာလိုက်စားသော ပုဂ္ဂိုလ်မှန်သမျှ မငြင်းဆိုနိုင်ပေ။

ထို့ကြောင့် သူတော်စင်တို့သည် အနန္တငါးပါးကို လက်ကိုင်ထားမှသာလျှင် မှန်မြတ်သော အထက်လမ်းပညာမြတ်များ မိမိ၏ခန္ဓာကိုယ်၌ တည်ရှိစွဲမြဲမည်ကို မှတ်ယူကြပါကုန်။ သို့မဟုတ်က ပညာမရှိချေ။ မမြတ်ချေ။ ထို့ကြောင့် ဗုဒ္ဓဘာသာတရားနှင့် အထက်လမ်းပညာသည် ဒွန်တွဲ၍လည်းကောင်း၊ ဆက်စပ်၍လည်းကောင်း၊ ဖွဲ့စည်း၍လည်းကောင်း၊ တည်ရှိနေကြောင်းကို ရေးစီရင်၍ပြီးပါပြီ။

## စုန်း၊ ကဝေ၊ ကဝွေ့ သရဲများကို ခွဲခြားခြင်း

စုန်းဟူသော သဘောသည် ရှေးအခါက ဇုံး ဟုခေါ်ဆို ကြ၏။ ဇုဂျာဆိုသော ပါဠိမှ ဆင်းသက်လာ၏။ 'ဇုဂျာ' မှ 'ဇုံး' ဟု ဖြစ်လာ၏။ ထို ဇုံးမှ စုန်းဟု တစ်ဖန် ဖြစ်လာပြန်သည်။ ထို ဇုံးဟူသည့် အဓိပ္ပါယ်မှာ ပညာဖြင့် တောက်စားတတ်သည်ဟု အဓိပ္ပါယ်ရသည်။ အတိုချုပ်မှာ ပညာဖြင့် တောက်စားပျော်မွေ့ ကြသောကြောင့် စုန်းဟု ခေါ်တွင်၏။

ထိုစုန်းများသည် လပြည့်လကွယ်၊ အဖိတ်နေ့၊ ဥပုသ်နေ့ များတွင် ကောင်းကင်၌ ပျော်မြူးစွာ တောက်စားကြကုန်၏။ တစ်ခါတစ်ရံ တစ်ဖက်နှင့်တစ်ဖက် ပြိုင်ဆိုင်တတ်ကုန်၏။ 'ကဝေ' ဟူသော သဘောသည် ပညာသယ်၊ ပညာရှင်ကို 'ကဝေ' ဟု ခေါ်သည်။ 'ကဝိ' ပါဠိမှ ဆင်းသက်လာ၏။ ကဝိဆိုသည်မှာ ပညာရှိကို ဆိုသည်။ ထိုကဝိမှဆင်းသက်လာသော ကဝေဟူ သည်မှာလည်း ပညာသယ် (သို့မဟုတ်) ပညာရှင်ဟု အဓိပ္ပါယ် ရသည်။

ထိုကဝေသည် စုန်းနှင့်ဆက်စပ်နေ၏။ စုန်းမှကြီးသော် 'ကဝေ' ဖြစ်တော့သည်။ ကဝေဖြစ်သော် ပဌမ စုန်းမှဖြစ်ရ၏။ စုန်းဘဝမှ ကဝေဖြစ်ရ၏။ ကဝေဘဝမှ ရင့်ကျက်လာသော် အရှင်မဘွဲ့ထူးကိုရ၏။ ထို အရှင်မဘွဲ့ထူးမှ ရင့်ကျက်လာသော် 'ကတော်' ဘွဲ့ထူးကို ရတော့သည်။ ထိုကတော်သည် စုန်းတို့၏ နောက်ဆုံးအဆင့်ဖြစ်၏။ စုန်းတို့၏ မိခင်၊ ကဝေတို့၏ ဆရာ ဖြစ်၏။ ထိုကဝေသည် သိဒ္ဓိ (၁၀) ပါး ပြီး၏။ အမြင်အကြား ရ။ သက်ပြောင်းကိုယ်ခွာအတတ်ကိုရ၏။ တစ်ကိုယ်မှ ကိုယ်ပေါင်း နှစ်ဆယ်အထိ ခွဲနိုင်၏။ မိမိဘာသာနေမှု ယဉ်ကျေး၏။ သိမ်မွေ့၏။ ရန်သူနှင့်တွေ့မှ အထူးကြမ်းတမ်းခက်ထန်ကြကုန်၏။ တစ်ဖန် ကဝေဟူသည်မှာ 'အောက်ပညာသယ်' ကိုပင် ခေါ်သည်မဟုတ်၊ ဆရာမှန်သမျှကိုလည်း ကဝေဟု ခေါ်နိုင်သည်။ ဆရာမှန်သမျှ အောက်ဆရာဖြစ်စေ၊ အထက်ဆရာဖြစ်စေ 'ကဝေ' ဟု ခေါ်ဆိုနိုင်သည်။ မမှားပေ။ အထူးမှတ်သားပါ။ ထို့ကြောင့် ကဝိဆရာမြတ်များ အထူးမှတ်သားနိုင်ရန် စုန်း ကဝေ အမျိုးမျိုးကို ပြဆိုပါအံ့။

**စမျဉ်းတိုင်စုန်းမျိုး (၆) မျိုးကို ပြခြင်း**

၁။ မြေချဉ်ကို စားသော စုန်း။

၂။ မြေစပ်ကို စားသော စုန်း။

၃။ မြေအဖန်ကို စားသော စုန်း။

၄။ မြေအညှိကို စားသော စုန်း။

၅။ မြေအခါးကို စားသော စုန်း။

၆။ မြေအပုပ်ကို စားသော စုန်း။

စုစုပေါင်း (၆) မျိုး။ ထိုစုန်းမျိုး (၆) ပါးသည် အမောက် မရှိ။ ၎င်းစုန်း (၆) မျိုးကို စမျဉ်းတိုင်စုန်းမျိုး (၆) ပါးဟု မှတ် လေ။

နာနာရုပ် စုန်းမျိုး (၆) ပါးကို ပြဆိုအံ့။

၁။ စုန်းနပင်း
၂။ စုန်းကျောက်ခဲ
၃။ စုန်းလေပွေ
၄။ စုန်းဥတစ်လုံး
၅။ စုန်းဘီလူး
၆။ စုန်းနဂါး

၎င်းစုန်းမျိုး (၆) မျိုးသည် အလွန်တန်ခိုးကြီးသော စုန်း များ ဖြစ်ကြပါသည်။ အမောက် (၃၀) စီ ရှိကြကုန်၏။ နာနာ ရုပ်များကိုလည်း (၃၀) စီ ဖန်ဆင်းနိုင်ကြကုန်၏။ ၎င်းအပြင်

၁။ ထိပ်လယ်၌ အမောက်ရှိသော သူကြွယ်စုန်း။
၂။ နားလယ်၌ အမောက်ရှိသော စုန်းသူကောင်း။
၃။ ရင်၌ အမောက်ရှိသော စုန်းဖုတ်။
၄။ နံစောင်း၌ အမောက်ရှိသော စုန်းမာတယာ။
၅။ နှာဖျား၌ အမောက်ရှိသော စုန်းတွတ်သို။
၆။ ခြေဖျား၌ အမောက်ရှိသော စုန်းကြက်တက်။
၇။ မီးညှောင့်၌ အမောက်ရှိသော စုန်းသိုးစုတ်။
၈။ ချက်၌အမောက်ရှိသော စုန်းအောင်း။

၉။ ဝမ်း၌ အမောက်ရှိသော စုန်းပန်းဝါပျောက်။

၁၀။ သလုံးသားတွင် အမောက်ရှိသော စုန်းသမယ။

၁၁။ ထိပ်လယ်၌ အမောက်ရှိသော စုန်းကဝေ။

၁၂။ မေးဖျား၌ အမောက်ရှိသော စုန်းညီနောင်။

ဤ (၁၂) ပါးသော စုန်းမျိုးတို့သည် မိမိတို့၏ အသီးသီး ကမ္မဇိဒ္ဓိတန်ခိုးရှိကြကုန်၏။ အစွမ်းလည်း ထက်မြက်ကြကုန်၏။

ထိုအထက်ပါ ပြဆိုခဲ့သော စုန်းကဝေမျိုးထက် အထူး အစွမ်းထက်သော ကမ္မဇိဒ္ဓိရှိသော စုန်းမျိုးများကား -

၁။ ကဝေမည်သော စုန်းမျိုး။

၂။ ရနီမည်သော စုန်းမျိုး။

၃။ ရဝါမည်သော စုန်းမျိုး။

၄။ ပိတ်တုမည်သော စုန်းမျိုး။

ဤ (၄) ပါးသော စုန်းမျိုးတို့သည် အမောက်ဟူ၍မရှိ။ စက်ဝန်း (၄) ခုစီရှိကြကုန်၏။ တန်ခိုးဣဒ္ဓိ အလွန်ကြီးမားသော စုန်းမျိုးများ ဖြစ်ကြ၏။ ဆရာမြတ်တို့သည် အထူးဂရုစိုက်မှတ် သားကြပါကုန်လော့။

ရင်းအပြင် ၁။ မော်ဝင်စုန်း

၂။ စုန်းမော်စုန်း

၃။ နတ်စုန်း

၄။ မော်စုံစုန်း

၅။ ဘီလူးစုန်း

၆။ သိုးမော်စုန်း

၇။ မှော်ဝါစုန်း
၈။ မှော်သိပ်းစုန်း
၉။ မှော်စင်စုန်း

၎င်းစုန်းကဝေ (၉) ပါးသည် ရုပ်အမျိုးမျိုးကို ဖန်ဆင်းနိုင်ကုန်၏။ နာနာရုပ်များကို အရာထောင် သိန်းအသန်းမက ဖန်ဆင်းနိုင်၏။ ၎င်းအပြင် -

သွေးစုန်း၊ လေစုန်း၊ ဆေးစုန်း၊ မိလဘာစုန်း၊ လက်ထောက်သော်လက်စုန်း၊ ခြေထောက်သော် ခြေစုန်း၊ အမောက် (၃) ဆင့်ရှိသောစုန်းဟူ၍ (၇) ပါး ကြားကုန်၏။

ကဝေစုန်း၊ ခြေစုန်း၊ လက်စုန်း၊ မှော်ဝင်စုန်း၊ အိမ်ဒလိန်စုန်း၊ ဇော်ဂနီစုန်း၊ သားစားစုန်းဟူ၍လည်း စုန်းမျိုး (၇) ပါးကြားပြန်သည်။ ထိုစုန်းများသည် လူများ၊ သတ္တဝါများကို ဖမ်းစားတတ်ကုန်၏။ ပယောဂဖြစ်စေ၏။ ငိုမှု၊ ရယ်မှု ကိုယ်ကိုတောင်ယိမ်း၊ မြောက်ယိမ်းရှိအောင်၊ရူးအောင်၊ သတိမေ့လျော့အောင် လုပ်တတ်ကြ၏။ ဆရာများသည် အထူးသတိထားအပ်၏။

ကဝေပျံ (၉) ပါးကို ပြခြင်း။

၁။ မြင်းကဝေ
၂။ နတ်ကဝေ
၃။ ရက္ခိုက်ကဝေ
၄။ နဂ ကဝေ
၅။ ဘီလူးကဝေ

၆။ နဂါးကဝေ

၇။ ဂဠုန်ကဝေ

၈။ ဆင်ကဝေ

၉။ ကဝေပျံ

ရင်း (၉) ပါးသည် ရုံဖန်ရုံခါ ခါး၌အမောက်ရှိကြကုန်၏။ ထိုကဝေပျံ (၉) ပါးသည် ပရိယာယ်၊ မာယာ များကုန်၏။ တန်ခိုးလည်း အလွန်ကြီးမား၊ အလွန် အစွမ်းထက်၏။ သူတစ်ဖက်သားကို သေအောင် လတ်တလောခြင်းပြုနိုင်ကုန်သည်။ တစ်ဖန် တန်ခိုးဣဒ္ဓိကြီးသော စုန်းတို့မှာ -

၁။ ဟဲဘူးစုန်း

၂။ စုန်းဘီလူး

၃။ မှော်နှာခေါင်းစုန်း

၄။ ပြန်ဟာစုန်း

၅။ နောက်သိုးစုန်း

၆။ ကျွားစုန်း

ရင်း (၆) ပါးသည် အလွန်တန်ခိုးကြီး၏။ လက်ဝဲနား၌ စီရရီအမောက်ရှိသောကြောင့် အခြားသောစုန်းတို့ထက် ထက်မြက်၏။ ရင်းစုန်းမျိုးများသည် အမျိုးပေါင်း (၉၉) မျိုးရှိကုန်၏ဟု ဆရာမြတ်တို့ မိန့်ဆိုကြ၏။ သေချာစွာ မှတ်သားကြပါကုန်လော့။

ရင်းအပြင် တစ္ဆေသရဲများသည် အချို့က တစ္ဆေသရဲသည် သချိုင်းတွင်မရှိဟု ဆိုတတ်ကုန်၏။ ဟုတ်ပေသည်လည်း ရှိ၏။

မဟုတ်သည်လည်းရှိ၏။ တစ္ဆေသည် လူသေမှဖြစ်သည်။ ထင်ယောင်ထင်မှား မသေခင်စွဲလန်း၍ ပြကြသည်။ တွေ့ကြရသည်။ အင်္ဂလိပ်နိုင်ငံခြားသား အယူကား ဝိညာဉ်ဟု ခေါ်၏။ မြန်မာပြည်တွင်သာ တစ္ဆေရှိသည်မဟုတ် နိုင်ငံခြားတိုင်းပြည်များတွင်လည်း ရှိကြောင်းကို ဗဟုသုတပြည့်စုံပါက သိနိုင်ပါသည်။

ထိုတစ္ဆေသည် နှစ်ရှည်လများကြာ၍ သတ္တဝါကို ဖမ်းစားခြင်း၊ အသားအသွေး၊ အကျော်အလှော်ကို ပူးကပ်၍ စားသောက်ခြင်း များပြားလာပါက သရဲဖြစ်လာ၏။ သစ်ပင်ကြီးများတွင်လည်းကောင်း၊ သချိုင်းဘေးရှိ ဂူပျက်၊ ကျောင်းပျက်၊ ဇရပ်ပျက်များတွင် လည်းကောင်း၊ နေထိုင်မှီတင်းကြကုန်၏။ လတ်တလောခြင်း သတိမေ့အောင်၊ တုန်တက်လာအောင်၊ သွေးအန်လာအောင်၊ ရူးသွပ်လာအောင်၊ ငိုအောင်၊ ရယ်အောင် တတ်နိုင်ကြကုန်၏။

အချို့သော သချိုင်းမှာ နှစ်မကြာသေးသော်လည်း များသောအားဖြင့် သတ္တဝါအသေကောင်များကို မြှုပ်နှံရာဖြစ်၍ ထိုအသေကောင်များကို စားသုံးရန် ဖုတ်၊ ပြိတ္တာ စသည်များ၊ ဘီလူးသဘက် စသည်များသည် ပေါ်လာကုန်၏။ သက်သေပြရန်မှာ မြတ်စွာဘုရားလက်ထက် ဝေသာလီပြည်၌ ဘေးကြီး၊ ကပ်ကြီး ဆိုက်ကပ်ကာ လူသတ္တဝါအများ သေပျောက်မှု များပြားလာ၏။ ထိုအခါ မြို့တွင်း၌ နေ့လယ်ပင်ဖြစ်သော်လည်း သားစားဘီလူးသရဲ သဘက်များသည် အတင့်ရဲလျှာပင် ဝင်ထွက်၍ စားသောက်နေထိုင်ကြကုန်၏။

ပယောဂဆရာမြတ်တို့ မိန့်ဆိုသည်မှာ -

| | |
|---|---|
| ဘီလူး<br>သဘက်<br>ဥပါ | ၎င်း (၃) မျိုးကို 'တောသူ' ဟု သမုတ်၏။ |
| တစ္ဆေ<br>ပြိတ္တာ | ၎င်း (၂) မျိုးကို 'ဘုတ်' ဟုခေါ်သည်။ |

သရဲအပေါင်းကို 'အစိမ်းအဝါး' ဟု ခေါ်သည်။ ထိုမှတစ်ပါး ဤတွင် စုန်းကဝေ တစ္ဆေသရဲများကို ခွဲခြား၍ ပြီးပါပြီ။

## အလေ့ဝစ်နေ့တော်ကြီးအမျိုးမျိုးတို့ ခွဲခြား၍ပြခြင်း

အလယ်ကို ပါဠိလို 'မဇ္ဈိမ' ဟု ခေါ်သည်။ အောက်လည်း မရောက်၊ အထက်လည်း မကျ၊ အလယ်အလတ်ကို မဇ္ဈိမဟု ခေါ်သည်။ ၎င်း မဇ္ဈိမ (ခေါ်) အလယ်အလတ်ရှိသော နတ်များ သည် ကြမ်းတမ်းကုန်၏။ ဒေါသကြီးကုန်၏။ အမျက်စောင် မာန် ကြီးကုန်၏။ စိတ်မထင်လျှင် ဆရာပင်လျှင် ရန်ပြုတတ်၏။ ထို အလယ်နတ်များတွင် ကြမ်းတမ်းခက်ထန်သော တောစောင့် နတ်၊ တောင်စောင့်နတ် အပြင် (၃၇) မင်းနတ်များ၊ ရုက္ခစိုးနတ် များ၊ တောင်ပိုင်နတ်များ၊ ပုဏ္ဏက၊ အာဠာဝကနတ်များ၊ (အလယ်ဂိုဏ်း ပုဏ္ဏက၊ အာဠာဝကကို ဆိုသည်။ အထက်ကို မဆို) နတ်ဘီလူးများ၊ ကုမ္ဘာန်နတ်များ၊ ကတော် (၇) ပါး စသည် များ ပါဝင်ပေသည်။ ပုဏ္ဏက ဘီလူး၊ အာဠာဝက ဘီလူးများ ကို လူသိများကြသည်။ သို့ပေမယ့် ဆရာကောင်း၊ ဆရာမြတ် မှတစ်ပါး ပုဏ္ဏက၊ အာဠာဝကကို အထက်လမ်းလား၊ အောက် လမ်းလားဟူ၍ မခွဲခြားတတ်ပါ။

၁။ အာဠာဝက နတ်ဘီလူး } အောက်လမ်းတွင်ရှိသည်။
ပုဏ္ဏက နတ်ဘီလူး

၂။ အာဠာဝက နတ်ဘီလူး } အလယ်လမ်းတွင်ရှိသည်။
ပုဏ္ဏက နတ်ဘီလူး

၃။ အာဠာဝက နတ်ဘီလူး } အထက်လမ်းတွင်ရှိသည်။
ပုဏ္ဏက နတ်ဘီလူး

သို့ဖြစ်၍ မေးစရာအကြောင်းရှိသည်။ ပုဏ္ဏက၊ အာဠာဝက တို့သည် အောက်လမ်းရော၊ အထက်လမ်းရော ပါနေပါလားဟု မေးစရာရှိသည်။ အမှန်မှာ ပုဏ္ဏကဘီလူးသည် တစ်ဦးတည်းပင်၊ အာဠာဝကဘီလူးသည် တစ်ဦးတည်းပင် ဖြစ်သည်။

အမှန်စင်စစ် အောက်လမ်းများသုံးစွဲသော ပုဏ္ဏက၊ အာဠာဝကသည် အစစ်မဟုတ်ဘဲ အောက်လမ်းတွင်ကြီးမားသော သားသားသရဲ (၂) ကောင်ဖြစ်စေ၊ သဘက် (၂) ကောင်ဖြစ်စေ၊ အယောင်ဆောင်၍ထားခြင်းဖြစ်သည်ကို သတိပြုပါ။

ထိုနည်းတူ အလယ်လမ်းဆရာများ သုံးစွဲသော ပုဏ္ဏက၊ အာဠာဝကသည် အစစ်မဟုတ်ဘဲ အလယ်လမ်းတွင် ကြီးမားသော သစ်ပင်စောင့်၊ တောစောင့်တစ်ဦးဦးကိုဖြစ်စေ၊ အယောင်ဆောင်နိုင်းစေထားခြင်းသာ ဖြစ်သည်ကို သတိပြုပါ။

ပုဏ္ဏက နတ်ဘီလူးအစစ်၊ အာဠာဝက နတ်ဘီလူးအစစ်သည် အထက်လမ်းပညာစဉ်တွင်သာရှိသည်။ အကျွတ်တရားရကြပြီ၊ မြတ်စွာဘုရားချွတ်၍ ကျွတ်ကုန်ပြီဟု သတိထားပါ။

ထို့ကြောင့် အလယ်ဂိုဏ်း၊ အလယ်လမ်းတွင် ပါဝင်သော

နတ်များမှာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဂူစောင့်နတ်၊ အငယ်စားများ ပါဝင်သည်။ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ် အငယ်စားများ ပါဝင်သည်။ နတ်ရဲသစ်ပင်တွင် စောင့်သော နတ်ရဲများ၊ အထိကရ သစ်ပင်ကြီးများတွင် စောင့်သော နတ်ဘီလူးများ လည်း ပါဝင်သည်။ ၎င်းပြင် စုန်းကဝေမှဖြစ်သော ကတော် (၇) ပါးလည်း ပါဝင်သည်။ ၎င်းမှာ -

၁။ ယောကတော်
၂။ ရေယာဉ်ကတော်
၃။ အနောက်ဘက်ကတော်
၄။ မြောက်ဘက်ကတော်
၅။ ကြောကတော်
၆။ နှောကတော်
၇။ စကားကတော် စသော ကတော် (၇) ပါး ပါဝင်သည်။
၎င်းပြင် (၃၇) မင်း အပြင်နတ်များ ဖြစ်ကြပေကုန်သော-

၁။ ဦးမင်းကျော်နတ်၊ ၂။ ရွှေဖျဉ်းကြီးနတ်
၃။ ရွှေဖျဉ်းလေးနတ် ၄။ ဗျတ်ဝိနတ်
၅။ ဗျတ္တနတ် ၆။ ပုပ္ပါးတောင်ပိုင်နတ်
၇။ မနဲ့လေးနတ် ၈။ ကိုးမြို့ရှင်နတ်
၉။ အသားမင်းသားနတ် ၁၀။ ပဲခူးမယ်တော်နတ်
၁၁။ ရွှေနှဘောနတ် ၁၂။ တောင်ကြီးရှင်နတ်
၁၃။ မြင်းဖြူရှင်နတ် ၁၄။ မောင်ဖြူနတ်
၁၅။ မောင်ညိုနတ် ၁၆။ ဖိုးခေါင်နတ်

၁၇။ မင်းရဲကျော်စွာနတ် ၁၈။ မင်းရဲအောင်ထင်နတ်
၁၉။ တပင်ရွှေထီးနတ် ၂၀။ မိဖုရားကြီးနတ်
၂၁။ မင်းမဟာဂီရိနတ် ၂၂။ ဦးရှင်ကြီးနတ်
၂၃။ ဘိုးတော်ရွှေနတ် ၂၄။ ရှင်သာဝံနတ်

စသည်များ ပါဝင်သည်။

ထိုနတ်များကို အလယ်လမ်းလိုက်ကြကုန်သော ဆရာကောင်း၊ ဆရာမြတ်တို့သည် ပသခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း လုံးဝမပြုလုပ်ရ။

သို့သော် မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းသာ ပြုရသည်။ နှိပ်စက်ညှဉ်းပန်းမှုလည်း ရှောင်ကြဉ်ရာ၏။ ၎င်းအပြင် ထိုအလယ်ဂိုဏ်းနတ်များတွင် ထပ်မံ၍ပါဝင်သော နတ်များကား-

ကဝေနတ်၊ ဇော်ဂနီနတ်၊ ဥရုနတ်၊ နွဲ့ခရုနတ်များ၊ ကြမ်းတမ်းသော ဂန္ဓဗ္ဗနတ်များ၊ ကုမ္ဘာန်နတ်များ၊ ကမ္ဘာစောင့် သရဲ၊ သဘက်ကြီးများ၊ ကြမ်းတမ်းသော နတ်ဘီလူးအချို့ ပါဝင်ကြကုန်သည်။

အောက်လမ်းဆရာများနှင့် အလယ်လမ်း ဆရာများကား ထိုနတ်များကို အစာပေးအပ်၏။ ပူဇော်ပသရ၏။ ကန်တော့ပွဲပေးရ၏။ သို့မှ ကူညီစောင့်ရှောက်ကြကုန်၏။

အချို့သော လူများ၊ မိန်းမများသည် ထိုနတ်များဖြင့် လိမ်ညာ၍ လူများကို လှည့်စားတတ်ကြကုန်၏။ နတ်ကတော် လုပ်ကြကုန်၏။ ထိုနတ်များသည် ဥပဒ္ဒဝကင်းဖြင့် သူတစ်ပါး၏ လုံ့လ ပယောဂကြောင့်သေဆုံးရ၍ အယုတ်တမ်းကာ နတ်စိမ်းများ ဖြစ်

လာကြကုန်၏။ ထို (၃၇) မင်း အပြင်နတ်များသည် လူ့အောက်ကျသော နတ်များဟု မှတ်ပါ။ လူသည် သီလနှင့်နေ၏။ ဘုရား၊ တရား၊ သံဃာနှင့် နေ၏။ လူလောက် မမြတ်၍ လူ့အောက်ကျသည်ဟုဆိုလိုသည်။ ထို (၃၇) မင်းနတ်များနှင့်တကွ၊ အလယ်ဂိုဏ်းဝင်နတ်များသည် စိတ်မထင်က ပြန်၍ ရန်လုပ်တတ်၏။ ဒေါသကြီး၏။ ပယောဂကုသ၊ ကုစားရာတွင် လည်းကောင်း၊ အခြား အခြားသောကိစ္စများကို ခိုင်းစေရာတွင်လည်းကောင်း၊ များစွာအသုံးဝင်လေသည်။ ဆရာကောင်း၊ ဆရာမြတ်များသည် အထူးမှတ်သားထားသင့်သည်။

ဤတွင် အလယ်နတ်ကြီးအမျိုးမျိုးကို ခွဲခြား၍ပြခြင်းသည် ပြီးပါပြီ။

## အထက်ဝိဇ္ဇာကြီးအမျိုးမျိုးကို ပြခြင်း

'နတ်' ဆိုသည်မှာ ကိုးကွယ်အပ်သည့်အရာဟု အချို့ဆရာများ ဆိုကြကုန်သည်။ 'နာထ' ဆိုသောစကားမှ ဆင်းသက်လာသည်ဟု ဆိုသည်။ ထို့ကြောင့် ကိုးကွယ်အပ်သောအရာကား လောကတွင် (၃) မျိုးပြ၏။ ထို (၃) မျိုးကား -

၁။ ဝိသုဒ္ဓိနတ်

၂။ ဥပပတ္တိနတ်

၃။ သမုတိနတ် ဟု (၃) မျိုးကို ဆိုသည်။

ထို (၃)မျိုးတွင် ပဌမဝိသုဒ္ဓိနတ်ဟူရာ၌ ဝိသုဒ္ဓိသည် စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်းကို ဆိုသည်။ ဆိုလိုရင်းကား အာသဝေါကိလေသာကုန်ခမ်းသော ဘုံ (၃၁) ဘုံမှ ကင်းလွတ်တော်မူသော

၁။ မြတ်စွာဘုရားရှင်

၂။ ပစ္စေကဗုဒ္ဓါ

၃။ ရဟန္တာပုဂ္ဂိုလ်

ရှင်း (၃) ပါးကို ဝိသုဒ္ဓိနတ်ဟု ခေါ်ဆိုသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်သမျှသည် ကိုးကွယ်ရမည်၊ အားထားရမည်။ ယုံကြည်ကိုးစားကြရမည်။

ဒုတိယ ဉပါပတ္တိနတ်ကား အရောင်အဝါဖြင့် ထွန်းလင်းတတ်သောကြောင့် (ဝါ) အရောင်အဝါဖြင့် တောက်ပသော ကိုယ်ခန္ဓာရှိသောကြောင့် ဉပပါတ္တိနတ် ဟုခေါ် ဆိုသည်။ ၎င်းတို့ကား -

၁။ စတုမဟာရာဇ်နတ်မင်းကြီး (၄) ပါး။
၂။ သိကြားမင်း။
၃။ ဗြဟ္မာမင်း။
၄။ (၃၃) ပါးသော နတ်စစ်သည်များ။
၅။ သူရဿတီမယ်တော်နှင့်ဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါး။
၆။ နေနတ်သား၊ လနတ်သား၊ အာကာသစိုး နတ်များ။
၇။ နတ်ပြည် (၆) ထပ်တွင်ရှိသော နတ်များ။
၈။ စကြဝဠာတွင်ရှိသော နတ်များ။
၉။ တောင်စဉ် (၇) ထပ်တွင်ရှိသော နတ်များ။
၁၀။ လူတို့ကို စောင့်ကြပ်သော (၁၂) ပါးသော နတ်များ။
၁၁။ ကမ္ဘာကြီးကိုစောင့်ကြပ်သော နတ်ကြီး (၅) ပါး။
၁၂။ ဇမ္ဗူဒိပ်ကျွန်းကြီး (၄) ကျွန်းကို စောင့်ကြပ်သောနတ်ကြီး (၅) ပါး။
၁၃။ အာလိန် (၅) ဆင့်ကို စောင့်ကြပ်သောနတ်မင်းများ။
၁၄။ ရတနာ (၃) ပါးကို လေးစားကြည်ညိုသော သာသနာတော် စောင့်နတ်များ၊ သမ္မာဒေဝနတ်များ။

၁၅။ ဂြိုဟ်၊ နက္ခတ်၊ တာရာများကို စောင့်ကြပ်ကြကုန်သော နတ်ကောင်းနတ်မြတ်များ ပါဝင်ကြကုန်သည်။

ထိုနတ်များကို ဥပပတ္တိနတ်များဟု ခေါ်ဆိုပေသည်။ ဘုန်းတန်ခိုးလည်း အလွန်ကြီးမား၏။ အရောင်အဝါလည်း အလွန်တောက်ပ၏။ ကမ္ဘဝိဒ္ဓိလည်း ကြီးမားကြကုန်၏။

တတိယ သမုတိနတ်ကား လောကတွင် သမုတ်အပ်၊ တင်မြှောက်အပ်၊ ရွေးကောက်အပ်သော၊ ရှင်ဘုရင်၊ မှူးမတ်၊ စကြဝတေးမင်း၊ ပဒေသရာဇ်မင်း၊ စစ်မှူး၊ ဗိုလ်မှူး၊ သမ္မတမင်းစသည်တို့သည် သမုတိနတ်များဟု ခေါ်ဆိုသည်။ ထိုမှဆက်လက်၍ အထက်နတ်မင်းကြီးများကို ထပ်မံ၍ ခွဲခြားပြဆိုပေအံ့သောချာစွာမှတ်ကြပါ။

စတုလောကပါလနတ်မင်းကြီး (၄) ပါးကား -

(၁) ဓတရဋ္ဌနတ်မင်း (၂) ဝိရူဠှကနတ်မင်း
(၃) ဝိရူပက္ခနတ်မင်း (၄) ကုဝေရနတ်မင်း

၎င်း (၄) ပါးကို စတုမဟာရာဇ်နတ်ကြီး (၄) ပါးဟု ခေါ်၏။

ကမ္ဘာစောင့်နတ်မင်းကြီး (၅) ပါးကား -

(၁) သူရဿတီနတ်သမီး (၂) စန္ဒီနတ်သမီး
(၃) ပရမီသွာနတ်မင်း (၄) မဟာပိန္နဲနတ်မင်း
(၅) ဂေါရမန္တနတ်မင်း

ဤကား ကမ္ဘာစောင့်နတ်များ (၅) ပါးဖြစ်တော့သည်။

ဇမ္ဗူဒီပါကျွန်းကြီး (၄) ကျွန်းကို စောင့်ကြပ်သောနတ် (၅) ပါး

(၁) ဓေယျာကပ္ပနတ်မင်း (၂) ကပ္ပနန္ဒာနတ်မင်း
(၃) ရွှေရာကပ္ပနတ်မင်း (၄) ကပ္ပကုန္ဒာနတ်မင်း
(၅) မဟာကာပိန္ဒနတ်မင်း

ဤငါးပါးသော နတ်မင်းများသည် ကျွန်းကြီး (၄) ကျွန်းကို စောင့်သော နတ်များဖြစ်ကြ၏။

ဒေဝီ (၇) ပါးကား -
(၁) သူရဿတီနတ်သမီး (၂) စန္ဒီနတ်သမီး
(၃) စန္ဒာနတ်သမီး (၄) နရိန္ဒာနတ်သမီး
(၅) ကုန္ဒရသီနတ်သမီး (၆) ဂဟာပတီနတ်သမီး
(၇) သီရိနတ်သမီး

၎င်းကား ဒေဝီ (၇) ပါးပင် ဖြစ်ပေတော့သည်။

တစ်နည်း ဒေဝီ (၉) ပါးကား -
(၁) သူရဿတီဒေဝီ (၂) စန္ဒီဒေဝီ
(၃) စန္ဒာဒေဝီ (၄) ကုန္ဒရသီဒေဝီ
(၅) မာယာဒေဝီ (၆) ပြာယာဒေဝီ
(၇) မဏိမေခလာဒေဝီ (၈) သီရိဒေဝီ
(၉) တလင်မယ်ဒေဝီ

ဤသည်မှာ ဒေဝီ (၉) ပါးကို ပြဆိုပေသည်။

တစ်နည်း ဒေဝီ (၁၂) ပါးကား -
(၁) သူရဿတီဒေဝီ (၂) စန္ဒီဒေဝီ
(၃) စန္ဒာဒေဝီ (၄) နရိန္ဒဒေဝီ
(၅) ကုန္ဒရသီဒေဝီ (၆) ဂဟာပတီဒေဝီ

(၇) သိရိဒေဝီ

(၈) တဇင်မယ်ဒေဝီ

(၉) ရုက္ခာဒေဝီ

(၁၀) မာယာဒေဝီ

(၁၁) ပြာယာဒေဝီ

(၁၂) မဏိမေခလာဒေဝီ

ဤသည်ကား ဒေဝီ (၁၂) ပါးကို ပြဆိုပေသည်။ သေချာစွာမှတ်ကုန်လော့။ အခြားသော ဒေဝီများလည်းရှိပေသေးသည်။ ၎င်းပြင် -

မဟာသမယသုတ်လာ အထက်လမ်းနှင့်ဆိုင်သော နတ်မင်းများကား -

(၁) နန္ဒဘီလူး

(၂) သောမဘီလူး

(၃) နန္ဒိယဘီလူး

(၄) ပုဏ္ဏကဘီလူး

(၅) အာဠာဝကဘီလူး

(၆) ဟေမဝန္တဘီလူး

(၇) သာတာဂီရိဘီလူး

(၈) ဝေသာမိတ္တဘီလူး

(၉) အာနန္ဒာဘီလူး

စသော ဘီလူးများအပြင် ဂုမ္ဘဏ်ရနတ်စစ်သူကြီး၊ နဂါးမင်း၊ ဂဠုန်မင်း၊ ဧရာဝဏ်ဆင်မင်း၊ နာဂဝင်ဆင်မင်း၊ အရှေ့စကြဝဠာတံတိုင်းစောင့်သော နတ်မင်း၊ တောင်စကြဝဠာတံတိုင်းစောင့်သောနတ်မင်း၊ အနောက်စကြဝဠာတံတိုင်းစောင့်သောနတ်မင်း၊ မြောက်စကြဝဠာစောင့်သော နတ်မင်း၊ သမုဒ္ဒရာကိုစောင့်သော နတ်မင်း၊ မြင်းမိုရ်တောင်ကိုစောင့်သော နတ်မင်း၊ ကျွန်းကြီး (၄)လုံးကိုစောင့်ကြပ်သောနတ်မင်း၊ ပိဋကတ် (၃) ပုံကို စောင့်ကြပ်သော နတ်မင်း၊ သိကြားမင်း၊ နေမင်း၊ လမင်း၊ ဗေဒင်ကို စောင့်သော နတ်မင်း၊ တစ်သောင်းသော စကြဝဠာတွင် စောင့်

ဝိဇ္ဇာထေဝဉာဏ်စုတ်စုချမ်း

ရှောက်ကြပေကုန်သော နတ်မင်းများ၊ ရတနာသုံးပါးကို ကြည်ညို သော သမ္မာဒေဝနတ်များ၊ သာသနာ (၅၀၀၀) ကိုစောင့်ကြပ် သော နတ်မင်းများ၊ တန်ခိုးကြီးမားသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ် မင်းများ စသည်ဖြင့် မရေမတွက်နိုင်အောင် တည်ရှိကြပေ ကုန်၏။

ထိုထိုသော နတ်မင်းကြီးများ၊ နတ်သားများ၊ နတ်သမီးများ၊ နတ်ဒေဝီများသည် အထက်လမ်းဆိုင်ရာ (ဝါ) အထက်နတ်ကြီး များဖြစ်ကြကုန်၏။ အထက်လမ်းပညာကို လေ့ကျင့်ကြပေကုန် သော ဆရာမြတ်တို့သည် ထိုအထက်ပါနတ်ကြီးများကို သေချာ စွာမှတ်သားတတ်ကြရမည်။ ထွက်ရပ်လမ်းလိုက်ရာတွင် များစွာ ကူညီကြ၏။ ထိုအထက်နတ်မင်းများသည် လောဘ၊ ဒေါသ နည်းပါး၏။ မေတ္တာတရားရှေ့ထား၏။ သောတာပန်၊ သကဒါ ဂါမ်၊ အနာဂါမ်နတ်ကြီးများ ပါဝင်၏။ ရတနာ (၃) ပါးကို လေး စား၏။ ကြည်ညိုကြ၏။ ယဉ်ကျေးသိမ်မွေ့၏။ တန်ခိုးအလွန် ကြီးမားကုန်၏။ ဤတွင် အထက်နတ်ကြီးများ အမျိုးမျိုးကို ခွဲခြား၍ပြကာ ပြီးပါပြီ။

## ဉာဏစေတသိက်များ၊ ဉာဏစေတသိကရှင်များဆိုင်ခြင်း

အထက်လမ်းပညာဟူသည် အလွန်ပင်နူးညံ့သိမ်မွေ့ကြကုန်၏။ ပညာသာအဓိကဖြစ်သည်။ ပညာသာ လူရာဝင်သည်။ ပညာသာ အားကိုးအားထားရာဖြစ်သည်။ လောကုတ္တရာလမ်းတွင် မြတ်စွာဘုရားရှင်သည် 'အဓိပညာ' ဟု ဟောကြားတော်မူသည်။

'ပညာမရှိလျှင် လူရာမဝင်'၊ 'ပညာရဲရင့် ပွဲလယ်တင့်' သည် 'ပညာရွှေအိုး လူမခိုး' ဟု ဆိုရိုးစကားရှိကြကုန်၏။

သို့ဆိုလျှင် ပုတီးတစ်မျိုးတည်းစိပ်ရုံဖြင့် ထွက်ရပ်ပေါက်သလား။ တရားတစ်မျိုးတည်း ထိုင်ရုံ၊ ကျင့်ရုံဖြင့် ထွက်ရပ်ပေါက်သလား၊ အသက်သတ်လွတ်စားရုံမျှဖြင့် ထွက်ရပ်ပေါက်မည်လားဟု မေးစရာ အမျိုးမျိုးရှိလာပေသည်။ သို့ဆိုလျှင် ဤသို့ဖြေရသည်။ ပုတီးတစ်မျိုးတည်းစိပ်ရုံဖြင့် ထွက်ရပ်မပေါက်။ တရားတစ်မျိုးတည်း အားထုတ်ရုံမျှဖြင့် ထွက်ရပ်မပေါက်။ အသက်သတ်လွတ်စားရုံမျှဖြင့် ထွက်ရပ်မပေါက်။

အဘယ်ကြောင့် ထွက်ရပ်မပေါက်သနည်းဟုမေးလျှင် ပညာမရှိ၍ ထွက်ရပ်မပေါက်သည်ဟု အတိုချုပ်ဖြေဆိုရပေမည်။ မြန်မာပြည်တွင် ထွက်ရပ်လမ်းလိုက်နေကြသော သူတော်စင်တို့သည် များစွာရှိကြကုန်၏။ ထိုသူတော်စင်တို့သည် အချို့တွင် ကျင့်ပုံကျင့်နည်း မှန်ကန်သော်လည်း ပညာကား လိုနေ၏။ အချို့တွင် ပညာပြည့်စုံသော်လည်း အကျင့်လိုနေ၏။ အချို့တွင် အကျင့်ကောင်းမွန်သော်လည်း သမာဓိ မကြာခဏပျက်စီးနေ၍ ထွက်ရပ်မပေါက်ရှိတတ်၏ စသည်ဖြင့် အမျိုးမျိုးရှိကြသည်။

အထက်လမ်းပညာသည် အလွန်မွန်မြတ်သောပညာဖြစ်၍ ကြောင်များ လက်သည်းဝှက်သည်နှင့်တူသည်။ ထိုအထက်လမ်းပညာမျိုးကို တော်ရုံတန်ရုံကျင့်ရုံမျှဖြင့်၊ အားထုတ်ရုံမျှဖြင့် ပညာမရနိုင်ပါ။ များစွာကြိုးစားအားထုတ်ပါမှ ပညာမှာအနည်းငယ်မျှဖြစ်၏။ ထိုဖြစ်လာသော ပညာမြတ်သည်လည်း ပျက်စီးခဲသည်ဟု မှတ်ပါ။

ဥပမာ - လောကတွင် အလုပ်လုပ်ကိုင်ကြသောသူတို့သည် ပင်ပင်ပန်းပန်း နဖူးပြင်မှချွေးသည် ခြေမသို့ကျအောင် လုပ်ကိုင်၍ ရသောငွေသည် အလွန်အဖိုးတန်၏။ တော်ရုံတန်ရုံကိစ္စများဖြင့် မသုံးစွဲတတ်ကြ။ စုဆောင်း၍ ထားတတ်ကြကုန်၏။ လွယ်လွယ်နှင့်ရှာရသော ငွေသည် မပင်မပန်းဘဲရသောငွေဖြစ်၍ လွယ်လွယ်နှင့်ပင် ကုန်တတ်ထွက်တတ်ကြလေ၏။ ထို့အတူ ခက်ခဲစွာ ရှာဖွေကျင့်ကြံထား၍ ရထားသော အထက်လမ်းပညာမျိုးသည် အလွန်အဖိုးတန်၏။ ပျက်ခဲ၏။

ထိုပညာမျိုးကို အကျွန်ုပ်ဆရာရှင်ဦးဝေပုလ္လကိုယ်တိုင် နှစ်ပေါင်းများစွာ ခံစားလာရ၍ အထူးအံ့ဩခြင်းဖြစ်မိပါသည်။

ထိုအထက်လမ်းပညာမျိုးကို စောင့်ရှောက်ထိန်းသိမ်းသော ပညာစောင့်နတ်များ၊ ဝိဇ္ဇာများသည် ရွှေနောက်မြော်မြင်၍ အထက်ဆရာကြီးများ၏ အမိန့်ဖြင့် စောင့်ကြပ်၍နေကြကုန်၏။ ပုရပိုက်စာ၊ ဆေးများ၊ ဂမုန်းများ၊ အင်းသိုက်များ၊ သိုက်ဝင်ပစ္စည်းများ၊ ပညာနှင့်ဆိုင်သော ပစ္စည်းများကို အထူးအစောင့်အရှောက်ဖြင့် ထားကြကုန်၏။

ယခုအချိန်မှစ၍ ပညာကိုစောင့်သောနတ်များ၊ ဝိဇ္ဇာများကို ဖော်ပြပါအံ့။

အောက်လမ်းပညာရပ်များကို စောင့်ကြပ်သော ပညာစောင့်များကား -

(၁) မြောက်ဘက်ရှင်မ
(၂) ယောကတော်
(၃) အနောက်ဘက်ကတော် နတ်ဝိဇ္ဇာ
(၄) ကြောကတော် နတ်ဝိဇ္ဇာ
(၅) မြောက်ဘက်ကတော် နတ်ဝိဇ္ဇာ
(၆) ရေယာဉ်ကတော် နတ်ဝိဇ္ဇာ
(၇) ကားကတော် နတ်ဝိဇ္ဇာ
(၈) မှောကတော် နတ်ဝိဇ္ဇာများ ဖြစ်ကြကုန်၏။ ၎င်းပြင် အောက်လမ်းပညာများကို စောင့်ကြပ်သော အောက်နတ်ကြီးများမှာ -

(၁) ဇော်ဂနီ နတ်ကြီး (၂) ကဝေနတ်ကြီး
(၃) ဥရုနတ်ကြီး (၄) နှံခရုနတ်ကြီး

စသော နတ်ကြီး (၄) ပါး ပါဝင်သည်။

မြောက်ဘက်ရှင်မ မှော်ပညာများ၊ ကဝော် (၄) ပါး မှော်ပညာများ၊ အောက်ဇော်ဂနီ (၄) ပါး မှော်ပညာများ၊ အောက်လမ်း၊ ပုဏ္ဏက၊ အာဠာဝကမှော်ပညာများ လက်ဝဲ (၉) သိန်း လက်ျာ (၉)သိန်း မှော်ပညာများကို စောင့်ကြပ်ကြကုန်၏။ ၎င်းအပြင် -

တစ္ဆေမှော်၊ သရဲမှော်၊ သဘက်မှော်၊ ယက္ခမှော် စသည်များတွင်လည်း အသီးသီးပညာများကို စောင့်ကြပ်ကြကုန်၏၊ မကောင်းသော ပညာများဖြစ်၍ အကျယ်မပြလိုပြီ။

အလယ်လမ်းဆိုင်ရာပညာရပ်များကို စောင့်ကြပ်သော ပညာစောင့်နတ်များကား -

(၁) ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးနတ်များ
(၂) ပုပ္ပါးပန်းစား ဘိလူးမ၊ မယ်ဝဏ္ဏ
(၃) ဗျတ်ဝိ၊ ဗျတ္တနတ်များ
(၄) ဦးရှင်ကြီးနတ်
(၅) ကိုးမြို့ရှင်နတ်
(၆) မောင်ဖြူ၊ မောင်ညို နတ်များ
(၇) မြင်းဖြူရှင်နတ်များ
(၈) အပြင် (၃၇) မင်းနတ်များ
(၉) (၉) သိန်း၊ (၉) သန်း၊ (၉) မှော်နတ်များ ပါဝင်ကြကုန်သည်။

ထိုအလယ်လမ်းပညာစောင့်နတ်များသည် -

မင်းညီနောင်မှော်ပညာကိုလည်းကောင်း၊

အင်္ဂါဝကမှော်၊ ပုဏ္ဏကမှော်ပညာ၊ ပေါ်ရိသာဒမှော်ပညာကိုလည်းကောင်း၊

ဗျည်း (၃၃) လုံး မှော်ပညာကိုလည်းကောင်း စောင့်ရှောက်ထိန်းသိမ်းသော ပညာစောင့်များ ဖြစ်ကြကုန်သည်။ အလယ်လမ်းလိုက်ကြသော အကြမ်းပယောဂဆရာများသည် ထိုနတ်များကို ပင့်ခေါ်ပြီး စီရင်ကြရကုန်၏။

အထက်လမ်းဆိုင်ရာပညာရပ်များကို စောင့်ရှောက်သောနတ်များ၊ ဝိဇ္ဇာများကို ပြဆိုပေအံ့။

ထိုယခုပြဆိုမည့် ပညာစောင့်များနှင့်ဂိုဏ်းစောင့်များသည် ထွက်ရပ်လမ်းကို အစိကအထောက်အကူပြုသည်။ အားကိုးအားထားရသော ပညာစောင့်များဖြစ်ကြသည်။ အမှားမခံ၊ အတိမ်းအစောင်းမခံ၊ မှားမိက၊ တိမ်းမိပါက ရှူးတတ်သည်။ သွေးအန်တတ်သည်။ သေတတ်သည်ကို အထူးသတိပြုအပ်၏။

(၁) မြတ်စွာဘုရား၏ ကောဏ္ဍသံဂုံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမစသော ဘုရား (၄) ဆူဂိုဏ်းဆိုင်ရာ ဆေးစောင့်၊ အင်းစောင့်၊ ဂိုဏ်းစောင့်၊ ပညာစောင့်များသည်လည်းကောင်း၊ ကောဏ္ဍသံဂုံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျစသော ဘုရား (၅) ဆူဂိုဏ်း၏ ဆေးစောင့်၊ အင်း၊ စမစောင့်၊ ဂါထာစောင့်၊ ဂိုဏ်းစောင့်၊ ပညာစောင့်စသည်တို့သည်လည်းကောင်း၊ ဘုရား(၇)ဆူဂိုဏ်း၊ ဘုရား

(၂၈) ဂိုဏ်းစသော မည်သည့်ဘုရားဂိုဏ်းမဆို စောင့်ကြပ်သောဂိုဏ်းစောင့်၊ ပညာစောင့်များမှာ -

(၁) ဓတရဋ္ဌ ဂန္ဓဗ္ဗနတ်မင်း (၂) ဝိရုဠှက ကုမ္ဘဏ်နတ်မင်း

(၃) ဝိရူပက္ခ နတ်နဂါးမင်း (၄) ကုဝေရ ယက္ခနတ်မင်း

ဎင်း (၄) ပါးသည် စတုမဟာရာဇ်နတ်ကြီး (၄) ပါးဖြစ်၏။

ဎင်းနတ်ကြီးလေးပါးအပြင် -

(၁) သိကြားမင်း (၂) မာတလိနတ်မင်း

(၃) ဝိသုကြံနတ်မင်း (၄) နေ နတ်သား

(၅) လ နတ်သား (၆) ဗြဟ္မာမင်းနှင့်ဟက္ခ

သာသနာ (၅၀၀၀) စောင့်သော စကြဝဠာနတ်ကြီးများပါဝင်စောင့်ရှောက်ကြကုန်၏။ မှတ်သားကြပါကုန်။

(၂) လေးကျွန်းစကြာဆေးဂိုဏ်း၊ အင်းဂိုဏ်း၊ ဗျည်းစာမဂိုဏ်း၊ မန္တန်ဂိုဏ်းမှန်သမျှ၏ ပညာစောင့်၊ ဂိုဏ်းစောင့်များမှာ -

(၁) ဇေယျာကပ္ပနတ်မင်း (၂) ရှုဇေယျာကပ္ပနတ်မင်း

(၃) ကပ္ပနန္ဒာနတ်မင်း (၄) ကပ္ပက္ကနန္ဒာနတ်မင်း

(၅) မဟာကာပိန္နနတ်မင်း (၆) ကျွန်းစောင့်နတ်ကြီး (၅)ပါး

စသည်တို့ စောင့်ရှောက်ကြကုန်၏။

(၃) နတ်ကြီး (၅) ပါး ဆေးဂိုဏ်း၊ အင်းဂိုဏ်း၊ မန္တန်ဂိုဏ်းမှန်သမျှ၏ ဂိုဏ်းစောင့်၊ ပညာစောင့်နတ်မင်းများမှာ -

(၁) သူရဿတီဒေဝီ (၂) စန္ဒီဒေဝီ

(၃) ပရမိသွာနတ်မင်း (၄) မဟာပိန္နဲနတ်မင်း
(၅) ဂေါရမန္တနတ်မင်း

ဤသော နတ်ကြီး (၅) ပါး ပါဝင်စောင့်ရှောက်ပေကုန်၏ဟု မှတ်ပါ။

(၄) သူရဿတီ၊ ပိဋကတ်မယ်တော်ဂိုဏ်း၊ ဒေဝီ (၇) ပါးဂိုဏ်း၊ ဒေဝီ (၉) ပါးဂိုဏ်း၊ ဒေဝီ (၁၂) ပါးဂိုဏ်း၊ အထက်လမ်းဆိုင်ရာ ပီယမှော်ပညာ၊ မိတ်အင်းမှော်ပညာ၊ မေနသိဒ္ဓိမှော်ပညာ မှန်သမျှကို စောင့်ရှောက်သော ဂိုဏ်းစောင့် ပညာစောင့်များမှာ -

(၁) သူရဿတီမယ်တော် (၂) စန္ဒီမယ်တော်
(၃) စန္ဒာမယ်တော် (၄) နရိန္ဒာမယ်တော်
(၅) ဣန္ဒရသီမယ်တော် (၆) ဂဟာပတိမယ်တော်
(၇) တဇင်မယ်ဒေဝီ (၈) မဏိမေခလာဒေဝီ

စသည်များ စောင့်ရှောက်၏။ ၎င်းပြင် သီဝလိမှော်၊ မေတ္တသုတ်မှော်ပညာများမှစ၍ ဒေဝီဂိုဏ်းမှန်သမျှမှာ ရတနာ (၃) ပါးကို ကြည်ညိုသော သမ္မာဒေဝနတ်များ ပါဝင်ကူညီစောင့်ရှောက်တတ်ကြပေကုန်၏ဟု မှတ်ပါ။

(၅) မန္တန်ဝိဇ္ဇာဂိုဏ်း၊ ဂါထာပိဋကဂိုဏ်း၊ မေတ္တာဂိုဏ်း၊ ပထဝီဇယမန္တန်မှော်ဂိုဏ်း၊ မမှောသထဂိုဏ်း၊ အာဋာနာဋိယဂိုဏ်း၊ မဟာသမယဂိုဏ်း၊ သရဏဂုံ (၃၀) မှော်ပညာမန္တန်ဂိုဏ်းဟုသမျှတွင် စောင့်ရှောက်ယိမ်းသိမ်းသော မန္တန်စောင့်၊ ဂါထာစောင့်၊ ပညာစောင့်များမှာ -

(၁) မန္တန်ဝိဇ္ဇာဂိုဏ်းမှ ထွက်ရပ်ပေါက်သော မန္တန်ဝိဇ္ဇာဆရာ တော်ကြီးများ

(၂) မန္တန်ဝိဇ္ဇာများ (၃) ဂါထာဝိဇ္ဇာများ

(၄) အင်းဝိဇ္ဇာများ (၅) ဆေးဝိဇ္ဇာများ

(၆) သူရဿတီဒေဝီ (၇) ဓနုရမ္မ

(၈) ဝိရုဠှက (၉) ဝိရူပက္ခ

(၁၀)ကုဝေရ (၁၁) ဟာရနတ်သား

(၁၂)မီးနတ်သား (၁၃) လနတ်သား

(၁၄)သာသနာတော်စောင့်နတ်ကြီးများ၊ သမ္မာဒေဝနတ်မင်းများ ပါဝင်စောင့်ရှောက်ထိန်းသိမ်းကြကုန်၏။

(၆) ကောဏ္ဍည ဝိသုဒ္ဓိ ဘားမဲ့ဂိုဏ်း၊ ဘဒ္ဒန္တဂိုဏ်း စသည် တို့တွင် စောင့်ရှောက်သော ပညာစောင့်၊ ဂိုဏ်းစောင့် များမှာ -

(၁) ဦးကောဏ္ဍည ဆရာတော်

(၂) ဝိသုဒ္ဓိဆရာတော်

(၃) ဘားမဲ့ဆရာတော်

(၄) သူရဿတီမယ်တော်များအပြင်

(၃) ကွက်အင်းစောင့်၊ (၄) ကွက်အင်းစောင့်၊ (၅) ကွက်အင်း စောင့်မှစ၍ (၁၀) ကွက် အင်းစောင့်၊ ဆေးစောင့်၊ ဝိဇ္ဇာများ အထိ ပါဝင်စောင့်ရှောက်ကြကုန်၏။

(၇) သမ္မာဒေဝနတ်ဂိုဏ်း၊ စကြာဝဠာအနန္တဂိုဏ်း၊ ဗြဟ္မာ (၂၀) ဓာမဂိုဏ်း၊ စပဂိုဏ်းကြီး၊ တောင်စဉ့်ဂိုဏ်းကြီး

စသည်များတွင် စောင့်ရှောက်သော ပညာစောင့်၊ ဂိုဏ်းစောင့်များမှာ -
(၁) နတ်ပြည် (၆) ထပ်မှ နတ်မင်းများ
(၂) အာလိန် (၅) ဆင့်မှ နတ်မင်းများ
(၃) ဗြဟ္မာ (၂၀) ဘုံတွင်ရှိသော ဗြဟ္မာမင်းများ
(၄) စကြဝဠာစောင့် နတ်မင်းများ
တောင်စဉ်ဂိုဏ်းတွင် -
(၁) ဘီလူး (၃၀) များ
(၂) နတ်ဘီလူးကြီးများ
(၃) နတ်ဝိဇ္ဇာများ
(၄) တောင်စဉ်(၇) ထပ် နတ်ဇော်ဂျီကြီးများ
(၅) နတ်ဂဠုန်
(၆) နတ်နဂါးများ အထူးပါဝင်စောင့်ရှောက်ကြကုန်၏။
(၈) ဝိဇ္ဇာ (၄) ပါးဂိုဏ်း၊ ဝိဇ္ဇာ (၈) ပါးဂိုဏ်း၊ ဝိဇ္ဇာ (၁၂) ပါးဂိုဏ်း၊ ပဒ္မမံဂိုဏ်း၊ ပဒ္မမံအင်းဂိုဏ်း၊ ဆေးဂိုဏ်း၊ ပဒ္မမံမန္တန်ဂိုဏ်း၊ ပဒ္မမံဝိဇ္ဇာ (၄) ပါးဂိုဏ်း၊ ပဒ္မမံနတ်ကြီး (၄) ပါးဂိုဏ်း စသည်တို့တွင် ပါဝင်စောင့်ရှောက်ကြသော ဂိုဏ်းစောင့်များမှာ ဝိဇ္ဇာ (၄) ပါးဂိုဏ်းတွင် -
(၁) ထွက်ရပ်ပေါက်ဆရာတော်ကြီးများ၊ ဆရာကြီးများ
(၂) (၃၇) မင်းအတွင်းနတ်များ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာများ ပါဝင်စောင့်ရှောက်ကြ၏။
ဝိဇ္ဇာ (၈) ပါးဂိုဏ်း၊ ဝိဇ္ဇာ (၁၂) ပါးဂိုဏ်းများတွင် -

(၁) စက်စီးဝိဇ္ဇာများ (၂) အင်းစီးဝိဇ္ဇာများ
(၃) အင်းမြှောက်ဝိဇ္ဇာများ (၄) အပြင် (၃၇) မင်းနတ်များ
ပါဝင်ကြကုန်သည်။ စောင့်ရှောက်ကြကုန်သည်။

ပဌမံအင်း၊ ပဌမံဆေး၊ ပဌမံမန္တန်၊ ပဌမံရေစင် စသော ပဌမံဂိုဏ်းမှန်သမျှတွင် စောင့်ရှောက်ထိန်းသိမ်းသော ပညာစောင့်၊ ဂိုဏ်းစောင့်များမှာ -

(၁) ထွက်ရပ်ပေါက် ပဌမံဆရာတော်များ
(၂) ပဌမံဆရာကြီးများ
(၃) ဘိုးဘိုးအောင်
(၄) ဘိုးမင်းခေါင်
(၅) ရက်ကန်းစင်တောင်ဆရာတော် ဦးသြဘာသ
(၆) အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မဟိဒ္ဓိဝိဇ္ဇာ၊ မဟိဒ္ဓိဇော်ဂျီများ၊ မဟိဒ္ဓိပဌမံ၊ ပုံ့ရသေ့များ ပါဝင်ကြသည်။ ၎င်းအပြင် စတုမဟာရာဇ်နတ်မင်း (၄) ပါး၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ သူရဿတီနတ်ဒေဝီနှင့် ဒေဝီ (၇) ပါး၊ သာသနာစောင့်နတ်ကြီးများ၊ တောစောင့်နတ်များ၊ တောစောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ အာကာသစိုးနတ်များ ပါဝင်ထိန်းသိမ်းစောင့်ရှောက်ကြပေကုန်သည်ဟု အထူးမှတ်ကြပါကုန်။

(၉) မနောမယသိဒ္ဓိဝိဇ္ဇာဂိုဏ်းတွင် ဂိုဏ်းချုပ်အဖြစ်
(၁) ထွက်ရပ်ပေါက် ဆရာကျော်
(၂) သံဝရမာလာသံဝိဇ္ဇာ
(၃) မန္တန်ဝိဇ္ဇာ

(၄) သူရဿတီမယ်တော်
(၅) မေခလာမယ်တော်
(၆) အပြင် (၃၇) မင်းနတ်များ ကူညီစောင့်ရှောက်ထိန်းသိမ်းကြကုန်၏။

(၁၀) မဟာဣဒ္ဓိဝင်းဂိုဏ်း၊ မယာဣဒ္ဓိဝင်းဂိုဏ်း၊ အာဏာမယဝင်းဂိုဏ်း၊ အန္တမဗလဝင်းဂိုဏ်း၊ မနောစိတ္တာပွါဒ်ဝင်းဂိုဏ်း စသော ဝင်းဂိုဏ်းမှန်သမျှတို့ကို ထိန်းသိမ်းစောင့်ရှောက်သော ဂိုဏ်းစောင့်၊ ပညာစောင့်များမှာ -

(၁) အထက်သိဒ္ဓိအမည်ရှိဆရာတော်ကြီး (အချို့ ကေစိဝါဒအရ) မဟာသေတိ ဆရာတော်ကြီးအမှူးပြု၍
(၂) ထွက်ရပ်ပေါက် ဆရာကြီးဦးမြ
(၃) ဆရာကြီး ဦးစု
(၄) ဆရာကြီးဦးဖိုး အပြင် (၃၇) မင်းအတွင်းနတ်များ၊ သိကြားမင်း၊ နေမင်း၊ လမင်း၊ ဗြဟ္မာမင်း၊ စတုမဟာရာဇ်နတ်မင်း၊ ရောဝဏ်ဆင်မင်း၊ နာဂဝင်ဆင်မင်း၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ သစ္စာမဏ္ဍိုင်ဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများနှင့်တကွ ထွက်ရပ်ပေါက်ဆရာကြီးများ အထူးပါဝင်စောင့်ရှောက်ကြသည်ဟူ၍ မှတ်ကြပါကုန်။ ၎င်းပြင် သူရဿတီမယ်တော်ကြီးသည်လည်းကောင်း၊ တံခွန်မယ်ဒေဝီသည်လည်းကောင်း၊ အထူးစောင့်ရှောက်ကြ၏။

(၁၁) ဣဋ္ဌာသယမဟာဣဒ္ဓိစေဂိုဏ်းကြီး၊ မနောမယသိဒ္ဓိအရိယာဝိဇ္ဇာဂိုဏ်းစသည်တို့၏ ဂိုဏ်းစောင့်၊ ပညာစောင့်များမှာ -

(၁) ဘိုးတော်အောင်မင်းခေါင်
(၂) ဘိုးဘိုးအောင်
(၃) ရက်ကန်းစင်တောင်ဆရာတော် ဦးပြဘာသ
(၄) ကဿာသယရသေ့ကြီး
(၅) ဒိဗ္ဗစက္ခုရှင်ရသေ့ကြီး
(၆) ဘိုးတော်ဖြူ
(၇) ဘိုးတော်အေး
(၈) ဘိုးတော်ပွင့် အပြင်

အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများ ကူညီထိန်းသိမ်းကြ၏။ ၎င်းပြင် ဝိဇ္ဇာပေါက်ဆရာ (၆၉) ပါးနှင့်တကွ အတွင်း (၃၇) မင်းနတ်များလည်း ကူညီထိန်းသိမ်းကြကုန်၏ဟု မှတ်လေ။

အထူးမှတ်ချက်။ ။အထက်ပါဂိုဏ်းတော်မှန်သမျှ သာသနာတော်စောင့်နတ်များ၊ ရတနာ (၃) ပါးကို ကြည်ညိုသော သမ္မာဒေဝနတ်များ၊ စတုလောကပါလနတ်များ မကင်းကြကြောင်းကို အထူးသတိပြုလေ။

ဤတွင် ပညာစောင့်နတ်များ၊ ဝိဇ္ဇာများကို ပြ၍ပြီးပါပြီ။

## ပယောဂပညာနှင့်ထွက်ရပ်ပညာခွဲခြားခြင်း

ပယောဂပညာနှင့်ထွက်ရပ်ပညာသည် တစ်ခုနှင့်တစ်ခု ခွန်တွဲနေ၏။ မတွဲ၍လည်း မရပေ။ ဥပမာ - 'ဝ' မရှိဘဲ 'ဝိ' လုပ်၍ မရဆိုသကဲ့သို့ က-ခမှ မတတ်ဘဲ ကိုးတန်း၊ ဆယ်တန်း အောင်မြင်၍မရပါ။ ထို့အတူ ပညာဟူသည် ပယောဂပညာမှ မတတ်ဘဲ၊ မသိဘဲ၊ မကျွမ်းကျင်ဘဲ၊ ထွက်ရပ်ပညာကို မရနိုင်။ မသိနိုင်၊ လောကီထွက်လမ်းကို လမ်းဆုံးရောက်ရန်မှာ မလွယ်ကူလှပေ။ အမျိုးမျိုးသော အနှောင့်အယှက်များနှင့် တွေ့ကြုံရတတ်သည်။

စုန်းအမျိုးမျိုးတို့၏ မနာလိုမှု၊ မုန်းထားမှု၊ နှောင့်ယှက်မှု၊ တစ္ဆေ၊ သရဲ၊ ဘီလူးအများတို့၏ မနာလိုမှု၊ မုန်းထားမှု၊ နှောင့်ယှက်မှု၊ နတ်အမျိုးမျိုးတို့၏ မနာလိုမှု၊ မုန်းထားမှု၊ နှောင့်ယှက်မှုများစွာ ရှိပေသည်။ အဘယ်ကြောင့် စုန်းများ၊ နတ်များက မုန်းထားရသနည်း။ မနာလိုရသနည်း။ နှောင့်ယှက်ရသနည်းဟု မေးစရာအကြောင်းရှိသည်။

ထွက်ရပ်လမ်းကိုလိုက်၍ ဝိဇ္ဇာအဖြစ်သို့ပေါက်ရောက်သွားသော ပုဂ္ဂိုလ်သည် နတ်အမျိုးမျိုးတို့ကို ခိုင်းစေတော့၏။ နတ်အမျိုးမျိုး၊ စုန်းအမျိုးမျိုးကို နှိမ်နင်းနိုင်တော့၏။ အထက်ကာမာဝစရနတ်များပင်လျှင် ဝိဇ္ဇာများကို အထူးကြောက်ရွံ့တုန်လှုပ်ကြရ၏။ ထို့ကြောင့် ထွက်ရပ်လမ်းကို လိုက်ကြသော ပုဂ္ဂိုလ်များကို နတ်များက၊ စုန်းများက၊ ဘီလူးများက၊ မနာလိုခြင်း၊ မုန်းထားခြင်း၊ နှောင့်ယှက်ခြင်းကို ပြုကြကုန်၏။

ထို့ကြောင့် အကြင်ဆရာသည် စုန်းမျိုး၊ နတ်မိစ္ဆာအမျိုးမျိုးကို နှိမ်နင်းနိုင်သော ပယောဂပညာကို ရှေးဦးစွာ သင်ယူရာ၏။ ဝိဇ္ဇာဂိုဏ်းတစ်ခုခုကို မိမိကြိုက်နှစ်သက်ရာကိုရွေး၍ ဝင်ရောက်သင်ယူရာ၏။ ပယောဂပညာဟူသည် ညစ်ညမ်းစွာ အကြမ်းဆရာမျိုးမဟုတ်။

ထွက်ရပ်လမ်းကို လိုက်စားရာ ဆရာများ၏ အထောက်အကူ၊ အထောက်အပံ့ပညာမျိုးသာဖြစ်၏။ ထိုသို့ ပယောဂပညာဖြစ်သော စုန်းများ၊ နတ်ဆိုး၊ ဘီလူးဆိုးများကို နှိမ်နင်းချုပ်ကိုင်နိုင်သော အင်းများ၊ ဆေးများ၊ မှော်များ၊ ဂါထာများ၊ မန္တန်များ စသည်များကို အထူးကျွမ်းကျင်စွာ တတ်မြောက်ပါမှ ထွက်ရပ်လမ်းကို သွားရောက်ကျင့်ကြံအားထုတ်သည့်အခါ လာရောက်နှောင့်ယှက်သော စုန်းမျိုး၊ နတ်ဆိုး၊ ဘီလူးဆိုးများကို အလွယ်တကူ နှိမ်နင်း၍ စိတ်အေးချမ်းသာယာစွာ လမ်းဆုံးကိုရောက်အောင် အားထုတ်နိုင်ပေမည်။ ထိုသို့ ပယောဂပညာကို မတတ်သား မသိထားပါက ထွက်ရပ်လမ်းသို့ မရောက်နိုင်ဘဲ လမ်းတစ်ဝက်

တွင်ပင် မရဏာသေတွင်းသို့ ဝင်ရောက်ဖွယ်ရှိတော့သည်။ ဝင်ရောက်ရသော ဆရာပေါင်းလည်း မနည်းလှတော့ပေ။ ပယောဂပညာကို တတ်ထားခြင်းဖြင့် ခံစားရသော ကျေးဇူးတရားများမှာ

(၁) ခန္ဓာကိုယ် လုံခြုံမှုရှိခြင်း။
(၂) စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်ရခြင်း။
(၃) စုန်း၊ နတ်၊ ကဝေ၊ ဘီလူးတို့၏ ရန်မှကင်းရှင်းရခြင်း။
(၄) အပင်းသွင်းခြင်း၊ ဖူးသွင်းခြင်းအတွက် စိုးရိမ်မှုမရှိခြင်း။
(၅) သူတစ်ပါးတွင် စွဲကပ်နေသော (၉၆) ပါးသော ရောဂါများကို ကယ်တင်နိုင်ခြင်း။
(၆) စုန်းစွဲ၊ နတ်စွဲ၊ အပင်းစွဲများကို ကယ်တင်ကုသနိုင်ခြင်း။
(၇) ထွက်ရပ်လမ်းကို အေးချမ်းသာယာစွာ စိတ်ချလက်ချ အားထုတ်နိုင်ခြင်း၊ သွားရောက်နိုင်ခြင်း။
(၈) မိမိတတ်မြောက်သောပညာများကို တစ်ပါးသူအား ခွဲဝေပေးခြင်းဖြင့် ကုသိုလ်များစွာရရှိခြင်း။
(၉) သူတစ်ပါးအတွက် မိမိကလုံခြုံမှု၊ ကာကွယ်မှုပေးစွမ်းနိုင်ခြင်း။
(၁၀) ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်ကို မြှုင့်ရာရောက်ခြင်း။
(၁၁) ဘဝပါရမီ အထုံအဆက်ရသွားခြင်း။
(၁၂) ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုးမှ ကင်းလွတ်ရခြင်း။
(၁၃) ဘေးရန်ကျရောက်မည်ကို ကြိုတင်၍သိရှိနိုင်ခြင်း။
(၁၄) ဓာတ်ဓာတ်ခမ်းလက် ညံ့သော်လည်း စိုးရိမ်မှုမရှိခြင်း၊ ဉပါဒ်အန္တရာယ်မကပ်ရောက်နိုင်ခြင်း။

(၁၅)အမှုကိစ္စအဝဝကို အလွယ်တကူ ဖြေရှင်းပေးနိုင်ခြင်း။
(၁၆)မိမိစိတ်မှ တောင့်တတိုင်း မကြာမီ ပြည့်စုံရခြင်း
စသော အကျိုးထူးများကို ခံစားရပေသည်။

မှတ်ချက်။ ။ပယောဂပညာတတ်မြောက်ပါမှ သိဒ္ဓိဝင်ပညာကို တက်ရောက်နိုင်သည်။ သိဒ္ဓိဝင်ပညာကို တတ်မြောက်ပါမှ ထွက်ရပ်ပညာကို တက်ရောက်နိုင်သည်။ ထွက်ရပ်ပညာကို တတ်မြောက်ပါမှ ဝိဇ္ဇာဖြစ်၍ ထွက်ရပ်ပေါက်တော့သည်။ လှေကားထစ်ကို ကျော်တက်၍မရပါ။ တစ်ထစ်စီမှန်မှန်တက်မှသာလျှင် ရပါလိမ့်မည်။ အချို့သော ပုဂ္ဂိုလ်များသည် ဤအဆင့်ဆင့်များကို နားမလည်ပါဘဲလျက် မိမိစိတ်ထင်ရာ ပြောဆိုတတ်ကြသေး၏။

လောကဥပမာမှာ - မူလတန်းအောင်မှ အလယ်တန်းပညာကို သင်ယူခွင့်ရှိသည်။ အလယ်တန်းကို အောင်မြင်မှ အထက်တန်းပညာကို သင်ယူခွင့်ရှိသည်။ အထက်တန်းကို အောင်မြင်မှ ကောလိပ်ပညာ၊ တက္ကသိုလ်ပညာကို သင်ခွင့်ရှိသည်။ ထိုကောလိပ်ပညာ၊ တက္ကသိုလ်ပညာကို အောင်မြင်ပါမှ ရာထူးရာခံနှင့်အရာရှိကြီးဖြစ်၍ လခ၊ ရာထူးရကာ အေးချမ်းစွာ နေရတော့သည်။

ထို့အတူ 'ပယောဂပညာ' (ခေါ်) ငုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဘုတ်၊ ဘီလူး၊ သဘက်များကို မနိုင်နင်းနိုင်ဘဲ၊ မဆုံးမနိုင်ဘဲ၊ အထက်လမ်းပညာဖြစ်သည့် အမြင်၊ အကြား၊ မနောသိဒ္ဓိ စသည်တို့ မရနိုင်။ ထိုအမြင်၊ အကြား မနောအသိ၊ သိဒ္ဓိ အဘိ

ညာဉ်များကို (ဝါ) ဝိဇ္ဇာဉာဏ်များကို မရရှိဘဲ ဝိဇ္ဇာဟု မခေါ်နိုင်။ ဝိဇ္ဇာမဖြစ်ချေ။ ဝိဇ္ဇာမဖြစ်ဘဲ 'ထွက်ရပ်ပေါက်' ဟု မခေါ်နိုင်ချေ။ ထွက်ရပ်မပေါက်ချေ။ ဤသည်ကို အထူးမှတ်သားနာယူကြပါကုန်လော့။ သဘောပေါက်အောင် ကြည့်ရှုမှတ်သားကြပါကုန်လော့။

ဤတွင် ပယောဂပညာနှင့်ထွက်ရပ်ပညာကို ခွဲခြား၍ ပြခြင်းသည် ပြီးစီးပါပြီ။

## စူဠဂန္ဓာရီဂိုဏ်းဝင်တို့၏ [illegible]

ဂန္ဓာရီဟူသော စကားသည် ဂန္ဓာရ၊ ဂန္ဓာရီစသည်ဖြင့် ကွဲပြား၏။ အဓိပ္ပါယ်မှာ ခရီးလမ်း၊ သွားရာလမ်း၊ လမ်းစဉ်၊ ခရီးစဉ်ဟု အဓိပ္ပါယ်ရသည်ဟု မှတ်ကြပါ။

စူဠဂန္ဓာရီဂိုဏ်းသည် လူပြိန်းသိရေးသားရသော် 'အောက်လမ်းဂိုဏ်း' ဟု ဆိုလေသည်။ ထိုစူဠဂန္ဓာရီဂိုဏ်းကိုလိုက်စားသော ပုဂ္ဂိုလ်များကို 'အောက်လမ်းဆရာ' ဟု ခေါ်လေသည်။ ထိုစူဠဂန္ဓာရီဂိုဏ်းသည်လည်း ထွက်ရပ်လမ်းအထိ ပေါက်ရောက်နိုင်သော ဂိုဏ်းဖြစ်သည်။ ဤသည်ကို ထောက်ရှု၍ 'အောက်လမ်း' (ခေါ်) စူဠဂန္ဓာရီဂိုဏ်းတွင်လည်း ထွက်ရပ်လမ်းရှိသည်ဟု မှတ်ယူပါ။ ရှင်းလင်းပါပြီးအံ့။

လူအများစုတို့သည် အောက်လမ်းဆရာများကို အထင်သေးကြကုန်၏။ ကဲ့ရဲ့ သရော်ပြုပ်ကြကုန်၏။ မုန်းတီးရွံရှာကြပေကုန်၏။ အဘယ်ကြောင့်ဆိုသော် 'ငါးခုံးမတစ်ကောင်ကြောင့် တင်လှေလုံးပုပ်ကုန်သည်' ဟု ဆိုသောစကားပုံနှင့် တူလေသည်။

အချို့သော အားနည်းစုဖြစ်သည့် ယုတ်မာသောအောက် လမ်းဆရာများ၏ လောကီဖောက်ပြားမှု၊ အကျင့်မကောင်းမှု မာန်မာနထားတတ်ကြမှုကြောင့် ကောင်းသောစုန်းဂန္ဓာရီကိုက်း ဝင် ဆရာများကိုပါ ထိခိုက်ကြလေတော့သည်။

ပညာတစ်ခုသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ နေရာဌာန အားလျော်စွာ ကောင်းစွာအသုံးချတတ်ပါက လူသားတို့အတွက် များစွာ အကျိုးပြု၍ ကုသိုလ်များစွာရသည်။

ဥပမာ - လောက ဓာတ်သိပ္ပံပညာရှင်ကြီးများသည် မိမိတို့ တတ်ထားသော လောက ဓာတ်ပညာကို မကောင်းသောဘက် တွင်၊ နေရာတွင် အသုံးချသောကြောင့် လူပေါင်းများစွာ အ ဆောက်အဦပေါင်းများစွာ ပျက်စီးစေနိုင်သော အဏုမြူဗုံး၊ သေမင်းရောင်ခြည်ဗုံး၊ ဟိုက် ဒရိုဂျင်ဗုံး၊ အဆိပ်ဓာတ်ငွေ့စသော လက်နက်များကို ထုတ်လုပ်ကြကုန်၏။

ကောင်းသောနေရာ၌ အသုံးချပါလျှင် ဆေးရုံ၊ စာသင် ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များ၊ အဏုမြူဓာတ်အားဖြင့် ခုတ်မောင်းစေသော မီးသဘော်၊ လေယာဉ်ပျံ၊ လျှပ်စစ်ဓာတ် အားပေးစက် စသည်များ ဖြစ်ပေါ် လာတော့သည်။

ထိုနည်းတူစွာပင် အထက်လမ်းပညာဖြစ်စေ၊ အလယ်လမ်း ပညာဖြစ်စေ၊ အောက်လမ်းပညာဖြစ်စေ၊ အကျိုးရှိအောင် အသုံး ချပါက ထွက်ရပ်ပေါက်သည်အထိ အကျိုးခံစားရ၍ အကျိုးမရှိ အောင် အသုံးချပါက အန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံရ၍ အသက်ဘေးပင် ကြုံတွေ့ရတော့သည်။

ထိုအတူ အောက်လမ်း (ခေါ်) စုဠာဂန္ဓာရီဂိုဏ်းသည် ဂိုဏ်းပညာသည် ကောင်းသော အကျိုးရှိအောင် အသုံးချတတ်ပါက ထင်ရှားသော ဆရာတစ်ယောက်ဖြစ်၍ ထွက်ရပ်လမ်းအထိ လည်းကောင်း၊ အောက်လမ်း မှော်ဝိဇ္ဇာ၊ အောက်လမ်းဝိဇ္ဇာများ အဖြစ်သို့လည်းကောင်း ရောက်ရှိခံစားရ၍ မကောင်းသော အကျိုးမရှိသောနေရာ၌ အသုံးချမိမူ အသက်ဆိုးမရှည်၊ အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်ပြီး ပျက်စီးကြကုန်လေတော့သည်။ ထိုကြောင့် မည်သည့်ပညာ ဂိုဏ်းမဟူ အသုံးချတတ်ဖို့ အရေးကြီးကြောင်းကို အထူးသတိ ပြုတော်မူကြပါ။

ထိုစုဠာဂန္ဓာရီဂိုဏ်းသည် အောက်လမ်းဝိဇ္ဇာ၊ အောက်လမ်းမှော်ဝိဇ္ဇာအဆင့်ထိရှိကြ၍ ထိုအဆင့်ကိုရောက်လျှင် သိဒ္ဓိအမျိုးမျိုးပြီးစီး၏။ အမြင်အကြားရ၏။ သူတစ်ပါးတို့၏ အကြံအစည်ကို ကြိုတင်၍သိ၏။

ထိုအောက်လမ်းဝိဇ္ဇာ၊ အောက်လမ်းမှော် ဝိဇ္ဇာအဆင့်အထိ ရောက်ရှိရန်မှာ မလွယ်ကူလှပေ။ အန္တရာယ်အမျိုးမျိုး၊ အဖျက်အဆီးအမျိုးမျိုးကို ကျော်လွှားနိုင်မှအောင်မြင် မည်။ အဖျက်အဆီးမှာ စုန်း၊ ကဝေနှင့်တကွ အောက်စုဠာဂန္ဓာရီ ဂိုဏ်းဝင်နတ်ကြီးများကိုယ်တိုင်ပင် ဖျက်ဆီးတတ်ကြကုန်၏။ စုဠာဂန္ဓာရီ ပညာရပ်များမှာ -

(၁) ထဘီကြံ့ဆရာ (ခေါ်) လမ်း (၄) ခွ ဆရာအဆင့်။

(၂) (၉) ကွင်းအောင်းဆရာအဆင့် ပညာရပ်။

(၃) တစ္ဆေ၊ မှော်၊ သရဲမှော် အဆင့်ပညာရပ်။

(၄) ဘုတ်ကြီး (၄) ပါးမှော် အဆင့်ပညာရပ်။
(၅) ဘုတ်ကြီး (၄၀) မှော် အဆင့်ပညာရပ်။
(၆) နတ်ရဲကျော် ဘီလူးမှော်အဆင့် ပညာရပ်။
(၇) ထမံသီပညာ (ခေါ်) ကျားမှော်အဆင့်ပညာရပ်။
(၈) ဇော်ဂျီ (၄) ပါးမှော် ပညာရပ်။
(၉) ကတော်ကြီး (၄) ပါးမှော် ပညာရပ်။
(၁၀)ကဝေနတ်၊ ဇော်ဂျီနတ်၊ ဥရုနတ်၊ နဲ့ခရုနတ်ကြီးများ၏
အဆင့်ပညာရပ်။
(၁၁)ဂန္ဓဝ္ဗနတ်၊ ကုမ္ဘာန် မှော်အဆင့်ပညာရပ်။
(၁၂)လက်ဝဲ (၉) သိန်း၊ လက်ျာ (၉) သိန်း မှော်ပညာရပ်။
(၁၃)အောက်လမ်းဝိဇ္ဇာ အဆင့်ပညာရပ်။
(၁၄)အောက်လမ်းမှော်ဝိဇ္ဇာကြီး အဆင့်ပညာရပ်

စသည်များ ပါဝင်ကြသည်။ ၎င်းအထက်ပါ စုဠဂန္ဓာရီပညာရပ်များအပြင် အံကြိတ်သတ်နည်း။ စက်ဖြတ်နည်းပညာရပ်များ၊ လက်ဝဲလက်ျာမျက်စိများမှ မျက်စောင်းထိုးသတ်နည်း၊ စက်ဖြတ်နည်း၊ ဟန့်တားနည်း၊ နှိမ်နည်းပညာရပ်များ၊ လက်ဝဲလက်ျာခြေဖနောင့်များဆောင့်၍လည်းကောင်း၊ ဖနောင့်ပေါက်၍လည်းကောင်း၊ သတ်နည်း၊ ခေါ်နည်း၊ နှင်နည်း၊ စက်ဖြတ်နည်း၊ သွေးအန်နည်း၊ ချုပ်နည်း၊ နှိပ်နည်းပညာရပ်များ။ မိမိ၏ အင်္ဂါပုဆိုးကို လှန်လှော၍ မြကာဖြင့် ကာနည်း၊ ကွယ်နည်း၊ ပညာနှိုးနည်း ပညာရပ်များကိုလည်း တတ်မြောက်ကြရကုန်၏။

ထိုပညာရပ်များသည် ပညာကြီးထဲတွင် အပါအဝင်ဖြစ်ပေ

၏။ အချို့ စူဠ ဂန္ဓာရီဆရာများကား ပညာမတောက်တခေါက် တတ်ခါမျှဖြင့် ယုတ်မာသောအကျင့်ဖြင့် စော်ကား ရမ်းကားမှု ကြောင့် ထိုစူဠဂန္ဓာရီပညာရပ်များကို ဆုံးခန်းတိုင်မရောက်ဘဲ ပညာသည် စုန်း၊ ကဝေများ၏လက်ချက်ဖြင့် သေဆုံးကြရကုန် သည်။

ထို့ကြောင့် ဆရာမြတ်များသည် ပညာကိုတန်ဖိုးထားတတ် ဖို့ အရေးကြီးသည်ကို သတိထားကြရမည်။

ရှင်းပြင် စူဠဂန္ဓာရီဂိုဏ်းပညာ ရပ်များတွင် တစ်ဖန်ပါဝင် သောအတတ်များမှာ စူဠဂန္ဓာရီဂိုဏ်းဆိုင်ရာ အင်း၊ ဆေး၊ လက်ဖွဲ့များပါဝင်ပြီးလျှင် အရေးရှိက သုံးစွဲနိုင်ရန် ခြေရာ ကောက်အတတ်၊ ခွေးရှင်ပြု ပြုစားနည်းအတတ်၊ ကျိတ်လိပ်သေ အတတ်၊ နဂါးမျက်စောင်းအတတ်၊ လောင်တိုက် ကြီးအတတ် များကို တတ်မြောက်ထားကြရကုန်၏။

ကောင်းသော စူဠဂန္ဓာရီဆရာများသည် အေးဆေးစွာ နေတတ်ကြ၏။ တည်ကြည်သော မိတ်ရှိ၏။ မတရားသောအမှု ကိုမပြု။ ပညာနှင့်ပတ်သက်လာလျှင်လည်းကောင်း၊ ဆရာသမား ကြီးများကို ထိခိုက်လာလျှင်လည်းကောင်း၊ မဟုတ်လျှင် မခံ တတ်သောစိတ်ရှိ၏။

ထို့ကြောင့် အောက်လမ်းစူဠဂန္ဓာရီ ပညာရပ်များသည် သူတစ်ပါးအား အနှောင့်အယှက်ပေးသော ပညာရပ်များမ ဟုတ်။ သူတစ်ပါးကို မတရားစော်ကားသော ပညာရပ်များ မဟုတ်။ သူ့နည်းသူ့ဟန်၊ သူ့ဂိုဏ်းဂဏ၊ သူ့ဆရာသမား၊ သူ့

ပညာဖြင့် အဖျက်အဆီးများကို နှိမ်နင်းရန် ဖွဲ့ထားသော ပေးအပ်ထားသော ပညာရပ်များဖြစ်၍ ကောင်းစွာ အသုံးချတတ်ပါက ရှုငွေဂန္ဓာရီဂိုဏ်းတွင် ထင်ရှားသော အောက်လမ်းဝိဇ္ဇာ၊ အောက်လမ်းမှော်ဝိဇ္ဇာကြီးအဆင့်သို့ မုချအမှန်ရောက်ရှိ ၍ ထွက်ရပ်ဝင်ကြရပေမည်။

ထွက်ရပ်မဝင်ဘဲ အထက်လမ်း ပညာရပ်များကို ဝင်ရောက်လိုက အထက်အမိန့်ချက ခွင့်ပေးက ဝင်ရောက်နိုင်တော့သည်။

ဤတွင် ရှုငွေဂန္ဓာရီဂိုဏ်း၏ သဘောတရားများကို ရေးသား၍ ပြီးစီးပါပြီ။

## မဇ္ဈိမဂန္ဓာရီဂိုဏ်းဝင်တို့၏ သဘောတရားများ

မဇ္ဈိမဂန္ဓာရီဂိုဏ်းကို မြန်မာလိုခေါ်လျှင် အလယ်လမ်းဂိုဏ်း ဟု ခေါ်ဆိုပေသည်။ အလယ်လမ်းဆိုင်ရာ ပညာရပ်များကို ထို အလယ်လမ်း (ခေါ်) မဇ္ဈိမဂန္ဓာရီဂိုဏ်း၏ ပညာရပ်များကို လေ့လာလိုက်စား၍ ထွက်ရပ်ပေါက်ပါက အလယ်လမ်းဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများဖြစ်ကြ၍ ထွက်ရပ်ပေါက်တော့သည်။ ထိုအလယ်မဇ္ဈိမဂိုဏ်းမှ ထွက်ရပ်ပေါက်သော ဝိဇ္ဇာများကား အင်းဆေး၊ မန္တန်ဝိဇ္ဇာများပင် ဖြစ်လင့်ကစား အထက်ဝိဇ္ဇာများလောက် သိဒ္ဓိမပြီးချေ။ တန်ခိုးလည်းသေးငယ်၏။ ထို့ကြောင့် အလယ်ပညာပိုင်း (ဂိုဏ်း) ဟု ခေါ်သည်။

ထိုပညာရပ်တွင် (ဝါ) မဇ္ဈိမဂန္ဓာရီပညာရပ်တွင် ပါဝင်သော ပညာရပ်များမှာ -

(၁) အာဠာဝက မှော်ပညာ။

(၂) ပုဏ္ဏက မှော်ပညာ။

(၃) ပေါရိသာဒ မှော်ပညာ။

(၄) ရကန္တစိုး မော်ပညာ။
(၅) မင်းညီနောင် မော်ပညာ။
(၆) ကိုးမြို့ရှင် မော်ပညာ။
(၇) မြင်းဖြူရှင် မော်ပညာ။
(၈) ဘိမ်တွင်းမင်းမဟာဂီရိမော်ပညာ။
(၉) (၃၇) မင်း မော်ပညာဂိုဏ်းစောင့်ပညာ။
(၁၀)ယက္ခသေနမော်ပညာ

စသည်များ ပါဝင်ကြကုန်၏။ များသောအားဖြင့် မဗ္ဗိမဂန္ဓာရီဂိုဏ်းဝင်ဆရာများသည် နတ်ဂိုဏ်းများသာဖြစ်ကြသည်။ နတ်မော်ကိုသာ အသွင်းများကြသည်။ မိန်းမများစွာ ပါဝင်သည်။ နတ်ကတော်များသည်လည်းကောင်း၊ ဆရာများသည်လည်းကောင်း၊ အင်းကြီးသက်သက်ဖြင့်ကုသော အင်းဂိုဏ်းလည်းရှိ၏။ ဆေးကြီးသက်သက်ဖြင့်ကုသသောဆေးဂိုဏ်းများလည်းရှိကြ၏။ မော်သွင်း၍မန္တန်ကြီးသက်သက် ကုသသော မန္တန်ဂိုဏ်းလည်းရှိကြသည်။

အချို့မှာ ကာယသိဒ္ဓိအလိုရှိကြ၍ လူငယ်များ လိုက်စားကြသည်။ ဇျည်းရုပ်အင်းဖြင့်လည်း တက်ရောက်ကြသေးသည်။ ဂိုဏ်းစောင့်များမှာ (၃၇) မင်းနတ်များ၊ အများဆုံး ပါသင်ကြကုန်သည်။ တစ်ခါတရံ အောက်နတ်များဖြစ်ကြသော ယောကတော်၊ နေ့ာကတော်၊ ရေယာဉ်ကတော်၊ မြောက်ဘက်ရှင်မ စသည်တို့ပင် လာရောက်၍ ကုညီတတ်ကြကုန်၏။ အကျင့်သီလကောင်းမှု၊ သမားဂုဏ်ပြ၍ အလွန်ကောင်းကြကုန်၏။

ရုံဖန်ရုံခါ တောစောင့်နတ်၊ တောင်စောင့်နတ်၊ တောစိုးကောင်များ၊ ရုက္ခစိုးနတ်များပင် အလယ်ဂိုဏ်း (ခေါ်) မန္တမဂန္ဓာရီပညာရပ်တွင် ပါဝင်နေသည်ကို တွေ့ရတတ်သည်။ အလယ်ဂိုဏ်း (ခေါ်) မန္တမဂန္ဓာရီဆရာများသည် အကျင့်သိက္ခာကောင်းမွန်လှသောကြောင့် အထက်နတ်များပင် တောင့်တ ပင့်ခေါ်သည့်အခါ ကြွရောက်ကူညီတတ်ကြကုန်၏။ တတ်အပ်သော ပညာရပ်များကား -

(၁) အင်းတိုက်နည်း

(၂) ဆေးတိုက်နည်း

(၃) ဂါထာဖြင့် တိုက်နည်း

(၄) မီးထွန်း၊ မီးကင်၍ တိုက်နည်း

(၅) ရုပ်မြှုပ်၊ အင်းမြှုပ်၍တိုက်နည်းများကို လေ့ကျင့်အားထုတ်ကြကုန်၏။ ဤတွင် မန္တမဂန္ဓာရီဂိုဏ်းများ၏ သဘောများကို ရေးသား၍ပြီးပါပြီ။

## မဟာဂန္ဓာရီဂိုဏ်းဝင်တို့၏ ထေရဝါဒသားများ

မဟာဂန္ဓာရီဂိုဏ်းကို မြန်မာလိုဘာသာပြန်သော ကြီးကျယ်သောဂိုဏ်း၊ မြင့်မြတ်သောဂိုဏ်း၊ ကျယ်ဝန်းသောအဖွဲ့အစည်းကို ခေါ်သည်။ တစ်နည်းအားဖြင့် အထက်တန်းကျသော ပညာရပ်များ ပေါင်းစည်းရာ မဟာဂန္ဓာရီဂိုဏ်းဟု ခေါ်တွင်လေသည်။ ထိုမဟာဂန္ဓာရီဂိုဏ်းသည် ဂိုဏ်းဂဏတကာတို့ထက် မြင့်သော၊ မြတ်သောဂိုဏ်းဖြစ်သည်။ စူဠဂန္ဓာရီဂိုဏ်း၊ မဇ္ဈိမဂန္ဓာရီဂိုဏ်းတို့ထက် မြင့်မြတ်ကျယ်ဝန်းသောဂိုဏ်းဂဏပညာရပ်များ ဖြစ်ကြ၏။

ထိုမဟာဂန္ဓာရီပညာရပ်များကို လေ့လာလိုက်စားသော ပုဂ္ဂိုလ်တို့သည် အကျင့်သီလ၊ သိက္ခာ အထူးကောင်းမွန်ကြရ၏။ စိတ်ထား၊ စိတ်နေလည်း ခိုင်မာတောင့်တင်းရသည်။ လူကြီးလူကောင်းများ များစွာပါဝင်ကြကုန်၏။ လူငယ်လူရွယ်များ အဝင်အပါနည်းကြလေသည်။ ထိုမဟာဂန္ဓာရီပညာရပ်များ၊ ဂိုဏ်းဂဏပညာများကို လေ့လာလိုက်စားကြမည့် သူတော်စင်တို့သည်

(၁) စိတ်ထားကောင်းမွန်ကြရသည်။
(၂) သဘောထားကြီးကြရသည်။
(၃) မာန်မာနတရား နည်းပါးရသည်။
(၄) အကျင့်သီလ ကောင်းမွန်ရသည်။
(၅) တပဲ်ရကိစ္စအဝင်အပါ သံယောဇဉ်တွယ်တာမှု နည်းခြင်း။
(၆) ဗုဒ္ဓဘာသာတရားကို လေးစားယုံကြည်ကြရမည်။
(၇) ဇွဲ၊ ဝီရိယကောင်းမွန်ကြရခြင်း

စသော အချက် (၇) ချက်နှင့် ပြည့်စုံမှ မဟာဂန္ဓာရီဂိုဏ်း ဝင်၍ ကောင်းတော့သည်။

ထို့ပြင် မဟာဂန္ဓာရီပညာဂိုဏ်းများ ဝင်ရောက်သောဆရာ များသည် -

(၁) ကောင်းစွာကျင့်ကြံရခြင်း။
(၂) ခန္ဓာကိုယ် သန့်ရှင်းစင်ကြယ်ရခြင်း။
(၃) အဝတ်အထည်၊ အသုံးအဆောင်များ သန့်ရှင်းခြင်း။
(၄) အစားအသောက်များ သန့်ရှင်းကြရခြင်း။
(၅) သည်းခံသော ခန္တီတရားကို လက်ကိုင်ထားခြင်း။
(၆) ကောင်းသောနေရာ၊ မြတ်သောနေရာ၌ နေထိုင်ရခြင်း။
(၇) ကောင်းသော သမ္မာဝါစာကို ဆိုရခြင်း

စသော အချက် (၇) ချက်နှင့်အညီ ကျင့်ကြံအားထုတ်ကြရ သည်။ သို့ပါမှ အထက်လမ်းဆိုင်ရာ မဟာဂန္ဓာရီပညာရပ်များ သည် မိမိ၏ခန္ဓာကိုယ် လက်များ၊ မျက်စိများ၊ နားများ၊ အသည်း နှလုံးများ၌ စွဲမြဲစွာတည်ရှိပေတော့မည်။ အနေအထိုင်၊ အသုံး

အဆောင် မသန့်ရှင်းပါက မကြာမီ ပညာကွယ်လွယ်ခြင်း၊ ပညာ ညှိုးလွယ်တတ်ခြင်း၊ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရတတ်၏။ ထို့ပြင် အထက်လမ်းဆိုင်ရာ 'မဟာဂန္ဓာရီပညာ' ဝင်ဆရာများ သည် စုန်း၊ နတ်၊ ဘီလူး၊ သဘက် စသည်တို့နှင့် တွေ့ကြုံသော်

(၁) ရှေးဦးစွာ အနန္တငါးပါးကို အာရုံပြုခြင်း။

(၂) မမှုစကြောစသော အရာများကို ကောက်နုတ်၍ပြောကြား ရခြင်း၊ ပြောဆိုရခြင်း။

(၃) သည်းခံသောစိတ်၊ မေတ္တာကို များစွာထားရခြင်း။

(၄) စိတ်လိုက်မာန်ပါ မပြုမလုပ်ရခြင်း။

(၅) ရှေ့နောက်ညီစွာ လောကီလောကုတ္တရာတရားနှင့်အညီ ဆုံးမရခြင်း။

(၆) ကိုယ်ချင်းစာတရား ရှေ့ထားရခြင်း။

(၇) ရက်စက်ကြမ်းတမ်းမှု၊ အမဲ့အမှုကို ရှောင်ကြဉ်ရခြင်း

စသော အကျင့် (၇) ပါးနှင့်အညီ ပယောဂများ ကုသရာ တွင်လည်းကောင်း၊ စုန်း၊ နတ်၊ ဘီလူး၊ သဘက်များကို ဆုံးမ နှိမ်နင်းရာတွင်လည်းကောင်း၊ ကျင့်ကြံထိန်းသိမ်းရာ၏။ နိုင်တိုင်း ညှဉ်းပန်းနှိပ်စက်ခြင်းသည် ဆရာကောင်း မပီသ၊ မညီညွတ်၍ အထူးရှောင်ကြဉ်ရာ၏။ ထင်တိုင်းနှိပ်စက်ပါက ထွက်ရပ်လမ်း ကို အနှောင့်အယှက်ပေးတတ်ကြောင်းကို အထူးသတိပြုရာ၏။

ရင်းအပြင် ဆရာကောင်း၊ ဆရာမြတ်တို့၏ ကျင့်စဉ်ဝတ္တရား မှာ -

(၁) သီလကို လုံခြုံစေရမည်။

(၂) သစ္စာအမိဌာန်ကို စောင့်ထိန်းရမည်။
(၃) ကျမ်းစာ၊ ပေစာ၊ ပုရပိုက်စာ များမြောင်စွာစုဆောင်းခြင်း။
(၄) ဓာတ်၊ အင်္ဂဝိဇ္ဇာ၊ လက္ခဏာ၏ သဘောကို သိထားခြင်း။
(၅) အနန္တ (၅) ပါးကို ကိုးစားယုံကြည်ခြင်း။
(၆) ပညာကို အမိကထား၍ ဆည်းပူးပွားများခြင်း။
(၇) ကောင်းသောဆန္ဒဖြင့် ထွက်ရပ်လမ်းကို ရည်စူးခြင်း။
(၈) အရာဌာနတိုင်းတွင် သတိသမ္ပဇဉ်တရားရှေ့ထားခြင်း။
(၉) ဆရာ၏ဝတ်၊ တပည့်များ၏ဝတ်များကို သိထားခြင်း
(၁၀)ကောင်းသော ဩဝါဒ ပေးတတ်မှုရှိခြင်း။
(၁၁)လုံ့လဥဿာဟစိုက်ထုတ်ခြင်း။
(၁၂)ဂိုဏ်းဂဏဖြင့်လည်းကောင်း၊ အနန္တ (၅) ပါးဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း၊ ဆရာသမားကိုလည်းကောင်း၊ သာသနာကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း၊ ထိပါး နှောင့်ယှက်မှု တွေ့ကြုံသော်အသက်ပေးထား၍ ထိန်းသိမ်း စောင့်ရှောက်ကြ၏။ ကျင့်ဝတ်တရားနှင့်အညီ ကျင့်ကြံအားထုတ် ခြင်း။ သို့မှသာ နတ်များ၊ ဝိဇ္ဇာများ၊ ဂိုဏ်းစောင့်များ သဘော ကျနှစ်သက်၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းဖြစ်ရ ၍ ထွက်ရပ်လမ်းကိုများစွာ အထောက်အကူပြုကြောင်း သတိပြု ကျင့်ကြံကြရ၏။

ရှင်းအပြင် အထက်အာစရိယဆရာကြီးများ၏ ဩဝါဒမှာ
(၁) စားလည်းစားရမည်။
(၂) လှူလည်းလှူရမည်။

(၃) မင်းပြစ်မင်းဒဏ်လည်း ရှောင်ကြဉ်ရမည်။
(၄) သိတိုင်းလည်း မပြောမဆိုရ။ မသိတိုင်းလည်း ဝါကြွားမှု မလုပ်ရ။

ဤအချက် (၄) ချက်ကိုလည်း ထွက်ရပ်လမ်းကို လေ့ကျင့်အားထုတ်ကြကုန်သော ဂန္ဓာရီဆရာမြတ်များ အထူးဂရုစိုက်အားထုတ်ကြရသည်။ သတိပြုရသည် မှတ်ပါ။

ထို့ကြောင့် မဟာဂန္ဓာရီဂိုဏ်းများသည် -
(၁) သန့်ရှင်းစင်ကြယ်ရသည်။
(၂) ဂိုဏ်းစောင့်နတ်များ၊ ဝိဇ္ဇာများ၊ အထက်တန်းကျရသည်။
(၃) သိမ်မွေ့နူးညံ့ကြရသည်။
(၄) မဟာဂန္ဓာရီဂိုဏ်း၏ အာဏာစက်သည် ကြွဝင်ငှာအထိ ကျယ်ဝန်းခြင်း။
(၅) ပညာသည် မြင့်မြတ်ခြင်း၊ ကျယ်ဝန်းခြင်း။
(၆) ပညာရပ်များသည် ထက်မြက်၍ သိဒ္ဓိများနှင့်ပြည့်စုံရခြင်း။
(၇) ဂိုဏ်း၏ရည်ရွယ်ချက်ဆန္ဒများ ကောင်းမွန်ခြင်း

စသော အချက် (၇) ချက်နှင့်ညီညွတ်ကြရကုန်သည်။ သို့မှ မဟာဂန္ဓာရီဂိုဏ်း အစစ်အမှန်ဖြစ်ကြောင်း သက်သေပြုရာရောက်သည်။ အကြင်လူသားတို့သည် ဤပုဂ္ဂိုလ်ကား မဟာဂန္ဓာရီဂိုဏ်းပင် ဟုတ်မဟုတ်သိနိုင်ရန် အထက်ပါ အချက်များကို အလေးဂရုပြု၍ မှတ်သားနာယူကြပါကုန်လော့။

မဟာဂန္ဓာရီဂိုဏ်းပညာရပ်များ၏ အကျယ်အဝန်းစက်မှာ-

(၁) တစ်သော်င်းသော စကြဝဠာသို့ ပညာစက်ပျံ့နှံ့ခြင်း။

(၂) သိကြားမင်းနှင့်တကွ မည်သည့်နတ်များမဟု ခေါ် နိုင်ခြင်း၊ နှိုင်းနိုင်ခြင်း၊ အမိန့်ပေးနိုင်ခြင်း။

(၃) စူဠဂန္ဓာရီဂိုဏ်းပညာ၊ မဟ္ဓိမဂန္ဓာရီဂိုဏ်းပညာ (၂) ရပ်စလုံး၏ အာဏာပိုင်ဂိုဏ်းချုပ်ဖြစ်ရခြင်း။

(၄) စုန်း၊ ကဝေ (၉၉) မျိုး၊ ပြုစားမျိုး (၈၀) နှင့်တကွ လူပြိတ္တာ၊ နတ်ပြိတ္တာ၊ ဖုတ်ပြိတ္တာ၊ ဘီလူးပြိတ္တာ၊ ဝေမာဏိကပြိတ္တာ အများအပြားကို နှိပ်ကွက်ဆုံးမနှိမ်နင်းနိုင်ခြင်း။

(၅) မြတ်စွာဘုရား၏ အလိုတော်ရ ကျင့်ကြံရသဖြင့် ကုသိုလ်များစွာ ရရှိခြင်း၊ အကျိုးကျေးဇူး များပြားခြင်း။

(၆) ပါရမီအလျောက် ပိယသိဒ္ဓိ၊ ဓနသိဒ္ဓိ စသော သိဒ္ဓိအမျိုးမျိုးကို ပေါက်ရောက်စေနိုင်ခြင်း။

(၇) ရန်သူမျိုး ငါးပါး၏ ဘေးရန်မှ ကင်းရှင်းလွတ်မြောက်ရခြင်း

(၈) ဇာတာ၊ စန်း၊ လဂ်၊ ညှိုးနွမ်းခြင်းမှ ကင်းရှင်းရခြင်း။

(၉) (၉၆) ပါးသောရောဂါအမျိုးမျိုးကို ကုသတယ်တင်နိုင်ခြင်း

(၁၀) မြတ်စွာဘုရား၏ သာသနာတော်ကို ပြုစုစောင့်ရှောက်နိုင်ခြင်း။

(၁၁) မိမိတောင့်တလိုက်သော အာသာဆန္ဒကို မကြာမီ ပြည့်စုံရခြင်း

၎င်း (၁၁) ချက်သော ပညာရပ်များ ခံစားရသော အကျိုးကျေးဇူးတရားသည် မြင့်မြတ်သော မဟာဂန္ဓာရီဂိုဏ်း၏ ပညာစက်၊ အကျယ်အဝန်းပင်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။ ထို (၁၁)

ချက်သော အကျိုးတရားများကို မဟာဂန္ဓာရီဂိုဏ်းဝင် အကျင့်ကောင်းသောဆရာမြတ်မှန်သမျှ ရသင့်ရအပ်သော အကျိုးကျေးဇူးတရားဖြစ်၏။ ထိုမှတစ်ဆင့် ပညာထပ်၍ဖြစ်လာပြန်သော် -

(၁) အမြင်အကြား (ခေါ်) ဒိဗ္ဗသောတ၊ ဒိဗ္ဗစက္ခု၊ အဘိညာဉ်သိဒ္ဓိများ ပြီးစီးလာခြင်း။

(၂) ပရစိတ္တ ဝိဇာနနသိဒ္ဓိ (ခေါ်) ရှေ့ဖြစ်သောဘဝ၊ နောက်ဖြစ်သောဘဝများကို ကြိုတင်သိရှိရခြင်း။

(၃) (၇) ရက်သမီး၊ (၇) ရက်သားတို့သည်လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့သည်လည်းကောင်း၊ ချစ်ခင်ကြည်ညိုလေးစားလာရခြင်း (ပီယသိဒ္ဓိ)

(၄) ရွှေငွေဖြစ်စေတတ်သော (ဓနသိဒ္ဓိ)

(၅) အင်းအတတ်၊ ဆေးအတတ်၊ ဓာတ်ရိုက်ဓာတ်ဆင်အတတ်များ တတ်မြောက်လာရခြင်း။

(၆) ပြဒါးအတတ်၊ သံအတတ်၊ မှော်အတတ်၊ မဟိဒ္ဓိအတတ်၊ ပဌမ်အတတ်၊ သိုက်မြောင်းကိုယ်ခွာအတတ်ကို တတ်မြောက်လာခြင်း။

ထို့ကြောင့် အဌာရသအတတ်ပညာများနှင့်ဝိဇ္ဇာများ၏ ဉာဏ်ပညာများကို တတ်မြောက်လာရခြင်းကြောင့် ဝိဇ္ဇာအဖြစ်သို့ရောက်ရှိလာရပေသည်။ ထို့ကြောင့် မဟာဂန္ဓာရီပညာဝင်တက်စဉ်၊ ထွက်ရပ်ဝင်မှာ အထက်ဆရာတော်များ၏ မိန့်ချက်အရ -

(၁) လူချင်းတူသော်လည်း ဉာဏ်ချင်းမတူနိုင်၊

(၂) ဉာဏ်ချင်းတူသော်လည်း ပါရမီချင်း မတူနိုင်။
(၃) ပါရမီချင်းတူသော်လည်း ပဋ္ဌာန်းဆက်ချင်း မတူနိုင်။
(၄) ပဋ္ဌာန်းဆက်ချင်းတူသော်လည်း ဆုတောင်းချက်ချင်းမတူနိုင်။

ရင်းအချက် (၄) ချက်ကား လူချင်းတူသော်လည်း၊ ပုဂ္ဂိုလ်ချင်း တူသော်လည်း၊ ဘဝချင်းတူသော်လည်း၊ ဆုတောင်းချင်းတူသော်လည်း၊ ပါရမီချင်း မတူခြင်း၊ ဉာဏ်ချင်းမတူခြင်း၊ ဆုတောင်းချင်း မတူခြင်းတို့ကို ပြခြင်းဖြစ်၏။ ထိုမှတစ်ဖန်-

(၁) မိမိအလွှတ္တမာနကိုနိုင်မှ ဓာတ်ပိုင်၏။
(၂) ဓာတ်ပိုင်မှ နတ်နိုင်၏။
(၃) နတ်နိုင်မှ ဓာတ်ကိုပိုင်၏။
(၄) ဓာတ်ပိုင်မှ မနောပိုင်၏။
(၅) မနောပိုင်မှ ပညာရောက်လာ၏။
(၆) ပညာရောက်လာမှ လောကီဝိဇ္ဇာဖြစ်၏။
(၇) လောကီဝိဇ္ဇာဖြစ်မှ ဓာတ်စစ်၊ ကလပ်စစ်၊ ပရမတ်စစ်၊ ရုပ်နာမ်ခန္ဓာကို မြင်မည်။ သိမည်။
(၈) ထိုဓာတ်စစ်၊ ကလပ်စစ်၊ ပရမတ်စစ်၊ ရုပ်နာမ်အစစ်ကို မြင်မှ လောကုတ္တရာ အရိယာဝိဇ္ဇာဖြစ်တော့သည်။

ထိုအချက် (၈) ချက်တွင် (၁) အချက်မှ (၆) အချက်အထိသည် လောကီဝိဇ္ဇာဖြစ်စဉ်၊ တက်စဉ်ဖြစ်သည်။

(၇) အချက်မှ (၈) အချက်အထိသည် လောကီမဟာဂန္ဓာရီတက်စဉ်မှ လောကုတ္တရာ ရဟန္တာအရိယာဝိဇ္ဇာတက်စဉ်ကို ကူးပြောင်းနိုင်ကြောင်း ပြဆိုခြင်းဖြစ်၍ မဟာဂန္ဓာရီဂိုဏ်းပညာများ

ကို မှန်မြတ်စွာ ဆည်းပူးလေ့လာကြပါကုန်လော။

ရှင်းအပြင် မဟာဂန္ဓာရီဂိုဏ်း၏ ဝိဇ္ဇာပညာရပ်များသည် လောကတွင် အလွန်အစွမ်းထက်၏။ ဣဒ္ဓိမယတန်ခိုးနှင့် ပြည့်စုံ၏။ ဗေဒင် (၄) ပုံကို မသင်ဘဲ တတ်မြောက်နိုင်ခြင်း၊ ပိဋကတ် (၃) ပုံကို မသင်ကြားရဘဲ အာဂုံဆောင်နိုင်ခြင်း၊ နောက်ဖြစ်မည့် ဘဝပေါင်း (၁၂) ဘဝ၊ နောက်ဖြစ်ခဲ့သည့် ဘဝပေါင်း (၁၂)ဘဝ ကိုပြန်၍မြင်၏။ အဆင်းအင်္ဂါလှပတင့်တယ်၏။ မောပန်းခြင်း မရှိ၊ အနာရောဂါမှန်သမျှ ကင်းရှင်းရ၏။ ထို့မှတစ်ဆင့် ထွက်ရပ် ပေါက်တော့၏။

ထွက်ရပ်ပေါက်သော် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ နေသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ အာကာသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ မနောမယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ဣဒ္ဓိဝိသေိဒ္ဓိ စသော (၁၀) ပါးသော သိဒ္ဓိကြီးများကို ပြီးစီးရ၍ အေးချမ်းသာယာစွာ နေထိုင်နိုင်တော့ သည်။ တရားမမှုစသော လောကုတ္တရာတရားထူး၊ တရားမြတ် ကို အလွယ်တကူ အသက်ရှည်ရှည်ဖြင့် အနာရောဂါကင်းရှင်းစွာ အားထုတ်နိုင်လေတော့သည်။

ဤတွင် မဟာဂန္ဓာရီဂိုဏ်းတို့၏ သဘောတရားများကို ရေးသားခဲ့ရင်ပြီးပါပြီ။

## စာမတော်ခွဲဝေ ပဗ္ဗတော

ကောက္ကသံမြတ်စွာဘုရား၏ စာမတော်ကား ၈ အကွရာ။
ကောဏဂုံမြတ်စွာဘုရား၏ စာမတော်ကား ၆ အကွရာ။
ကဿပမြတ်စွာဘုရား၏ စာမတော်ကား ၁၁ အကွရာ။
ဂေါတမမြတ်စွာဘုရား၏ စာမတော်ကား ၀ အကွရာ။

အဘယ်ကဲ့သို့ ဤစာမတော်များ ပေါ်လာရသနည်းဟူမူ ကေစိဝါဒအရ -

(၁) ကောက္ကသံ မြတ်စွာဘုရားလက်ထက် သက်နီး၏အနားပတ်တွင် ဝိန္ဓုထိုးသော အကွရာမှာ ၈ အကွရာ။

(၂) ကောဏဂုံ မြတ်စွာဘုရားလက်ထက် သက်နီး၏ အနားပတ်တွင် ဝိန္ဓုထိုးသော အကွရာမှာ ၆ အကွရာ။

(၃) ကဿပမြတ်စွာဘုရားလက်ထက် သက်နီး၏အနားပတ်တွင် ဝိန္ဓုထိုးသော အကွရာမှာ ၁၁ အကွရာ။

(၄) ဂေါတမမြတ်စွာဘုရားလက်ထက် သက်နီး၏ အနားပတ်တွင် ဝိန္ဓုထိုးသော အကွရာမှာ ၀ အကွရာ။

ထို့ကြောင့် စာမအက္ခရာများကို အဆင့်ခွဲပြသော် -

(၁) စ၊ မ၊ ဗ၊ ဝ ၎င်းစာမ (၄) လုံးသည် ဘုရား (၄) ဆူ စာမတော်ဟု ခေါ် ဆိုရလေသည်။ ၎င်းစာမလေးလုံးသည် ဝိဇ္ဇာ ဂိုဏ်းများ၏ အဓိကအားထားရသော စာမဖြစ်ပေသည်။ ၎င်း စာမလေးလုံးဖြစ်သော စ၊ မ၊ ဗ၊ ဝ ကိုပင် ထပ်ဆင့်၍ ခွဲပြ ပါဦးအံ့။

အာစရိယ ကေစိဝါဒအရ -

(၁) တေဇောဓာတ်မှာ ကောက္ကသံဘုရားနံမှာ ခြင်္သေ့၊ ခြင်္သေ့ မှာ 'အင်္ဂါ၊ အက္ခရာမှာ စ အက္ခရာရသည်။

(၂) ဝါယောဓာတ်မှာ ကောဏဂုံဘုရားနံမှာ နဂါး၊ နဂါးမှာ စနေ အက္ခရာမှာ မ အက္ခရာရသည်။

(၃) အာပေါဓာတ်မှာ ကဿပဘုရားနံမှာ ကြွက်၊ ကြွက်မှာ ကြာသပတေးအက္ခရာမှာ ဗ အက္ခရာရသည်။

(၄) ပထဝီဓာတ်မှာ ဂေါတမဘုရားနံမှာ နွား၊ နွားမှာ ဟိုင်း၊ ဟိုင်းမှာ ရာဟု၊ ရာဟုမှာ ရှစ်၊ ရှစ်မှာ သုည အက္ခရာမှာ ဝ ။

ထို့ကြောင့် ၎င်း စ၊ မ၊ ဗ၊ ဝ စာမ(၄) လုံးသည် ဘုရား (၄) ဆူ စာမည်၏။ ဓာတ်အားဖြင့် ဓာတ်ကြီး (၄) ပါး စာမ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် -

စ အက္ခရာမှာ တေဇောဓာတ်ဖြစ်သည်။

မ အက္ခရာမှာ ဝါယောဓာတ်ဖြစ်သည်။

ဗ အက္ခရာမှာ အာပေါဓာတ်ဖြစ်သည်။

ဝ အက္ခရာမှာ ပထဝီဓာတ်ဖြစ်သည်။

ငင်းအပြင် အမျိုးအားဖြင့် (၄) ပါး၊ အရပ်အားဖြင့် (၄) ပါးအားဖြင့် ထင်ရှား၍ ခွဲခြားပြပါအံ့။

(၁) ပထဝီဓာတ် ဝ အက္ခရာသည် အနောက်ကိုရသည်။ ကုလားလူမျိုးပိုင်၏။

(၂) အာပေါဓာတ် ဗ အက္ခရာသည် မြောက်အရပ်ကိုရသည်။ ရှမ်းလူမျိုး ပိုင်၏။

(၃) တေဇောဓာတ် စ အက္ခရာသည် အရှေ့အရပ်ကို ရသည်။ တလိုင်းလူမျိုးပိုင်၏။

(၄) ဝါယောဓာတ် မ အက္ခရာသည် တောင်အရပ်ကိုရသည်။ မြန်မာလူမျိုးပိုင်၏။

ထိုသို့ ဓာတ်ကြီးလေးပါး စာမဖြစ်သော စ၊ မ၊ ဗ၊ ဝ အား ပိုင်ဆိုင်သော အရပ်လူမျိုးများကို ထပ်၍ခွဲပြပြီး၍ ဆက်လက်ခွဲပြရန် လိုအပ်လာသည်မှာ -

တေဇော စ အက္ခရာသည် ထွက်ရပ်ပေါက် ရသေ့ပုံပိုင်၏။

ဝါယော မ အက္ခရာသည် ထွက်ရပ်ပေါက် မုနိပိုင်၏။

အာပေါ ဗ အက္ခရာသည် ထွက်ရပ်ပေါက် ဇော်ဂျီပိုင်၏။

ပထဝီ ဝ အက္ခရာသည် ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ပိုင်၏။

ငင်းဓာတ (၄) လုံးကို အစုံရှင်းလင်း၍ -

| ဓာတ် (၄) ပါး | ဘုရား | လူမျိုး | ပိုင်ဆိုင်သူ | အရပ် |
|---|---|---|---|---|
| တေဇော | ကောဏ္ဍညသံ | တလိုင်း | ရသေ့ပုံ | အရှေ့ |
| ဝါယော | ကောဏာဂုံ | မြန်မာ | မုနိ | တောင် |
| အာပေါ | ကဿပ | ရှမ်း | ဇော်ဂျီ | မြောက် |
| ပထဝီ | ဂေါတမ | ကုလား | ဝိဇ္ဇာဓိုရ် | အနောက် |

အာစရိယဆရာတော် လေးကျွန်းပိုင်ဆရာ၏ မိန့်မှာချက်မှာ - 'တေ - အာ - ဝါ - ပ၊ မူလီ၊ မူလာချ' ဟု ဆို၏။

တေ- ကား တေဇောခေတ်ကို ဆိုသည်။

အာ- ကား အာပေါခေတ်ကို ဆိုသည်။

ဝါ- ကား ဝါယောခေတ်ကို ဆိုသည်။

ပ- ကား ပထဝီခေတ်ကို ဆိုသည်။

တေဇောခေတ်ကား ၈ အက္ခရာ စာမတစ်လုံးရသည်။

အာပေါခေတ်ကား ၆ အက္ခရာ စာမတစ်လုံးရသည်။

ဝါယောခေတ်ကား ၓ အက္ခရာ စာမတစ်လုံးရသည်။

ပထဝီခေတ်ကား ဝ အက္ခရာ စာမတစ်လုံးရသည်။

၎င်းစာမလေးလုံးကို ထပ်၍ချဲ့ကာပြဆိုသော် -

၈ အက္ခရာ တေဇောခေတ်ကို သမ္ဗုဒ္ဓေဂါထာက ပိုင်ဆိုင်၏။

၆ အက္ခရာ အာပေါခေတ်ကို ဣတိပိသောဂါထာက ပိုင်ဆိုင်၏။

ၓ အက္ခရာ ဝါယောခေတ်ကို သွက္ခတောဂါထာက ပိုင်ဆိုင်၏။

ဝ အက္ခရာ ပထဝီခေတ်ကို သုပ္ပဋိပ္ပန္နောဂါထာက ပိုင်ဆိုင်၏။

ဇယားကွက်နှင့် ရှင်းပြပါအံ့။

| | | | | |
|---|---|---|---|---|
| တေ | အာ | ဝါ | ပ | ဓာတ်စာမ |
| စ | မ | ဗ | ဝ | တေဇောစာမ |
| အာ | ဝါ | ပ | တေ | ဓာတ်စာမ |
| မ | ဗ | ဝ | စ | အာပေါစာမ |
| ဝါ | ပ | တေ | အာ | ဓာတ်စာမ |
| ဗ | ဝ | စ | မ | ဝါယောစာမ |
| ပ | တေ | အာ | ဝါ | ဓာတ်စာမ |
| ဝ | စ | မ | ဗ | ပထဝီစာမ |

ထိုဇယားကို ကြည့်ရှု၍ ထွက်ပေါ်လာသော စာမများမှာ စာမတစ်မျိုးတည်းမှာ (၄) မျိုးဖြစ်အောင် ခွဲခြင်းဖြစ်သည် ကို တွေ့ကြရမည်။ ထိုစာမများမှာ -

စ၊ မ၊ ဗ၊ ဝ ၎င်းစာမ မူလစာမဖြစ်၏။ ထိုမှခွဲသော် -

မ၊ ဗ၊ ဝ၊ စ ၎င်းစာမ ဘူတစာမဖြစ်၏။ ထိုမှခွဲသော် -

ဗ၊ ဝ၊ စ၊ မ ၎င်းစာမ ဘူတစာမဖြစ်၏။ ထိုမှခွဲသော် -

ဝ၊ စ၊ မ၊ ဗ ၎င်းစာမ ဘူတစာမဖြစ်၏။

အကျိုးများ၊ သိဒ္ဓိများကို ဆိုသော်၊ ပြရသော် -

(၁) စ၊ မ၊ ဗ၊ ဝ စာမသည် ထွက်စာမဖြစ်သည်။

(၂) မ၊ ဗ၊ ဝ၊ စ ဝာမသည် အုပ်စာမ (ဝါ) သိမ်းစာမ ဖြစ်သည်။

(၃) ဗ၊ ဝ၊ စ၊ မ စာမသည် ထိန်းစာမဖြစ်သည်။

(၄) ဝ၊ စ၊ မ၊ ဗ စာမသည် ဝင်စာမဖြစ်သည်။

ထိုနည်းများကိုလိုက်၍ စာမတစ်မျိုးတည်းမှ လေးမျိုးဖြစ်

ဆောင် ခွဲခြား၍ ပညာများကို ပြန့်ပွားအောင် အသုံးချရာသည်။

မန္တန်ဂါထာနှင့် ဆက်သွယ်ပုံကို ဖော်ပြအံ့။

| | | | | | | | |
|---|---|---|---|---|---|---|---|
| တေ | တေ အာ ဝါ ပ | တဆောင် |  | [illegible] | ထွက်စာမ | [illegible] | သမ္မာဒေဝဂါထာ |
| ၀ | ၀ ၀ ၀ ၀ | | | | | | |
| အာ | အာ ဝါ ပ တေ | တဆောင် |  | [illegible] | အုပ်စာမ | [illegible] | ဘုရားဂုဏ်တော် (၉) ပါး |
| ၀ | ၀ ၀ ၀ ၀ | | | | | | |
| ဝါ | ဝါ ပ တေ အာ | တဆောင် |  | [illegible] | ထိန်းစာမ | [illegible] | တရားဂုဏ်တော် (၆) ပါး |
| ၀ | ၀ ၀ ၀ ၀ | | | | | | |
| ပ | ပ တေ အာ ဝါ | တဆောင် |  | [illegible] | ဝင်စာမ | [illegible] | သံဃာဂုဏ်တော် (၉) ပါး |
| ၀ | ၀ ၀ ၀ ၀ | | | | | | |

၁ ၂ ၃ ၄ ၅

(၁) မီးဓာတ်ကိုအရင်းတည်၊ ရေဓာတ်ကိုနောက်၊ လေဓာတ်ကိုပိတ်၊ မြေဓာတ်ကို အဆုံးထား။

ရင်းစာမသည် ထွက်စာမဖြစ်သည်ဟုမှတ်။ ကာယသိဒ္ဓိပြီး၏။ တုတ်၊ ဓား၊ လှံ၊ သေနတ်၊ အမြောက် ပြီးစီး၏။ သေသည်ပင် မီးမလောင်ချေ။ စိတ်ကလုပ်တိုင်း၊ ကိုင်တိုင်း ပြီးစီးသောအကျိုးကို ခံစားရသည်။

(၂) ရေဓာတ်ကိုအရင်းတည်၊ လေဓာတ်ကိုနောက်၊ ပထဝီဓာတ်ကို ပိတ်၊ တေဇောဓာတ်ကို အဆုံးထား။

ရင်းစာမသည် အုပ်စာမဖြစ်သည်ဟုမှတ်။ သိုက်မြောင်းကိုယ်ခွာ ရတတ်၏။ နောက်ပါတစ်သောင်းကို ထိန်းသိမ်းနိုင်၍ ကိုယ်ပြောင်းကိုယ်ခွာရတတ်သည်။

(၃) လေဓာတ်ကိုအရင်းတည်၊ ပထဝီဓာတ်ကိုနောက်၊ တေဇောဓာတ်ကိုပိတ်၊ အာပေါဓာတ်ကို အဆုံးထား။

ရင်းစာမသည် ထိန်းစာမဖြစ်သည်ဟုမှတ်။ အကျိုးကား ကိုယ်ခွာရစေတတ်သည်။ သူတစ်ပါး မကြဲနိုင်။ လိုတိုင်းတတိုင်း ရသည်။

(၄) ပထဝီဓာတ်ကို အရင်းတည်၊ တေဇောဓာတ်ကို နောက်၊ အာပေါဓာတ်ကိုပိတ်၊ ဝါယောဓာတ်ကို အဆုံးထား။

ရင်းစာမသည် ဝင်စာမဖြစ်သည်။ အကျိုးကား (၇) ရက် သားသမီးလေးစားကြည်ညိုချစ်ခင်၏။ ပီယသိဒ္ဓိပေါက်၏။ ချစ်ခင်သူပေါ၏။ ရွှေငွေဖြစ်စေ၏။

ထိုစာမတို့၏ သဘောထားကို သိရှိနားလည်ပြီး၍ စာမတို့၏ အဆင့်အတန်းနှင့် စာမအမျိုးမျိုးကို ပြပါအံ့။

စ. ခ. ဗ. ဝ ရင်းစာမသည် ဘုရား (၄) ဆူ စာမ။

ရှ. သ. ည. ဏ ရင်းစာမသည် အဋ္ဌာရသစာမ

တ. ယ. ဏ. ဠ ရင်းစာမသည် ကြိုး (၄) လုံးစာမ။

န. မ. ဗ. ဓ ရင်းစာမသည် ပဋ္ဌမ်စာမ။

ဉ. အ. မ ရင်းစာမသည် တြိသိဟောစာမ။

လ. ဂ. မ. စ ရင်းစာမသည် အရှေ့စကြြာဝဠာတံတိုင်း စောင့်နတ်။

ယ. ဗ. က. စ ရင်းစာမသည် ဓာတ်စာမည်၏။

ဘ. မ. င. သ ရင်းစာမသည် အဿမုက္ခမြင်းဘီလူး စာမ။

ဝ. ယ. ပ. ပ ရင်းစာမသည် အာဋာနာဋိယဂမ္ဘာန်စာမ။

သံ. ဂုံ. ပ. မ ရင်းစာမသည် ဘုရား (၄) ဆူ စာမ။

စ၊ ဓ၊ ဗ၊ ဝ သည် ဘုရား (၄) ဆူ စာမဖြစ်သော်လည်း ဓာတ်စာမဟု မှတ်လေ။ 'က' အက္ခရာမှစ၍ 'အ' အက္ခရာအထိ (၃၃) လုံးသော အက္ခရာ၊ သရ (၈) လုံး ပေါင်းသော် (၄၁) လုံးသော ဝဏ္ဏအက္ခရာများသည် ဗုဒ္ဓရာဇစာမရုပ်များ၊ ဗုဒ္ဓရုပ်စာမရုပ်များ၊ မဗုဒ္ဓါစာမများ၊ (၂၈) ဆူ ဘုရားစာမများအထိ အသုံးဝင်သည်။ မြန်မာပြည်တွင်ရှိကြကုန်သော ဝိဇ္ဇာဂိုဏ်းများ၊ မဟာဂန္ဓာရီပညာရပ်များတွင် များသောအားဖြင့် -

စ၊ ဓ၊ ဗ၊ ဝ စသော ဓာတ် (၄) ပါး စာမများ။

သံ၊ ဂုံ၊ ပ၊ မ စသော ဘုရား (၄) ဆူ စာမများ။

ဋ္ဌ၊ သ၊ ည၊ က စသော အဌာရသစာမ၊ စတုပညာသစာမများ။

တ၊ ယ၊ ဏ၊ ဋ္ဌ စသော ကြီး (၄) ကြီး စာမများ။

ယ၊ ဗ၊ က၊ စ စသော ဓာတ်ကြီးစာမများ။

'က' အက္ခရာမှစ၍ 'အ' အက္ခရာအထိ (၃၃) လုံး အက္ခရာတို့၌ အ၊ အာ၊ ဣ၊ ဤ၊ ဉ၊ ဦ၊ ဧ၊ ဩ စသော သရ (၈) လုံး ပေါင်းသော် (၄၁) လုံးသော အက္ခရာစာမရုပ်များ၊ စာဖအင်းများကို များစွာအသုံးပြုကြကုန်၏။ မဟာပဋ္ဌမ်ဂန္ဓာရီ ဝိဇ္ဇာပညာရပ်များတွင် များသောအားဖြင့် -

၃ . ဓ . ဗ . ဝ စာမ ပဋ္ဌမ်ကိုလည်းကောင်း၊

၈ . ဓ . ဗ . ဝ ဓာတ် (၄) ပါးစာမကိုလည်းကောင်း၊

၄ . သ . ည . က စတုပညာသစာမကိုလည်းကောင်း၊

၃ . အ . မ တြိသိဟောစာမကိုလည်းကောင်း၊

များစွာအသုံးပြုကြကုန်၏။ ပဋ္ဌမ်ကိုဏ်းမှန်သမျှ မဟာဂန္ဓာရီ ပညာအဖြစ် အစီအရင်များတွင် အသုံးများကြသည်။ အစွမ်းသတ္တိလည်း အလွန်ထက်မြက်၏။ သိဒ္ဓိလည်း ကြီးမား၏။ ထိုကဲ့သို့ စာမအမျိုးမျိုးတို့၏ အပြားကို ပြဆိုပြီး၍ ယခင်ပဋ္ဌမပြပြီးခဲ့ပြီးဖြစ်သည့်အတိုင်း စာမတစ်မျိုးတည်းမှ (၄) မျိုးဖြစ်အောင် ပြဆိုပါအံ့။

'တေ အာ ဝါပ မူလီ မူလာချ' ဟူသော ပညာစကားကို အထူးသတိပြုပါ။ ထိုစကားသည် အထူးအရေးကြီးသည်။ ထိုဓာတ်ကြီး (၄) ပါး (ခေါ်) တေ၊ အာ၊ ဝါ၊ ပ ကိုသဘောပေါက်မှ စာမများကို ပွားယူ၍ရမည်ကို မှတ်ပါ။

ပထမစာမဖြစ်သော 'န. မ. ဗ. စ' စာမကို ထပ်၍ရှင်းပါအံ့။

မူလမှာ အမိပွါယ်က နဂိုမူလအက္ခရာကို ဆိုသည်။

ဘူတမှာ ထိုမူလအက္ခရာမှ ခွဲထွက်ပြသော အက္ခရာကို ဆိုလိုပါသည်။

ထို န. မ. ဗ. စ ပဋ္ဌမ်စာမ၏ ကျယ်ဝန်းကြောင်းကို ပြပါအံ့။

'နမောဗုဒ္ဓါ' ကို စာမကောက်လိုက်ပါက အတိုကောက်ကောက်လိုက်ပါက

'န' ကား (န) အက္ခရာတစ်လုံးရသည်။

'မော' ကား (မ) အက္ခရာ တစ်လုံးရသည်။

'ဗု' ကား (ဗ) အက္ခရာ တစ်လုံးရသည်။

'ဒွါ' ကား (၈) အက္ခရာ တစ်လုံးရသည်။

၎င်းတို့ကိုပေါင်းသော 'နှ. မ. ဗ. ခ' တည်းဟူသော ပဉ္စမံ စာမကိုရသည်။

၎င်း နှ. မ. ခ. ဗ စာမ (၄) လုံးကို အကျယ်ပြန့်ပြုသော် 'နမောဗုဒ္ဓါ' ဟု အဓိပ္ပါယ်ရသည်။ ၎င်း၏ မြန်မာပြန်ကား ဗုဒ္ဓါ-နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့ကို၊ အဖဲ့-တပည့်တော်သည်၊ နမော- ရှိခိုးပါ၏ ဟု အဓိပ္ပါယ်ရသည်။ သတိပြု၍ ပညာများကို မှတ်သားပါ။

၎င်း နှ. မ. ဗ. ခ ပဉ္စမံစာမကို တော. အာ. ဝါ. ပ နည်းဖြင့် ပွားယူသော် စာမ (၄) မျိုး ထွက်လာ၏။

တော . အာ . ဝါ . ပ

(၁) နှ . မ . ဗ. ခ = ထွက်စာမ။

အာ . ဝါ . ပ . တော

(၂) မ. ဗ. ခ . နှ = အုပ်စာမ။

ဝါ . ပ . တော. အာ

(၃) ဗ . ခ . နှ . မ = ထိန်းသမ

ပ . တော. အာ . ဝါ

(၄) ခ . နှ. မ . ဗ = ဝင်စာမ

ယခုပြဆိုခဲ့ပြီးသော ပုံစံကို ကြည့်ရှုခြင်းအားဖြင့် နှ. မ. ဗ.

ဓ ပဋ္ဌမံ စာမတစ်မျိုးမှ ထွက်စာမ၊ အုပ်စာမ၊ ထိန်းစာမ၊ ဝင်စာမ ဓသော စာမကြီး (၄) ပါးဖြစ်အောင် ပွားရှိပြပါသည်။ ပညာလိုလား အမျိုးကောင်းသားတို့သည် သေချာစွာမှတ်ယူတော်မူကြပါ။ ထို န. မ. ဗ. ဓ တည်းဟူသော စာမကိုမှီ၍၊ အတုယူ၍ 'စတုပညာသ' စာမ (ခေါ်) ငှ. သ. ည. ဏ စာမကို ပြပါအံ့။

တေ . အာ . ဝါ . ပ

(၁) ငှ . သ . ည . ဏ • ထွက်စာမဖြစ်၏။

အာ . ဝါ . ပ . တေ

(၂) သ . ည . ဏ . ငှ • အုပ်စာမဖြစ်၏။

ဝါ . ပ . တေ . အာ

(၃) ည . ဏ . ငှ . သ • ထိန်းစာမဖြစ်၏။

ပ . တေ . အာ . ဝါ

(၄) ဏ . ငှ . သ . ည • ဝင်စာမဖြစ်၏။

## အင်းဝိဇ္ဇာ ဘာသာ

'အင်း' ဟူသည် 'အင်္ဂ' ဟူသောစကားမှ ဆင်းသက်လာပေသည်။ အဓိပ္ပါယ်မှာ အစိတ်အပိုင်း (သို့မဟုတ်) တစ်နည်း အင်္ဂလက္ခဏာ အချက်အလက်များကို ခွဲစိပ်ပြခြင်းပညာရပ်ဖြစ်သည်။

အကျွန်ုပ်ဆရာရှင်ဦးဝေပုလ္လသည် အင်း၏အကြောင်းကို အကျယ်ချဲ့ထွင်၍ ပြဆိုပါဦးအံ့။

လောကတွင် ဆရာများ မိန့်ဆိုခဲ့သည်မှာ 'အင်းကောင်းလျှင် တစ်စက်၊ ယတြာကောင်းလျှင် မင်းလောင်းပင်ပျက်' ဟု မိန့်ဆိုကြကုန်၏။ ၎င်းပြင် 'အင်းကောင်းလျှင် တစ်ကွက်၊ ဆေးကောင်းလျှင် တစ်စက်'၊ 'ဆေးကောင်းလျှင် အင်းစောင်းသ၍ ရှိသည်' ဟု မိန့်ဆိုပြန်လေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် လောကီပညာရပ်တွင် အင်းပညာရပ်သည် မည်မျှတာသွားကြောင်း၊ အသုံးဝင်ကြောင်း၊ သိဒ္ဓိကြီးမားကြောင်းကို သူတော်စင်ပညာငယ်တို့ သိရှိလောက်ပေပြီ။

မဟာဂန္ဓာရီဂိုဏ်း၏ အထက်ပညာတွင်လည်းကောင်း၊ မဇ္ဈိမဂန္ဓာရီဂိုဏ်းအလယ်ပညာတွင်လည်းကောင်း၊ စူဠဂန္ဓာရီ အောက်ပညာတွင်လည်းကောင်း၊ အင်းသည် မရှိမဖြစ်သော ပညာရပ်တစ်ပါးဖြစ်သည်။ မြန်မာပြည်တွင်ရှိကြသော မဟာ ဂန္ဓာရီ ဝိဇ္ဇာဂိုဏ်းများစွာတို့တွင် များသောအားဖြင့် အင်းပညာ ရပ်ဖြင့် မကင်းရှင်းကြချေ။

လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုသော ဝိဇ္ဇာမဂ္ဂ ဒီပနီကျမ်းတွင်လည်းကောင်း၊ မဟာသံရာဒ (၉) စောင်တွဲကျမ်း တွင်လည်းကောင်း၊ ကပ္ပလက်ာရကျမ်းများတွင်လည်းကောင်း၊ ဝိဇ္ဇာတကာတို့တွင် မန္တန်ဝိဇ္ဇာနှင့်အင်းဝိဇ္ဇာသည်သာလျှင် တန်ခိုး မဟိဒ္ဓိအကြီးမားဆုံးဟု ရေးသားတော်မူကြကုန်၏။ အင်းတစ် ကွက်၏ တန်ဖိုးသည်လည်းကောင်း၊ ဝိဇ္ဇာမဟိဒ္ဓိအားသည်လည်း ကောင်း၊ အရာရာကို လွှမ်းနိုင်အားရှိပေသည်။ လူမျိုး (၁၀၁) ပါးကို ထိန်းချုပ်နိုင်အား ရှိလေသည်။ လောကတွင်ရှိကြကုန် သော သပ္ပုရိသနွယ်ဝင်သူတော်စင်တို့သည် ထွက်ရပ်ပေါက် လမ်းကို ပြထားသော ခရီးလမ်းစဉ်၊ ကျင့်စဉ်တွင် အင်းပညာ၊ အင်း၊ မော်အင်းတို့ဖြင့် စီရင်ရမှုမကင်းကြချေ။ အင်းပပါလျှင် မပြီးစီးချေ။ အချို့ အင်္ဂရတ်များ ထိုးကြရာတွင် မြဒါးဖမ်းခြင်း၊ မြှာချခြင်း၊ ချုပ်ခြင်း စသည်တို့၌ အင်းများဖြင့် ဖမ်းခြင်း၊ မြှာချ ခြင်း စသည်များတွင် အသုံးပြုကြလေသည်။

ထွက်ရပ်ပေါက်တော်မူကြသော ပဋ္ဌမံစာပ အင်းဝိဇ္ဇာ ဘိုးဘိုးအောင်သည်လည်းကောင်း၊ ပဋ္ဌမံအဋ္ဌာရသ အင်းဝိဇ္ဇာ

ဘိုးမင်းခေါင်သည်လည်းကောင်း၊ စာမအင်းဝိဇ္ဇာ၊ ရက်ကန်းစင်တောင် ဆရာတော်ဦးဩဘာသသည်လည်းကောင်း၊ ပေါက်ဆရာ (၆၉) ပါးတွင် အများစုသည်လည်းကောင်း၊ အင်းများဖြင့်ထွက်ကြကြောင်း၊ အင်းကို လက်မလွှတ်ကြကြောင်းကို အထောက်အထား၊ အကိုးအကား သက်သေများစွာဖြင့် ပြသနိုင်ပေသည်။ အင်းပညာရပ်သည် လောကီပညာရပ်တကာတို့ထက် အဆင့်အတန်းမြင့်သော၊ အထက်တန်းကျသော၊ ပေါက်နိုင်ခဲသော၊ ဝိဇ္ဇာဖြစ်ရန် ခဲယဉ်းသော ပညာရပ်တစ်ပါးဖြစ်ပေသည်။ ထို့ကြောင့် သူတော်စင်များ အထူးမှတ်ယူကြကုန်လော့။

အင်းပညာရပ်တွင် အဓိကအချက်များမှာ အင်းပေါက်ခြင်း (၇) ပါး၊ အင်းကန်းခြင်း (၇) ပါး၊ အင်းကျိုးခြင်း (၇) ပါးရှိလေသည်။ ထိုစည်းကမ်းချက်များနှင့် ညီညွတ်စွာ အင်းချနိုင်ပါမှ တန်ခိုးမဟိဒ္ဓိနှင့်ပြည့်စုံသော အင်းကောင်းတစ်ကွက်ကို ရပေမည်။

ထိုအင်းကန်းခြင်း (၇) ပါး၊ အင်းကျိုးခြင်း (၇) ပါး၊ အင်းပေါက်ခြင်း (၇) ပါး၊ စုစုပေါင်း (၂၁) ပါးကို အတိုချုပ်၍ စုပေါင်းကာ ပြဆိုပါအံ့။ သေချာစွာ မှတ်ယူကြပါကုန်။

(၁) နေထွက်ဆဲ၊ မွန်းတည့်ဆဲ၊ နေဝင်ဆဲတွင် အင်းမစီရင်ရ။
(၂) အင်းစီရင်နေစဉ် စကားမပြောရ။
(၃) အင်းစီရင်နေစဉ် အစာမစားရ။
(၄) အင်းစီရင်နေစဉ် တံတွေးမထွေးရ။ မမျိုရ။
(၅) အင်းစီရင်နေစဉ် ထ၍တစ်နေရာသို့ သွားလာခြင်းမပြုရ

(၆) အင်းစီရင်နေစဉ် စိုးရိမ်ထိတ်လန့်မှု မရှိရ။
(စိုးရိမ်ထိတ်လန့်မှုဖြင့် အင်းမချရ၊ မစီရင်ရဟု မှတ်ပါ)
(၇) အင်းစီရင်နေစဉ် တောင်ကြည့်၊ မြောက်ကြည့် မကြည့်ရ။
(၈) အလျဉ်စလိုပြု၍ အင်းမချရ၊ မစီရင်ရ။
(၉) အင်းမချ၊ မစီရင်မီ ရေမိုးချိုးရခြင်း။
(၁၀)အင်းမချ၊ မစီရင်မီ သန့်ရှင်းသော အဝတ်အထည်ကို ဝတ်ရခြင်း။
(၁၁)အင်းမချ မစီရင်မီ ရတနာသုံးပါးကို ရှိခိုးကန်တော့ရခြင်း။
(၁၂)အင်းမချ မစီရင်မီ အနန္တ (၅) ပါးကို ပူဇော်ကန်တော့ရခြင်း။ (ကန်တော့ပွဲ ပြင်သင့်က ပြင်ရမည်၊ ဆွမ်း၊ ဆီမီး၊ အမွှေးတိုင်၊ ပန်း၊ ရေချမ်း ကပ်လှူရမည်ကို ဆိုသည်။)
(၁၃)အင်းမချ မစီရင်မီ အရံအတားပြုရခြင်း၊ စည်းချရခြင်း။
(ပရိတ်ချည်၊ သိမ်ဝင်ချည်များဖြင့် ရစ်ပတ်ရခြင်း၊ ကာရံရခြင်းဟု မှတ်ပါ။)
(၁၄)အင်းစီရင်သောနေရာသည် မြင့်မြတ်ရမည်။
(၁၅)အင်းစီရင်သောနေရာသည် သန့်ရှင်းစင်ကြယ်ရမည်။
(၁၆)အင်းစီရင်နေစဉ် ဆိုင်ရာအစောင့်ကို ခေါ်ထားရမည်။
(ဆိုင်ရာအစောင့်များ၊ မိမိအနားတွင် အမြဲတည်ရှိနေသည်ဟု မှတ်ပါ။)
(၁၇)နက္ခတ်၊ ကမ္ဘာဒ်၊ အချိန်အခါကောင်းမွန်ရခြင်း။
(၁၈)စီရင်ပြီးသော အင်းများကို မသန့်ရှင်းသူ မကိုင်ရခြင်း။
(အကုသိုလ်များသူ၊ အကျင့်မကောင်းသူ၊ မကိုင်စေရခြင်း)

ဟု မှတ်ပါ။

ထိုအထက်ပါ အချက်ပေါင်း (၁၈) ချက်ကို အထူးအလေး ထား၍ မှတ်သားကြပါကုန်။ ထိုအချက် (၁၈) ချက်ကား အင်း မစီရင်မီ၊ မချမီ၊ အင်းချနေစဉ်၊ စီရင်နေစဉ် ဆောင်ရွက်ရမည့်၊ လိုက်နာရမည့် စည်းကမ်းချက်များ ဖြစ်ပါသည်။ သဘောပေါက် ပါစေ။ ၎င်းပြင် အင်းကွက်တစ်ကွက်ဖြစ်မြောက်အောင်မြင်ရေး အတွက် အင်းကွက်တစ်ကွက်၏ အစိတ်အပိုင်း စီရင်မှု၊ ချမှု၏ စည်းကမ်းချက်များကို တစ်ဖန် ပြဆိုပါဦးအံ့။

(၁) အဟိန်းဂါထာများကို မှန်ကန်စွာ ဟိန်းရမည်။

(၂) အင်းအဟိန်းဂါထာရွတ်ဟိန်းမှုနှင့် အင်းဘောင်ခေါ် မဟာ ရံစပ်သားမှုမှာ အချိတ်အဆက်မိစေရမည်။

(၃) အင်းမဟာရံတံတိုင်းသည် တစ်ခုဖြင့်မလုံလောက်ပါက ရေ ရှည်၊ နှစ်ရှည်အတွက် သုံးစွဲရန် စီရင်ရမှု၊ မဟာရံတံတိုင်းကို (၂) ထပ်၊ (၃) ထပ် အဟိန်းဂါထာကို ဟိန်း၍မဟာရံခပ် ရခြင်း။

(၄) မဟာရံတားသော် ခရုပတ်ကိုသာ တားရမည်။ (ကွက်ကျော်၍စိတ်ထင်ရာ မတားရ။ အစဉ်အတိုင်းသာ တားရမည်။)

(၅) အလျားမျဉ်းကို အစဉ်အတိုင်း တားရခြင်း။

(၆) ဖြီးမှ အနံမျဉ်းကို အစဉ်အတိုင်း အထက်မှအောက်သို့ ဆွဲ ရခြင်း။

(၇) အင်းကွက်မျဉ်းများ ဖြောင့်တန်းစေရခြင်း (မျဉ်းများ မတွန့်

ရ။ မကောက်ကွေ့ရဟု မှတ်ပါ)

(၈) အင်းဆံဂဏန်းများ၊ အက္ခရာများ၊ ဂါထာများသွင်းသော် မှန်ကန်စေရမည်။ ပီသရမည်ဟု မှတ်ပါ။

(၉) အင်းဆံဂဏန်းသည်လည်းကောင်း၊ အက္ခရာသည်လည်းကောင်း သွင်းသော် အင်းကွက်များ၏ အလယ်ဗဟိုတွင်ရှိရခြင်း၊ အင်းကွက်မျဉ်းများနှင့် လုံးဝမထိခြေင်း။ (မှန်ကန်စေရမည်ဟုမှတ်)

(၁၀)အင်းဆံဂဏန်းများသွင်းသော် မိမိတို့၏ ဆိုင်ရာထောင့်များကို ဂဏန်း၏အမြီးများ လှည့်နေစေရမည်။ (ညွှန်ပြနေစေရမည်)

(၁၁)အင်းဆံများသွင်းသော် ဆိုင်ရာအဟိန်းဂါထာဖြင့် မှန်ကန်စွာရွတ်ဆို၍ သွင်းရမည်။ (အဟိန်းဂါထာမရှိသော် ရတနာသုံးပါးကို ရွတ်၍သွင်းပါ)

(၁၂)အင်းဆံဂဏန်းဖြစ်စေ၊ စာမဖြစ်စေသွင်းသော် ဆိုင်ရာ၏ အညွှန်းအတိုင်း အင်းဆံ၏ အသွားအလာ၊ အလှည့်အပတ် မှန်ကန်စေရမည်။ အနုလုံ ပဋိလုံ မှန်ကန်စေရမည်။

ဤအချက် (၁၂)ချက်သည် အင်းကွက်တစ်ကွက်၏ အစိတ်အပိုင်းများကို စီရင်ရန် ချရန် စည်းကမ်းချက်ပင်ဖြစ်သည်။

ထိုစည်းကမ်းချက်များအနက် တစ်ခုခုကို ကျူးလွန်ဖောက်ဖျက်ပါက စီရင်ထားသော အင်းစာမ၊ လက်ဖွဲ့များသည် ထင်မှန်းထားသကဲ့သို့ အကျိုးမပေးဘဲ အန္တရာယ်တစ်ခုခုကို ဖြစ်စေတတ်သည်။ အင်းကန်းခြင်း၊ အင်းကျိုးခြင်း၊ အင်းပေါက်ခြင်းထဲတွင်

တစ်ပါးပါဝင်သွား၍ အကျိုးကျေးဇူးမှာ ထင်သလောက် မခံစားရတော့ဖြစ်ချေသည်။ ထို့ကြောင့် သေချာစွာ မှတ်ယူကြပါကုန်လော့။ လေ့လာဆည်းပူးကြပါကုန်လော့။

ထို့အပြင် အင်းစီရင်၍ အင်းချ၍ပြီးစီးသွားပါက -

(၁) အသက်သွင်းရခြင်း။
(၂) သိဒ္ဓိတင်ရခြင်း။
(၃) အစောင့်သွင်းရခြင်း။
(၄) အစောင့်ကို ချုပ်ထားရခြင်း။
(၅) ချုပ်ထားသောအစောင့်ကို တစ်ဖန် နှိုးရခြင်း။
(၆) ဆိုင်ရာဂါထာ၊ မန္တန်များဖြင့် မန်းမှုတ်ရခြင်း။ ဆိုင်ရာဂါထာ၊ မန္တန်ဖြင့် မန်းမှုတ်သည်ဆိုရာ၌ ဥပမာ - ဘီလူးအင်းဖြစ်မူ ဘီလူးဂါထာကို မန်းမှုတ်ခြင်း၊ နတ်အင်းဖြစ်မူ၊ နတ်ဂါထာကို မန်းမှုတ်ရခြင်း၊ ဘုရားအင်း၊ တရားအင်းဖြစ်မူ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ (၂၄) ပစ္စည်းပါဠိတော်များ၊ သရဏဂုံ (၃) ပါးများကို မန်းမှုတ်ကြရမည်ဟု မှတ်ပါ။
(၇) အနှိုးမန္တရား အကျယ်မန္တန်ဖြင့် စုပ်ရခြင်း။
(၈) သိဒ္ဓိအကျယ် ထပ်တင်ရခြင်း

စသော အချက် (၈) ချက်နှင့်အညီ စီရင်ရပေသည်။ ထိုသို့ မိမိစီရင်ထားသော အင်းကွက်တစ်ကွက်ကို ယခုပြဆိုသော အသက်သွင်းခြင်း၊ သိဒ္ဓိတင်ခြင်း စသော အချက် (၈) ချက်နှင့် အညီ မန်းမှုတ်ထားခြင်းဖြင့် မိမိစီရင်ထားသော အင်းကွက်တစ်ကွက်သည် ရွှေနှင့်လည်းကောင်း၊ ငွေနှင့်လည်းကောင်း၊ ဥစ္စာ

ပဈွည်းနှင့်လည်းကောင်း၊ မလဲနိုင်ကြောင်း၊ အဖိုးမဖြတ်နိုင်ကြောင်း သိကြပါကုန်။

အင်းကွက်တစ်ကွက်၏ တန်ဖိုးသည် မည်မျှကြီး၍၊ မည်မျှတန်ဖိုးရှိကြောင်း သင်ကိုယ်တိုင်လေ့လာ လိုက်စားပွားများ အားထုတ်ဖူးပါက ပို၍ပင် သိလိမ့်မည်ဖြစ်ပါကြောင်း၊ ထိုသို့ အင်းတို့၏ သဘောတရားများ၊ စည်းကမ်းချက်များကို ပြပြီး၊ ယခုတစ်ဖန် အင်းတို့၏ သွားနည်း၊ လာနည်း အမျိုးမျိုးကို ဆက်လက်ပြီးဖော်ပြပါအံ့။

(၁) ဝါးကြိတ်လိန် သွားနည်းတစ်နည်း။

(၂) မြင်းသွား၊ သွားနည်းတစ်နည်း။

(၃) ရထားပြေးသွားနည်း တစ်နည်း။

(၄) မြင်းသေ၊ မြင်းကိုက် သွားနည်းတစ်နည်း။

(၅) ခြသေ့လက်ယက်သွားနည်းတစ်နည်း။

(၆) စမ္မာနဝဗိုလ်ဆင်း၊ ဗိုလ်တက်သွားနည်း။


(၇) ခရုပတ်သွားနည်း တစ်နည်း။

(၈) ထောင့်ဖြတ်မျက်နှာချင်းဆိုင် သွားနည်း။


(၉) ငွေရစ်သွားနည်းတစ်နည်း

ရင်း (၉) နည်းသည် ထင်ရှား၍ မဟာဂန္ဓာရီဂိုဏ်း အင်းဆရာမှန်သမျှ တတ်ထားသင့်သော သွားနည်း၊ လာနည်း (၉) နည်းဖြစ်ပေသည်။ သေချာစွာ မှတ်သားကြပါကုန်။ ဇယားအကျယ်ကို ပြဆိုပါဦးအံ့။

ဝါးကြိုတ်လိန်သွားနည်း




ဤဂဏန်းစဉ် ၁၊ ၂ ၃၊ ၄ ကိုကြည့်ပါ။ ၎င်းသွားနည်းသည် 'ကြက်ခြေခတ်သွားနည်း' (သို့မဟုတ်) အင်းဆရာအခေါ် ကား 'ဝါးကြိုတ်လိန်သွားနည်း' ဟုခေါ် သည်။ သေချာစွာ ဂရုစိုက်ပါက လွယ်ကူစွာ တတ်သိပေလိမ့်မည်။ ယခုပြမည့် 'ဝါးကြိုတ်လိန်သွားနည်း' အင်းကွက်ကို ပြပါအံ့။ သေချာစွာ ကြည့်ပါ။





၎င်းပုံစံ အင်းကွက်ကိုကြည့်ပါ။ ၁၊ ၂ ၃၊ ၄။ ၎င်းဂဏန်းစဉ်အတိုင်း လက်ထောက်၍ မိမိစိတ်က ရွတ်ဆိုပြီး သွားကြည့်ပါ။

ထိုသွားနည်းကို 'ဝါးကြိုတ်လိန်သွားနည်း' ဟုမှတ်ပါ။ ခဏခဏ မကြာမကြာ လေ့ကျင့်ပေးပါ။ သဘောပေါက်ပါစေ။

ထိုဝါးကြိုတ်လိန်သွားနည်းကို ရေလည်စွာသဘောပေါက်ပါက စာမများကို လွယ်ကူစွာ ကစား၍ ရပေပြီဟုမှတ်။ တစ်ဖန်

ဆက်လက်၍ 'ဝါးကြိတ်လိန်သွားနည်း' ကို အကွက်ရာဖြင့် ပြပါတော့မည်။




| | |
|---|---|
| စ | ဗ |
| ဝ | မ |

| | |
|---|---|
| မ | ဝ |
| ဗ | စ |

၎င်းအင်းကွက်ပုံစံများကို မိမိစိတ်မှရွတ်၍ထောက်ကြည့်ပါ။ အင်းဆံစာမမှာ စ၊ မ၊ ဗ၊ ဝ ဖြစ်သည်။ စ၊ မ၊ ဗ၊ ဝ ဟုရွတ်၍ လက်နှင့်အင်းကွက်တွင် ထောက်၍သွားကြည့်ပါ။ မကြာမီ တတ်မြောက်သွားပေလိမ့်မည်။ ဝါးကြိတ်လိန်သွားနည်း ပြီး၏။ မြင်းသွား သွားနည်းကို ပြပါအံ့။

ပုံစံ (၁)

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | | ၂ |
| ၃ | ၈ | ၅ |

ပုံစံ (၂)

| | | |
|---|---|---|
| ၃ | ၈ | ၅ |
| ၆ | | ၂ |
| ၁ | ၄ | ၇ |

ပုံစံ (၃)

| | | |
|---|---|---|
| ၇ | ၄ | ၁ |
| ၂ | | ၆ |
| ၅ | ၈ | ၃ |

ပုံစံ (၄)

| | | |
|---|---|---|
| ၅ | ၈ | ၃ |
| ၂ | | ၆ |
| ၇ | ၄ | ၁ |

ရှင်း 'မြင်းသွားသွားနည်း' ပုံစံများကို ကြည့်ပြီး လက်နှင့် ထောက်၍လေ့ကျင့်ပေးပါ။ သွားနည်းအစဉ်မှာ ဂဏန်းအစဉ် အတိုင်းပင် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ဟု စိတ်ထဲမှ ရွတ်၍ လက် နှင့်ထောက်ကာ သွားကြည့်ပါ။ မကြာခဏ လေ့ကျင့်ပေးပါ။ ပညာကို လိုချင်သောစိတ်၊ လိုချင်သောဝီရိယ၊ လိုချင်သော အာသာဆန္ဒနှင့် လေ့ကျင့်ပါက မကြာမီတတ်လွယ်လာပါလိမ့် မည်။

ရှင်း 'မြင်းသွားသွားနည်း' ကို စာမအကွာရာဖြင့် ပြပါအံ့။ တစ်နည်း သရဏဂုံ (၃) ပါးဖြင့် ရှင်းလင်းအောင်ပြပါမည်။ သေ ချာစွာကြည့်ရှုမှတ်သားကြပါကုန်လော့။

| | | |
|---|---|---|
| ဗု | ရ | ဏ္ဍာ |
| ဂ | | ဒွံ |
| သ | မိ | ဏံ |

ပုံစံ (၁)

| | | |
|---|---|---|
| သ | မိ | ဏံ |
| ဂ | | ဒွံ |
| ဗု | ရ | ဏ္ဍာ |

ပုံစံ (၂)

| | | |
|---|---|---|
| ဏံ | မိ | သ |
| မွံ | | ဂ |
| ဏ္ဍာ | ရ | ဓ |

ပုံစံ (၃)

| | | |
|---|---|---|
| ဏ္ဍာ | ရ | ဓ |
| မွံ | | ဂ |
| ဏံ | မိ | သ |

ပုံစံ (၄)

| | | |
|---|---|---|
| ဏံ | မိ | သ |
| ယံ | | ဂ |
| ဏ္ဍာ | ရ | သံ |

ပုံစံ (၅)

ရှင်းပုံစံ (၅) ခုသည် 'မြင်းသွား သွားနည်း' ပုံစံများဖြစ်

သည်။ မြင်းသွား သွားနည်း သွားရန်မှာ -

ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် စိတ်မှရွတ်ဆို၍ တစ်လုံးချင်း၊ တစ်ကွက်ချင်း၊ ထောက်၍သွားကြည့်ပါ။ မကြာခဏ လေ့ကျင့်ပေးခြင်းဖြင့် သင်သည် အင်းပညာတွင် ဉာဏ်မြင်လာလိမ့်မည်။ သွားတတ်လာလိမ့်မည်။ မိမိတစ်ဦးတည်း ကျောက်သင်ပုန်းတစ်ချပ်ဝယ်၍ ကျောက်တံဖြင့် ပုံစံအင်းကွက်များကို ကြည့်ကာသွားကြည့်ပါ။ လေ့ကျင့်ကြည့်ပါ။ ဤသို့ လေ့ကျင့်ပါများလျှင် အလိုလို လက်သည်ကျင့်သားရ၍ မြင်းသွားကို သွားတတ်လာပါတော့သည်။ မြင်းသွားကို သွားတတ်လာပါက မြင်းသေမြင်းကိုက်သွားနည်းမှာ မခဲယဉ်းလှတော့ပေ။ လွယ်ကူစွာ သွားလာတတ်ပေတော့မည် ဖြစ်ပါသတည်း။

ရထားပြေးသွားနည်း။

၄င်းရထားပြေးသွားနည်းသည် အလွန်လွယ်ကူပါသည်။ ဘာမျှမခဲယဉ်းလှပါ။ အတန်းလိုက်သော်လည်းကောင်း၊ ဒေါင်လိုက်အထက်မှအောက်သို့သော်လည်းကောင်း၊ အောက်မှအထက်သို့သော်လည်းကောင်း၊ သွားနည်းသာ ဖြစ်ပါသည်။ ပုံစံကိုကြည့်ပါ။ ထင်ရှားစွာ ပြပါအံ့။

ပုံစံ (၁)

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၈ |
| ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၃ | ၁၄ | ၁၅ | ၁၆ |

ပုံစံ (၂)

| | | | |
|---|---|---|---|
| ၁၆ | ၁၅ | ၁၄ | ၁၃ |
| ၁၂ | ၁၁ | ၁၀ | ၉ |
| ၈ | ၇ | ၆ | ၅ |
| ၄ | ၃ | ၂ | ၁ |

| | | | |
|---|---|---|---|
| ၄ | ၈ | ၁၂ | ၁၆ |
| ၃ | ၇ | ၁၁ | ၁၅ |
| ၂ | ၆ | ၁၀ | ၁၄ |
| ၁ | ၅ | ၉ | ၁၃ |

ပုံစံ (၃)

| | | | |
|---|---|---|---|
| ၁၃ | ၁၂ | ၅ | ၄ |
| ၁၄ | ၁၁ | ၆ | ၃ |
| ၁၅ | ၁၀ | ၇ | ၂ |
| ၁၆ | ၉ | ၈ | ၁ |

ပုံစံ (၄)

ဒင်းပုံစံ (၄) ကိုကြည့်ရှုပါ။ ရထားပြေးသွားနည်းဖြစ်ပါသည်။ ပုံစံ (၄) ခုစလုံးသည် တစ်ခုနှင့်တစ်ခု သွားနည်းမတူညီပါ။ အားလုံးပုံစံ (၄) ခုစလုံးသည် ရထားပြေးသွားနည်းချည်းသာဖြစ်ပါသည်။ သွားပုံသွားနည်းအမျိုးမျိုးရှိသည်ကို ပုံစံ (၄) ခုစလုံးကို တစ်ခုစီသွားနည်း မတူညီအောင် ပြထားသည်။ ဂဏန်းစဉ်အတိုင်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ စသည်ဖြင့် ဂဏန်းစဉ်အတိုင်းသာ စိတ်ထဲမှ ရွတ်ဆို၍ ပုံစံများကို ကြည့်ရှုကာ လက်ညှိုးဖြင့်ထောက်၍သွားကြည့်ပါ။ အလွန်လွယ်ကူပါသည်။ သွား၍မခက်ပါ။ မကြာခဏလေ့ကျင့်ပေးပါ။ သတိပြုပေးပါ။ အားထုတ်ပေးပါ။ တစ်နည်းရထားပြေးသွားနည်းကို ဂဏန်းဖြင့်ထောက်၍သွားနည်းကိုပြပြီး၍ ဒင်းဂဏန်းစဉ်ပြထားသောနေရာတွင် အက္ခရာသွင်း၍ ရထားပြေးသွားနည်းကို ပုံစံထုတ်၍ပြပါအံ့။

| | | | |
|---|---|---|---|
| ဗု | ဒ္ဓံ | သ | ရ |
| ဏံ | ဂ | စ္ဆာ | မိ |
| ဗု | ဒ္ဓံ | သ | ရ |
| ဏံ | ဂ | စ္ဆာ | မိ |

ပုံစံ (၁)

| | | | |
|---|---|---|---|
| မိ | စ္ဆာ | ဂ | ဏံ |
| ရ | သ | ဒ္ဓံ | ဗု |
| မိ | စ္ဆာ | ဂ | ဏံ |
| ရ | သ | ဒ္ဓံ | ဗု |

ပုံစံ (၂)

ပုံစံ (၁)

| | | | |
|---|---|---|---|
| ရ | မိ | ရ | မိ |
| သ | စ္ဆာ | သ | စ္ဆာ |
| ဒ္ဓံ | ဂ | ဒ္ဓံ | ဂ |
| ဗု | ဏံ | ဗု | ဏံ |

ပုံစံ (၂)

| | | | |
|---|---|---|---|
| ဏံ | ရ | ဏံ | ရ |
| ဂ | သ | ဂ | သ |
| စ္ဆာ | ဒ္ဓံ | စ္ဆာ | ဒ္ဓံ |
| မိ | ဗု | မိ | ဗု |

ဎင်းပုံစံ (၄) ခုကို ဆက်လက်ပြီး လေ့လာပါ။ ယခင်ပြခဲ့သော ဂဏန်းစဉ်အတိုင်း ရထားပြေးသွားနည်းကို နားလည်ထားပါက ယခုပုံစံ (၄) ခုစလုံးကို လွယ်ကူစွာသွားနိုင်ပေလိမ့်မည်။ အားလုံးမှာ ရထားပြေးသွားနည်းဖြစ်၏။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု စိတ်ထဲမှ ရွတ်ဆိုကာ တစ်လုံးချင်း အက္ခရာကို တစ်ကွက်ချင်း လက်ညှိုးနှင့်ထောက်၍ သွားကြည့်ပါလေ။ မကြာခဏလည်း လေ့ကျင့်ပေးပါ။ ထို့ပထမနည်း 'ဝါးကြိတ်လိန်သွားပုံ'၊ ဒုတိယနည်း 'မြင်းသွား သွားပုံ'၊ တတိယနည်း 'ရထားပြေးသွားပုံ' များကို အသင်ဆရာမြတ်တို့ နားလည်မိသွားပါက အင်းပညာ (ဝါ) အင်းဝိဇ္ဇာလမ်းတွင် အတော်အတန်ခရီးရောက်တော့မည်ဖြစ်ကြောင်း အကျွန်ုပ်ဆရာရှင် ဦးဝေပုလ္လက သတိပေးအပ်ပါကြောင်း။

မြင်းသေ၊ မြင်းကိုက်သွားပုံ သွားနည်း။

ဎင်း မြင်းသေ၊ မြင်းကိုက်သွားပုံသွားနည်းမှာ အနည်းငယ်ခက်သည်။ သို့သော် သဘောနားလည်ပါက လွယ်ကူပါသည်။ မြင်းသွား သွားနည်း သွားပုံကို ရေလည်စွာ လေ့ကျင့်မိပါက မြင်းသေမြင်းကိုက်သွားနည်းမှာ မခဲယဉ်းပါတော့ချေ။ ကြဲ့ကြိုက်

မှုရှိပါက အကျွန်ုပ်လက်ထပ်ပြုအပ်သွားမည်ဖြစ်ပါကြောင်း။

ခရုပတ်သွားနည်း။

ခရုပတ်သွားနည်းမှာ အလွန်ပင်လွယ်ကူပါသည်။ အင်းကွက် မည်မျှပင်များများ ခရုပတ်နည်းအတိုင်း ခရုခွံအရစ်အတိုင်း သွားလာရ၍ လွယ်ကူပါသည်။ မခဲယဉ်းလှပါ၍ အကျွန်ုပ်မပြတော့ပြီ။

| | | | | | |
|---|---|---|---|---|---|
| ဎ | ဓ | ဗ | ဝ | ဎ | ဓ |
| ဝ | ဎ | ဓ | ဗ | ဝ | ဗ |
| ဗ | ဝ | ဎ | ဓ | ဎ | ဝ |
| ဓ | ဗ | ဝ | ဗ | ဓ | ဎ |
| ဎ | ဓ | ဎ | ဝ | ဗ | ဓ |
| ဝ | ဗ | ဓ | ဎ | ဝ | ဗ |

လက်ျာရစ်
ခရုပတ်သွား

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၇ |
| ၁၉ | ၃၂ | ၃၃ | ၃၄ | ၂၅ | ၈ |
| ၁၈ | ၃၁ | ၃၆ | ၃၅ | ၂၆ | ၉ |
| ၁၇ | ၃၀ | ၂၉ | ၂၈ | ၂၇ | ၁၀ |
| ၁၆ | ၁၅ | ၁၄ | ၁၃ | ၁၂ | ၁၁ |

လက်ျာရစ်
ခရုပတ်သွား

ဓာတ်ရစ် အင်းစောင့်ထား၍သွားနည်း။

၎င်းသွားနည်းကို စာအုပ်ဖြင့် ရှင်းလင်းပြနေလျှင် စာအုပ် (၅) အုပ်ကုန်သော်လည်း သဘောပေါက်မည်မဟုတ်ဟုထင်သည်။ ၎င်းနည်းများသည် အတော်ပင်ခက်ခဲသည်။ ဉာဏ်ပညာနည်းသူများအဖို့ ခက်ခက်ခဲခဲရှိနေမည်။ သို့ဖြစ်၍ အကျွန်ုပ်ဆရာရှင်က မပြတော့ပေ။ နောင် အခွင့်ကြုံကြိုက်ပါက လက်တွေ့တစ်ပါတည်း သဘောပေါက်နားလည်အောင် ပြသပေးမည်ဖြစ်ပါကြောင်း။

ယခု အကျွန်ုပ်ဆရာရှင် ပြခဲ့သော နည်း (၃) နည်းကိုသာ မပြတ်လေ့ကျင့်ပါက အခြေခံပညာ၊ ကိုယ်ခံပညာကို ရနိုင်၍ နောင်ပညာကြီးများ ပြသသည့်အခါ အလွယ်တကူ သင်ယူတတ်မြောက်နားလည်နိုင်မည်ဖြစ်ပါကြောင်း။ ထို့အပြင် အင်းတို့သဘောသည် အဝင်အင်းလည်းရှိပါသည်။ ထို့အတူ အင်းသေရှိသလို အင်းရှင်လည်းရှိသည်။ အင်းရှင်ရှိသလို အင်းသေလည်းရှိသည်။ အင်းအမရှိသလို အင်းအဖိုလည်းရှိသည်။ တိုက်အင်းရှိသလို ခံအင်းရှိသည်။ ထို့ကြောင့် အင်းတို့၏သဘောတရားသည် လိုက်လေကျယ်လေ မဟာသမုဒ္ဒရာနှင့်အမျှ ကျယ်ဝန်းလေသည်။

၎င်းပြင် စမ္ပာနဝအင်းပညာရပ်သည်လည်း ရှိပေသေးသည်။ ၎င်းစမ္ပာနဝအင်းပညာများကို ရှေးပညာရှိများသည် မဟာသမုဒ္ဒရာကို ခပ်ယူလျှင် ကုန်ဖွယ်ရာရှိသေး၏။ စမ္ပာနဝအင်းသိုက်၏ အညွန်းကျေးဇူးတရားကို ဖော်ညွှန်းမည်ဆိုက

ကုန်နိုင်ဖွယ်မရှိဟု မိန့်ဆိုတော်မူကုန်၏။ ထို့ကြောင့် အခြား အခြားသော ပညာရပ်များကို သင်ယူလျှင် ကုန်နိုင်သော်လည်း မဟာဂန္ဓာရီ စူဠဂန္ဓာရီဂိုဏ်းဆိုင်ရာ အင်းပညာရပ်ကိုကား သင်ယူလျှင် မကုန်နိုင်ကြောင်း ဆရာမြတ်များ မိန့်ဆိုတော်မူဖူးကြလေပြီ။ ဤကား အင်းတို့၏ သဘောကို အကျဉ်းချုပ်၍ ပြဆိုခြင်းတည်း။ အကျယ်ကိုကား စာ (၅) အုပ်ကုန်အောင် ဖော်ပြသော်လည်း ကုန်နိုင်ဖွယ်မရှိချေ။

ဤတွင် အင်းတို့၏သဘောကို စီရင်၍ပြီးပါပြီ။

## ဂါထာ၊ မန္တန်၊ မန္တရားတို့၏ သဘော

မဟာဂန္ဓာရီ ပညာရပ်များတွင် စာမပညာဖြင့်လည်း ထွက်ရပ်ပေါက်ကြကုန်၏။ အင်းပညာဖြင့်လည်း ထွက်ရပ်ပေါက်ကြကုန်၏။ ပြဒါး၊ သံ၊ မှော် စသည်များဖြင့်လည်း ထွက်ရပ်ပေါက်ကြကုန်၏။ မန္တန်၊ မန္တရားဖြင့်လည်း ထွက်ရပ်ပေါက်ကြကုန်၏။

ယခုပြဆိုမည့်ဂါထာ၊ မန္တန်၊ မန္တရားတို့၏ သဘောအခန်းသည် ယခင်ပြဆိုခဲ့သော ပညာရပ်အခန်း (က) ကဏ္ဍများနှင့် လုံးဝမတူ၊ ထူးခြားသောအမြင်များဖြင့် တွေ့မြင်ဖတ်ရှုရပေမည်။

ထွက်ရပ်ပေါက်သော လမ်းဟူသမျှတွင် မန္တန်၊ မန္တရားဖြင့် ထွက်ရပ်ပေါက်သောလမ်းနှင့် အင်း၊ စမဖြင့် ထွက်ရပ်ပေါက်သောလမ်းတို့မှာ အထူးပင်ခက်ခက်ခဲခဲရှိ၏။ အားထုတ်ကြကုန်သော သူတော်စင်တစ်ရာခန့်တွင် (၅) ယောက်ခန့်ပင် ထွက်ရပ်ဝင်ဖွယ်ရာရှိပေသည်။

ရာခိုင်နှုန်းအားဖြင့် အလွန်ပင်နည်းပါးချေသည်။ အကျွန်ုပ်ပြဆိုခဲ့ပြီးသည့်အတိုင်း လောကီထွက်ရပ်လမ်းများတွင် ,အင်း

ဝိဇ္ဇာ၊ ဂါထာမန္တန်ဝိဇ္ဇာ ၎င်းနှစ်ပါးသည်ပင် တန်ခိုးဝိဇ္ဇာမဟိဒ္ဓိ အကြီးမားဆုံးဖြစ်သည်ဟု ပြခဲ့ပေပြီ။ ဝိဇ္ဇာတကာတို့တွင်လည်း ဂါထာ၊ မန္တန်ဝိဇ္ဇာနှင့်၊ အင်းဝိဇ္ဇာသည် အစွမ်းဆုံး၊ အထက်မြက်ဆုံးဟု မှတ်ကြပါကုန်။ အခြား အခြားသော ပြဒါးလမ်း၊ သံလမ်း၊ ဇော်ဂျီလမ်းများကား ပေါက်လွယ် မြောက်လွယ်သေး၏။ ဂါထာ၊ မန္တန်ဝိဇ္ဇာလမ်းနှင့် အင်းဝိဇ္ဇာလမ်း ၎င်းနှစ်ပါးက ခက်ခဲစွာ ကျင့်ရ၏။ ဘဝများစွာ ပါရမီရှိမှ ရသည်။ စွန့်စွန့်စားစားလည်း အားထုတ်ရသည်။ အချို့ ပညာရပ် အားထုတ်မှုများကား ရွာထဲတွင်လည်းကောင်း၊ ရွာအနီးအပါးတွင်လည်းကောင်း၊ မြို့အနီးအပါးနားတွင်လည်းကောင်း၊ ကျင့်ကြံအားထုတ်ရသေး၏။ မန္တန်ဂါထာလမ်းနှင့် အင်းစမလမ်းများကား ထိုသို့မဟုတ်။ တောထဲတောင်ထဲသို့ဝင်၍ ဆိတ်ငြိမ်ရာကိုရှာကာ အားထုတ်လေ့ကျင့်ရပေသည်ဟု မှတ်သားပါ။

အချို့သော ဗဟုသုတနည်းပါးသည့် မဟုတ်မဟတ် ဆရာများက တောထဲတွင် အားထုတ်မှရသည်မဟုတ်။ မြို့ထဲ၊ ရပ်ထဲ၊ ရွာထဲတွင် အားထုတ်ကလည်း ရသည်ဟု ဆိုကြကုန်၏။ မဟာအမှားပေစွတကား။ ၎င်းအပြင် အချို့ယုတ်မာသော၊ စိတ်ကောင်းမရှိသော အဖျက်သမားများက တောထဲတောင်ထဲ ကျင့်ကြံအားထုတ်မှမဟုတ် မြို့ထဲရပ်ထဲ ကျင့်ကြံအားထုတ်လည်းရသည်။ ခြင်ထောင်ထဲ ကျင့်လျှင်လည်းရသည်၊ အိပ်ရာထဲ ကျင့်ကြံအားထုတ်လျှင်လည်း ရသည်။ ဝမ်းစာအတွက် အလုပ်လုပ်နေရင်း အားထုတ်လျှင်လည်း ရသည်။ သားနှင့်မယားနှင့် နေ

လျှင်လည်း အားထုတ်၍ ကျင့်ကြံ၍ရသည်ဟု အမျိုးမျိုး ဝါဒဖြန့်ကာ ယုတ်မာစွာဆိုကြကုန်၏။ မှားခြင်းကြီးမက မှားကြကုန်၏။

ထို့ကြောင့် ဆရာသမားကောင်းသည် အရေးကြီး၏ဟု ဆို၏။ နည်းပေးလမ်းပြဆရာကောင်းသည် လောကတွင် အလွန်ရှား၏။ ကောင်းရာကို ညွှန်ပြသော ဆရာသမားသည် ရှာမှရှား၏။ မကောင်းမဟုတ်ရာကို ညွှန်ပြသော ဆရာယုတ်၊ မကောင်းသော ဆရာကားပေါမျာ၏။ ထို့ကြောင့် ပညာကိုလိုလား၊ အမျိုးကောင်းသားတို့သည် ဆရာကောင်းကို ရှာကြံမှီဝဲရာ၏။ ဆရာထူး၊ ဆရာမြတ်ကို ရှာကြံကိုးကွယ်ရာ၏။ သို့ဖြစ်ပါ၍ ပညာရပ်များစွာတွင် တစ်ခုအပါအဝင်ဖြစ်သော ဂါထာ၊ မန္တန်၊ မန္တရားတို့၏ အပိုင်းကဏ္ဍကို ထင်ရှားစွာ ပြပါတော့အံ့။

ဗုဒ္ဓဘာသာ မြန်မာပြည်တွင် ဂါထာ၊ မန္တန်၊ မန္တရားများကို များစွာ ယုံကြည်အားထားအားကိုးပြုကြကုန်၏။ ပထမကမ္ဘာစစ်အတွင်းနှင့် ဒုတိယကမ္ဘာစစ်အတွင်းများတွင် မြန်မာလူမျိုး၊ အတော်များများသည် ဂါထာမန္တန်၏ တန်ခိုးအားကြောင့် ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်မှ ကင်းလွတ်ဖူးကြပေကုန်ပြီ။ ထို့ကြောင့် မြန်မာပြည်တွင် ထင်ရှားစွာတည်ရှိကြပေကုန်သော မန္တန်ဂိုဏ်းကြီးများမှာ -

(၁) မဟာဓမ္မောသထ မန္တန်ဝိဇ္ဇာဂိုဏ်းတော်ကြီး

(၂) ပထဝီဇေယျ မန္တန်ဝိဇ္ဇာဂိုဏ်းတော်ကြီး

(၃) မဟိဒ္ဓိ မဟာဝိပဿနာ မန္တန်ဝိဇ္ဇာဂိုဏ်းတော်ကြီး

ထိုဂိုဏ်းတော်ကြီး (၃) ပါးကား ထင်ရှားစွာလည်းရှိ၏။

သိသူဖော်စား မသိသူကျော်သွားကြကုန်၏။ မြန်မာပြည်တွင် အထူးလျှို့ဝှက်ထားသော ဂိုဏ်းကောင်းများဖြစ်ကြကုန်၏။ ထို ဂိုဏ်းကြီး (၃) ပါးမှခွဲသော မန္တန်ဝိဇ္ဇာအတု (ခေါ်) တက်စဉ် မပြည့်စုံသော ဂိုဏ်းငယ်များမှာ -

(၁) သရဏဂုံ (၃၀) မန္တန်ဂါထာဝိဇ္ဇာဂိုဏ်း။

(၂) သမ္ဗုဒ္ဓေ ဂါထာဝိဇ္ဇာဂိုဏ်း

(၃) (၂၄) ပစ္စည်း ဂါထာဝိဇ္ဇာဂိုဏ်း

(၄) မန္တန်ဝိဇ္ဇာ ဦးမောင်မောင်ဂိုဏ်း။

ရင်း (၄) မျိုး ကွဲပြားပြန်သည်။ ၎င်းဂိုဏ်းငယ် (၄) မျိုးတွင် အပေါ်ပိုင်း သရဏဂုံ (၃၀)၊ သမ္ဗုဒ္ဓေနှင့် (၂၄) ပစ္စည်းဂိုဏ်း (၃) ဂိုဏ်းသည် မှန်ကန်သော အာနိသင်ထူးသေး၏။ (၄) မန္တန် ဝိဇ္ဇာဦးမောင်မောင်ဂိုဏ်းမှာ ခေတ်ပေါ်ဂိုဏ်းဖြစ်၍ သားတပည့် ဆရာမြတ်များ၊ ဗဟုသုတတိုးပွားစိမ့်သောငှာ ဖော်ပြရခြင်းဖြစ်၍ အလွန်ပင်အောက်တန်းကျသော ဂိုဏ်းဖြစ်ပါသည်။ စည်းကမ်း ချက် မမှန်ကန်ခြင်း၊ ရည်ညွှန်းချက်မဟုတ်ခြင်း၊ ဂိုဏ်းသားများ ၏ ညံ့ဖျင်းခြင်း၊ လမ်းစဉ်မမှန်ကန်ခြင်း၊ အားထုတ်စဉ် မမှန်ကန် ခြင်း (ဝါ) အာမခံချက်မရှိခြင်း၊ စာအုပ်ကြည့်၍ရွတ်ဆိုရခြင်း၊ စာအုပ်တွင်ပါသော ဂါထာမန္တန်များက ကောင်းမွန်ပါ၏။ အဆင့် မြင့်ပါ၏။ 'တက်စဉ်၊ ကျင့်စဉ်၊ အားထုတ်စဉ်' မမှန်ကန်သော ကြောင့် တဖြည်းဖြည်း တိမ်မြုပ်ကွယ်လျက်ရှိသည်ဟု မှတ်ပါ။ ဗဟုသုတဖြစ်ရန်သာ တင်ပြအပ်ပါသည်။

ထင်ရှားအောင် ထပ်၍ ချဲ့၍ ပြပါဦးအံ့၊

(၁) မဟာဓမ္မေသတ မန္တန်ဝိဇ္ဇာဂိုဏ်းတော်ကြီး။

ဎင်းဂိုဏ်းတော်သည် ပီယအမွင့်အလမ်းဘက်တွင်လည်း အထူးအခွမ်းထက်၏။ မြန်မာပြည်တွင် အထူးလျှို့ဝှက်ထားသော ဂိုဏ်းထူးဖြစ်ပါသည်။ အကျွန်ုပ်ဆရာရှင် ဦးဝေပုလ္လကိုယ်တိုင် ဝင်ရောက်အားထုတ်ဖူး၏။ ဎင်းဓမ္မေသတဂိုဏ်းသည် အင်းပညာနှင့်မကင်းပါချေ။ မန္တန်၊ ဂါထာများကို (၆) ကွက် ထောင့်မြှတ်အင်းကွက်တွင် မြင်းသေ၊ မြင်းကိုက်သွင်းကာ သောက်ရသည်။ ပညာပေးသော ဆရာ့မြတ်က ထိုပညာဂိုဏ်းကို ပေးအပ်သော် စုတ်ဖြင့် ဘုရား (၅) ဆူဆေး၊ သာသနာ (၅၀၀၀) ဆေးစသည်များကို ဦးခေါင်းတွင်လည်းကောင်း၊ လက်မောင်းဒိုးတစ်ဖက်တစ်ချက်တွင်လည်းကောင်း၊ ပခုံးနှစ်ဖက်တွင်လည်းကောင်း၊ ကျောဘက်တွင်လည်းကောင်း၊ ရင်ဘတ်တွင်လည်းကောင်း ထိုးပေးပြီးမှ မန္တန်ပညာကို တက်ရသည်။ မန္တန်ဂါထာများကို အင်းချ၍ သောက်ရသည်။ ညစဉ်၊ နံနက်စဉ်တွင် ထိုသောက်မျိုးသော ဂါထာအင်းဆံများကို သရဇ္ဈာယ်ရသည်။ ရွတ်ဖတ်ရပေသည်။

ဎင်းဓမ္မေသတမန္တန်ဝိဇ္ဇာဂိုဏ်းပညာတက်စဉ်မှာ -

(၁) ဣတိပိသောဂါထာ

(၂) ရတနာရွှေချိုင့်ဂါထာ

(၃) ပဌာဝီဇယမန္တန်

(၄) အာဋာနာဋိယသုတ်တော်။

(၅) သမ္ဗုဒ္ဓေကို ပြုပြောင်းဖြင့် တတ်ရသည်။

(၆) မဟာသမယသုတ်

(၇) ဓမ္မပဒသုတ်တော်ကို ဂါထာတော်ကို တက်ရသည်။
(၈) ဘုရား (၅) ဆူကို တက်ရသည်။
ရှင်းဂါထာဝိဇ္ဇာဂိုဏ်းသည် ပယောဂ၊ စုန်း၊ ကဝေ၊ တစ္ဆေ သရဲများ၊ နတ်ဆိုးနတ်ဝါးများကို အထူးနိုင်နင်း၏။ ဂိုဏ်းတက် စဉ်မှာ အခြားပညာစဉ်ကို မတက်ရ။ ထိုအချက် (၈) ချက်ပါ သော ဂါထာ၊ မန္တန်သုတ်တော်များကိုသာ ထပ်ခါတလဲလဲ ရွတ် ဖတ်သရဇ္ဈာယ်ရခြင်း၊ သောက်မှိုရခြင်းဖြင့် အထက်ဆရာက ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်က ထွက်ရပ်ပေါက် သည့်လမ်းဖြစ်ပေ၏။
(၂) ပထဝီဇယမန္တန်ဝိဇ္ဇာဂိုဏ်း။
ရှင်းဂိုဏ်းသည် မဟာဓမ္မောသထဂိုဏ်းတော်မှ ခွဲထွက် သောဂိုဏ်းဖြစ်သည်။ ပယောဂဘက်တွင်သာမက ပီယဘက် တွင်လည်း စွမ်း၏။ မိန်းမသံ ကြားက မိန်းမဖျက်တတ်သည်။ မှော်၊ အင်း၊ စီရင်နေစဉ် မိန်းမ မလာစေရန် သတိပြုရသည်။ ရှင်းပထဝီဇယမန္တန်ဝိဇ္ဇာဂိုဏ်းသည်လည်း မန္တန်သာဆိုရသည် အင်းနှင့်မကင်းချေ။ (၆) ကွက်ထောင့်လပ် အင်းကွက်တွင် မန္တန် ကိုသွင်း၍ သောက်မှိုရသည်။ အသက်သတ်လွတ်စားရသည်။ ပိတ်ဖြူစင်ကြယ်ဝတ်ရသည်။ ပထဝီဇယမန္တန်တော်ကို ထပ်ခါ တလဲလဲ သရဇ္ဈာယ်ရသည်။ သိဒ္ဓိအမျိုးမျိုးပြ၏။ ဂိုဏ်းကို တက် လိုက ဓမ္မောသထဂိုဏ်းကို တက်က ထွက်ရပ်ပေါက်တော့၏။
(၃) မဟိဒ္ဓိမဟာဝိပဿနာ မန္တန်ဝိဇ္ဇာဂိုဏ်း
ရှင်းဂိုဏ်းသည် မန္တန်ဂါထာများဖြင့် ထွက်ရပ်လမ်းကို အဆုံး

အထိုပြုထားသည်။ မန္တန်ဂါထာပေါင်းမှာ အပုဒ် (၆၀) ကျော်၏။ သရဏဂုံ (၃၀)ကို မှတည်ပြီး ရွတ်ဆိုရသည်။ တော၊ တောင် တစ်နေရာတွင် ပြုလုပ်ရသည်။ တောထဲ၊ တောင်ထဲတွင် ဝါး ကျောင်းကလေးပြု၍လည်းကောင်း၊ သစ်ပင်အောက်တွင် ရာဇမတ် (၄) ထောင့်ကာရံ၍လည်းကောင်း၊ လူဖြစ်လျှင် (၂) ယောက်ထက်မပိုရ၊ ရဟန်းဖြစ်လျှင် (၂) ပါးထက်မပိုရ၊ မဟိဒ္ဓိ မဟာဝိပဿနာဂါထာပေါင်း (၆၀) ကျော်ကို နှုတ်မှ ဖြည်းညင်း စွာ တိုးတိုးသရဇ္ဈာယ်ရွတ်ဆိုနေရသည်။ နေ့ညခွဲခြား၍ ရွတ်ဆို ရွတ်ဖတ်၍ တစ်လကြာလျှင် ပရစိတ္တ ဝိဇာနာနသိဒ္ဓိကို ပေါက် တော့၏။ သူတစ်ပါးအကြံကို ကြိုတင်သိ၏။ ရှေ့နောက်ကို သိတော့သည်။ တစ်နှစ် (၁၂) လအထိ အားထုတ်သရဇ္ဈာယ် သော် သိဒ္ဓိအမျိုးမျိုးပေါက်တော့သည်။ အမြင်အကြားပေါက်၏။ ဝိဇ္ဇာ၊ ဇော်ဂျီတို့၏ ပညာမျိုးကို တတ်မြောက်တော့သည်။ နတ် များထံမှ အစားအသောက်တောင်းသော်ရ၏။ ရတိုင်းမတောင်း ရ။ တစ်နှစ် (၁၂) လစေ့လျှင် ဝိဇ္ဇာတို့၏နေရာဌာနကိုရောက် တော့သည်ဟု မှတ်ပါ။ ထို (၁၂) လအတွင်း အဖျက်အဆီးလည်း အလွန် များပြားလှ၏။

## (၄) ဝိဇ္ဇာမယိဒ္ဓိ မန္တန်ဝိဇ္ဇာဂိုဏ်းကြီး

ဇင်းဂိုဏ်းကြီးမှာ ဝိဇ္ဇာမယိဒ္ဓိကပွလက်ာရဂါထာများ၊ (၉)ပါး သော ဂါထာများကို နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် (၃) ကြိမ် သရဇ္ဈာယ်ဆုတောင်းရသည်။ ဇင်းဝိဇ္ဇာမယိဒ္ဓိ (၉) ဂါထာသည် ဆုတောင်း (၉) ဂါထာပင်ဖြစ်သည်။ နေ့ညမပြတ်

သရဇ္ဈာယ်ရသည်။ ရွတ်ဖတ်နေရသည်။ ၎င်းဝိဇ္ဇာမယိဒ္ဓိ (၉) ဂါထာပင် (၆) ကွက် ထောင့်၊ လပ်အင်းကွက်တွင် သွင်း၍ ထောင့်လပ်အကွက်တွင် ၈၊ ဓ၊ ဗ၊ ဝကို တစ်ကြိမ် မှ၊ သ၊ ည၊ က ကို တစ်ကြိမ်၊ ယ၊ ဗ၊ က၊ စ ကိုတစ်ကြိမ်၊ က၊ ယ၊ ဏ၊ ၄ ကိုတစ်ကြိမ်သွင်း၍ သောက်မျိုရာသည်။ ည၊ နံနက် ဂါထာ (၉) ဂါထာကို သရဇ္ဈာယ်ရသည်။ (၄၅) ရက်စေ့လျှင် အမြင် အကြားပေါက် နိုင်၏။ မနောမယသိဒ္ဓိပြီး၏။ စုန်း၊ ကဝေ၊ တစ္ဆေ နတ်ဆိုး၊ နတ်ဝါးကို နိုင်နင်း၏။ စေပိုင်၊ အာဏာပိုင်ဘဝသို့ ရောက်နိုင်ပြီး ထွက်ရပ်ပေါက်နိုင်၏။

ထိုဝိဇ္ဇာမယိဒ္ဓိမန္တန်ဝိဇ္ဇာဂိုဏ်းသည်လည်း အင်းဖြင့်မကာင်း ချေ။ အင်းချ၍သောက်ကာ ဂါထာကို သရဇ္ဈာယ်ခြင်းဖြင့် ထွက် ရပ်ပေါက်၏။ ၎င်းပြင် သရဏဂုံ (၁၀) မန္တန်ဂိုဏ်း၊ သမ္ဗုဒ္ဓေ မန္တန်ဝိဇ္ဇာဂိုဏ်း၊ (၂၄) ပစ္စည်းဂါထာဝိဇ္ဇာဂိုဏ်း စသည်တို့မှာ အင်းဖြင့် မကာင်းကြချေ။

၎င်း (၂၄) ပစ္စည်းဂါထာ၊ သမ္ဗုဒ္ဓေဂါထာ စသည်များကို အင်းချ၍ ၎င်းဆိုင်ရာဂါထာများဖြင့် မန်းမှုတ်ရကာ ဂါထာအင်း ပြာများကို သောက်မျိုရပြီး ဂါထာမန္တန်များကို အထပ်ထပ် သရဇ္ဈာယ်ရွတ်ဖတ်ရသည်။ အသက်သတ်လွတ်စားရသည်။ ဝိတ် မြှုဝတ်ရသည်။ (၉) ပါးသီလကို နေ့စဉ်မပြတ်ထိန်းရသည်။ ဂါထာမန္တန်ကို ပုတီးစိပ်ပြီး နေထိုင်ရာသည်။ (၄၅) ရက်ပြည့်တိုင်း အထက်ဆရာတော်များ၊ အထက်နတ်မင်းများကို ကန်တော့ပွဲ ပေးခြင်း၊ ရဟန်း၊ သံဃာများပင့်၍ ဆွမ်းကပ်ခြင်း၊ သဏ္ဍာဝါအများ

အား ဒါနပြုခြင်းကိုပြုရာ၏။ ပြီးလျှင် သတ္တဝါအများ၊ နတ်ဒေဝါ များ၊ ဝိဇ္ဇာဇော်ဂျီများကို အမျှပေးဝေပြီး ဆုတောင်းရာ၏။

**သဘောတရားကို ထပ်၍ ရှင်းလင်းပါအံ့။**

ဂါထာဟူသည် မြတ်စွာဘုရား၏ နှုတ်ကမွတ်တော်များ၊ ပရိတ်တော်များ၊ သုတ်တော်များကို 'ဂါထာ' ဟု ခေါ်သည်။

လောကီဆရာတို့၏ အဆိုအရ 'ဉုံ' မပါ၊ 'ဩောင်း' မပါ သော ပါဠိများ၊ ပရိတ်တော်များ၊ သုတ်တော်များကို 'ဂါထာ' ဟုဆိုသည်။ ဂါထာမရှိလျှင် မန္တန်ရှိရမည်။ မန္တန်ရှိလျှင် မန္တရား ရှိရမည်။

ထို့ကြောင့် ဂါထာရှိလျှင် မန္တန်ဖြစ်၏။ မန္တန်ရှိလျှင် မန္တရား ဖြစ်တော့၏။ ဥပမာ - ဣတိပိသော ဘဂဝါ၊ ၎င်းဣတိပိသော သည် ဂါထာဖြစ်၏။ ဉုံပါသလား မပါဘူး။ ဩောင်းပါသလား၊ မပါဘူး။ ထို ဉုံမပါ၊ ဩောင်း မပါသည်ကို ဂါထာဟုခေါ်သည်။

ထိုဂါထာကို မန္တန်ဖြစ်စေလိုလျှင် 'ဉုံ' တပ်ပေးရသည်။ (ဝါ) 'ဉုံ' ထည့်ပေးရသည်။ 'ဉုံ' ထည့်ပေးလိုက်လျှင် မန္တန်ဖြစ်သွား ပါသည်။

ဥပမာ - 'ဉုံဣတိပိသောဘဂဝါ' ဟု ပြုရပါသည်။ ဆိုရပါ သည်။ ၎င်းကို မန္တန်ဟုခေါ်သည်။ ထိုမန္တန်ကို မန္တရားဖြစ်စေလို က 'ဩောင်း' တပ်ပေးရသည်။ (ဝါ) ဩောင်းထည့်ပေးရသည်။ ထိုသို့ ဩောင်းထည့်ပေးလိုက်လျှင် မန္တရားဖြစ်သွား၏။ ဩောင်း ဣတိပိသောဘဂဝါ ၎င်းမန္တရားသည် ဩောင်း တပ်ထား၍ မန္တရားဟုခေါ်သည်။

ထို့ကြောင့် မသိနားမလည်၊ ဗဟုသုတမရှိသော ဆရာများက ဂါထာမှန်းမသိ၊ မန္တန်မှန်းမသိ၊ မန္တရားမှန်းမသိ၊ မန္တရားကိုလည်း ဂါထာဟု ခေါ်လိုခေါ်၊ သင်လိုသင်ပြတတ်ကြသည်။ ဂါထာကိုလည်း မန္တန်ဟုခေါ်လိုခေါ်၊ သင်လိုသင်ပြကြသည်။ ထပ်၍ရှင်းပြပါဦးအံ့။

'ဉုံ' ဆိုသည့်အဓိပ္ပါယ်မှာ 'ကာကွယ်စောင့်ရှောက်ပြီးစီးပါစေသတည်း' ဟု အဓိပ္ပါယ်ရသည်ဟု မှတ်ပါ။

'ဩဿောင်း' ဆိုသည်အဓိပ္ပါယ်မှာ 'ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသောကိစ္စ၊ ပညာ၊ သိဒ္ဓိ တန်ခိုးမှန်သမျှ ပြီးစီးအောင်မြင်သတည်း' ဟု အဓိပ္ပါယ်ရသည်ဟု မှတ်ပါ။

ထို့ကြောင့် 'ဉုံ' ပါလျှင် မန္တန်ဟု မှတ်ထင်တော်မူပါ။

'ဩဿောင်း' ပါလျှင် မန္တရားဟု ခေါ်ဆိုကြောင်းမှတ်ပါ။

'ဉုံ' လည်းမပါ၊ 'ဩဿောင်း' လည်း မထည့်သော စာတမ်း။ ပါဠိ ပါဒအက္ခရာများကို ဂါထာဟု မှတ်တော်မူကြပါ။

ဥပမာ - ဂါထာများကို ပြဆိုပါအံ့။

### ဝိဇ္ဇာမယသိဒ္ဓိ မော် (၉) ဂါထာကို ပြခြင်း

(၁) ကရာကရောတမံ မောဟံ၊ ပဗ္ဗာဒေသိ နန္ဒကံ၊
မေဟတ္တာ ဗျူရုံသိဟိ၊ ဝန္ဒေသော ဒေတု မေ ဖလံ။

(၂) ယမိတဗ္ဗော ယမောဒဇ္ဇော၊ ဂမိတဗ္ဗော ဂမာဒိကော၊
ဇလံ မာရေသ၊ ယောဇနေ၊ ဝန္ဒေသော ဒေတု မေဖလံ။

ဤဂါထာ (၂) ဂါထာသည် ဉုံမပါ၊ ဩဿောင်းမပါသည့်အ

တွက် ဂါထာဟုခေါ်သည်။ ၎င်း (၂) ဂါထာသည် 'ဝိဇ္ဇာမယိဒ္ဓိ ကျမ်းဦးဂါထာ' များဖြစ်ကြ၍ ထွက်ရပ်ပေါက်ဆရာတော်များ အထူးလျှို့ဝှက်ထားသော ဂါထာများဖြစ်သည်။ နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ပါက သိဒ္ဓိအမျိုးမျိုးပြီး၏။ အန္တရာယ်ကင်း၏။ ကောင်းစွာအိပ်ရ၏။ ကောင်းစွာနိုးရ၏။ ကောင်းသောအိပ်မက် ကိုရ၏။ ဘုန်းကြီး၏။ အာဏာကြီး၏။ ဝိဇ္ဇာနတ်များ ချစ်မြတ်နိုး ၏။

## ဝိဇ္ဇာမယိဒ္ဓိ မော် (၉) ဂါထာ

(၁) ဝန္ဒိတွာ သာအဲ့ပဋ္ဌ ဂုဒ္ဓိမိရတနတ္တယံ၊ သိလာနိ ပဏိပ္ပဋ္ဌရေတွာ၊ တေသာ့ကမ္မရ မေယာဂတော။

(၂) အဆင္ဂ ဘဇ္ဇကာမေယာနိ သဗ္ဗဝ ပဏိဋ္ဌကော၊ ဣမိန ပုည့် ပရေနာဝိ သမဗ္ဗော ကရိတုံ ဣမံ။

(၃) သဗ္ဗတန္တ သိဒ္ဓေနာမိ အဋ္ဌောတဟိ ပဟန္တိဝါ၊ အန္တ ဝလ ဝါဟောမိ နသဗ္ဗော ဂတိုတုံ သဒါ။

(၄) ဆာယာ ပဗ္ဗုဒ္ဓိ နဒီ နော နသဘော၊ သဒ္ဒ မဗ္ဗုကာ၊ ခုဒ္ဒကာ ပဟန္တိ ဝိဝိ ပဟန္တိ အပ္ပကာ ကဇေ။

(၅) ဥဒကာ ကာယဇာနိကော ပဟိဒိ ပုဗ္ဗကောသဝေ သုတဗ္ဗ ရာဇကာဒိမိ ယတိဗ္ဗိက ကရောသဒါ။

(၆) ကောဗ္ဗိ ကာရာဒိ ကံသဗ္ဗံ ပုဗ္ဗိဗ္ဗိပိယ သံယုတံ သဟာဿာ ယု စိန္တာသဘော အဂ္ဂိသမံတာဝေ။

(၇) ဝိဇ္ဇာနုကူရ တဒိသဗ္ဗေ ပဿဇ္ဇေ သုတ ပဗ္ဗကော ဟော သေတွာ အဗ္ဗ သိပ္ပံ မမံ အဂ္ဂနု တော သဒါ။

(ဂ) ယရိဂါရေဂ္ဂါ နိသိန္နေ အာဝိဋ္ဌပေါ်ပါ ဝေဟန္နတော မယဂ္ဂံ ဂရံ ကရေဂ္ဂေ သဉ္စိတွာ
ပယောဂင္ဂေနေ။

(ဃ) ယထာဝုတ္တာနိ ဖလာနိ သိဒ္ဓိဉ္စတာ၊ ယထိစ္ဆိတံ၊ ဝေဘာဓာတာ၊ ပသိဒ္ဓေန၊ မဟန္တာ
အတ္တ ဒသိနာ။

ရင်းဝိဇ္ဇာမယိဒ္ဓိမော် (ဃ) ဂါထာသည် ထွက်ရပ်ပေါက်လမ်းလိုက်ကြရာတွင် များစွာအသုံးဝင်၏။ ဝိဇ္ဇာတို့၏ အတတ်မျိုးကို အလွယ်တကူ တတ်မြောက်နိုင်၏။ စုန်းမျိုး၊ နတ်မျိုး၊ ဘီလူးမျိုးကို နိုင်နင်း၏။ (၇) ရက်သားသမီးများ ချစ်ခင်လေးစား၏၊ အဆိပ်အတောက်ဟူသရွေ့ ကုသနိုင်သည်။ ဆရာမြတ်များသည် ည၊ နံနက်တိုင်း သရဇ္ဈာယ်ကြပါကုန်။ သိဒ္ဓိဝင်၏၊ အာဏာကြီးသည်ဟု မှတ်ပါ။

### သမ္ဗုဒ္ဓေဂါထာကိုပြခြင်း

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ နမာမိ သိရသာ အဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာမဟံ
နမက္ကာရာ နုဘာဝေန ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ ဝိနဿန္တု အသေသတော။

ရင်းသမ္ဗုဒ္ဓေဂါထာတော်ကို ည၊ နံနက်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဂါထာကို ရွတ်၍ တစ်နေ့လျှင် ပုတီး (၁၀)ပတ်စိပ်ခြင်းဖြင့် အန္တရာယ်ကင်းခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ အာဏာကြီးခြင်း၊

တောင့်တတိုင်းပြည့်စုံခြင်း၊ မလိုမုန်းထားသူ၏ ဘေးမှကင်းရှင်း ရခြင်း၊ ပါရမီအလျောက် သိဒ္ဓိအမျိုးမျိုးကိုရရှိ၍ မန္တန်ဝိဇ္ဇာဖြစ်စေ နိုင်ခြင်း၊ ဝိဇ္ဇာအတတ်ကိုရရှိစေနိုင်သည်။ ၎င်းပြင် အမြင်အကြား တို့မှစ၍ ရရှိကာ ဆရာမြွတ်များ ရှိသေယုံကြည်စွာ သရဏ္ဍာယ ကြပါကုန်လော။

## ရှင်သူငယ်ဂါထာတော်ကြီး

**သီရသ္မိံ (မေ) ဖုဿသေဋ္ဌော၊ သံဝိုပုတ္တော၊ ဒက္ခိဏော၊**
**ဝါမအံသေ၊ မောဂ္ဂလာနော၊ ပုရတော၊ ပိဋကတ္တယံ။**
**ပစ္ဆိမေ (မမ) အာနန္ဒော၊ စတုဒိသာ ဒိဗ္ဗာသဝါ။**
**သမန္တာ လောကာ၊ ပါလာစ၊ ဗြဟ္မဒေဝါ သဗ္ဗပဟူတာ။**
**ဧတေသံ အာနုဘာဝေန၊ သဗ္ဗေဘယ ဥပဒ္ဒဝါ။**
**အနေက အန္တရာယာပိ ဝိနဿန္တု အသေသတော။**

၎င်းရှင်သူငယ်ဂါထာသည် 'ဝင်းဂိုဏ်း' များတွင် အထွတ် အထိပ်ထားကြကုန်၏။ ကိုယ်စောင့်ဂါထာတော်ကြီးဖြစ်သည်။ နေ့၊ ညရွတ်ဖတ်ပါမူ သိဒ္ဓိတန်ခိုး ထက်လေ၏။ ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုး၊ ရောဂါအမျိုးမျိုးမှ ကင်းရှင်း၏။ အထက်ဆရာကြီး များ၊ နတ်ကြီးများ စောင့်ရှောက်သည်။

## မြတ်စွာဘုရား၏ ဂုဏ်တော်ဂါထာများ

(၁) ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော
လောကဝိဒူ အနုတ္တရောပုရိသ ဓမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

(၂) သော ဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သော ဘဂဝါ ဣတိပိ သုဂတော။
သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသ
ဓမ္မသာရထိ။
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
သော ဘဂဝါ ဣတိပိ ဘဂဝါ။

(၃) ပြောင်း နမော အရဟံ သိဒ္ဓိ ဘဂဝါ။
ပြောင်း နမော သမ္မာသမ္ဗုဒ္ဓေါ သိဒ္ဓိ ဘဂဝါ။
ပြောင်း နမော ဝိဇ္ဇာစရဏ သမ္ပန္နော သိဒ္ဓိ ဘဂဝါ။
ပြောင်း နမော သုဂတော သိဒ္ဓိ ဘဂဝါ။
ပြောင်း နမော လောကဝိဒူ သိဒ္ဓိ ဘဂဝါ။
ပြောင်း နမော အနုတ္တရော ပုရိသဓမ္မသာရထိ သိဒ္ဓိဘဂဝါ။
ပြောင်း နမော သတ္ထာဒေဝမနုဿာနံ သိဒ္ဓိ ဘဂဝါ။
ပြောင်း နမော ဗုဒ္ဓေါ သိဒ္ဓိ ဘဂဝါ
ပြောင်း နမော ဘဂဝါ သိဒ္ဓိ ဘဂဝါ။

(၄) ဣတိပိသော ဘဂဝါ အရဟံ၊ အရဟံ ဝတ သောဘဂဝါ၊
အရဟံ သရဏံ ဂစ္ဆာမိ၊ အရဟံ သိရသာ နမာမိ၊

- ထွတ်ပိုင်သော ဘဂဝါ အရဟံ။

ထွတ်ပိုင်သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါတာ၊ သော ဘဂဝါ။
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သမ္မာ သမ္ဗုဒ္ဓံ သိရသာ နမာမိ၊
ထွတ်ပိုင်သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ။

ထွတ်ပိုင်သော ဘဂဝါ ဝိဇ္ဇာစရဏ သမ္ပန္နော၊
ဝိဇ္ဇာစရဏ သမ္ပန္နော တာ သော ဘဂဝါ။
ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ၊
ထွတ်ပိုင်သော ဘဂဝါ ဝိဇ္ဇာစရဏ သမ္ပန္နော။

ထွတ်ပိုင်သော ဘဂဝါ သုဂတော၊
သုဂတော တာ သော ဘဂဝါ။
သုဂတံ သရဏံ ဂစ္ဆာမိ၊ သုဂတံ သိရသာ နမာမိ၊
ထွတ်ပိုင်သော ဘဂဝါ သုဂတော။

ထွတ်ပိုင်သော ဘဂဝါ လောကဝိဒူ၊
လောကဝိဒူ တာ သော ဘဂဝါ။
လောကဝိဒူ သရဏံ ဂစ္ဆာမိ၊ လောကဝိဒူ သိရသာ နမာမိ၊
ထွတ်ပိုင်သော ဘဂဝါ လောကဝိဒူ။

ဣတိပိသော ဘဂဝါ အနုတ္တရောပုရိသ ဓမ္မသာရထိ၊
အနုတ္တရောပုရိသ ဓမ္မသာရထိ ဝတ သော ဘဂဝါ၊
အနုတ္တရောပုရိသ ဓမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊
အနုတ္တရော ပုရိသ ဓမ္မသာရထိ သိရသာ နမာမိ၊
ဣတိပိသော ဘဂဝါ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ။

ဣတိပိသော ဘဂဝါ၊ သတ္ထာဒေဝမနုဿာနံ၊
သတ္ထာဒေဝ မနုဿာနံ ဝတ သော ဘဂဝါ၊
သတ္ထာဒေဝမနုဿာနံ၊ သရဏံ ဂစ္ဆာမိ၊
သတ္ထာဒေဝမနုဿာနံ သိရသာ နမာမိ၊
ဣတိပိသော ဘဂဝါ သတ္ထာဒေဝမနုဿာနံ။

ဣတိပိသော ဘဂဝါ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ ဝတ သောဘဂဝါ၊
ဗုဒ္ဓ သံရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ သိရသာ နမာမိ၊
ဣတိပိသော ဘဂဝါ ဗုဒ္ဓေါ။

ဣတိပိသော ဘဂဝါ၊ ဘဂဝါ၊ ဘဂဝါ ဝတ သောဘဂဝါ၊
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဘဂဝန္တံ သိရသာ နမာမိ၊
ဣတိပိသော ဘဂဝါ ဘဂဝါ။

၎င်းဂုဏ်တော်များကို ထပ်ခါတလဲလဲ သရဇ္ဈာယ်ကြစေကုန် သတည်း။ ၎င်းဂါထာတော်များသည် ဂါထာထဲတွင် အပါအဝင် ဖြစ်၍ ပုတီးစိပ်ခြင်း၊ နေ့၊ ည ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့်

အမြင်အကြားရခြင်း၊ အာဏာကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ အန္တရာယ်ကင်းရှင်းခြင်း၊ ဝိဇ္ဇာတို့၏အတတ်ကို ရရှိခြင်း၊ လူနတ် ချစ်ခင်လေးစားခြင်း စသော အကျိုးထူးတရားများကို ခံစားရပေသည်။ မဟာဂန္ဓာရီ ဝိဇ္ဇာဝင်ဆရာမြတ်များသည် အထူးလေးစားရွတ်ဖတ်ကြရမည်။ ပုတီးစိပ်ရမည်။ သရဇ္ဈာယ်ရမည်ကို အထူးသတိပြုပါ။

## အဘိညာဉ် (၆) ပါး ဂါထာကို ပြခြင်း

**ဣဒ္ဓိဝိဓ ဒိဗ္ဗသောတ။ ပရစိတ္တ ဝိဇာနနာမ ပုဗ္ဗေနိဝါသ နုဿတိ။**

**ဒိဗ္ဗစက္ခု အာသဝက္ခယ ဉာဏံ၊ အဟံ မမ။**

**ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ဣဟဟုတ်၊ ဣဟဟုတ်။**

၎င်းအဘိညာဉ် (၆) ပါးဂါထာကို သိဒ္ဓိဝင်တိုင်း၊ အဓိဋ္ဌာန်ဝင်တိုင်း ဂိုဏ်းဆိုင်ရာ အင်း၊ ဆေး၊ မှော်၊ စမများ သောက်မျိုတိုင်း (၃၇) ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ရသည်။ ထိုဂါထာကို နေ့၊ ည သရဇ္ဈာယ်ပါက အထူးထူးသော ဝိဇ္ဇာဉာဏ်များကို ရတတ်ခြင်း၊ အမြင်အကြားပေါက်ခြင်း၊ မနောမယသိဒ္ဓိပြီးခြင်း၊ အထက်ဆရာတော်များ ချစ်ခင်ခြင်း စသော အကျိုးထူးများကို ရရှိခံစားရပေမည်။

ထို ယခုပြဆိုခဲ့သော ဂါထာများသည် အရေးကြီးသော ဂါထာများပင်ဖြစ်သည်။ ဂါထာများကို မန္တန်ဖြစ်စေလိုက ရှေ့ဆုံးမှ 'ဥုံ' တပ်ပေးလျှင် မန္တန်ဖြစ်တော့၏။ ရေ ဆီများ မန်းမှုတ်ရာတွင် မန္တန်ဖြစ်အောင် 'ဥုံ' တပ်ပေးပါလေ။

ထိုမန္တန်ကို မန္တရားဖြစ်စေလိုပါက 'ဉ်' နေရာတွင် 'ဩြောင်း' တပ်ပေးပါ။ ထည့်ပေးပါ။ ထိုဂါထာသည် မန္တရားဖြစ်တော့သည်။ အရေးအကြောင်းကြီးငယ်ရှိသော် 'ဩြောင်း' ထည့်၍ မန္တရား ဖြစ်အောင် ရွတ်ဖတ်ကြပါလေ။

သူတော်ကောင်းတို့ မန္တန်၊ မန္တရားများကို များစွာအလိုရှိပါက ဆရာ့ထံတွင် ကိုယ်ထိလက်ရောက်မှတ်သားယူပါ။ ကောင်းစွာပို့ချပေးမည်ဖြစ်ပါသည်။ ဤနေရာတွင် အကျယ်ပြပါက စာရွက်ကုန်ကျမှုများပြားပြီးနောက် နောက်အခန်းများ မပြည့်စုံမည်စိုး၍ ဤနေရာတွင် အဆုံးသတ်လိုက်ပါသည်။ ကောင်းသောစိတ်ထားဖြင့် လေ့လာအားထုတ်ပါက ယခုပြဆိုခဲ့သော နည်းနိဿယနှင့်ပင် ပြည့်စုံလုံလောက်ပေပြီ။

ဤတွင် ဂါထာ၊ မန္တန်၊ မန္တရားတို့၏သဘော ပြီးပါပြီ။

## လောကီထွက်ရပ်လမ်းနှင့် လောကုတ္တရာထွက်ရပ်လမ်းများ

လောကီထွက်ရပ်လမ်းနှင့် လောကုတ္တရာထွက်ရပ်လမ်းသည် တစ်ခုနှင့်တစ်ခု မတူညီသော်လည်း၊ ကွာခြားလှသော်လည်း၊ လောကီထွက်ရပ်နှင့် လောကုတ္တရာထွက်ရပ်ကား တစ်ခုနှင့်တစ်ခု၊ တစ်လမ်းနှင့်တစ်လမ်း အမှီသဟဲပြုနေကြကုန်သည်။ ထိုအချက်ကို ဗဟုသုတပြည့်စုံ၍ ပြုကျင့်လေ့လာဖူးသော ဆရာမြွတ်များမှတစ်ပါး မသိရှိနိုင်ပေ။

လောကီထွက်ရပ်လမ်းကို လွယ်ကူစွာပေါက်မြောက်ပြီးဖြစ်ပါက လောကုတ္တရာ ထွက်ရပ်လမ်းမှာ မခဲယဉ်းတော့ပြီဟု ကျေးဇူးရှင်ဆရာတော်ကြီးများ မိန့်ဆိုတော်မူဖူး၏။ အချို့သော ပုဂ္ဂိုလ်များသည် 'လောကီထွက်ရပ်လမ်းဟာ မကောင်းဘူး၊ သံသရာလည်စေတတ်သော တရားပဲ၊ အကျင့်ပဲ' ဟု ယိုးစွပ်ပြောဆိုတတ်ကြကုန်၏။

လောကီထွက်ရပ်လမ်းသည် အလွန်ပင် ခက်ခဲသကဲ့သို့ လောကုတ္တရာထွက်ရပ်လမ်းဆိုလျှင်ကား ပြောဖွယ်ရာမရှိတော့

ပင်။ အလွန်ပင် ပေါက်ခဲ၏။ ထွက်ရပ်လမ်းကို ရောက်ခဲ၏။

လောကီထွက်ရပ်လမ်း (ခေါ်) အင်းဝိဇ္ဇာလမ်း၊ ဆေးဝိဇ္ဇာလမ်း၊ မန္တန်ဝိဇ္ဇာလမ်း၊ သမထဝိဇ္ဇာလမ်းစသည်တို့သည် သံသရာမှထွက်သည်မဟုတ်။ ဘုံ (၃၁) ဘုံမှ ထွက်သည်မဟုတ်။ လောကီလူ့ဘုံမှ ဝိဇ္ဇာလောက၊ ဝိဇ္ဇာတို့၏နေရာ တောတောင်ထဲသို့ ကူးပြောင်းသွားခြင်းကို လောကီထွက်ရပ်ဟု ဆိုသည်။ လောကီယဝိဇ္ဇာများသည် လူ့လောကကို အကြောင်းမရှိပဲ လာရောက်ရန်မလွယ်ကူလှချေ။ အကျင့်သိက္ခာကောင်းသော တပည့်သားမြေးများအား ပညာပေးရန်လည်းကောင်း၊ ညွှန်ကြားရန်လည်းကောင်း လာရောက်ကြရကုန်သည်။ (သို့မဟုတ်) လူတို့၏ ကာမဂုဏ် အညစ်အကြေး၊ လူတို့၏ အပုပ်နံ့များကို မခံနိုင်ကြ၍ မလာရောက်နိုင်ခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ လူများသည် အကုသိုလ်၊ လောဘ၊ ဒေါသကြီးမားကြ၍ ဝိဇ္ဇာများသည် လူ့လောကတွင် မနေလိုကြ။ မနေနိုင်ကြ။ လူတို့၏ အနံ့အသက်ကို မခံနိုင်ကြချေ။

ထို့ကြောင့် ဝိဇ္ဇာများသည် လူ့လောကအပြင်ဘက်ဖြစ်သော ဝိဇ္ဇာလောကသို့ ဝင်ရောက်ကြရကုန်၏။ ဝိဇ္ဇာဆိုလျှင် အချင်းချင်းသာ နေနိုင်ထိုင်နိုင်ကြကုန်၏။ သို့ဆိုသော် လောကီဝိဇ္ဇာလောကသည် ဘုံ (၃၁) ဘုံတွင် အဘယ်ဘုံဌာနတွင် တည်ရှိသနည်းဟု မေးစရာအကြောင်းရှိပေသည်။ မှန်ပေသည်။

ဝိဇ္ဇာဘုံ (ခေါ်) ဝိဇ္ဇာလောကသည် စကြဝဠာတံတိုင်းသည်လည်းကောင်း၊ ဟိမဝန္တာတောသည်လည်းကောင်း၊ တောင်စဉ်

(၇) ထပ်သည်လည်းကောင်း၊ မြင်းမိုရ်တောင် တောင်ခါးပန်းသည်လည်းကောင်း၊ ဉမင်လိုဏ်ဂူသည်လည်းကောင်း၊ ဝိဇ္ဇာတို့၏၊ ဇော်ဂျီတို့၏ ထွက်ရပ်ပေါက်တို့၏ နေရာဟု မှတ်ကြပါကုန်။

လောကီအတတ်ပညာဖြင့် ထွက်ရပ်ပေါက်ကြပေကုန်သော ဝိဇ္ဇာမိုရ်တို့သည် လူ့ထက်မက နတ်ထက်ပင်သာလွန်တန်ခိုးရှိကြကုန်၏။ လယ်တီဆရာတော် ရေးသားတော်မူသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းတွင် မန္တန်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာများသည် နတ်ပြည် (၆) ထပ်ကို တစ်မုဟုတ်ချင်း ပျံတက်လွန်မြောက်နိုင်၍ ဗြဟ္မာပြည် ပဌမဈာန် (၃၁) ဘုံတွင် တစ်ခဏချင်း၊ တစ်မုဟုတ်ချင်း၊ ထိုင်လျက်သား ပေါ်ပေါက်လာရသည်။ အလိုရှိသော တောစောင့်၊ တောင်စောင့်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသဇိုးနတ်များကို စေခိုင်းနိုင်ခြင်း၊ ဆုံးမနိုင်ခြင်း၊ ဆင့်ခေါ် စေနိုင်ခြင်းစသော တန်ခိုးဂုဏ်နှင့် ပြည့်စုံ၏။

ထိုကဲ့သို့ လောကီဝိဇ္ဇာအဖြစ်သို့ရောက်သော် မိမိရထားသော အဘိညာဉ်တို့လည်းကောင်း၊ ဝိဇ္ဇာဉာဏ်များဖြင့်လည်းကောင်း၊ လောကုတ္တရာထွက်ရပ်ကို တစ်ဆင့်တက်ပါက မိမိရထားသော ဝိဇ္ဇာဉာဏ်ဖြင့် ခန္ဓာ (၅) ပါးကိုလည်းကောင်း၊ အာယတနကိုလည်းကောင်း၊ ဓာတ်ကို လည်းကောင်း၊ ပရမတ်ကိုလည်းကောင်း မြင်နိုင်စွမ်းတော့သည်။ အဘယ်ကြောင့်ဆိုသော် အခြေခံရှိထားသောကြောင့်ဖြစ်ပါသည်။ အကျွန်ုပ်ပြဆိုခဲ့သော တက်စဉ်တွင် -

"ပညာရောက်မှ ဝိဇ္ဇာဖြစ်သည်။ ဝိဇ္ဇာဖြစ်မှ ဓာတ်စစ်၊

ကာလပ်စစ်၊ ပရမတ်စစ်ကိုမြင်နိုင်၏။ ဓာတ်စစ်၊ ကာလပ်စစ်၊ ပရမတ်စစ်ကိုမြင်မှ၊ သိမှ လောကုတ္တရာဝိဇ္ဇာဖြစ်၏။ လောကုတ္တရာ ဝိဇ္ဇာဖြစ်မှ မင်္ဂဖိုလ်နိဗ္ဗာန်ကိုရသည်"

ထိုတက်စဉ်ကိုကြည့်ရှုသော် လောကီဝိဇ္ဇာဖြစ်ပြီးပါက မိမိရထားသော လောကီဉာဏ်ဖြစ်သည့် ပရစိတ္တဝိဇာနနဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ် စသော ဝိဇ္ဇာဉာဏ်ဖြင့် ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပရမတ်ကို ဆင်ခြင်သော် မကြာမြင့်မီ အာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်နိုင်၏။ လောကုတ္တရာဝိဇ္ဇာ ဖြစ်နိုင်ကြောင်း ကျေးဇူးရှင်လေးကျွန်းပိုင် ဆရာတော်ကြီး အမိန့်ရှိတော်မူသည်။

ထို့ကြောင့် ဝိနတ္တပကာသနီကျမ်းတွင် သမထဝိဇ္ဇာများဖြစ်ကြကုန်သော(ဝါ) လောကီယဝိဇ္ဇာများဖြစ်ကြကုန်သော အာဋာရနှင့် ဥဒက ရသေ့ပုံ့ (၂) ပါးကို မြတ်စွာဘုရားနှင့် လွဲရသဖြင့် မြတ်စွာဘုရားရှင်ပင်လျှင် ရင်ဘတ်တော်ကို ရွှေလက်တော်ဖြင့် သုံးသပ်၍ အာဋာရနှင့်ဥဒက ရသေ့ (၂) ပါးအား သနားပါဘိခြင်း၊ ငါ ဘုရားနှင့်တွေ့၍ ငါဘုရား၏တရားကို ခဏပင်နာကြားရပါစေ။ အမှန်မုချ အာသဝေါကုန်၍ ရဟန္တာဖြစ်နိုင်ပေသည်ဟု ကျမ်းစာများတွင် တွေ့ရတတ်လေသည်။

ထိုအာဋာရနှင့်ဥဒက ရသေ့ပုံ့ (၂) ပါးကိုကြည့်ရှုလေ့လာခြင်းဖြင့် လောကီယဝိဇ္ဇာများသည်လည်းကောင်း၊ ဂန္ဓာရီဝိဇ္ဇာများသည်လည်းကောင်း၊ ထိုဝိဇ္ဇာများသည် သမထအကျင့်အားကောင်း၍ ဝိဇ္ဇာဖြစ်ကြသည်ဟု မှတ်ပါ။

ထိုသမထ အားကောင်းသော လောကီယဝိပဿနာများသည် အာသဝေါကုန်ခမ်းနိုင်သော လောကုတ္တရာဝိပဿနာဖြစ်ရန် မခဲယဉ်းကြောင်း လွယ်ကူကြောင်း သိနိုင်ပေသည်။ သမထနှင့်ဝိပဿနာသည် ညီအစ်ကိုဖြစ်သည်ဟု မှတ်ပါ။ ၎င်းအပြင် လောကီဝိပဿနာနှင့်လောကုတ္တရာဝိပဿနာသည် ညီအစ်ကိုဟုမှတ်ပါ။

ထို့ကြောင့် ဗုဒ္ဓနိမိတ်ရမှ သမာဓိတည်မည်။ သမာဓိတည်မှ ရုပ်နာမ်ကွဲမည်။ ရုပ်နာမ်ကွဲမှ ခန္ဓာကိုယ်မှာ ဖြစ်တာ၊ ပျက်တာ သိမည်။ ခန္ဓာကိုယ်မှာ ဖြစ်တာ၊ ပျက်တာသိမှ (၃၁) ဘုံမှာ ဖြစ်တာ ပျက်တာသိမည် ဟု ပညာရှင်များ မိန့်ဆိုဖူးလေသည်။ ထို့ကြောင့် လောကီထွက်ရပ်လမ်းနှင့် လောကုတ္တရာထွက်ရပ်လမ်းသည် ညီအစ်ကိုဖြစ်ကြောင်း သတိပြုပါ။

## ပညာအမျိုးမျိုးကို ပြခြင်း

ဆရာတစ်ဦးသည် အရေးအကြောင်းကြီးငယ်ရှိလျှင် ပဌမ စူဠဂန္ဓာရီပညာရပ်များဖြင့် စီရင်လုပ်ကိုင်ရာ၏။ သို့မှမရပါက မဇ္ဈိမဂန္ဓာရီပညာဖြင့် ပြုလုပ်စီရင်ရာ၏။ သို့မှမရပါက မဟာ ဂန္ဓာရီပညာမြတ်ဖြင့် စီရင်လုပ်ကိုင်ရာ၏။ ထို့ကြောင့် ကောင်း သောပညာဖြစ်စေ၊ မကောင်းသောပညာဖြစ်စေ၊ ချိန်ဆ၍သုံး သင့်က သုံးစွဲရပြီး မသုံးသင့်က မသုံးစွဲရသည်ကို 'ဆရာ' ဟု ဆိုနိုင်သည်။ ပညာရပ်အမျိုးမျိုးကို ပြဆိုရာ၌ -

(၁) အောက်လမ်းပညာ။

၎င်းပညာရပ်သည် များသောအားဖြင့် သူတစ်ထူးကို နှိပ် စက်နိုင်လေ၊ လူသတ်နိုင်လေ၊ ညစ်ညမ်းစွာနေထိုင်နိုင်လေ၊ ညစ် ညမ်းသောစိတ်၊ ယုတ်မာသောစိတ်ကိုမွေးနိုင်လေ အောက်လမ်း ပညာရပ်သည် ပေါက်လွယ်၏။ မြင်လွယ်၏။ သိလွယ်၏။ တတ် လွယ်၏။ အစွမ်းထက်တော့သည်။

(၂) အထက်လမ်း (ခေါ်) မဟာဂန္ဓာရီပညာရပ်။

ငင်းပညာရပ်သည် များသောအားဖြင့် သန့်ရှင်းနိုင်လေ၊ သီလစင်ကြယ်နိုင်လေ၊ မေတ္တာပွားများနိုင်လေ၊ သမာဓိတရားရှိနိုင်လေ၊ စိတ်ကောင်းစေတနာကောင်း ရှိနိုင်လေ အစွမ်းထက်၏။ သိလွယ်၏။ မြင်လွယ်၏။ တတ်လွယ်၏။

ထိုပညာ (၂) ပါးကို ဆရာမြတ်များ ကြည့်ရှုကြပါကုန်။ အောက်လမ်းပညာနှင့် အထက်လမ်းပညာတို့၏ တစ်ခုနှင့်တစ်ခု တစ်ပညာနှင့်တစ်ပညာ ကွာခြားမှု၊ ဆန့်ကျင်ဘက်တရားများ ဖြစ်ကြောင်းကို သိသာနိုင်လေသည်။

သို့ဖြစ်၍ အောက်လမ်းပညာ (ခေါ်) စူဠဂန္ဓာရီပညာ၏ သဘောကား -

(၁) ပုတ္တလာကတိုက်နည်းပညာများ။
(၂) ရှုးအောင် အင်းဖြင့်မြုပ်၍တိုက်နည်းပညာများ။
(၃) သေအောင် အင်းဖြင့်မြုပ်၍တိုက်နည်းပညာများ။
(၄) စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေအပေါင်းတို့အား လောင်တိုက်ကြီးအင်း၊ လောင်တိုက်ကလေးအင်းဖြင့် မီးတိုက်နည်းပညာ။
(၅) ပေတကင်းသင်းအင်းများဖြင့် သေအောင်၊ ရှုးအောင်၊ ငိုအောင်၊ လင်မယားကွဲအောင် တိုက်နည်းပညာ။
(၆) ပလောင်မသားကျူးမန္တရားဖြင့် လူသတ်နည်း၊ သူ့ခိုးဖမ်းနည်း၊ ခြေချုပ်နည်း၊ တန်ပြန်နည်းပညာများ။
(၇) နတ်တိုက်နည်းပညာ။

(၈) တန္တေ၊ သရဲ တိုက်နည်းပညာ။

(၉) ဖုတ်ဖြင့်တိုက်နည်းပညာ။

(၁၀)ခြေရာကောက် တိုက်နည်းပညာ။

(၁၁)တိုက်နည်းပညာ

စသည်ဖြင့် ပညာရပ်ပေါင်းများစွာဖြင့် တိုက်ကြ၏။ ခိုက်ကြ၏။ စီရင်ကြသည်။ ထို့အပြင် -

(၁) ကြွတ်လိတ်သေအတတ်။

(၂) ခွေးရှင်မြှု မြှုစားနည်းအတတ်။

(၃) နဂါးမျက်စောင်းတိုက်နည်းပညာ။

(၄) စုန်းသတ်၊ နတ်သတ်ပညာ။

(၅) စက်ဖြတ်ပညာ။

(၆) ပညာဖျက်၊ အတတ်ဖျက်ပညာ။

(၇) နာမ်နှိမ်၊ ရုပ်နှိမ်ပညာ။

(၈) ရုပ်လဲပညာ။

(၉) ဆေးတိုက်ပညာ

စသည်များလည်း များစွာရှိလေသည်။ အချို့သော စူဠဂန္ဓာရီများသည် စုန်း၊ ကဝေများဖြင့် ပေါင်းသင်း၍ အတိုက်အမျိုးမျိုးကို စီရင်ကြကုန်သေးသည်။

အကြင်ပညာရှိတို့သည် အောက်လမ်းပညာတို့၏ ပရိယာယ်၊ စုန်းကဝေပညာမျိုးတို့၏ ပရိယာယ်များကို ကျွမ်းကျင်လိမ္မာစွာ သိထားပါမှ အရာရာတွင် အောင်မြင်နိုင်မည်ဖြစ်ပေသတည်း။

ထိုပညာရပ်များသည် မကောင်းသောပညာရပ်များဖြစ်ကြကုန်၏။ သို့သော် ဆရာတစ်ဆူ ထွက်ရပ်လမ်းကိုအထိ ရည်မှန်းထားပါက ပညာမှန်သမျှကို သိထားရမည်။ တတ်ထားရမည်။ သို့မှအရာရာတွင် ကျွမ်းကျင်လိမ္မာသော သမားကောင်းတစ်ဆူ၊ ဆရာကောင်းတစ်ပါး၊ ပညာရှင်ဝိဇ္ဇာတစ်ပါးဖြစ်လာပေမည်ဖြစ်ကြောင်း။

မဟာဂန္ဓာရီပညာရပ် (ခေါ်) အထက်လမ်းပညာရပ်များကား ပညာဖြစ်ခဲ၏။ ပညာရှိခဲ၏။ ပညာရခဲ၏။ နေ့ ညမဟူ ကြိုးစားနိုင်ပါမှ ပညာဖြစ်သည်။ သို့မဟုတ်က မဖြစ်ပါ။ လွယ်လွယ်နှင့်ကား မရရှိနိုင်ချေ။ အောက်လမ်းပညာကား လွယ်၏။ မကောင်းသောပညာဖြစ်၍ တတ်လွယ်၏၊ သိလွယ်၏။ ကောင်းသောပညာရပ်များကား တတ်မြောက်ခဲ၏။ သိနိုင်ခဲ၏။ ဥပမာ - လောကတွင် လူမိုက်အလုပ်သည် ခဏချင်း၊ မိနစ်ချင်း၊ နာရီချင်းဖြစ်နိုင်သကဲ့သို့ လူကောင်းအဖြစ်ဆိုသည်မှာ တစ်ကမ္ဘာကျင့်ကြံအားထုတ်သော်လည်း ဖြစ်ခဲ၏၊ ရခဲ၏။ ထိုနည်းတူစွာ မကောင်းသော ပညာရပ်သည် တတ်မြောက်လွယ်၏၊ ကောင်းသောပညာရပ်သည် တတ်မြောက်ရန် မလွယ်ကူကြောင်း မှတ်ကြပါ။

ကောင်းသောမဟာဂန္ဓာရီ အထက်လမ်းပညာရပ်များကား

(၁) အင်းဖြင့်တိုက်နည်း၊ ခိုက်နည်းပညာ

(၂) ပယောဂကုသနိုင်သော၊ ပယောဂပညာ။

(၃) ဆေးဖြင့်တိုက်နည်း၊ ခိုက်နည်းပညာ။

(၄) ဂါထာမန္တန်ဖြင့် တိုက်နည်း ခိုက်နည်းပညာ။
(၅) အင်္ဂဝိဇ္ဇာ၊ ဓာတ်မိုက်၊ ဓာတ်ဆင်ပညာ။
(၆) ရတနာဒိပံ အစီအရင်ပညာရပ်များ။
(၇) အင်းအတတ်၊ ဆေးအတတ်၊ ပြဒါးအတတ်၊ သံအတတ် ပညာ။
(၈) နတ်မှော်၊ ဝိဇ္ဇာမှော်၊ ဆေးမှော်၊ အင်းမှော်၊ မန္တန်၊ ဂါထာ မှော်၊ ဆီမှော်၊ ရေမှော်၊ ဘုရားမှော်၊ စာမမှော်ပညာရပ်များ။
(၉) နက္ခတ်ပညာ၊ ဓာတ်ပညာ၊ စာမပညာများ။
(၁၀)နတ်တိုက်နည်းပညာများ။
(၁၁)ရက္ခစိုးတိုက်နည်း ပညာများ။
(၁၂)ဝိဇ္ဇာတိုက်နည်းပညာများ။
(၁၃)ဂိုဏ်းဖြင့်တိုက်နည်း ပညာများ။
(၁၄)ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ ပညာရပ်များ။
(၁၅)ကာယသိဒ္ဓိ၊ ဘယာသိဒ္ဓိ ပညာရပ်များ။
(၁၆)ဘုမ္မိရတ်ဆိုင်ရာ သိုက်တူး၊ သိုက်ဖွင့်ပညာများ။
(၁၇)ဗေဒင်လက္ခဏာ၊ ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာပညာ။
(၁၈)ဝိဇ္ဇာမယအတတ်ပညာများ။
(၁၉)ဣဒ္ဓိမယ အတတ်ပညာများ။
(၂၀)အင်းဖြင့်ကာနည်း၊ ကွယ်နည်း၊ ခံနည်း၊ နှိမ်နည်းပညာ။
(၂၁)ဆေးဖြင့်ကာနည်း၊ ကွယ်နည်း၊ ခံနည်း၊ နှိမ်နည်းပညာ။
(၂၂)ဂါထာဖြင့်ကာနည်း၊ ကွယ်နည်း၊ ခံနည်း၊ နှိမ်နည်းပညာ။
(၂၃)စာမဖြင့်ကာနည်း၊ ကွယ်နည်း၊ ခံနည်း၊ နှိမ်နည်းပညာ။

(၂၄)လက်ဖွဲ့ဖြင့် ကာနည်း၊ ကွယ်နည်း၊ ခံနည်း၊ နှိမ်နည်းပညာ။
(၂၅)ရုပ်ဖြင့်ကာနည်း၊ ကွယ်နည်း၊ ခံနည်း၊ နှိမ်နည်းပညာ။
(၂၆)ပဋ္ဌမ်ရုပ် ဆေး၊ အင်း၊ စာမ အတတ်ပညာများ။
(၂၇)စေပိုင်၊ အာဏာပိုင်တို့၏ ပညာရပ်များ

စသည်ဖြင့် ပညာရပ်ပေါင်းများစွာရှိပေသည်။ ပညာရပ်များသည် ကောင်းသောစိတ်ထား၊ ကောင်းသောအကျင့်ရှိသူများ၊ လေ့လာလိုက်စားအားထုတ်မှရမည့် ပညာရပ်များဖြစ်ပါသည်။ အလွန်ပင်နက်နဲ၏။ ခက်ခဲ၏။ တန်ရုံပါရမီ၊ ဥာဏ်၊ ဝီရိယဖြင့် မရနိုင်ပေ။ တော်ရုံတန်ရုံ သစ္စာ သမာဓိနှင့်လည်း မဖြစ်မြောက်နိုင်ပေ။ အကျင့်သီလ၊ သိက္ခာကောင်းပါမှ ပညာရပ်များကို တတ်မြောက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဤတွင် ပညာအမျိုးမျိုးကိုပြခြင်း ပြီးစီးပါပြီ။

## အမိဋ္ဌာန်သစ္စာပြဒ်ီ ဗညာပြဒ်ဖုံ

သံစ္စာတရား၊ အမိဋ္ဌာန်တရားသည် ဝိနည်းဂိုဏ်းမှန်သမျှတွင်လည်းကောင်း၊ မဟာဂန္ထာရိပညာရပ်များကို ဆည်းပူးအားထုတ်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း မရှိလျှင်မဖြစ်သော တရားများဖြစ်ပါသည်။

လောကီပညာစဉ်တွင်လည်းကောင်း၊ လောကုတ္တရာပညာစဉ်တွင်လည်းကောင်း၊ လောကီနယ်တွင်လည်းကောင်း၊ လောကုတ္တရာနယ်တွင်လည်းကောင်း၊ သစ္စာတရား အမိဋ္ဌာန်တရားသည် အထူးအရေးကြီးကြောင်း၊ အထူးအားထားရကြောင်း သိရှိနိုင်လေသည်။

(ဥပမာ) စစ်တပ်အဖွဲ့အစည်းတွင်လည်းကောင်း၊ ကျောင်းအဖွဲ့အစည်းတွင်လည်းကောင်း၊ တရားရုံးများတွင်လည်းကောင်း အခြားသော ကမ္ဘာ့အဖွဲ့အစည်းများတွင်လည်းကောင်း၊ မိမိတို့၏ သက်ဆိုင်ရာ သစ္စာအမိဋ္ဌာန်များကို သိဆိုကြရ၏။ ပြုကြရ၏။ အလေးထားကြရသည်ဟု မှတ်ပါ။

သစ္စာတရား၊ အဓိဋ္ဌာန်တရားမှုမရှိလျှင် မည်သည့်ကိစ္စမဟူ အောင်မြင်မည်ဟု အကျွန်ုပ်မယူဆ၊ သစ္စာတရား အဓိဋ္ဌာန် တရားရှိမှသာလျှင် အစစအရာရာအောင်မြင်မည်ဟု ထင်မှတ် ပါသည်။

သစ္စာတရား၊ အဓိဋ္ဌာန်တရားသည် ပညာကိုဖြစ်စေပါ သည်။ အဘယ်ကဲ့သို့ ပညာကိုဖြစ်စေပါသနည်းဟူမူ ရှေးစကား ပုံများတွင် 'သစ္စာ သမာဓိ မှန်ကန်က နွယ်မြက်သစ်ပင် ဆေး ဖက်ဝင်သည်' ဆိုသောကြောင့် သစ္စာတရားသည် အဘယ်မျှ ထိရောက်ကြောင်း သိသာလှပေသည်။ သို့ဖြစ်၍ သစ္စာတရား ဖြင့် အဓိဋ္ဌာန်တရားဖြင့် ပညာဖြစ်အောင် အားထုတ်နည်း အစဉ် ကို နည်းရအောင် တင်ပြပါအံ့။

ပဌမ။ ။ (၅) ပါးသီလကို လုံခြုံစွာ ခံယူဆောက်တည်ရာ သည်။

ဒုတိယ။ ။ ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရယျကံ ၎င်း ကံ (၂) ပါးကို ကာယကံမြောက် မဖြစ်မှား၊ မကျူး လွန်ရန် သစ္စာပြုရမည်။

ဘုရားထံတွင် ပြုရမည်ကို ဆိုသည်။

တတိယ။ ။ သာသနာတော်စောင့်နတ်ကြီးများကို ရည်စူး၍ ငှက်ပျောပွဲ၊ (ကန်တော့ပွဲ) ၅ ပွဲ ပြင်ရသည်။

စတုတ္ထ။ ။ ပိတ်ဖြူစင်ကြယ်ဝတ်၍ ခန္ဓာကိုယ်သန့်ရှင်းစေရ သည်။

ပဉ္စမ။ ။ သာသနာတော်စောင့်နတ်ကြီးများကို (၇) ကြိမ် ပင့်

ခေါ်၍ ဘုရားထံတွင် သစ္စာပြုထားသော ကံ (၂) ပါးကို ထပ်၍ သစ္စာပြုပါ။

ဆ၃မ။ ။ နှုတ်သား၊ ဝက်သား၊ ကျွဲသား၊ ဤအသား (၃) သားကိုလည်း သိလျက်နှင့်မစားမသောက်ပါဟု နတ်မင်းကြီးများထံတွင် သစ္စာထပ်၍ပြုပါ။

သတ္တမ။ ။ ဤကဲ့သို့ အကျွန်ုပ် (. . . . . .) နေ့ သား၊ သမီးသည် မြတ်စွာဘုရား၏ရှေ့မှောက်မှစ၍ သာသနာတော်စောင့်နတ်မင်းကြီးများထံ မှန်ကန်သောသစ္စာတော်များကို တစ်သက်တာပတ်လုံး (. . . . . . . . .) ယခု ယနေ့မှစ၍ အသက်ထက်ဆုံး ဆောက်တည်ထိန်းသိမ်းပါမည်။

မှန်ကန်သောသစ္စာတရားကြောင့်လည်းကောင်း၊ မှန်ကန်သောသစ္စာကို ဆိုရ၊ ပြုရသောကောင်းမှုကြောင့် တပည့်တော် (နာမည်ထည့်) သည် သာသနာတော်စောင့် နတ်မင်းကြီးများ၏တန်ခိုး အမျိုးမျိုး၊ ပညာအမျိုးမျိုး၊ အာဏာအမျိုးမျိုးကို ပိုင်ဆိုင်ပြီးစီးရပါလို၏ ဘုရား။ ဘုမ္မစိုးတို့၏ အတတ်ပညာ၊ ရုက္ခစိုးတို့၏အတတ်၊ အာကာသစိုးနတ်တို့၏ အတတ်မျိုးကို ပိုင်စိုးရပါစေသတည်း။ ဝိဇ္ဇာတို့၏ အတတ်ကို ပိုင်ဆိုင်ရ၍ သိဒ္ဓိအမျိုးမျိုးကို ပေါက်ရောက်ကာ မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန်မုချရောက်ရပါစေသတည်း။

(ပထဝီမြေသုဓမ္မနှင့် ပရမေမြတ်၊ ငါးထပ် အာလိန် တာဝတိံက ဒေဝိန်သိကြား၊ သာသနာတော်ကို များစွာစောင့်ကြပ်နတ်မင်းမြတ်တို့ သိတော်မူကြ ပါစေသတည်း။ ကြားတော်မူကြပါစေသတည်း။ အသိသက်သေဖြစ်တော်မူကြပါစေသတည်း) ဟု (၃) ကြိမ် ဆိုပါလေ။ သစ္စာရေကိုလည်း သောက် ပါလေ။

အဋ္ဌမ။ ။စကားနည်းစေ၍ အသက်သတ်လွတ်စားရမည်။ တစ်ခါစားလျှင် အဓိဋ္ဌာန်ဖြင့် (၂၇) ရက်တိတိ အဓိဋ္ဌာန်ပြု၍ စားရမည်။ မြတ်စွာဘုရားထံတွင် လည်းကောင်း၊ ကန်တော့ပွဲရှေ့၊ နတ်မင်းကြီးများ ထံတွင် လည်းကောင်း လက်အုပ်ချီလျက် (၃) ကြိမ် အဓိဋ္ဌာန်ပြုရသည်။ ပြုရန် အစီအစဉ်ကား - သာသနာတော်စောင့် နတ်မင်းကြီးများအပေါင်းတို့ အကျွန်ုပ် (. . . . . နေ့သား) (နာမည်ထည့်) သည် ယနေ့ယခုမှစ၍ ရက်ပေါင်း (၂၇) ရက်တိတိ သူတစ်ပါးတို့၏ အသွေးအသား၊ အသက်ဟူသမျှ ကို သိလျက်နှင့် မစားမသောက်ဘဲ ရက်ပေါင်း (၂၇) ရက်တိတိ (သူတစ်ပါးတို့၏) အသက်သတ် လွတ်စားမည်ဟု အဓိဋ္ဌာန်ပြုပါသည်။ မှန်ကန် သောအဓိဋ္ဌာန်ကိုပြုသောကောင်းမှုကြောင့်လည်း ကောင်း၊ အသက်သတ်လွတ် (၂၇) ရက်တိတိ စား

ရသောကောင်းမှုကြောင့်လည်းကောင်း၊ အကျွန်ုပ်သည် သာသနာတော်စောင့်နတ်မင်းကြီးများ၏ တန်ခိုးအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ အာဏာအမျိုးမျိုးတို့ ပိုင်ဆိုင်ပြီးစီးရပါစေသတည်း။ ဘုမ္မစိုးတို့၏အတတ်၊ ရုက္ခစိုးတို့၏အတတ်၊ အာကာသစိုးနတ်တို့၏အတတ်မျိုးများကို ပိုင်စိုးရပါစေသတည်း။ အလုံးစုံသော သမ္မာဒေဝနတ်များ၊ သာသနာစောင့်နတ်မင်းများသည် အကျွန်ုပ်အား ရင်ဝယ်သားကဲ့သို့ ချစ်ခင်လေးစားကြစေကုန်သတည်း။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့၏အတတ်များကို ပိုင်ဆိုင်ရ၍ သိဒ္ဓိအမျိုးမျိုးပေါက်ရောက်ကာ မဂ်ဖိုလ်နိဗ္ဗာန်အမှန်ရောက်ရပါစေသတည်း။ (ပထဝီသုန္ဒြေနှင့်ပရမေမြတ်၊ ငါးထပ်အာလိန်၊ တာဝတိံကဲ၊ ဒေဝိန်သိကြား၊ ဘုမ္မာဒေဝါ၊ သာသနာတော်ကို များစွာစောင့်ကြပ်နတ်မင်းမြတ်တို့ အသိသက်သေဖြစ်ကြပါစေသတည်း။ အထက်ဆရာကြီးများသိတော်မူကြပါစေကုန်သတည်း။ ။

နဝမ။ ။ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ တိ၊ နမာမိ။ ။

ရှင်းဂုဏ်တော်ကိုးပါးကို အစမှအဆုံးထိရွတ်၍ ပုတီးစိပ်ရ

မည်။ အသက်သတ်လွတ် (၂၇) ရက်စားနေစဉ် ၎င်းပုတီးစိပ်ကို (၁၀၈) လုံးပါသော ပုတီးစိပ်ကို (၉) ပတ်စိပ်ရသည်။ အဓိဋ္ဌာန် ပြုရမည်မှာ - 'ငါသည် အသက်သတ်လွတ်စားသော (၂၇) ရက် ကာလပတ်လုံး ဘုရားဂုဏ်တော်ကိုးပါးစလုံးကိုရွတ်၍ ဂုဏ် တော်ကိုးပါးလျှင် ပုတီးတစ်လုံးကျဖြင့် တစ်နေ့လျှင် ပုတီး (၉) ပတ်စိပ်ပါသည်။ ထိုသို့ တစ်နေ့လျှင် ပုတီး (၉) ပတ်စိပ်၍ အဓိဋ္ဌာန်ရက် (၂၇) ရက်ပတ်လုံး မပျက်မကွက်ဘဲ အဓိဋ္ဌာန်ပြု ပုတီးစိပ်၍ပြီးစီးပါပြီ။ မှန်ကန်သော သစ္စာအဓိဋ္ဌာန်တရား ကြောင့် ၎င်းအဓိဋ္ဌာန်၏တန်ခိုးအားကြောင့်လည်းကောင်း၊ အကျွန်ုပ်သည် အာဏာပိုင်ရပါလို၏။ စေပိုင်ရပါလို၏။ ထွက် စာမ၊ ဝင်စာမ၊ ထိန်းစာမ၊ သိမ်းစာမစသော စာမ (၄) လုံးကို ပိုင်ဆိုင်ရပါလို၏။ နတ်တို့၏ ပညာ၊ အာဏာ၊ ဝိဇ္ဇာတို့၏ ပညာ၊ အာဏာများကို ပြီးစီးတတ်မြောက်ရ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန် ဝင်စံရပါစေသတည်း။ ။

ဒသမ။ ။ ညစဉ် နံနက်စဉ် (နံနက်တိုင်း၊ ညတိုင်း) အမျှဝေ ပါ။ မေတ္တာပို့ပါ။ နတ်များ၊ ဝိဇ္ဇာများ၊ သတ္တဝါများ ကို အမျှဝေမေတ္တာပို့ပါ။ အဆင့် (၁၀) ဆင့်ခွဲ၍ပြ ထားသည်။ ပဌမအဆင့်၊ ဒုတိယအဆင့်၊ တတိယ အဆင့်၊ စတုတ္ထအဆင့်၊ ပဥ္စမအဆင့်၊ ဆဋ္ဌမ အဆင့်၊ သတ္တမအဆင့်၊ အဋ္ဌမအဆင့်၊ နဝမ အဆင့်၊ ဒသမအဆင့် စသည်ဖြင့် (၁၀) ဆင့် ခွဲပြ ထားသည်။

ထိုသစ္စာအဓိဋ္ဌာန်ဖြင့် ပညာဖြစ်ပုံကို တစ်နှစ်လျှင် (၁၂) လရှိသည့်အနက် တစ်နှစ်လျှင် (၃) ကြိမ်ပြုလုပ် အဓိဋ္ဌာန်ပြုပေးရမည်။

တစ်ကြိမ် သစ္စာအဓိဋ္ဌာန်ဝင်လျှင် ရက်ပေါင်း (၂၇) ရက် ဖြစ်စေရမည်။ အဓိဋ္ဌာန်ဝင်စဉ် ရက်ပေါင်း (၂၇) ရက်အတွင်း အထက်ပါ ပြဆိုခဲ့ပြီးသော သစ္စာပြုပုံ၊ အဓိဋ္ဌာန်ပြုပုံ၊ ဆုတောင်းခန်းများကို နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ (၃) ကြိမ် သစ္စာပြုရမည်။ အဓိဋ္ဌာန်ပြုပေးရမည်။ ဆုတောင်းပေးရမည်။

တစ်နှစ်အတွင်း (၃) ကြိမ်၊ သစ္စာအဓိဋ္ဌာန်ဝင်မိလျှင် အောင်မြင်လျှင် ဝိဇ္ဇာတို့၏ ပညာ၊ နတ်တို့၏ ပညာကိုရတော့သည်။ အမြင်အကြား ပေါက်နိုင်သည်။ အာဏာပိုင် စေပိုင်ဖြစ်နိုင်သည်။ တောင့်တတိုင်းရရှိပြည့်စုံနိုင်တော့သည်။

## မန္တန်၊ မန္တရားဖြင့် ပညာဖြစ်ပုံ

ပညာလိုလားသော အမျိုးကောင်းသားတို့သည် မန္တန်၊ မန္တရားဂါထာများဖြင့် ပညာဝင်ပုံ၊ ပညာတတ်ပုံ၊ ပညာဖြစ်ပုံကို ပြသပါမည်။ အထူးကြိုးစားအားထုတ်ကြရပေမည်။

(၁) မြတ်စွာဘုရား၏ရှေ့တော်တွင် မြတ်စွာဘုရားနှင့် အနန္တ (၅) ပါးအား ထီး၊ တံခွန်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း ဆက်ကပ်ရမည်။

(၂) သာသနာတော်စောင့်နတ်မင်းကြီးများအတွက် ကန်တော့ပွဲ (၅) ပွဲပြင်ရမည်။ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ စသော စတုမဟာရာဇ်နတ်ကြီး (၄) ပါး၊ သိကြားမင်း၊ သူရဿတီမယ်တော်၊ သာသနာ (၅၀၀၀) အကျိုးဆောင်ကုန်သော နတ်မင်းကြီးများအား ကန်တော့ပွဲ (၅) ပွဲကို လှူဒါန်းပါ။ ပင့်ခေါ် ရမည်။ (၃) ခေါက်။

(၃) (၅) ပါးသီလကို ခံယူရမည်။ ၎င်းမြင် ကာမေသု မိစ္ဆာစရ ကံနှင့် သုရာမေရယျ၊ ၎င်း ကံ (၂)ပါးကို အသက်ရှိသရွေ့ (အ

သက်ထက်ဆုံး၊ အသက်ရှိနေသရွေ့ ကာလပတ်လုံး) ကာယ ကံမြောက် မပြစ်မှား၊ မကျူးလွန်ရန် ကန်တော့ပွဲရှေ့တွင် သစ္စာ ပြုလေ။ ဤသို့ သစ္စာပြုရသော ကောင်းမှုကြောင့် ဝိဇ္ဇာတို့၏ အတတ်ပညာမျိုး၊ နတ်တို့၏ အတတ်ပညာမျိုးကို ပိုင်စိုးရ၍ အာဏာကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ ပညာကြီးခြင်း၊ သိဒ္ဓိကြီးခြင်း နှင့် ပြည့်စုံ၍ စေပိုင်၊ အာဏာပိုင်ဖြစ်ကာ နိဗ္ဗာန်ကို မျက်မှောက် ပြုရပါစေသတည်း။ (ပထဝီ၊ မြေ၊ သုန္ဒြေနှင့် ပရမေမြတ်ငါးထပ် အာလိန်၊ တာဝတိံက၊ ဒေဝိန်သိကြား၊ ဘုမ္မာဒေဝါ၊ သာသနာ တော်ကို များစွာစောင့်ကြပ်၊ နတ်မင်းမြတ်တို့ သိရှိကြစေကုန် သတည်း။ အထက်ဆရာကြီးများ အသိသက်သေဖြစ်ပါစေ သတည်း)

(၄) နွားသား၊ ဝက်သား၊ ကျွဲသား၊ ငှင်းအသား (၃) သားတို့ကို မစားမသောက်ပါ။ သိလျက်သားနှင့် မစားမသောက်ပါဟု ထပ် ၍ သစ္စာပြုပါ။ ဤသို့ သစ္စာပြုရသော ကောင်းမှုကြောင့်၊ ဝိဇ္ဇာ တို့၏ အတတ်ပညာမျိုး၊ နတ်တို့၏ အတတ်ပညာမျိုးကို ပိုင်စိုး ရ၍ အာဏာကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ ပညာကြီးခြင်း၊ သိဒ္ဓိကြီး ခြင်းနှင့် ပြည့်စုံ၍ စေပိုင်၊ အာဏာပိုင်ဖြစ်ကာ နိဗ္ဗာန်ကို မျက် မှောက်ပြုရပါစေသတည်း။ ပထဝီ၊ မြေ၊ သုန္ဒြေနှင့် ပရမေမြတ် ငါးထပ်၊ အာလိန်တာဝတိံက၊ ဒေဝိန်သိကြား၊ ဘုမ္မာဒေဝါ၊ သာ နာတော်ကို များစွာစောင့်ကြပ်နတ်မင်းမြတ်ကို သိရှိကြစေ ကုန်သတည်း။ (၃) ကြိမ် သစ္စာပြုပါ။ အထက်ဆရာကြီးများ အသိသက်သေ ဖြစ်ပါစေသတည်း။

(၅) အလုံးစုံသော သမ္မာဒေဝနတ်၊ သာသနာစောင့် နတ်မင်းအပေါင်းတို့ အကျွန်ုပ် (. . . . . နေသား) သည် ယနေ့ယခုအချိန်အခါမှစ၍ သာသနာပြုလို၍ ဝိဇ္ဇာပညာ၊ နတ်ပညာ၊ ထွက်ရပ်ပညာ၊ သိဒ္ဓိပညာများကို အလိုရှိတတ်မြောက်လိုလှပါ၍ မှန်ကန်သော၊ သီလများ၊ ကံများ၊ တိကျသော သစ္စာများကို နတ်မင်းများတို့၏ ရှေ့တော်၌ အဓိဋ္ဌာန်ပြုအပ်ပါပြီ။ ဤသို့ပြုပြီး၍ ပထဝီဇယမန္တန်ဖြင့် ပညာများပိုင်ဆိုင်အောင် ဝိဇ္ဇာဉာဏ်များ၊ နတ်တို့၏ အတတ်များရရှိအောင်၊ ပြီးစီးအောင်၊ စောင့်မကြည့်ရှုစောင့်ရှောက်တော်မူပါ။ ယနေ့မှစ၍ (၄၅) ရက်တိတိ ပထဝီဇယမန္တန်တော်ကို နံနက်ပိုင်းတွင် (၂၇) ခေါက်၊ ညနေမွန်းလွဲပိုင်းတွင် (၂၇) ခေါက်၊ ညပိုင်းတွင် (၂၇) ခေါက်တိတိရွတ်ဖတ်သရဇ္ဈာယ်ပါမည်။

ထို (၄၅) ရက် မန္တန်အဓိဋ္ဌာန်ဝင်ရွတ် ဖတ်သရဇ္ဈာယ်ရသော အဓိဋ္ဌာန်ကြီးအောင်မြင်ခဲ့သည်ရှိသော် အာဏာကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ ဘုန်းကြီးခြင်း၊ စုန်း၊ ကဝေ၊ အစိမ်းသရဲ နတ်ဆိုးနတ်ဝါးများကို နိုင်နင်းခြင်း၊ သိဒ္ဓိ (၁၀) ပါး ပြီးစီးခြင်း၊ ဝိဇ္ဇာဉာဏ်များပေါက်ရောက်ခြင်း၊ စေပိုင်၊ အာဏာပိုင်ဘဝဖြစ်ရ၍ နိဗ္ဗာန်ကိုဝင်စံရပါစေသတည်း။ ပထဝီ မြေ သုန္ဒြေနှင့် ပရမေမြတ်၊ ငါးထပ်အာလိန်၊ တာဝတိံက၊ ဒေဝိန်သိကြား၊ ဘုမ္မာဒေဝါသာသနာတော်ကို များစွာစောင့်ကြပ် နတ်မင်းမြတ်တို့ သိတော်မူကြပါစေသတည်း။

(၆) ပထဝီဇယမန္တန်တော် (၁၄) ပုဒ်ကို မနက်ပိုင်း (၂၇) ခေါက်

သရဇ္ဈာယ်ပါ။ မွန်းလွဲ ညနေပိုင်း (၂၇) ခေါက်သရဇ္ဈာယ်ပါ။ ညပိုင်း (၂၇) ခေါက် သရဇ္ဈာယ်ပါ။ စားသောက်သော်၊ အသက်သတ်လွတ်စားရမည်။ အဓိဋ္ဌာန်ရက်ကကျော်မှ ပန်းစုံစားနိုင်သည်။ အဓိဋ္ဌာန်ပညာဝင်ရက် အတောအတွင်း သတ်သတ်လွတ်စားပါ။ စားသဖြင့် ထမင်း၊ ဟင်း၊ ရေ စသည်များကို (၄၅) ရက် မပျက်ကွက်စေရဘဲ မန္တန်ဖြင့် (၉) ခေါက်တိတိမန်း၍ စားသောက်ရမည်။

(၇) (၄၅) ရက်စေ့၍ အဓိဋ္ဌာန်အောင်မြင်လျှင် ဘုရားရှေ့ ကန်တော့ပွဲများရှေ့တွင်ထိုင်၍ လက်အုပ်ချီကာ (၂၇) ကြိမ် ဆုတောင်းလေ။ 'အကျွန်ုပ် (. . . . နေ့သား) သည် (၄၅) ရက် တိတိ အသက်သတ်လွတ်စားရသော ကောင်းမှုအကျိုးအားကြောင့် ၎င်း (၄၅) ရက်တိတိ အဓိဋ္ဌာန်ပြု၍ ပထဝီဇယမန္တန်တော်ကို သရဇ္ဈာယ်ရသော ကောင်းမှုအကျိုးအားကြောင့်လည်းကောင်း၊ အကျွန်ုပ် (. . . . . နေ့သား) သည် စုန်းမျိုး (၁၀၁) ပါး၊ နတ်မျိုး (၁၀) ပါး၊ ဘီလူးမျိုး၊ တစ္ဆေမျိုး၊ ဖုတ်ပြိတ္တာမျိုးတို့ကို နှိမ်နင်းနိုင်ရပါလို၏ ဘုရား။ ထွက်စာမ၊ ဝင်စာမ၊ ထိန်းစာမ၊ သိမ်းစာမ စသော စာမ (၄) လုံး၊ ဓာတ် (၄) ပါးတို့ကို ပိုင်ဆိုင်ရပါလို၏ ဘုရား။ ဝိဇ္ဇာတို့၏အတတ်၊ နတ်တို့၏အတတ်တို့ကို အမှန်မုချတတ်မြောက်ရပါလို၏။ အမြင်အကြား၊ မနောမယ သိဒ္ဓိတို့ကိုလည်း အမှန်ရပါလို၏။ သိဒ္ဓိအမျိုးမျိုးကို ပိုင်စိုး၍ စေပိုင်၊ အာဏာပိုင်ဖြစ်ကာ နိဗ္ဗာန်ကို အမှန်ဝင်စံရပါလို၏ အရှင်ဘုရားဟူ၍ (၂၇) ကြိမ်တိတိ ဆုတောင်းလေ။

(၈) ညစဉ်၊ နံနက်စဉ်၊ သဗ္ဗာဂါများ၊ ဝိဇ္ဇာ၊ ဇော်ဂျီများ၊ နတ်ကောင်းနတ်မြတ်များကို အမျှဝေ မေတ္တာပို့ပါလေ။ အရေးအကြောင်းရှိသော် နတ်မင်းများကို ပင့်ခေါ်၍ မိမိကိစ္စအဝဝကို တိုင်ကြားပြောဆိုကာ ဆုတောင်းပါလေ။ တောင့်တိုင်း ပြည့်ပေ ပါ၏။ ပါရမီအလျောက် အမြင်အကြားရလွယ်၏။ ဝိဇ္ဇာတို့၏ အတတ်မျိုးစုံကို နိုင်၏။ နတ်ကို နိုင်၏။ စေပိုင်၊ အာဏာပိုင်ဖြစ်တော့၏။ အန္တရာယ်ကင်း၏။ လူ၊ နတ်၊ ချစ်ခင်လေးစားရသည်။

ထိုကဲ့သို့ မန္တန်၊ မန္တရားဖြင့် ပညာဖြစ်ပုံအစီအစဉ်အတိုင်းကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်၊ စွမ်းနိုင်ပါက (၂) ကြိမ် အဓိဋ္ဌာန်ဝင်၍ ပညာကိုယူပါ။ တစ်ကြိမ်ဝင်လျှင် (၄၅) ရက်ရှိပါစေ။ ဆုတောင်းပုံ၊ သစ္စာပြုပုံကို နေ့စဉ်၊ နံနက်စဉ် ရွတ်ဖတ်ဆုတောင်း သစ္စာပြုလေ။

မန္တန်ကိုလည်း ကြားရက်၊ အားရက်များတွင် (အဓိဋ္ဌာန်မဝင်သော ရက်များတွင် နံနက် (၃) ခေါက်၊ အိပ်ရာဝင် (၃) ခေါက် သရဇ္ဈာယ်ပေးစေရမည်ဟု မှတ်) စကားနည်းပါစေ။ အကြောင်းမရှိဘဲ စကားမပြောရ။ ၎င်းမန္တန်သည် ပီယဘက်တွင်လည်း ထက်မြက်သဖြင့် မိန်းမအဖျက်အဆီးများကို အထူးရှောင်လေ။

မိန်းမသံကြားခြင်း၊ မိန်းမများစွာ ကပ်လာခြင်း၊ အစားအသောက် လာ၍ပေးခြင်း၊ မိန်းမနှင့်စကားပြောခြင်း ပြုမိပါက ဖျက်စီးတတ်သည်။ ပညာကွယ်တတ်သည်။ သတိပြုပါ။

ပထဝီဝေယာမန္တ္တန် (၁၄) ပုဒ်ကား

(၁) ဥုံ ဗေယျူ့ထာဝ်ယဲ့ အငေ့ကာ အန္တရာယာယ၊ ဗေယျာ ပဗ္ဗေကဝဒ္ဓိ စ ဗေယျာ ပဒိုးမဟာသဓော။

(၂) ဗေယျာပာရောယိုင်ဒဝါ ဗေယျာဗြမ္မာ တေရငွေ၊ ဗေယျာနာဂေါ်ဝိဇ္ဇိရငွေ၊ ဝိဇ္ဇုဂေတ္တာစ ဓနိုဟာ။

(၃) ဝိဇ္ဇုငွေ၊ ဝိနဂေတာယော၊ ကုဝေရော ဓနကောဝိစ၊ အဂ္ဂိဝါရုဏာပဉ္စနော၊ ကုမာရော စတုပါလကော။

(၄) အင္ဂါရုသ မဟာဒေဝါ၊ သုဒ္ဓိကာစ ပသိဒ္ဓိယော၊ အသိတိ အဂ္ဂသာဝကာ၊ သဗ္ဗာဗေယျ ဘဝန္တုမေ။

(၅) ဗေယျာဝင္ဂဗော၊ သံယော၊ ဒသဝလော၊ ဗေယျကော၊ ဝေတေန သဗ္ဗ ဝဇ္ဇေနှ ဗေယျာသုဒ္ဓိ ဘဝန္တုမေ။

(၆) နရာဒေဝါစ ဖြဟ္မကော ယက္ခာဒေဝါစ ဂရုဠာ၊ ဓောဝိ ဒိသွာ ဝိယံ ဗယုံ၊ ပုဏ္ဏာ မယေ ဝသိန္ဒေဟိ။

(၇) ဂုဒ္ဓိပဇ္ဇောကဂုဒ္ဓိစ၊ အရဟာအဂ္ဂသာဝကာ၊ သဗ္ဗေ ကရောန္တုမေ၊ မေတ္တံသဗ္ဗေ တိဋ္ဌန္တု မဂ္ဂကော။

(၈) တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေရောဂါ သုခီ ဟောန္တု၊ သဗ္ဗေဘယာ ဝိနဿန္တု သဗ္ဗေနဿန္တုပဒ္ဒဝါ။

(၉) ဣမသ္မိံ စက္ကဝါဠေစ အနန္တ ပါတိဟိနေယာဟု အနန္တ စက္ကဝါဠေစ အနန္တ ပါတိဟိနေယာဟု။

(၁၀) ဣမေသဗ္ဗာ အဝေရာစ၊ အညံမညံ ဝိယံဘဝ ဣမေ သဗ္ဗာ၊ အဝေရာစ အညံမညံ သုခံ ဘဝ။

(၁၁) အနန္တာ တိရစ္ဆာနော ပေတော၊ အသုရကော ယမော၊ ဣမေသဗ္ဗေ၊ ယဒိ သဗ္ဗနကော၊ ပုဏ္ဏံ တမ္ဗကာ။

(၁၂) ဒုသကောဝိ ဥဒ္ဒကာစ နုဝ ကောဝိ ထလဗာစ သုံသေဝ ဖောပါပိဒ်ကာ။
ဒီဃာယုကာ ဘဝန္တု တေ။

(၁၃) ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။ သမန္တာ စက္ကဝါဠေသု ယေ သတ္တာ၊
ပထဝီစရာ။

(၁၄) အဗျာပဇ္ဈာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ၊ သဗ္ဗေသတ္တာ အဝေရာစ၊ သဟသဗ္ဗေ
ဟိညာတိဘိ။

## ပထဝီဝေယျမန္တန် (၁၄) ဂါထာပါဠိ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပြိပထဝီ ဖယ် သဂွံ၊
အနေကာ အန္တရာယိကာ။
ဖယ် ပစ္စကာ ဂုဒ္ဓိစ၊
ဖယ် ပရိမဟာသဓော။

၂။ ဖယ် ဟရော ဟရိဒေဝေါ၊
ဖယ် ဗြဟ္မာ ဓတရဋ္ဌော။
ဖယ် နာဂါစ ဝိရူဠှော၊
ဝိရူပက္ခာစ ဓနိဿာ။

၃။ ဝိဇ္ဇုဇ္ဇာ ဝေနတေယျာစ၊
ကုဝေရော ဝရုဏော ဝိစ။
အဂ္ဂိ ဝါရုဏော ပဇ္ဇုန္နော၊
ကုမာရော စော ဝါသဝေါ။

၄။ အင်္ဂါရသာ မဟာဒေဝေါ၊

သုခိတာဝ ပသိဒ္ဓိယော။
အသိတိ မဟာ သာဝကာ။
သဗ္ဗံ ဈယံ ဒုဿမေ။
၂။ ပေယျာ ဝေမှာ စ သံယောဇ၊
ဒုသာလောစ ပေယျကော။
စေတာန သဗ္ဗ ဝဍ္ဎနံ
ပေယျာ သုခီ ဘာဝဿမေ။
၆။ နမာ ဒေဝါ စ ပြဟ္မနော။
ယက္ခာ နာဂါ စ ဂရုဠာ။
ဓေတာဝိ ဒိဗ္ဗာ ဗီယာ မယံ၊
ပုဂ္ဂံ မဓေမ သိင်နယာ။
၇။ ဗုဒ္ဓံ ပစ္စေက ဗုဒ္ဓါစ၊
အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကဝေရာဿ မေ ပေဍ္ဍံ၊
သဗ္ဗေ တိဋ္ဌဿ မဂ္ဂကော။
၈။ ဓောသံ ပေဂ္ဂာ ဒုဘာဝေန၊
သဗ္ဗေ ရောဂါ သုခိတာလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝါ။
၉။ ဗြဟ္မဿ ဝဂ္ဂဝိဋ္ဌ စ
ဟေတု အနန္တ ပါတိဋ္ဌနော။
အနန္တ ဝဂ္ဂဝိဋ္ဌစ

ဓမ္မ အနန္တ ပါကဋိနော။

၁၀။ ဣမေ သဗ္ဗာ အဝေရာစ၊
အညံမညံ ပိယာ ဟောန္တု။
ဣမေ သဗ္ဗာ အဝေရာစ၊
အညံမညံ သုခီ ဟောန္တု။

၁၁။ နေရယိကာ တိရစ္ဆာနာ၊
ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယတာသတ္တာ၊
ဒုက္ခာ မုစ္စန္တု တဗ္ဗကာ။

၁၂။ ဒသ ကောဋိ ဒကာလာစ၊
ထလလာနစ၊ ကောဋိယော။
သံသေဒဇာ ပပါတိကာ၊
ဒီဃာ ယုကာ ဘဝန္တု တေ။

၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊
အဓော ယာဝ၊ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊
ယေသတ္တာ ပထဝီစရာ။

၁၄။ အဗျာပဇ္ဇ နိဝေရာစ၊
နိဒ္ဒုက္ခာ စနုပဒ္ဒဝါ။
သဗ္ဗသတ္တာ အဝေရာစ၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

ပထဝီဝေယာသုတ္တန် (၁၄) ဂါထာပြီး၏။

အထက်ပါ ပထာဝီဇယမန္တန် (၁၄) ဂါထာသည် အဓိဋ္ဌာန် အဖွဲ့ခေါင်းဆောင်ကြီး ဓမ္မာစရိယ ဦးတင်မြင့် တည်းဖြတ်စီစဉ်၍ ကုဿာသယ ပိဋကတ်စာပုံနှိပ်တိုက်မှ ကောဇာသက္ကရာဇ် (၁၃၂၃) တွင် ရိုက်နှိပ်ထုတ်ဝေသည့် 'ဗုဒ္ဓမန္တန်ပေါင်းချုပ် (ခေါ) ပရိတ်တော် (၃၁) သုတ်' စာအုပ် စာမျက်နှာ- (၁၃၆) မှ (၁၃၉) ထိ ကူးယူထားပါသည်။

၎င်းပထာဝီဇယမန္တန်ဖြင့် ပညာဖြစ်ပုံကိုကြည့်ရှုလေ့လာ၍ ဤကျမ်းတွင်ပြသထားသော သမ္ဗုဒ္ဓေဂါထာကိုလည်းကောင်း၊ ရှင်သူငယ်ပရိတ်တော်ကိုလည်းကောင်း၊ (၂၄) ပစ္စည်း ပဋ္ဌာန်းပါဠိတော်ကိုလည်းကောင်း၊ ဝိဇ္ဇာမယိဒ္ဓိ မော် (၉) ဂါထာတော်များကိုလည်းကောင်း၊ ပထာဝီဇယမန္တန်ရွတ်ဖတ်သရဇ္ဈာယ်ပုံအတိုင်း မှီငြမ်း၍၊ အတုယူ၍၊ ပညာကို တတ်ယူကြပါကုန်ဟု နည်းနိဿယ ပေးလိုက်ပါကြောင်း။ ဤတွင် မန္တန်၊ မန္တန်ရားဖြင့် ပညာဖြစ်ပုံကို ပြ၍ပြီးစီးပါပြီ။

## အခန်း စာမများဖြင့် ပညာဖြစ်ပုံ

မန္တန်၊ မံန္တရားဂါထာများဖြင့် ပညာဖြစ်ပုံကို ပြသညွှန်ကြားပြီး၍ အင်း၊ စာမများဖြင့် ပညာဖြစ်ပုံကို ပြဆိုပါမည်။ အင်း၊ စာမများဖြင့် ပညာဖြစ်ပုံသည် အလွန်ပင် ကျယ်ဝန်းလှပါသည်။ ပညာဖြစ်ပုံများကိုသာ အကျယ်ချဲ့၍ပြပါက စာမျက်နှာတစ်သောင်းကုန်သော်လည်း ဆုံးနိုင်ဖွယ်မရှိပါချေ။ ထို့ကြောင့်ပင် လျှင် လွယ်လည်းလွယ်ရမည်၊ သဘောလည်း ပေါက်လွယ်ရမည်။ အကျိုးထူးတရားကိုလည်း ခံစားရလွယ်စေရမည်။ ထွက်ရပ်ခရီးစဉ်လည်း မြတ်စွာခရီးရောက်စေရမည်၊ လမ်းစဉ်၊ တက်စဉ်လည်း မှန်ကန်ရမည်ဖြစ်သော အင်းများ၊ စာမများဖြင့်သာလျှင် ပညာဖြစ်ပုံကို ပြသပါတော့အံ့။

ပဌမ။ ။ မြတ်စွာဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများဖြင့် တတ်အားသရွေ့ ပူဇော်ကန်တော့ရမည်။ (၅) ပါးသီလလည်း ခံယူထားရမည်။

ဒုတိယ။ ။ ထိုမြတ်စွာဘုရား၏ရှေ့တော်တွင် ခုံရှည်တစ်ခု

ပေါ်၌ ပိတ်ဖြူကိုခင်းကျင်းထားရမည်။ ၎င်းပိတ်ဖြူအခင်းပေါ်တွင် သိကြားမင်းတစ်ပွဲ၊ သာသနာ (၅၀၀၀) စောင့်သော နတ်မင်းကြီးများအတွက် တစ်ပွဲ၊ အင်းဝိဇ္ဇာအမျှပြု၍ (၆၉) ပါးသော ပေါက်ဝိဇ္ဇာပွဲတစ်ပွဲ၊ စုစုပေါင်း (၃)ပွဲ ပြင်ရမည်။ ငှက်ပျော (၃) ဖီးစီ၊ အုန်းသီးတစ်လုံးစီ၊ ဖယောင်းတိုင်တစ်ထုပ်စီ၊ အမွှေးတိုင်တစ်ထုပ်စီ၊ ညောင်ရေအိုး၊ ပန်းအိုး၊ ကန်တော့ပွဲတစ်ပွဲလျှင် တစ်ခုစီ၊ ကန်တော့ပွဲတစ်ပွဲလျှင် ပုတီးစိပ် (စိပ်ပုတီး) တစ်ကုံးစီပါဝင်စေရမည်။

တတိယ။ ။ သိကြားမင်း၊ ဗြဟ္မာမင်း၊ အမှူးထား၍ သာသနာ (၅၀၀၀) စောင့်သော နတ်မင်းကြီးများ၊ သူရဿတီမယ်တော်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက်ကန်းစင်တောင် ဆရာတော်ဦးခြဘာသ၊ အမှူးထား၍ အလုံးစုံသော အင်းအတတ်၊ စာမအတတ်ပညာဖြင့် ထွက်ရပ်ပေါက်တော်မူကြကုန်သော ဝိဇ္ဇာများကို အစဉ်အတိုင်း ပင့်ခေါ်ပါ။ ကန်တော့ပွဲများကို လှူဒါန်းဆက်ကပ်ပါ။ (၉) ကြိမ်ပင့်ရမည်ဟုမှတ်ပါ။

စတုတ္ထ။ ။ ကန်တော့ပွဲများရှေ့တွင်ဆောင့်ကြောင့်ထိုင်၊ ပိတ်ဖြူဝတ်၊ ခန္ဓာကိုယ် သန့်ရှင်းစေ၊ အမွှေးနံ့သာဖြင့်ထုံစေ၊ လက်အုပ်ချီထားလျက် (၅) ပါးသီလယူ

ပြီး ခံယူရမည်၊ ပြီးလျှင် အောက်ပါစကားပြောအတိုင်း သစ္စာပြုကြရမည်။

ကောဏ္ဍညသံဂုံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ စသော လေးဆူကုန်သော မြတ်စွာဘုရားရှင်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်ကြောင့် ကြွရောက်လာကြပေကုန်သော အလုံးစုံသော အထက်ဆရာတော်ကြီးများ၊ အင်းဝိဇ္ဇာ၊ စာမဝိဇ္ဇာကြီးများဘုရား။ အလုံးစုံသော ဗြဟ္မာမင်း၊ သိကြားမင်း၊ သူရဿတီမယ်တော်နှင့်တကွ ကြွရောက်လာကြပေကုန်သော သာသနာတော်စောင့်နတ်မင်းကြီးအပေါင်းတို့ဘုရား။ ဘုရားတပည့်တော် (. . . . . . နေ့သား) သည် ယနေ့ယခုအချိန်အခါမှစ၍ သေသည်အထိ (အသက်ထက်ဆုံး) ကာမေသုမိစ္ဆာစာရကံ၊ သူတစ်ပါးသားမယားမိန်းမအား ကာယကံမြောက် မပြစ်မှား၊ မကျူးလွန်ပါ။ သူရာမေရယကံ၊ သေရည်သေရက်၊ အရက်သေစာ၊ ဘိန်းစသည်များကို သိလျက်သားနှင့်မစားမသောက်ပါ။ ကျွဲသား၊ နွားသား၊ ဝက်သား ၎င်းအသား (၃) သားကိုလည်း သိလျက်သားနှင့်မစားမသောက်ပါ။ (မသိ၍၊ မမြင်၍ စားသောက်မိသည်ကို သည်းခံတော်မူပါဘုရား)

ဤကဲ့သို့ လေးနက်သော သစ္စာတော်များကို အထက်ဆရာတော်ကြီးများ၊ အထက်ဆရာကြီးများ၊ အင်း၊ စာမ ဝိဇ္ဇာဆရာတော်ကြီးများ၊ သာသနာ (၅၀၀၀) စောင့်သော နတ်မင်းကြီးများတို့၏ရှေ့မှောက်၌ ဓမ္မမိဋ္ဌာန်ကျနစွာဖြင့် သစ္စာပြုအပ်ပါသည်ဘုရား။

ဤကဲ့သို့ မှန်ကန်သောသစ္စာတော်များကို ပြုရသော ကောင်းမှုကုသိုလ်ကံကြောင့် ရန်သူမျိုး (၅) ပါးတို့၏ဘေးမှ အစဉ်ကင်းရှင်းရပါလို၏။ စုန်းမျိုး၊ နတ်မျိုး၊ ကဝေမျိုး၊ ဖုတ်ဘီလူး၊ သဘက်မျိုး၊ သာသနာ့ရန်စွယ်များကိုလည်း အာဏာဖြင့် နှိုင်ကွပ်သုံးပနိုပ်နင်းရပါလို၏။ အမြင်ဓာတ်၊ အကြားဓာတ်၊ မနောမယသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ စသော ဝိဇ္ဇာဉာဏ်များကို မြန်စွာ ရရှိရပါလို၏။ ဝိဇ္ဇာမယိဒ္ဓိ အတတ်၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်၊ အင်းအတတ်၊ ဆေးအတတ်၊ မှော်အတတ်၊ ပဠမံအတတ်တို့ကို မြန်စွာ တတ်မြောက်ရ၍ သိဒ္ဓိကြီး (၁၀) ပါးကို ပိုင်စိုးကာ မဂ်ဖိုလ်နိဗ္ဗာန်ကို ခံစားရောက်ရှိရပါလို၏ ဘုရား။ (၃) ကြိမ် သစ္စာပြုလေ။ သစ္စာရေကို သောက်လေ။

ပဥ္စမ။ ။ ပညာယူစဉ်၊ တက်စဉ်၊ ဝင်စဉ် (၄၅) ရက်အတွင်း စကားကိုအကြောင်းမရှိ မပြောရ။ မသန့်ရှင်းသော နေရာတွင် မအိပ်ရ။ မနေထိုင်ရ။ အသက်သတ်လွတ်စားရမည်။ (၄၅) ရက်အတွင်း ညာ၊ နံနက်၊ မေတ္တာများစွာပို့လေ။ အမျှဝေပါလေ။ မေတ္တာပို့သော် အမျှဝေသော်၊ သာသနာတော်စောင့်နတ်ကြီးများ၊ သမ္မာဒေဝနတ်မင်းများ၊ အင်းဝိဇ္ဇာ၊ စာမဝိဇ္ဇာ ဆရာတော်ကြီးများ (၆၉) ပါးသော ပေါက်ဝိဇ္ဇာများ၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ သူရဿတီမယ်တော်၊ (၃၃) ပါးသော နတ်စစ်သည်များ၊ ဘုံ (၃၁) ဘုံတွင် ကျင်လည်နေထိုင်သော သတ္တဝါ

ဝေနေယျများကို အထူးပို့ပေးပါ။

ဆ၄မ။ ။ အင်း၊ စာမများကို ပိုင်းကိုင်စက္ကူတွင် စည်းကမ်းချက်များနှင့်အညီ စီရင်၍ -

(၁) ဘုရားအင်းကို တစ်နေ့တစ်အင်းကျ သောက်ရမည်။

(၉) ရက်တိတိ ဆုတောင်းပြီးသောက်ရမည်။

(၂)တရားအင်းကို တစ်နေ့တစ်အင်းကျ သောက်ရမည်။

(၉) ရက်တိတိ ဆုတောင်းပြီး သောက်ရမည်။

(၃)သံဃာအင်းကို တစ်နေ့တစ်အင်းကျ သောက်ရမည်။

(၉) ရက်တိတိ ဆုတောင်းပြီး သောက်ရမည်။

(၄)သရဏဂုံ၊ ပန်းဆွဲအင်းကို တစ်နေ့တစ်အင်းကျ သောက်ရမည်။

(၉) ရက်တိတိ ဆုတောင်းပြီး သောက်ရမည်။

(၅)သရဏဂုံ မော်ချုပ်အင်းကို တစ်နေ့တစ်အင်းကျ သောက်ရမည်။

(၉) ရက်တိတိ ဆုတောင်းပြီး သောက်ရမည်။

၎င်း (၄၅) ရက် ပညာဝင်၊ အဓိဋ္ဌာန်ဝင်နေစဉ်အတွင်း အင်း၊ စာမများသောက်မျိုသော် ကြေးဖလား၊ ငွေဖလား တစ်ခုခုရလျှင် ပို၍ကောင်းသည်။ သောက်သောအခါ နံ့သာဖြူရေ သန့်သန့်ဖြင့် အင်း၊ စာမများကို ဖြာချကာ ၎င်းပြာများနှင့်ရော

၍ ဆုတောင်းပြီးသောက်ပါ။

သတ္တမ။ ။အင်း၊ စာမသောက်သော် အင်း၊ စာမဖျော်ထားသော ဖလားခွက်ကို လက်တွင်ကိုင်ကာ ဆောင့်ကြောင့်ထိုင်၍ ကန်တော့ပွဲရှေ့တွင် လက်အုပ်ချီထား၍ ၎င်းလက်အုပ်ချီထဲတွင် ဖလားခွက်ကို ထားကာ ဆုတောင်းရမည်။ (၉) ကြိမ် ဆုတောင်းပါ။ ဆုတောင်းပုံကား -

## ဆုတောင်းပုံ

မြတ်စွာဘုရား (၄) ဆူ အမိန့်တော်ဖြင့်လည်းကောင်း၊ သစ္စာပြုသော၊ ထိန်းသိမ်းသော အဓိဋ္ဌာန်သစ္စာ၏ တန်ခိုးအားကြောင့်၎င်း အင်း၊ စာမများကို သောက်မျိုရသောကောင်းမှုကြောင့်လည်းကောင်း၊ (၃၇) မင်း အတွင်းနတ်၊ အပြင်နတ်၊ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်များ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ အင်းစာမဝိဇ္ဇာများ၊ အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်တိုင်၊ မြောက်ဓူဝံကြယ်၊ ဤအတွင်းရှိကြပေကုန်သော အလုံးစုံသော နတ်ကောင်းနတ်မြတ်အရှင်ကြီးအရှင်ကောင်းတို့သည် အကျွန်ုပ် (. . . . . နေ့သား)၏ သိဒ္ဓိအစောင့်ပြီးပါစေသတည်း။ ကောင်းမွန်စွာ ကူညီစောင့်ရှောက်ကြပါစေကုန်သတည်း။

စုန်းမျိုး (၁၀၁) ပါး၊ နတ်မျိုး (၁၀၁) ပါး၊ အဝရုဒ္ဓက နတ်ဆိုး၊ ဘီလူးဆိုးအပေါင်းကို အာဏာဖြင့် နှိမ်နင်းနိုင်သော ဆရာမြတ်သည် အမှန်ဖြစ်ပါစေသတည်း။

ထွက်စာမ၊ ဝင်စာမ၊ ထိန်းစာမ၊ သိမ်းစာမ စသော စာမ (၄) လုံး၊ ဓာတ် (၄) ပါးကို ပိုင်ဆိုင်ရပါစေသတည်း။ ဒိဗ္ဗသောတ၊ ဒိဗ္ဗစက္ခု၊ ပရစိတ္တဝိဇာနန၊ မနောမယသိဒ္ဓိစသော ဝိဇ္ဇာဉာဏ် များကို ပိုင်ဆိုင်ရပါစေသတည်း။

ကာယသိဒ္ဓိ၊ နေသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ စသော သိဒ္ဓိကြီး (၁၀) ပါးကို ပေါက်ရောက်ပြီးစီးရ၍ သာသနာပြုနိုင် သော ပုဂ္ဂိုလ်ဖြစ်ရ၍ နိဗ္ဗာန်ကို အမှန်ဝင်စံရပါစေသတည်း။

ပထဝီမြေ သုန္ဒြေနှင့် ပရမေဖြတ်၊ ငါးထပ်အာလိန်၊ တာဝတိံ က ဒေဝိန်သိကြား၊ ဘုမ္မာဒေဝါ သာသနာတော်ကို များစွာစောင့် ကြပ်နတ်မင်းမြတ်တို့ သိရှိကြပါစေကုန်သတည်း။ အထက်ဆရာ ကြီးများ၊ အသိသက်သေရှိကြပါစေကုန်သတည်း။

| | | ၄ | ၇ | |
|---|---|---|---|---|
| ၁ | ဗု | ရ | ဿ | |
| ၆ | ဂ | နံ | ဒ္ဓံ | ၂ |
| ၃ | သ | မိ | ဏံ | ၅ |
| | | ၈ | | |

ဇင်းအင်းကား ဘုရားအင်းဖြစ် သည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဖြစ် သည်။ တစ်နေ့လျှင် တစ်အင်းကျ (၉) ရက်၊ (၉) အင်း သောက်ရ မည်။


| | | |
|---|---|---|
| ဓ | ရ | ဿ |
| ဂ | နံ | မ္မံ |
| သ | မိ | ဏံ |

ဇင်းအင်းကား တရားအင်းဖြစ် သည်။ ဓမ္မံ သရဏံ ဂစ္ဆာမိ ဖြစ် သည်။ တစ်နေ့လျှင် တစ်အင်းကျ (၉) ရက်၊ (၉) အင်း သောက်ရ မည်။

| | | |
|---|---|---|
| သံ | ရ | စ္ဆာ |
| ဂ | နံ | ဃံ |
| သ | မိ | ဏံ |

ယင်းအင်းကား သံဃာအင်းဖြစ်သည်။ သံဃံ သရဏံ ဂစ္ဆာမိ ဖြစ်သည်။ တစ်နေ့လျှင် တစ်အင်းကျ (၉) ရက်၊ (၉) အင်း သောက်ရမည်။

သရဏဂုံ ပန်းဆွဲအင်း



ယင်းသရဏဂုံ ပန်းဆွဲအင်းကို တစ်နေ့တစ်အင်းကျ သောက်ရမည်။ ယင်းသရဏဂုံပန်းဆွဲအင်း၏အတွင်းထဲမှ 'နဝင်းရုပ်' ကား

(၁)ကား မြင်းမိုရ်တောင် (၂)ကား နေလ (၂) ပါး
(၃)ကား သရဏဂုံ (၃) ပါး (၄)ကား သစ္စာ (၄) ပါး
(၅)ကား ဘုရား (၅) ဆူ (၆)ကား ဉာဏ်တော် (၆) ပါး
(၇)ကား ဗောဇ္ဈင် (၇) ပါး (၈)ကား မဂ္ဂင် (၈) ပါး
(၉)ကား နဝလောကုတ္တရာတရား (၉) ပါး

ယင်း (၉) ပါးဖြင့် နဝင်းရုပ်ဆင်ထားပါသည်။ ယင်းသရဏဂုံ ပန်းဆွဲအင်းကား ထွက်ရပ်လမ်းကို များစွာအထောက်အကူပြု၏။

သရဏဂုံ မော်ချုပ်အင်း

| | | | | |
|---|---|---|---|---|
| ဗုံ | ဂ | မ | ရ | သ |
| မိ | သ | ဒ္ဓံ | ဏ္ဍာ | မ္မံ |
| ဏံ | မိ | နံ | ရ | ဏံ |
| ယံ | ဏ္ဍာ | ဂ | သ | မိ |
| ဏ္ဍာ | ရ | သံ | ဂ | ဏံ |

၎င်းအင်းကား သရဏဂုံမော်ချုပ်အင်းဖြစ်သည်၊ ပညာစဉ်တွင် နောက်ပိုင်းမှနေရသည်။ အင်းဆံကား ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဖြစ်ပါသည်။ တစ်နေ့ တစ်အင်းကျ သောက်၊ (၉) ရက်၊ (၉) အင်း၊ စေ့အောင်သောက်ပါ။ ဆုတောင်းပြီးသောက်ပါ။ ၎င်းပညာစဉ်ကား 'သာသနာ့ သဂလဂုဏ်တော်ကိုဏ်း' အင်းဖြစ်ပါသည်၊ အမြင်ဓာတ်၊ အကြားဓာတ်ကို များစွာအထောက်အကူပြုသည်။ ဝိဇ္ဇာဉာဏ်ကို များစွာ ရစေနိုင်သည်။ အာဏာပိုင်ခြင်း၊ စေပိုင်ခြင်းကား ပြောဖွယ်ရာ မရှိချေ။ ၎င်းအင်းစာမဖြင့် ပညာယူပုံကို ပြအပ်ပါသည်။

၎င်းသရဏဂုံပညာဝင်ရက် (၄၅) ရက်စေ့ပါက အထူးထူးသော သိဒ္ဓိအများကို ပေါက်၏။ တန်ခိုးများကိုရစေ၏။ အာဏာကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ ပညာကြီးခြင်း စသော အကျိုးကို လက်ငင်းပြီးစီးပေသည်။ ၎င်းကား ပညာရက် (၄၅) ရက်အတွင်း ပညာရသည်၊ ဤတက်စဉ် ပညာဝင်နည်းမျိုး ဘဝနှစ်လျှင် (၂) ကြိမ် ပြုလုပ်နိုင်က ပိုကောင်းသည်၊ ပို၍ ပညာစွဲမြဲပါသည်။

ကြိုးစားပါလေ။

စာမဖြင့် ပညာဝင်နည်းမှာလည်း ဤနည်းအတိုင်းပင် ကျင့်ကြံသွားရမည်။ အင်းဖြင့်သောက်ခြင်းအစား စာမဖြင့် သောက်မျိုခြင်းသာ ကွဲတော့သည်ကို ဂရုပြုပါ။

ဆုတောင်းပုံ၊ သစ္စာပြုပုံများမှာ အတူတူပင်မှတ်ပါလေ။ ထို့မှတစ်ဆင့် စာမပညာများကိုသာ ပြပါအံ့။ ယခုပြဆိုခဲ့သော စာမပညာများသည် အလွယ်ဆုံး၊ အထိရောက်ဆုံးပညာဖြစ်ကြောင်း အထူးသတိပြုပါ။

ပထမအဓိဋ္ဌာန်ပညာဝင်ရက် (၄၅) ရက်အတွင်း အောက်ပါ စာမကို တစ်နေ့တစ်အင်းကျ သောက်ရမည်။ (၄၅) ရက်တိတိ မပျက်မကွက်သောက်ရမည်။ ဆုတောင်းပုံမှအစ တိုင်တည်ပုံအထိ အင်းဖြင့် ပညာဝင်ပုံအတိုင်း အတူတူပင်မှတ်ပါ။

| | |
|---|---|
| သံ | ပ |
| မ | ဂုံ |

၎င်းပဌမအဆင့် (၄၅) ရက်အတွင်း သောက်ပါ။ 'ဝါးကြိတ်လိန်သွားနည်း'၊ 'အင်းဆံ သံ-ဂုံ-ပ-မ'၊ ပဌမဆင့်-သံ-ဂုံ-ပ-မ စာမ (၄၅) ရက်အင်းစေ့အောင် (၄၅) ရက်တိတိ သောက်မျိုခြင်းဖြင့် အမြင်၊ အကြား၊ သိဒ္ဓိဝိဇ္ဇာဉာဏ်များကို ပါရမီအလျောက် ပေါက်ရောက်နိုင်၏။ နတ်များချစ်ခင်၏။ ထို့မှတစ်ဆင့် ဒုတိယအဆင့်ကို တက်သင့်၏။ ဒုတိယပညာဆင့်ကား -

| | |
|---|---|
| က | ဏ |
| ဋ | ယ |

၎င်းအင်းကား ဒုတိယအဆင့်ပညာဝင်ဖြို (၄) လုံး စာမဖြစ်သည်။ အင်းဆံကား 'က၊ ယ၊

ဏာ၊ ၄' ဖြစ်သည်။ ၎င်းဒုတိယဆင့် (၄၅) အင်းစေ့အောင် (၄၅) ရက်တိတိ ဆုတောင်း၍ သောက်မျိုခြင်းဖြင့် ဝိဇ္ဇာများ၊ နတ်များ ချစ်ခင်၏။ ဝိဇ္ဇာတို့၏ အတတ်ပညာတစ်ခုခုကို ရတတ်သည်။ အမြင်အကြားလည်း ပါရမီအလျောက်ရနိုင်သည်။ ထိုမှတစ်ဆင့်တက်လိုသော တတိယအဆင့်ကို တက်ပါ။ အထက်ကပြဆိုခဲ့ပြီးဖြစ်သော ပဌမအဆင့်၊ ဒုတိယအဆင့်နည်းအတိုင်း စာမတစ်မျိုးကို (၄၅) ရက်တိတိ သောက်မျိုရမည်ဖြစ်သည်။

| | |
|---|---|
| ၈ | ၅ |
| ၀ | ၆ |

တတိယအင်း အင်းဆံမှာ ၈၊ ၆၊ ၅၊ ၀ ဖြစ်သည်။ ၎င်းအင်းကို ထွက်စာမအင်းဟု ခေါ်သည်။ တစ်နေ့တစ်အင်း (၄၅) ရက်တိတိ၊ (၄၅) အင်းစေ့အောင် ဆုတောင်း၍ သောက်ပါ။ ၎င်းတတိယဆင့်တွင် အောင်မြင်သော် ကောင်းသော အိပ်မက်မက်ရ၏။ ကောင်းစွာနိုးကြားရ၏။ (၇) ရက်သားသမီးများ ချစ်ခင်လေးစား၏။ စုန်း၊ ပယောဂ၊ နတ်တစ္ဆေများကို နိုင်နင်း၏။ သိဒ္ဓိတစ်မျိုးမျိုးကိုလည်း ပါရမီအလျောက် ပေါက်နိုင်၏။

| | |
|---|---|
| ၆ | ၀ |
| ၈ | ၅ |

၎င်းစတုတ္ထဆင့် အင်းဆံကား ၆၊ ၅၊ ၀၊ ၈ ဖြစ်သည်။ ဒုပ်စာမအင်းဖြစ်သည်။ တစ်နေ့တစ်အင်း (၄၅) ရက်စေ့အောင် သောက်ရမည်။

| | |
|---|---|
| ၅ | ၈ |
| ၆ | ၀ |

၎င်းပဥ္စမဆင့် အင်းဆံကား ၅၊ ၀၊ ၈၊ ၆ ဖြစ်၏။ ထိန်းစာမအင်းဖြစ်သည်။ အ

ထက်နည်းအတိုင်း (၄၅) ရက်စေ့အောင် သောက်ရမည်။

| | |
|---|---|
| ဝ | ဓ |
| ဗ | စ |

ငှင်းဆဋ္ဌမဆင့် အင်းဆံကား ဝ၊ စ၊ ဓ၊ ဗ ဖြစ်၏။ ဝင်စာမအင်းဖြစ်သည်။ အထက် နည်းအတိုင်း (၄၅) ရက် စေ့အောင် သောက်ရမည်။

| | |
|---|---|
| ဋ | ည |
| တ | သ |

ငှင်းသတ္တမဆင့် အင်းဆံကား ဋ၊ သ၊ ည၊ တ ဖြစ်သည်။ တစ်နေ့တစ်အင်း (၄၅) ရက်စေ့အောင်၊ (၄၅) အင်းသောက်ရ မည်။ အမျိုးမျိုးသော အတတ်ပညာမျိုးကို ရပေလိမ့်မည်။

| | |
|---|---|
| န | ဗ |
| ဓ | မ |

ငှင်းအဋ္ဌမဆင့် အင်းဆံကား န၊ မ၊ ဗ၊ ဓ ဖြစ်၏။ တစ်နေ့တစ်အင်း (၄၅) ရက်စေ့ အောင် (၄၅) အင်းသောက်ရမည်။ အမျိုး မျိုး သော ပထမပညာမျိုးကို ရတတ်၏။ ပထမံဆရာတော်ကြီးများ အထူးစောင့်ရှောက်၏။ ပဋ္ဌမံနတ်များ ကို မြင်ရတွေ့ရ၏။ ကြိုးစားကြပါကုန်။

| | |
|---|---|
| ယ | က |
| စ | ဗ |

ငှင်း နဝမအဆင့် အင်းဆံကား ယ၊ ဗ၊ က၊ စ ဖြစ်၏။ တစ်နေ့တစ်အင်း (၄၅) ရက်စေ့အောင် (၄၅) အင်းသောက်ရ မည်။ ငှင်းအင်းကား နောက်ဆုံး ဝတ် စာမ ဖြစ်သည်။

မှတ်ချက်။ ။ ငှင်း စာမအင်း (၉) ဆင့်၊ (၉) အင်းကို တစ်

ဆင့်လျှင် (၄၅) ရက်တိတိ၊ (၄၅) အင်းစေ့အောင် သောက်မျို ရမည်။ မွေးနေ့နှင့်နေ့ကောင်းရက်သာကို ရွေးချယ်၍ စီရင်ရ မည်။ ၎င်း (၉) ဆင့်ပညာဝင်တွင် (၃) ဆင့်ကို အနည်းဆုံး အောင်မြင်ထားပါက အမျိုးမျိုးသောသိဒ္ဓိ၊ အမျိုးမျိုးသော အာဏာ၊ အမျိုးမျိုးသော ပညာကို ရလွယ်ပေသည်။ (၉) ဆင့် စလုံး ဝင်ရောက်မိပါက ထွက်ရပ်လမ်းကို များစွာအကျိုးပြု၏။ လောကီမှော်ပညာကို အစိုးရတော့၏။ သိဒ္ဓိအမျိုးမျိုးပြီး၏။ ဂုဏ် တော်များကို ပုတီးစိပ်နေထိုင်ပါလေ။

ဤတွင် အင်းစာမများဖြင့် ပညာဖြစ်ပုံကို ပြ၍ပြီးပါပြီ။

## သမထအရေးကြောင့် ညောင်ဖြစ်မံ့

လောကီထွက်ရပ်လမ်းကြီး (၃) လမ်း၊ လောကုတ္တရာထွက်ရပ်လမ်းကြီး (၁) လမ်း၊ စုစုပေါင်း (၄) လမ်းတွင် လောကီယဂန္ဓာရီဝိဇ္ဇာလမ်းကို အကျွန်ုပ် ဆရာရှင်ဦးဝေပုလ္လသည် ထွက်ရပ်လမ်းကြီး (၄) ပါးကို ပြဆိုခဲ့ပြီးဖြစ်ပါသည်။

ထိုထွက်ရပ်လမ်းကြီး (၄) ပါးတွင် လောကီယဝိဇ္ဇာလမ်းကို သိရှိရပေလိမ့်မည်။ ထိုလောကီယဝိဇ္ဇာလမ်းကား သမထလမ်း (ဝါ) သမထဝိဇ္ဇာလမ်းဟု ခေါ်ဆိုပေသည်။ သက်သေပြပါဦးအံ့။

မြတ်စွာဘုရားသခင်၏ ခမည်းတော် သုဒ္ဓေါဒနဘုရင်မင်းမြတ်၏ ဆရာရသေ့မှာ ရှင်ဒေဝီလရသေ့ဖြစ်သည်။ ထိုရှင်ဒေဝီလရသေ့သည် အနာဂတံသဉာဏ်ကိုရသည်။ ရှေ့ကမ္ဘာ၊ နောက်ကမ္ဘာများတွင် ဘာဖြစ်မည်ကို ကြိုတင်၍ အနာဂတံသဉာဏ်ဖြင့် မြင်နိုင်စွမ်း၏။ ရှေ့ကမ္ဘာပေါင်း (၄၀)၊ နောက်ကမ္ဘာပေါင်း (၄၀) တို့ကို မြင်နိုင်စွမ်း၏။ ထိုသို့ မြင်နိုင်စွမ်းသောအားသည် သမထအားကြောင့် ဖြစ်သည်။ ထိုဝိဇ္ဇာကို သမထဝိဇ္ဇာ (သို့မဟုတ်)

လောကီယဝိပဿနာဟု ခေါ်သည်။ ရင်းအပြင် မြတ်စွာဘုရား၏ သမထနည်းနိဿယခံသော အာဏ္ဍာရနှင့်ဥဒကရှင်ရသေ့နှစ်ပါး သည် သမထအားဖြင့် လောကီထွက်ရပ်များ ဖြစ်ပါသည်။ လောကီယဝိပဿနာများဖြစ်ပါသည်။ ထိုရှင်ဒေဝီလရသေ့ပျံသည် လည်းကောင်း၊ အာဠာရနှင့်ဥဒကရသေ့ပျံ (၂) ပါးသည်လည်း ကောင်း ထိုရသေ့ (၃) ပါးသည် လောကီယထွက်ရပ်ပေါက် ဝိပဿနာများ ဖြစ်ပါသည်။

ထို့ကြောင့် ထိုထွက်ရပ်ပေါက်သော လောကီယဝိပဿနာ (ခေါ်) ဥဒကရသေ့ပျံ၊ အာဠာရရသေ့ပျံ၊ ရှင်ဒေဝီလရသေ့ပျံ၊ ရင်းဝိပဿနာ ပေါင်း (၃) ပါးသည် လောကီယအတတ်ဖြင့် ထွက်ရပ်ပေါက် ကြပေကုန်၏။ သမထအားဖြင့် ပညာဖြစ်ပုံပင်ဖြစ်သည်။ ထို သမထအားဖြင့် ပညာဖြစ်ပုံကား -

(နေ) ကသိုဏ်း၊ (လ) ကသိုဏ်း၊ (ဗုဒ္ဓ) ကသိုဏ်း၊ (အညို) ကသိုဏ်း၊ (အနီ) ကသိုဏ်း၊ (အဝါ) ကသိုဏ်း၊ (အဖြူ) ကသိုဏ်း၊ (မီး) ကသိုဏ်း၊ (ရေ) ကသိုဏ်း စသော ကသိုဏ်းပရိကံများပင် ဖြစ်ပါသည်။

ကသိုဏ်းဟူသည်ကား အနီဝိုင်းကိုကြည့်ရှုလျှင် အနီ ကသိုဏ်းဖြစ်သည်။ အဝါကသိုဏ်းကိုကြည့်ရှုသော် အဝါရောင် အဝန်းအဝိုင်းကို သမာဓိတည်အောင် ကြည့်ရှုခြင်း စသော အဝါ ကသိုဏ်းဖြစ်၏။ မြတ်စွာဘုရား၏ပုံတော်ကိုကြည့်ရှုခြင်းအား ဖြင့် သမာဓိ၊ သမထဖြစ်အောင် ပွားများအားထုတ်ခြင်းဖြင့် ဗုဒ္ဓ နိမိတ် (ခေါ်) ဗုဒ္ဓကသိုဏ်း ဟု ခေါ်ဆိုနိုင်သည်။ ထိုနည်းတူ

အဝန်းအဝိုင်းများ ဖြစ်ကြသည့် (နေ) ကသိုဏ်း၊ (လ) ကသိုဏ်း (ခေါ်) နေကိုလည်းကောင်း၊ လကိုလည်းကောင်း အာရုံပြု၍ ကြည့်ရှုကာ သမာဓိ သမထဖြစ်အောင်ကြည့်ရှုသော် (နေ) ကသိုဏ်း၊ (လ) ကသိုဏ်း၊ အောင်မြင်သည်ဟု ဆိုသည်။

ထိုကသိုဏ်းတရားဖြင့် အောင်မြင်သည်ကို 'သမထဝိဇ္ဇာ လမ်း' ဟု ခေါ် ဆိုပါသည်။ ထိုကသိုဏ်းတရားကို ကျင့်ကြံအား ထုတ်ပါမှသာ အဘိညာဉ်တရားများ ဝင်ရောက်လာတော့ သည်။

ထိုအဘိညာဉ်တရားက သမထတရားကြောင့်ဖြစ်ပေါ်လာ သော လောကီအဘိညာဉ်ဉာဏ်ပင် ဖြစ်တော့သည်။ ထို ကသိုဏ်း သမထတရားသည် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယ ဈာန်၊ စတုတ္ထဈာန်များပင် ရရှိနိုင်လေသည်။

'အပ္ပနာသမာဓိ' အထိရောက်ရှိလာသော သမထအား ကောင်း၍ ကြံစည်တိုင်း လုပ်ကိုင်တိုင်း ဖြစ်တော့သည်။ နဂါး ယောင်ဆောင်နိုင်သည်။ ဂဠုန်ယောင် ဆောင်နိုင်သည်။ ရဟန္တာ ယောင်ဆောင်နိုင်သည်ဆိုခြင်းမှာ ကသိုဏ်းတည်းဟူသော သမထတရား အားကြီးသော သမာဓိအရှိန်ဖြင့် ပြုစီးကြကုန်၏။

ကသိုဏ်းဝန်းစီရင်ပုံကား -

(၁) မိမိ၏ လက်ခလယ်ထိပ်နှင့် လက်မထိပ်ကို ဝိုင်းအောင်ထိ ကြည့်ပါ။ ထိုအဝိုင်းနှင့်အညီ ကသိုဏ်းဝန်းကို စီရင်အပ်ကုန် သည်။ ကျမ်းဂန်အရမူ တစ်ထွာရှိသော နှီးပြားကို ဝိုင်းကြည့်ပါ က ထိုရသော အဝန်းအဝိုင်းအတိုင်း ကသိုဏ်းဝန်းကို စီရင်လုပ်

ကိုင်ရာ၏ဟု ပြပါသည်။

ကသိုဏ်းအဝန်းသည် သေးငယ်လေ သမာဓိတရားရလေ ဖြစ်သည်။ ကသိုဏ်းဝန်းကြီးကြီးမားမားကို အားထုတ်ပါက စိတ် တန်ခိုးကြီးစိုးမှုနည်း၍ စိတ်အားမလိုက်နိုင်မည်စိုး၍ သမာဓိရ ရန်မလွယ်ကူလှပေ။ ထို့ကြောင့် ကသိုဏ်းဝန်းသည် သေးနိုင် သမျှသေး၍ ငယ်နိုင်သမျှငယ်နိုင်လေ။ သမာဓိရလွယ်လေဟု ဆိုပါသည်။ အထူးမှတ်သားကြပါကုန်။

ထိုတစ်ထွာခန့်ရှိသော နှီးပြားကို အဝိုင်းဖြစ်အောင် နှီး၏ နှစ်ဖက်ကို ထိစေပြီး အဝိုင်းပြုပါ။ ထိုအဝိုင်းအတိုင်း နီရဲသော အနီရောင်စက္ကူတစ်ခုကို ကော်ကောင်းကောင်းဖြင့် ကပ်ပါ။ ထို ကသိုဏ်းဝန်းသည် အနီကသိုဏ်းဝန်းဖြစ်ပြီဟု မှတ်ထင်ပါ။ ထို နည်းအတိုင်း တစ်ထွာခန့်ရှိသော နှီးပြားကို အဝိုင်းဖြစ်အောင် ပြု၍ စက္ကူဖြူကို အဝိုင်းအတိုင်း ကပ်ကြေးဖြင့်ကိုက်၍ ကော် ဖြင့်ကပ်ပါက ထိုအစီအရင်သည် အဖြူကသိုဏ်းဖြစ်သည်ဟု မှတ်ပါ။ ရင်းအဝိုင်းအတိုင်းပင် ပထဝီမြေကြီးကို ခပ်ပါးပါး အဝိုင်း လုပ်၍ ထားခြင်းဖြင့် ပထဝီကသိုဏ်းဝန်းဖြစ်တော့သည်မှတ်ပါ။ ထိုနည်းကိုလိုက်၍ မိမိနှစ်သက်သော ကသိုဏ်းဝန်းအမျိုးမျိုးကို ပြုလုပ်စီရင်နိုင်တော့၏။

(၂) ထိုမိမိကြိုက်နှစ်သက်ရာကို စီရင်လုပ်ကိုင်ပြီးသောကသိုဏ်း ဝန်းကို ရိုရိုသေသေ လေးလေးစားစားရှိစေရမည်။

(၃) ကသိုဏ်းဝန်းကို စီရင်လုပ်ကိုင်ရာမှာလည်း ပေါ့ပေါ့ဆဆ ဖြစ်သလို မပြုလုပ်မစီရင်ရ။ ခိုင်ခံ့စွာ ကောင်းမွန်စွာပြုလုပ်စီရင် ရာသည်။

(၄) မိမိသည် မြတ်စွာဘုရားအား ရှိသေလေးစားကြည်ညိုကြကုန်သကဲ့သို့ မိမိ၌ရှိသော ကသိုဏ်းဝန်းကိုလည်း ဘုရားတစ်ဆူကဲ့သို့ မှတ်ထင်ရမည်။ ကြည်ညိုရမည်။ မြင့်မြတ်ရာတွင် သေချာစွာ သိမ်းဆည်းထားရမည်။

(၅) မည်သည့်ကသိုဏ်းဝန်းကို ကြည့်ရှုသည်ဖြစ်စေ၊ ကသိုဏ်းအဝန်းအဝိုင်းသည် မိမိ၏မျက်စိ၊ မျက်နှာနှင့် မဝေးလွန်း၊ မနီးလွန်း ကြည့်ရှု၍ကောင်းစေရသော နေရာမျိုး၌ထား၍ အားထုတ်ရာသည်ဟု မှတ်ပါ။

(၆) ကသိုဏ်းဝန်းကို မကြည့်ရှုမီ၊ အားမထုတ်မီ ပထမဦးစွာ ခန္ဓာကိုယ်ကို သန့်ရှင်းစေရာ၏။ ရေမိုးချိုးစေရာ၏။ ပိတ်ဖြူဝတ်ခြင်း၊ မြတ်စွာဘုရားနှင့်တကွ အနန္တ (၅) ပါးအား ရှိသေစွာ ရှိခိုးခြင်း၊ ပန်း၊ ဆီမီး၊ ဆွမ်း၊ အမွှေးတိုင် စသည်များဖြင့် ပူဇော်ခြင်း၊ ဘုရားတွင် (၉) ပါးသီလ (ခေါ်) နဝင်္ဂသီလကို ဆောက်တည်ခြင်း၊ ခံယူခြင်းကို ပြုရာသည်ဟု မှတ်ပါ။

(၇) ကသိုဏ်းဝန်းရှေ့တွင်ထိုင်၍ မိမိ၏ရုပ်၊ နာမ် ခန္ဓာ (၅) ပါးအား အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမြင်အောင် ဝိပဿနာကို မိနစ်အနည်းငယ်ခန့် ပွားများဆင်ခြင်ရာသည်။ ၎င်းမှတစ်ဖန် ဆက်လက်၍ ဘုံ (၃၁) ဘုံတွင်ကျင်လည်ကုန်သော သတ္တဝါဝေနေယျများ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ သာသနာတော်စောင့်နတ်ကောင်းနတ်မြတ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ အရိယာဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ ရသေ့ရှစ်သောင်းဆရာအပေါင်းတို့အား

ကျွန်းမာပါစေ၊ ချမ်းသာပါစေ၊ ရေလိုအေး၍ ပန်းလိုလန်းကြပါစေ။ အကြံအစည်အောင်မြင်ကြပါစေ။ အသက်ရှည်ကြပါစေ။ ရန်သူမျိုး (၅) ပါး၏ဘေးမှ ကင်းဝေးကြပါစေ။ ဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ကြပါစေ။ လောကုတ္တရာ တရားထူး၊ တရားမြတ်ကိုလည်း အလွယ်တကူရရှိနိုင်ကြပါစေသတည်းဟု မိနစ်အနည်းငယ်ခန့် ပွားများပေးပါလေ။

(၈) ထိုသို့ ဝိပဿနာပွားခြင်း၊ မေတ္တာပွားများခြင်းကို ပြီးစီးပါက မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းရမည်။ ပြီးလျှင် ခန္ဓာကိုယ်ကို တည့်မတ်စွာထား၍ နေထိုင်၍ (ခန္ဓာကိုယ်သည် မကုန်းလွန်း၊ ခါးကိုမကွေးလွန်း၊ မဆန့်လွန်း၊ နေသာသရွေ့ အနေတော် နေထိုင်ရမည်။ ဦးခေါင်းကိုလည်း မငုံ့လွန်း၊ မမော့လွန်း၊ အနေတော် ထားရမည်ကို မှတ်ထင်ကြပါကုန်လော့)

အမိန့်ရှိန်ပြုရမည်မှာ ရှေးပညာရှိအကျော် မြတ်စွာဘုရားတို့သည်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါရဟန္တာတို့သည်လည်းကောင်း၊ လောကီယဝိဇ္ဇာအပေါင်းတို့သည်လည်းကောင်း၊ သံသရာဝဋ်မှထွက်မြောက်ကြစေရန် ဤမွန်မြတ်သော ကသိုဏ်းတရားကို ကြိုးစားအားထုတ်တော်မူကြလေကုန်ပြီ။ ထိုကသိုဏ်းတရား၏ အစွမ်းအားဖြင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာပညာရှိ ဝိဇ္ဇာအပေါင်းတို့သည် သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကင်းလွတ်၍ နိဗ္ဗာန်ကို ဝင်စံကြပေကုန်ပြီ။

ငါသည်လည်း ရှေးဘုရား ရဟန္တာ ဝိဇ္ဇာတို့၏ ကသိုဏ်းလမ်းကို ယခုအချိန်မှစ၍ ငွေ၊ လုံ့လ၊ ဝီရိယကို ရှေ့ထားကာ မရမနေ

ကြိုးစား၍ အားထုတ်ကျင့်ကြံပါတော့မည်။ ငါသည် ဝိဇ္ဇာတို့၏ ဉာဏ်၊ အဘိညာဉ်ပညာကို မရသမျှ၊ မပိုင်သမျှ ဤကသိုဏ်း တရားကို လက်မလွှတ်ဘဲ နေ့စဉ်၊ ညစဉ်အားထုတ်တော့မည်။ လောကီယရသေ့ပုဂ္ဂိုလ်ဝိဇ္ဇာများ၊ နတ်ကောင်းနတ်မြတ်များ ကြည့် ရှုစောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ အကျွန်ုပ်၏ ပါရမီ ကို ကူညီ၍ ဖြည့်တော်မူကြပါစေကုန်သတည်း။ (၃ ကြိမ်ဆို)

(၉) ထိုသို့ဆို၍ အဓိဋ္ဌာန်ပြုပြီးလျှင် ကသိုဏ်းဝန်းကို လိုချင်လာ သော စိတ်၊ နှစ်သက်လာသော စိတ်၊ အားထားယုံကြည်သော စိတ်ကို ပြင်းစွာထား၍ အားထုတ်ကြည့်ရှုရာ၏။ ပဌမ-မျက်စိကို ဖွင့်၍ ကသိုဏ်းဝန်းမှတစ်ပါး အပြင်ဘက်သို့ စိတ်မရောက်စေ ရန် ဝီရိယကိုရှေ့ထား၍ ရေကသိုဏ်းဖြစ်မူ ရေ၊ ရေ၊ ရေဟု စိတ်မှမှတ်ကာ ရေကိုကြည့်ရှုရမည်။ မီးကသိုဏ်းဖြစ်မူ မီး၊ မီး၊ မီးဟု မှတ်၍ မီးကိုကြည့်ရှုရမည်။ ပထဝီမြေကသိုဏ်းဖြစ်မူ မြေ၊ မြေ၊ မြေ ဟု စိတ်ထဲမှမှတ်ကာ မြေကသိုဏ်းဝန်းကို ကြည့်ရှုရာ ၏။ ဤနည်းကိုမှီ၍ အခြားကသိုဏ်းဝန်းကိုလည်း ဤအတိုင်း မှတ်။

(၁၀) ကသိုဏ်းဝန်းကိုစိတ်မှ မှတ်နေပြီး မျက်စိကိုဖွင့်၍ ဂရုစိုက် ကာ အားထုတ်နေစဉ် အတွင်းမျက်လုံးအိမ်အတွင်းမှ မျက်ရည် ပူများ ကျလာတတ်ခြင်း၊ မျက်စိ မှိတ်ချည်၊ ဖွင့်ချည် ပြုလုပ်ချင် လာခြင်း၊ ကသိုဏ်းဝန်းမှ အခြားသို့စိတ်ထွက်သွားချင်လာခြင်း၊ ကသိုဏ်းဝန်းကိုမှတ်၍ အားထုတ်နေစဉ် တဝါးဝါးသမ်း၍ အိပ် ငိုက်လာခြင်း၊ ထိုကသိုဏ်းဝန်းကိုကြည့်ရှုအားထုတ်နေရင်း

ဖျင်းရိလာခြင်း၊ ငြီးငွေ့လာခြင်း၊ ကာမစိတ်များ ဝင်လာတတ်ခြင်းများ ဖြစ်ပေါ်လာလိမ့်မည်။ ထိုသို့ဖြစ်လာလျှင် စိတ်ကိုတင်းတင်းထား၍ မျက်စိကိုစွမ်းအားရှိသရွေ့ မမှတ်မသုန်ဘဲ ငွဲရိုရိုအားထုတ်ရာသည်။ ဤကသိုဏ်းတရားသည် ငွဲရှိရသည်။ ဝီရိယကောင်းရသည်ကို သတိပြုပါ။ ဝီရိယညံ့ဖျင်းက မအောင်မြင်နိုင်ဘဲ ကြာရှည်နေတတ်သည်ဟု မှတ်ပါ။

(၁၁) တစ်ခါ (တစ်ကြိမ်) အားထုတ်လျှင် အနည်းဆုံး အားထုတ်စအခါတွင် (၁) နာရီခွဲကြာပါစေ။ အရှိန်ရလာသော် ရင့်ကျက်လာသော တစ်ခါ (တစ်ကြိမ်) အားထုတ်လျှင် (၂) နာရီ (၃) နာရီ ကြာပါစေ။ မျက်လုံးဖွင့်၍ အားထုတ်လာသော် ကသိုဏ်းဝန်းမှတစ်ပါး အခြားသို့ စိတ်မသွားဘဲ ထိုကသိုဏ်းဝန်းမှာပင် စိတ်သည်တည်ကြည်၍ ရှိနေတော့မည်။ ထိုအခါ စိတ်သည် ကသိုဏ်းဝန်းတွင်သာရှိနေ၍ ကြာလေ၊ အားထုတ်လေ အားထုတ်၍ကောင်းလာလိမ့်မည်။ ကြည့်ရှု၍ကောင်းလာလိမ့်မည်။ စိတ်သည် အလွန်ပီတိဖြစ်၍ ဝမ်းမြောက်နေပေလိမ့်မည်။ ထိုသို့ မျက်လုံးဖွင့်၍ အားထုတ်မှုသည် အောင်မြင်မှုအချိန်ကြာကြာရရှိပါက မျက်လုံးကို မှိတ်၍ မနောဒွါရ (ခေါ်) စိတ်ထဲမှ ကသိုဏ်းဝန်းကိုမှန်း၍ ကြည့်ပြီးအားထုတ်ပါ။ လေ့ကျင့်ပေးပါ။

ထိုသို့ မျက်လုံးမဖွင့်ဘဲ မျက်စိမှိတ်၍ မနောဒွါရ (ခေါ်) စိတ်ထဲမှာကသိုဏ်းဝန်းကို ကြည့်ရှု၍အားထုတ်သော် ယခင်မျက်စိဖြင့်ဖွင့်၍ မြင်ရသည့်ကသိုဏ်းဝန်းအတိုင်း မနောဒွါရ (ခေါ်) စိတ်ထဲတွင် အချိန်ကြာကြာရှိအောင် အားထုတ်လာနိုင်

ပါက သင်သည် ဝိဇ္ဇာပညာ၊ ဝိဇ္ဇာတို့၏ အဘိညာဉ်ဉာဏ်များကို မကြာမီ အချိန်ပိုင်းအတွင်း ရတော့မည်ဟုမှတ်ပါ။ သင်သည် လောကီယဝိဇ္ဇာဝင်ပုဂ္ဂိုလ်တစ်ပါးဖြစ်ပြီး ထွက်ရပ်ပေါက်ရန် မဝေးတော့ပြီဟု မှတ်ပါတော့။

ဤကား လောကီယဝိဇ္ဇာ (ခေါ်) ရှေးရသေ့ပျံထွက်ရပ် ပေါက်နည်းဖြစ်ပါသည်။ ကသိုဏ်းတည်းဟူသော သမထတရား ဖြင့် သမာဓိကိုဖြစ်စေကာ ပညာကပ်လာအောင် ပညာဖြစ်ပေါ် လာအောင် အားထုတ်နည်းအစဉ်ဖြစ်ပါသည်။

အကျွန်ုပ်ဆရာအရှင် ဦးဝေပုလ္လသည် အကျွန်ုပ်သိသကဲ့ သို့ တတ်သကဲ့သို့ တပည့်အများအားလည်း တတ်သိစေလိုသော အာသာဆန္ဒကြောင့်သာ ပညာစဉ်များကို အကုန်အစင် ဆရာ စားမချန်ဘဲ ဖွင့်ပြလိုက်ပါသည်။ ကြိုးစားကြပါကုန်။

ဤတွင် သမထဖြင့် ပညာဖြစ်ပုံပြီးပါပြီ။

## လောကုတ္တရာ အရိယာတရားကြောင်း ပြောပြချက်

လောကုတ္တရာ အရိယာတရားသည် လောကတွင် အမြတ်ဆုံးတရားဖြစ်ပေသည်။ လောကဓာတ်ပညာ၊ လောကီပညာ၊ လောကုတ္တရာပညာဟူ၍ ပညာကြီး (၃) မျိုးရှိပေသည်။ လောကဓာတ်ပညာကား သိပ္ပံပညာအတတ်၊ အကုမြူအတတ်၊ စက်ယန္တရားအတတ်ပညာမှန်သမျှကို 'လောကဓာတ်ပညာ' ဟု ခေါ်သည်။

အင်းအတတ်၊ ဆေးအတတ်၊ ဗေဒင်အတတ်၊ အဂ္ဂိရတ်အတတ်၊ မန္တန်အတတ်၊ မန္တရားအတတ်၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်၊ လက္ခဏာအတတ်၊ အင်္ဂဝိဇ္ဇာအတတ်ပညာဟူသမျှသည် လောကီပညာဟု ခေါ်အပ်၏။

လောကုတ္တရာပညာကား ထိုပညာများကိုသင်ယူ၍တတ်သော အတတ်မျိုး၊ ပညာမျိုး မဟုတ်ပေ။ ကျင့်ကြံ၊ ပွားများအားထုတ်ယူမှရသော အတတ်ပညာဖြစ်ပါသည်။ ရှင်းလင်းပါဦးအံ့။

အနိစ္စ၊ ဒုက္ခ၊ အနတ္တပညာများ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပညာရပ်များ၊ စိတ် စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရား (၄) ပါး၏ ပညာရပ်များ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ စသော ပညာရပ်များ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ စသော ပညာရပ်ကြီးများ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ စသော မဂ္ဂင်ရှစ်ပါးပညာရပ်များဖြင့် ပြည့်နှက်၍နေ၏။ ထိုပညာမျိုးကို လောကုတ္တရာပညာမျိုးဟု ခေါ်သည်။ ထိုပညာမျိုးကို အားထုတ်သောသူသည် -

(၁) သီလဖြူစင်ရခြင်း

(၂) သမာဓိ တည်ကြည်စွာရှိခြင်း

(၃) ဝီရိယ၊ ဇွဲ၊ လုံ့လ အားကောင်းရခြင်း

(၄) ဆရာကောင်းထံ နည်းနိဿယ ခံယူခြင်း

(၅) သတိတရားအားကောင်းရခြင်း

(၆) သာသနာအတွင်း ကြုံကြိုက်ရခြင်း

စသော အချက် (၆) ချက်နှင့်ညီညွတ်မှသာလျှင် ထို လောကုတ္တရာပညာကို မြင်လွယ်၊ သိလွယ်၊ ပေါက်လွယ်သည်။ လောကုတ္တရာထွက်ရပ်လမ်းကား တစ်ဆယ့်တစ်ပါးသော မီးတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ပင်ဖြစ်ပေသည်။

မြတ်စွာဘုရားတို့သည် သဒ္ဓါဓိက၊ ပညာဓိက၊ ဝီရိယဓိက အားဖြင့် လိုက်၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း စသည်ဖြင့် အားထုတ်တော်မူရလေသည်။

အဂ္ဂသာဝကာ၊ မဟာသာဝကာ၊ ပကတိသာဝကာ စသည်တို့လည်း နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ကမ္ဘာတစ်သိန်းထက်အလွန်၊ ကမ္ဘာတစ်သိန်းထက်အောက် စသည်ဖြင့် ကျင့်၊ ကြံ၊ ပွားများ အားထုတ်ပါမှသာ လောကုတ္တရာပညာကို ရတော်မူကြပေကုန်၏။

ထိုလောကုတ္တရာပညာဟူသည် လောကီပညာများကဲ့သို့ သူတစ်ပါးအား ပြုလုပ်နိုင်စွမ်းမရှိချေ။ ထို့ကြောင့် လောကုတ္တရာပညာသည် -

(၁) ကြမ်းတမ်းသော ပညာမဟုတ်။
(၂) နှိပ်စက်နိုင်သော ပညာမဟုတ်။
(၃) တန်ခိုးပြနိုင်သော (ပြခွင့်ရှိသော) ပညာမဟုတ်။
(၄) သံသရာလည်စေတတ်သော တရားမဟုတ်။
(၅) လွယ်လွယ်နှင့်ရနိုင်သော တရားမဟုတ် ဟုမှတ်ကြပါကုန်။

အားထုတ်ရန်အစဉ်ကား -

(၁) စွန်းလွန်းနည်း အာနာပါနကို အခြေခံ၍လည်းကောင်း၊
(၂) ညောင်လွန့်ဆရာတော်၏နည်း အာနာပါနကို အခြေခံ၍လည်းကောင်း၊
(၃) မိုးကုတ်ဝိပဿနာနည်း
(၄) ကသစ်ဝိုင်ဝိပဿနာနည်း
(၅) ကြောင်ပန်းဝိပဿနာနည်း
(၆) သတိပဋ္ဌာန်ဝိပဿနာနည်း

စသည်ဖြင့်နည်းပေါင်းများစွာရှိကြကုန်၏။ ထိုလောကုတ္တရာ

ပညာတို့ အားထုတ်နည်းကို ထိုရိပ်သာများ၊ ကမ္မဋ္ဌာန်းတိုက်များ၊ ကမ္မဋ္ဌာန်းဆရာများ၊ မြန်မာပြည်တွင် များစွာရှိကြ၍ အကျွန်ုပ် အကျယ်မပြတော့ပြီ။ ထိုလောကုတ္တရာပညာရပ်ကိုနှစ်သက် လိုက်စားလိုပါက မိမိတို့ကြိုက်နှစ်သက်ရာ ဝိပဿနာကိုလည်း ကောင်း၊ ကမ္မဋ္ဌာန်းကိုလည်းကောင်း ရွေးချယ်၍ အားထုတ်ကြ ပါကုန်။ အထူးဆိုရန်မှာ -

(၁) ဆရာကောင်းကိုရှာရန် အရေးကြီးသည်။

(၂) ရုပ်၊ နာမ် (၂) ပါးကွဲပြားရန် အရေးကြီးသည်။ (စာတွေ့ ကွဲသည့်စိတ်ကူးဖြင့် ကွဲနည်းမဟုတ်ဟု မှတ်ပါ။)

(၃) ခန္ဓာ (၅) ပါးကို အပျက်တရားဖြင့် မြင်ရန်အရေးကြီးသည်။

(၄) သခ်ါရတရားကိုကြောက်ရန် အရေးကြီးသည်ဟုမှတ်ပါ။

ထို (၄) ချက်ကို သင်တွေ့ပါက မဝေးသောကာလအတွင်း သင်သည် တရားထူးကိုရပေတော့မည်။ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပေတော့မည်ဟု အတိုချုပ်ရေးသားလိုက်ရပါသည်။

ဤတွင် လောကုတ္တရာတရားဖြင့် ပညာဖြစ်ပုံပြီးပါပြီ။

## ပုတီးစိပ်ခြင်းဖြင့် ပညာဖြစ်ပုံ

ပုတီးစိပ်ခြင်းဖြင့် ပညာဖြစ်ပုံကို အကျဉ်းချုပ်ပြဆိုပေအံ့။ ထိုတရားသည် လောကုတ္တရာလား၊ လောကီလားဟု မေးစရာအကြောင်းရှိသည်။ ထိုသို့မေးက လောကီတရားဟု ဖြေရမည်။ ပုတီးစိပ်သည်ဖြစ်စေ၊ ကသိုဏ်းတရားကို လိုက်သည်ဖြစ်စေ၊ ထိုတရားများသည် သမထတရားများဖြစ်ကြောင်းကို မှတ်တော်မူကြပါ။ ထိုသို့ ပုတီးစိပ်ခြင်းကြောင့် ပညာကိုဖြစ်ပေါ်အောင် အားထုတ်သော် -

(၁) ဝီရိယရှေ့ထားရမည်။

(၂) သတိတရားကို ရှေ့ထားရမည်။

(၃) ပြီးလျှင်ပြီးရောဟုသဘောထား၍ဖြစ်သလို ပုတီးကိုမစိပ်ရ။

(၄) ပုတီးကို လေးစားစွာ စိပ်ရမည်။

ထိုအချက် (၄) ချက်ကို အထူးသတိထား၍ အားထုတ်တော်မူကြပါ။ ထိုပုတီးကို ပညာဖြစ်အောင် မကျင့် (အားမထုတ်) မီ -

(၁) ရတနာ(၃) ပါး၊ ဆရာသမား မိဘစသည်များကို ရိုသေစွာ ရှိခိုးခြင်း၊ ပူဇော်ကန်တော့ခြင်းကို ပြုရမည်။


(၂) ငါးပါးသီလကိုသော်လည်းကောင်း၊ ကိုးပါးသီလကိုသော် လည်းကောင်း ဆောက်တည်အပ်၏။

(၃) အထက်ထွက်ရပ်ပေါက်ဆရာကြီးများ၊ ဆရာတော်ကြီးများ ကို ကန်တော့ပါ။ ရှိခိုးပါ။ ပန်း၊ ဆီမီး၊ အမွှေးတိုင်စသည်များ ပူဇော်ပါ။

(၄) သစ္စာအဓိဋ္ဌာန်ဖြင့် ပညာဖြစ်ပုံကို ပြခဲ့သော အခန်းထဲတွင် ပါရှိသည့်အတိုင်း သစ္စာပြုပုံ၊ တိုင်တည်ပုံ၊ ဆုတောင်းပုံအတိုင်း ပြုလုပ်ကြရမည်။

(၅) ကန်တော့ပွဲ (၅) ပွဲ ပြင်ရမည်။ တစ်ပွဲက သိကြားမင်းအ တွက်၊ တစ်ပွဲက ဓတရဋ္ဌနတ်မင်း၊ တစ်ပွဲက ဝိရုဠကနတ် မင်း၊ တစ်ပွဲက ဝိရူပက္ခနတ်မင်း၊ တစ်ပွဲက ကုဝေရနတ်မင်း အားလုံး စုပေါင်းက သိကြားမင်းနှင့်တကွ စတုမဟာရာဇ် နတ်မင်းကြီး (၄) ပါးဖြစ်ပါသည်။ ငှက်ပျော် (၃) ဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ အမွှေးတိုင် ပါစေ။

(၆) ထိုကန်တော့ပွဲများရှေ့တွင် သန့်ပြန့်သော ရေအိုးကောင်း ကောင်းတစ်လုံးကို ထားပါ။ ရေသန့်သန့်စင်စင်ကိုလည်း ထည့် ထားပါ။ ရေအိုးကို အဖုံးလုံခြုံပါစေ။ ကန်တော့ပွဲ (၅) ပွဲ ဘေး များတွင် ညောင်ရေအိုး (၅) အိုးရှိပါစေ။ အောင်သပြေ ကိုးညွန့် စီ ထိုးထားပါ။ ပြီးလျှင် နတ်မင်းကြီးများကို ပင့်ခေါ်၍ ကန်တော့ ပွဲများကို လှူဒါန်းပါ။ ပြီး သစ္စာဆို၊ အဓိဋ္ဌာန်ပြု၊ တိုင်တည် ဆုတောင်းပါ။




(၇) ပုတီးကိုစိပ်သော ပုတီးကို ပုံတွင်ပြထားသည့်အတိုင်း ယောကျာ်းထိုင်၊ တင်ပျဉ်ခွေထိုင်၍ ပုတီးကို ဘယ်ဘက်၊ ညာဘက်လိမ်ကာ လက်နှစ်ဖက်က ပုတီးကိုင်၍ (ပုတီးကို လက်နှစ်ဖက်နှင့်ကိုင်၍ လက်ျာလက်ကို ပန်းပွားဘက်ကကိုင်၍ လက်ျာပေါင်ပေါ်တင်၊ လက်ဝဲလက်ကို ပုတီးကိုင်၍ လက်ဝဲပေါင်ပေါ်တင်) စိပ်ရမည်ကို ဆိုပါသည်။ ပုတီးစိပ်သော် သိပ်ပြီးမမြန်ရ။ သိပ်လည်း မနှေးကွေးရ။ အနေတော် မှန်မှန်စိပ်ပါ။ ခန္ဓာကိုယ်ကိုလည်း ကုန်းခြင်း၊ မတ်ခြင်းမရှိစေဘဲ နေထိုင်၍အကောင်းဆုံးနေရာတွင် ရှိပါစေ။ ဦးခေါင်းကိုလည်း ငုံ့လွန်းခြင်း၊ မော့လွန်းခြင်း မဖြစ်စေရ။ မျက်နှာကို တည့်တည့်ထားရမည်။ ခါးသည် မကုန်းလွန်း၊ မမတ်လွန်း အနေတော်ရှိစေရမည်။

(၈) ပုတီးမစိပ်ခင် ရေချိုးခြင်း၊ နံ့သာဖြူဆွတ်ဖြန်းခြင်း၊ ပိတ်ဖြူဝတ်ခြင်းကို ပြုလုပ်ကြရမည်။ ပုတီးစိပ်သော် ဂုဏ်တော်၏ အဓိပ္ပါယ်ကို ထင်မြင်နိုင်ရမည်။

ဥပမာ - အရဟံဂုဏ်တော်ကို ပုတီးစိပ်သော် 'အရဟံ' ဟူသည်ကား 'လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူး

ကို ခံတော်မူပေထိုက်ထသော မြတ်စွာဘုရား' ဟု အဓိဋ္ဌာန်ရ
သည်။ ထို့ကြောင့် အရဟံဂုဏ်တော်ကိုပုတီးစိပ်သော် ပုံသဏ္ဌာန်
ကား လူ၊ နတ်၊ ဗြဟ္မာတို့သည် မြတ်စွာဘုရားအား ပူဇော်ရှိခိုး
နေသည်ကို စိတ်ထဲမှ ထင်မြင်စွာကြည့်ရှုဆင်ခြင်၍ အရဟံဂုဏ်
တော်ကို ပုတီးစိပ်ရမည်ဟု မှတ်ပါ။ ကျန်သောဂုဏ်တော်များကို
လည်း သူ့ဆိုင်ရာအနက်အဓိပ္ပါယ်ပေါ်လာအောင် စိတ်ထဲမှ
အာရုံပြု၍ ပုတီးကိုစိပ်ပါ။

(၉) တစ်နေ့လျှင် ပုတီးကို (၁၀၈) ပတ်စိတ်ရမည်။ တစ်ထိုင်
တည်း စိပ်ရမည်။ တစ်ထိုင်တည်းဖြင့် (၁၀၈) ပတ်ရအောင်
ဂုဏ်တော် (၉) ပါးကို ပုတီးစိပ်ရမည်။ (၄၅) ရက်တိတိ အဓိဋ္ဌာန်
ဝင်၍ ပုတီးစိပ်ရမည်။ (၄၅) ရက် မစေ့မချင်း ပုတီးစိပ်ကို မပျက်
ကွက်ရ။ နေ့စဉ် (၁၀၈) ပတ်ရအောင် တစ်ထိုင်တည်း ပုတီးစိပ်
နေစဉ်အတွင်း တစ်နေ့တွက်တွင် (၁၀၈) ပတ်စိပ်၍ပြီးစီးလျှင်
မိမိရှေ့တွင်ရှိသော ရေအိုးကို မြတ်စွာဘုရား၏ဂုဏ်တော် (၉)
ပါးဖြင့် (၉) ခေါက်မန်း၍ ဆုတောင်းပြီးသောက်ရမည်။

(၁၀) အဓိဋ္ဌာန် (၄၅) ရက်ဝင်ပုံကို သစ္စာအဓိဋ္ဌာန်ဖြင့် ပညာ
ဖြစ်ပုံအခန်းအတိုင်း (၄၅) ရက် အဓိဋ္ဌာန်ဝင်ပုံအတိုင်း ဆို၍
အဓိဋ္ဌာန်ဝင်ကြပါလေ။ ပုတီးကို အဓိဋ္ဌာန်ပြု၍ စိပ်ပုံကား -

'အလုံးစုံသော အထက်ဆရာကြီးများ၊ ဆရာတော်ကြီးများ
နှင့် အထက်နတ်မင်းကြီးအပေါင်းတို့ ---

အကျွန်ုပ်သည် မြတ်စွာဘုရား၏ ဂုဏ်တော် (၉) ပါးအား
တစ်ထိုင်တည်းဖြင့် ပုတီးအပတ်ပေါင်း (၁၀၈) ပတ်ရအောင်

ပုတီးစိပ်ပွားများအားထုတ်ပါမည်။ ထိုသို့အားထုတ်နေစဉ် ပုတီး အပတ်ပေါင်း (၁၀၈) ပတ် မပြည့်မချင်း ထိုင်ရာကမထပါ။ ပုတီး အပတ်ပေါင်း (၁၀၈) ပတ်မပြည့်မချင်း နောက်လှည့်မကြည့်ပါ။ ခေါ် သော်လည်း မထူးပါ။ မေးသော်လည်း စကားပြန်၍မပြော ပါ။ မှက်၊ ခြင်၊ ပုရွက်ဆိတ်များ ကိုက်ခဲပါသော်လည်း (၁၀၈)ပတ် ပုတီးမပြည့်မချင်း မရိုက်၊ မပုတ်၊ မသတ်ပါ။ မှန်ကန်သော သစ္စာ အဓိဋ္ဌာန်ကို အထက်ဆရာကြီးများ၊ ဆရာတော်ကြီးများ၊ သိကြား မင်းနှင့်တကွ အထက်နတ်မင်းကြီးများ၏ရှေ့မှောက်၌ မှန်ကန် သော သစ္စာအဓိဋ္ဌာန်ကို ပြုအပ်ပါသည် ဘုရား။ ထိုကောင်းမှု သစ္စာအဓိဋ္ဌာန် တန်ခိုးကြောင့် အကျွန်ုပ်အား အထက်ဆရာကြီး များ၊ ဆရာတော်ကြီးများသည်လည်းကောင်း၊ အထက် သမ္မာ ဒေဝနတ်များ၊ သိကြားမင်းနှင့်တကွ သာသနာတော်စောင့်နတ် မင်းကြီးများသည် ကြပ်မတ်စွာ ကူညီစောင့်ရှောက်တော်မူကြပါ စေသတည်း။ အတတ်ပညာများကို သင်ကြားပေးတော်မူကြပါ စေကုန်သတည်း။ အမြင်အကြား၊ မနောမယသိဒ္ဓိများကို ပိုင်းကူ ပေးသနားကြပါစေကုန်သတည်း။ ဝိဇ္ဇာမဟာသိဒ္ဓိအတတ်၊ နတ်တို့၏ အတတ်၊ ဇော်ဂျီတို့၏အတတ်များကို ပိုင်ဆိုင်ပြီးစီးရပါလို၏။ စုန်းမျိုး (၁၀၁) ပါး၊ နတ်များ (၁၀၁) ပါး၊ နတ်ဆိုး၊ ဘီလူးဆိုး များကို နှိမ်နင်းနိုင်ရပါလိုစေသတည်း။ ဝိဇ္ဇာဉာဏ်တို့ကို အစိုးရ ၍ (၁၀) ပါးသော သိဒ္ဓိကြီးများကို ပိုင်ဆိုင်ရကာ နိဗ္ဗာန်ကို ဝင် စံရပါစေသတည်း။

ပထဝီမြေ သုဓမ္မနှင့် ပရမေမြတ် ငါးထပ်အာလိန်၊ တာဝတိံ

က ဒေဝိန်သိကြား၊ သာသနာတော်ကို များစွာစောင့်ကြပ်နတ် မင်းမြတ်တို့ သိတော်မူကြပါစေကုန်သတည်း။ အထက်ဆရာ တော်ကြီးများ၊ အထက်ဆရာကြီးများသည် အသိသက်သေပြု၍ စောင့်ရှောက်ကြပါစေကုန်သတည်း။

(၁၁) ပုတီးစိပ်ရန် အစီအစဉ်ကား -

| | |
|---|---|
| (၁) အရဟံ | (၄) ပတ်စိပ်ပါ။ |
| (၂) သမ္မာသမ္ဗုဒ္ဓေါ | (၆) ပတ်စိပ်ပါ။ |
| (၃) ဝိဇ္ဇာစရဏ သမ္ပန္နော | (၈) ပတ်စိပ်ပါ။ |
| (၄) သုဂတော | (၁၀) ပတ်စိပ်ပါ။ |
| (၅) လောကဝိဒူ | (၁၂) ပတ်စိပ်ပါ။ |
| (၆) အနုတ္တရောပုရိသ ဓမ္မသာရထိ | (၁၄) ပတ်စိပ်ပါ။ |
| (၇) သတ္ထာဒေဝ မနုဿာနံ | (၁၆) ပတ်စိပ်ပါ။ |
| (၈) ဗုဒ္ဓေါ | (၁၈) ပတ်စိပ်ပါ။ |
| (၉) ဘဂဝါ | (၂၀) ပတ်စိပ်ပါ။ |
| စုစုပေါင်း အပတ် | (၁၀၈) ပတ်ရသည်။ |

နဝင်းကျေသည်။

(၁၂) ထိုသို့တစ်ထိုင်တည်းဖြင့် ပုတီးအပတ်ပေါင်း (၁၀၈) ပတ် ရအောင် သစ္စာအဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ရသောကောင်းမှုကြောင့် အကျွန်ုပ်သည် သိဒ္ဓိ (၁၀) ပါး ပေါက်ရပါစေသတည်း။ ဒိဗ္ဗ သောတဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ်၊ ပုဗ္ဗေ နိဝါသဉာဏ်၊ ဣဒ္ဓိဝိဓပညာဉာဏ်မျိုးကို ပိုင်ဆိုင်ပြီးစီးရပါစေသ တည်း။ စုန်းမျိုး (၁၀၁) ပါး၊ နတ်မျိုး (၁၀၁) ပါး၊ ကဝေမျိုး

(၁၀၁) ပါး စသော နတ်ဆိုးနတ်ဝါးများကို အာဏာပေးတိုင်း နှိမ်နင်းပြီးစီးရပါစေသတည်း။ အာဏာကြီးခြင်း၊ ပညာကြီးခြင်း၊ တန်ခိုးကြီးခြင်းဖြစ်ရ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန်ဝင်စံရပါစေသ တည်း။

(၄၅) ရက်ပတ်လုံး အသက်သတ်လွတ်စား၍ ပုတီးစိပ် သော်လည်းကောင်း၊ (၄၅) ရက်ပတ်လုံး အဓိဋ္ဌာန်ပုတီးစိပ်နည်း အောင်မြင်ခဲ့သော် အာဏာကြီးခြင်း၊ ပညာကြီးခြင်း၊ ဘုန်းကြီး ခြင်း ဖြစ်တော့သည်။ စုန်း၊ နတ်၊ ကဝေ၊ မြေ၊ ဖုတ်များကို နိုင် နင်းခြင်း၊ ဝိဇ္ဇာဉာဏ်များကို ပါရမီအလျောက် ရနိုင်တော့သည်။

ထိုနည်းကိုလိုက်၍ 'သမ္ဗုဒ္ဓေဂါထာ' ကိုလည်းကောင်း၊ 'နမောတဿ ဘုရားရှိခိုး' ကိုလည်းကောင်း၊ သရဏဂုံ (၃) ပါးကို လည်းကောင်း၊ အဓိဋ္ဌာန်သစ္စာပြု၍ ပုတီးစိပ်ရသည်။ သို့မှ ပညာ ရနိုင်မည်ကို မှတ်ပါ။ ပုတီးစိပ်ပြီးတိုင်း နေ့စဉ် ဂုဏ်တော် (၉)ပါး ဖြင့် (၉)ခေါက်မန်း၍ရေကိုသောက်ရမည်မှတ်ပါ။ ဆုတောင်း ပြီး သောက်နိုင်ပါသည်။

ဤတွင် ပုတီးစိပ်၍ ပညာဖြစ်ပုံကို ပြ၍ပြီးပါပြီ။

## ပညာပြည့်စုံစေမည့် ပွေးဝပ်ဗုဒ္ဓပေါ်လွန်ခြင်း

ပညာသည် လောကတွင် အလွန်အရေးကြီးသော တရားဖြစ်သည်။ မဂ်ဖိုလ် နိဗ္ဗာန်ကိုရရန်မှာလည်း မြတ်စွာဘုရားကိုယ်တိုင်ပင် အစိပညာကို အလေးထား၍ ဟောကြားတော်မူခဲ့ပေသည်။ ပညာသာလျှင် လောကကိုလွှမ်းခြုံနိုင်ပေသည်။ အုပ်စိုးနိုင်ပေသည်။ ပညာသည်သာလျှင် လူမျိုးပေါင်း (၁၀၁) ပါးတို့ကို အုပ်ချုပ်ထိန်းသိမ်းနိုင်ပေသည်။

မဟောသဓာဇာတ်တော်တွင် မြတ်စွာဘုရားအလောင်း မဟောသဓာသုခမိန်သည် ပညာပါရမီကို များစွာဖြည့်ဆည်းတော်မူခဲ့လေပြီ။ သို့ကြောင့် ထီးဆောင်းမင်းအပေါင်းတို့သည် မဟောသဓာပညာရှိသုခမိန်အား ရှိသေလေးစားကြရကုန်သည်ဟု မှတ်ပါ။

ထို့ပြင် မြတ်စွာဘုရားသခင် ဖြည့်ဆည်းတော်မူသော ပါရမီ (၁၀) ပါးတော်တွင် ပညာပါရမီသည်လည်း တစ်ကဏ္ဍပါဝင်ကြောင်း မှတ်သားကြပါကုန်။ ရှေးပညာရှိ အကျော်အမော်တို့

သည် ဥပမာပေးတော်မူခဲ့သည်မှာ -

ပညာသည် မီးရထား၏ စက်ခေါင်းနှင့်အလားသဏ္ဌာန်တူ ကြောင်း၊ နောက်မှ မီးရထားတွဲများသည် သမာဓိနှင့် အလား သဏ္ဌာန်တူကြောင်း မီးရထား၏ ဘီးများသည် သီလနှင့်သဏ္ဌာန် တူကြောင်း မိန့်ဆိုဖူးကြ၏။

(၁) သီလရှိမှ သမာဓိရှိမည်။

(၂) သမာဓိရှိမှ ပညာရှိမည်။

(၃) ပညာမရှိဘဲ သမာဓိမရှိနိုင်။

(၄) သမာဓိမရှိဘဲ သီလမရှိနိုင်။

(၅) သီလမရှိဘဲ သမာဓိမတည်နိုင်။

(၆) သမာဓိမတည်ဘဲ ပညာမတည်နိုင်ကြောင်း မှတ်ကြပါကုန်။

ထို့ကြောင့် ပညာသည် အရာရာတွင် ထူးမြတ်ကြောင်း မှတ်ပါ။ ထို့အတူ လောကီပညာတွင်လည်း ပညာမရှိဘဲ ထွက် ရပ်မပေါက်နိုင်ကြောင်း မှတ်ပါ။ ထွက်ရပ်ပေါက်တော်မူကြပေ ကုန်သော (၆၉) ပါးသော ဝိဇ္ဇာများသည် ပညာရှိ၍ ထွက်ရပ် ပေါက်တော်မူကြပါသည်။ ပညာမရှိဘဲ လုံးဝထွက်ရပ်မပေါက် တော့ကြောင်း မှတ်ပါ။ လောကုတ္တရာထွက်ရပ်ပင်ဖြစ်စေ ပညာ မရှိဘဲ မဂ်ဖိုလ်ကို မရနိုင်ကြောင်း မှတ်ပါ။ ထို့ကြောင့် ပညာကို လိုလားလျှင် -

(၁) သီလဖြူစင်ရခြင်း။

(၂) သမာဓိတည်ကြည်ရခြင်း။

(၃) ကုသိုလ်ကောင်းမှုများစွာ ပြုရခြင်း။

(၄) ကောင်းသောဆုကို ခံယူရခြင်း။
(၅) ဋ္ဌဲ၊ ဝီရိယ အားကောင်းရခြင်း။
(၆) သဒ္ဓါတရား၊ အားကောင်းရခြင်း။
(၇) ဆရာကောင်းထံ နည်းခံယူခြင်း။
(၈) မေတ္တာတရား ပွားများရခြင်း။
(၉) မြီးခြံ့ဇွှာ ကျင့်ကြံအားထုတ်ရခြင်း

ၚင်း (၉) ချက်နှင့်ညီညွတ်မှ ပညာရသည်။ ပညာရှိနိုင်သည်ဟု မှတ်သားပါ။ ပညာမရှိဘဲ ထွက်ရပ်ပေါက်ကုန်သော ဝိဇ္ဇာသည် လောကတွင်မရှိ။ ယခုလည်းမရှိ၊ နောင်လည်းရှိမည်မဟုတ်ကြောင်း သတိပြုပါလေ။

ဤတွင် ပညာမရှိဘဲ ထွက်ရပ်မပေါက်နိုင်ကြောင်း ပြီးပါပြီ။

## ပညာယူခြင်း အမျိုးမျိုးတို့ ဖြခြင်း

ပညာယူခြင်းအမျိုးမျိုးရှိရာတွင် ဤစာအုပ်တွင်ပါသော ပညာဖြစ်ပုံ၊ ရပုံများက မိမိဘာသာတစ်ဦးတည်း ခံယူနိုင်သော ပညာမျိုးဖြစ်ပါသည်။ မည်သည့်နည်းနှင့်ပင် ပညာကို ရရ။ ပညာ ရဖို့၊ ရှိဖို့ အရေးကြီးကြောင်းကို မှတ်သားပါ။

အချို့မှာ ဆရာ့ထံတွင် နည်းနိဿယမခံယူဘဲ မိမိတို့ စိတ်ထင်ရာ ပညာရလိမ့်မည်အထင်နှင့် ကန်တော့ပွဲထိုးခြင်း၊ ပုတီးစိပ်ခြင်းကို ပြုကြကုန်၏။ ကုသိုလ်ကား ရပါ၏။

ကောင်းသော စိတ်ထားဖြင့် ကောင်းသောအကျင့်ဖြစ်သည့် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းစသည်တို့မှာ ကောင်းသောအလုပ် ဖြစ်၍ ကုသိုလ်ရပါသည်။ ကုသိုလ်သာရပါသည်။ ပညာကား မရ။ မဖြစ်။ ကုသိုလ်ရတိုင်း ပညာရသည်ဟု မယူဆအပ်ပါ။

ဆရာ မပြလျှင် (ဝါ) ဆရာ မရှိလျှင် ငါးပိဖုတ်ပင် နည်းမကျ ဟု ရှေးသူဟောင်းတို့စကားတွင် ဆိုရိုးရှိကြပေကုန်၏။

ထို့ကြောင့် နည်းပေးလမ်းပြ ဆရာကောင်းသည် များစွာ

အရေးကြီးပါကြောင်း မှတ်ပါ။

လောကီပညာ၊ လောကုတ္တရာ စသည့် (၂) ရပ်သော ပညာမျိုးကို ပေးစွမ်းနိုင်သော အကျင့်သီလကောင်းသည့် ဆရာမြတ်များကို ရှာဖွေပါ။ ဆည်းကပ်ကိုးကွယ်ကြပါဟု မှာကြားပါရစေ။

ထို့ကြောင့် နည်းနိဿယမခံယူဘဲ မိမိစိတ်ကူးမိရာ ကန်တော့ပွဲထိုးခြင်း၊ ပုတီးစိပ်ခြင်းသည် ပညာမဖြစ်ဘဲ မကောင်းသော နတ်များ ဖျက်ဆီးခြင်းကို ခံရ၍ လမိုင်းဝင်ရောက်က ငိုခြင်း၊ ရယ်ခြင်း၊ ရူးသွားခြင်း၊ စိတ်နောက်သွားခြင်းဖြစ်နိုင်ကြသည်ကို စွဲမြဲစွာ ယုံကြည်ကြပါကုန်။

အောက်လမ်းပညာရပ်များသည် လွယ်ကူစွာ တတ်မြောက်နိုင်ပေမယ့် အထက်လမ်းသန့်ရှင်းသော ထွက်ရပ်ပေါက်ပညာများကား လွယ်လွယ်နှင့်မရဟု မှတ်ပါ။ အတော်ပင် ခက်ခက်ခဲခဲသင်ယူပါမှ ရရှိနိုင်သည်ဟု မှတ်ပါ။ လွယ်လွယ်နှင့် တတ်မြောက်နိုင်လျှင် ထွက်ရပ်ပေါက်ဝိဇ္ဇာများသည် မြန်မာပြည်တွင် သာမက နိုင်ငံခြားမှာပင် လွန်စွာပေါများကုန်တော့မည်ဟု မှတ်ပါ။

ထို့ကြောင့် ပညာသည် လွယ်လွယ်နှင့်မရပါ။ ပညာကောင်းတစ်ခုကို ခံယူနိုင်ရန် -

(၁) ဆရာကောင်း၊ သမားကောင်းသည် လွန်စွာအရေးကြီး၏။

(၂) ပညာကောင်း၊ ပညာမြတ်သည် လွန်စွာအရေးကြီး၏။

(၃) ရိုးသားဖြောင့်မတ်မှုသည် လွန်စွာအရေးကြီး၏။

(၄) ဉာဏ်ပညာသည် လွန်စွာအရေးကြီး၏။

(၅) ခွဲ၊ ဝီရိယသည် လွန်စွာအရေးကြီး၏ ဟုမှတ်ပါ။

ထိုအထက်ပါ အချက် (၅) ချက်နှင့်အညီ ပညာရှာပါမှ ပညာကောင်း၊ ပညာမြတ်ကို ရရှိနိုင်လေသည်။ ပညာလည်း လွယ်လွယ်နှင့် တတ်မြောက်နိုင်သည်။ ပညာလည်း ခန္ဓာကိုယ်မှာ စွဲနေတော့၏။ သို့ဖြစ်၍ -

ဆရာမကောင်းသောကြောင့် တပည့်များ ငရဲကျကုန်လေပြီ။

ဆရာမကောင်းသောကြောင့် တပည့်များ တိရစ္ဆာန်ဖြစ်ကြကုန်လေပြီ။

ဆရာမကောင်းသောကြောင့် တပည့်များ သေကြေကြလေကုန်ပြီ။

ဆရာမကောင်းသောကြောင့် တပည့်များ အရှက်ကွဲကြလေကုန်ပြီ။

ဆရာမကောင်းသောကြောင့် တပည့်များ နိဗ္ဗာန်နှင့်လွဲကာ သံသရာဝဋ်ဆင်းရဲတွင် ကျင်လည်ကြကုန်လေပြီဟု မှတ်ပါ။

ကောင်းမွန်သော ဆရာမြတ်ကို ဆည်းကပ်ခြင်းကြောင့် တပည့်များတွင် -

(၁) ကောင်းစွာ ပညာတတ်မြောက်ရခြင်း။

(၂) စည်းကမ်းရှိသေမှု နားလည်သွားခြင်း။

(၃) ကောင်းသောအကျင့်၌ တည်မြဲခြင်း။

(၄) နတ်ရွာနိဗ္ဗာန်ကို ဝင်စံရခြင်း။

(၅) အပါယ် (၄) ဘုံမှ ကင်းလွတ်ရခြင်း။

(၆) ထည်ဝါစွာ၊ တင့်တယ်စွာ နေထိုင်ရခြင်း။

(၇) အခြံအရံ၊ အဆောင်ယောင် ပေါ်များခြင်း။
(၈) ထွက်ရပ်ပေါက်စေနိုင်ခြင်း။
(၉) ကုသိုလ်ကောင်းမှု များစွာရရှိခြင်း။
(၁၀)အန္တရာယ်အမျိုးမျိုး ကင်းလွတ်ရခြင်း စသော အကျိုးထူး

တရား (၁၀) ပါးနှင့် ပြည့်စုံနိုင်ပါသည်ဟု မှတ်ပါ။

တပည့်မကောင်းသောကြောင့် ဆရာမြတ်များ ငရဲလား လေကုန်ပြီ။

တပည့်မကောင်းသောကြောင့် ဆရာမြတ်များ စိတ်ဆင်းရဲ ရလေကုန်ပြီ။

တပည့်မကောင်းသောကြောင့် ဆရာမြတ်များ သေဆုံးရ လေကုန်ပြီ။

တပည့်မကောင်းသောကြောင့် ဆရာမြတ်များ အရှက်ကွဲ ရလေကုန်ပြီ။

တပည့်မကောင်းသောကြောင့် ဆရာမြတ်များ တိရစ္ဆာန် ဖြစ်ရလေကုန်ပြီ။

တပည့်မကောင်းသောကြောင့် ဆရာမြတ်များ နိဗ္ဗာန်နှင့် လွဲ၍ သံသရာလည်ကြလေကုန်ပြီ။

ထို့ကြောင့် ဆရာမကောင်းသောကြောင့် တပည့်တွင် ဒုက္ခ ရောက်နိုင်သလို တပည့်မကောင်းသောကြောင့် ဆရာများတွင် ဒုက္ခရောက်နိုင်သည်ဟု မှတ်ကြပါကုန်လော့။

(၁) ဆရာက နည်းနိဿယကို ပေးအပ်ခြင်းဖြင့် ထိုနည်းနိဿ ယအတိုင်း တစ်သဝေမတိမ်း လိုက်နာသောကြောင့် ထွက်ရပ်

ပေါက်သော တပည့်မျိုး။

(၂) ဆရာက နည်းနိဿယကို အကုန်မပြဘဲ အကုန်မပေးဘဲ အစမျှလည်းကောင်း၊ အလယ်မျှလည်းကောင်း၊ အဆုံးမျှလည်းကောင်း၊ နည်းကို အချို့အဝက်ပေးကာမျှဖြင့် တစ်ထွာပြ တစ်တောင်မြင်ကာ ထွက်ရပ်ပေါက်သော တပည့်မျိုး။

(၃) ဆရာက နည်းနိဿယကို မပေးဘဲ၊ မပြဘဲ သဘောပေါက်အောင် ဆုံးမပြောဆိုကာမျှဖြင့် နာယူ၍ ကျင့်ကြံသောကြောင့် ထွက်ရပ်ပေါက်သော တပည့်မျိုး။

(၄) မိမိဆရာကိုယ်တိုင် ပညာပေးခြင်း၊ ပညာအပ်ခြင်း၊ ဓာတ်ပေးခြင်း၊ ကိုယ်ထိလက်ရောက် သင်ကြားပြသပေးခြင်း၊ ထွက်ရပ်ပေါက်သည်အထိ ဆရာက ကူညီမှုထွက်ရပ်ပေါက်သော တပည့်မျိုး။

ဎင်းဆရာ (၄) မျိုးနှင့် တပည့် (၄) မျိုးတို့၏ သဘောသဘာဝများကိုလည်း မှတ်သားကြပါကုန်လော့။ ဎင်းပြင် ဆရာကကောင်းသော ပညာရပ်များကို ပေးအပ်ပါသော်လည်း တပည့်များက အကျင့်မကောင်းသောကြောင့် ထွက်ရပ်မပေါက်ဘဲ လမ်းတစ်ဝက်တွင်ပင် သေဆုံးရသော၊ ရူးသွပ်ရသော၊ တပည့်ယုတ်မျိုးလည်းရှိသေးသည်ဟု မှတ်ပါ။ ထို့ကြောင့် ပညာကောင်း၊ ပညာမြတ်များရဖို့ရန် မလွယ်ကူကြောင်း မှတ်သားကြပါကုန်။ ဥပမာ -

မြေကြီးပေါ်မှာ အပ်တစ်စင်းကို ထောင်ထား၊ ကောင်းကင်မိုးပေါ်မှ အပ်တစ်ချောင်းကို လွှတ်ချပါ။ ထိချင်သာထိသွားနိုင်

သည်။ ဆရာကောင်း ဆရာမြတ်နှင့် ပညာကောင်း ပညာမြတ်ရဖို့ရန်မှာ လုံးဝလွယ်ကူသော ကိစ္စမဟုတ်ကြောင်းကို မှတ်ပါ။

(၁) မည်သည့်ဆရာထံတွင်မှ နည်းနိဿယမခံယူဘဲ မသင်ကြားဘဲ ကျမ်းစာပေစာ ကြည့်ရှုလေ့လာ၍ ပညာယူခြင်းတစ်မျိုး။

(၂) မည်သည့်ဆရာထံတွင်မှ နည်းနိဿယမခံယူဘဲ မသင်ကြားဘဲ မိမိလေ့လာမှတ်သားသရွေ့ အင်းများ၊ စာမများကို မှော်အဖြစ်ဖြင့် သောက်မျို၍ ပညာယူခြင်းတစ်မျိုး။

(၃) မည်သည့်ဆရာထံတွင်မှ နည်းနိဿယမခံယူဘဲ၊ မသင်ကြားဘဲ ဘဝပါရမီအခံဖြင့် အိပ်မက်တွင်ဖြစ်စေ၊ ကိုယ်ထင်ရှားပြ၍ဖြစ်စေ၊ အထက်လူကြီးများပေးအပ်မှုကြောင့် ဆရာထင်ရှားမရှိဘဲ ပညာဖြစ်ကာ ပညာယူခြင်းတစ်မျိုး။

(၄) မည်သည့်ဆရာထံတွင်မှ မသင်ယူ၊ မလေ့လာဘဲ ကံပါရမီအလျောက် မွေးစကလေးအရွယ်မှစ၍ တတ်မြောက်သော ပညာယူခြင်းမျိုး။

(၅) ဆရာကြီး၊ သမားကြီးထံတွင် နည်းနိဿယခံယူ၍ တပည့်အဖြစ် လေ့လာဆည်းပူးခြင်းဖြင့် ပညာယူခြင်းတစ်မျိုး။

ရင်း (၅) မျိုးကိုလည်း သိထားရမည်ဟု မှတ်ပါ။ ရင်း (၅) မျိုးတွင် မည်သည့်အမျိုးအစားဖြင့်ပင် ပညာယူ၊ ပညာအပ်သူပင်ဖြစ်စေ အကျင့်ကောင်းမှု၊ သမာဓိရှိမှုအပေါ် မူတည်၍ ပညာစွဲမြဲသည်ဟု မှတ်ပါ။


အလွန်အစွမ်းထက်သော ဆရာမြတ်များကပင် ပညာကို ပေးအပ်သည်ဖြစ်စေ၊ တပည့်လုပ်သူက အကျင့်မကောင်းပါက

ပညာမည်မျှကောင်းကောင်း စွဲမြဲစွာ ရှိလိမ့်မည်မဟုတ်ဟု တစ်ထစ်ချ မှတ်ယူကြပါကုန်လော။

ဤတွင် ပညာယူခြင်းအမျိုးမျိုးကို ပြဆို၍ ပြီးပါပြီ။

## သိဒ္ဓ ပညာအခန်း

မြစ်တော်ပေါင်း ဘုရားမှော်အင်း



(၁) ပဌမ - ဂဏန်းကို မြင်းသေမြင်းကိုက်သွင်းပါ။
(၂) ဒုတိယ - သံ၊ ဂုံ၊ ပ၊ မ၊ ယျ ကိုသွင်းပါ။
(၃) တတိယ - ဏ၊ ယ၊ ဏ၊ ဠ ကို သွင်းပါ။

(၁) အတိုင်းမသိ၊ ကျေးလူရှိသား၊ မုနိသကျ၊ ရှင်ဂေါတမ၏၊ အစကြိုးကြာ၊ (၁၆) ခါနှင့်၊ ဟသ်ာ (၉) ဖြစ်၊ (၆) ဖြစ်ကား ခို၊ ကျေးညီ (၃) ခါ၊ သံသာကျူးပိတ်၊ ကရဝိက် (၅)၊ (၄) ကား ကိန္နရီ၊ ဇာမရီ (၁၅)၊ မျောက်ကား (၁၀)၊ ဆင်ဝယ် (၁၁)၊ နွား ဖြစ် (၁၄)၊ ဧကေ သိန္ဓဝ၊ ကျွဲအဌတည်း၊ သံမြသာညောင်း၊ ဝသုံ့ညသဒေါင်း၊ ဥဒေါင်း (၂) ခါ၊ သာလိကာသဋ္ဌ (၇)၊ ဥ္ဂါဒသ (၁၂) ကြက်ဝက်ဖြစ်၊ (၁၃) ပေါင်းလုံးများလှ၊ တရားသုံးဆယ့်

ခြောက်ခုဝယ်၌၊ အန္တရာယ်တစ်စိ၊ ဘေးမရှိသည်။ မုနိတွင့်တင်၊ မြတ်အရှင်ကို ကြည်ညိုဖယောင်း၊ လက် (၁၀) ချောင်းဖြင့် ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

၎င်းဖြစ်တော်ပေါင်းအင်းသည် စုန်းပင်၊ နတ်ပင်း၊ တဝေ ပင်း၊ တစ္ဆေပင်း၊ အပင်းရှင်၊ အပင်းခြောက်ကို နိုင်၏။ ကျစေ ၏။ (၉) အင်းတိတိ ပြာချ၍တိုက်သော် အပင်းရှိလျှင်ကျ၏။ ဗူးရှိလျှင် အန်၏။ ပညာသယ်၊ စုန်း၊ ကဝေအမျိုးမျိုးတို့၏ စက် ကို ပြတ်ကျစေ၏။

မြတ်စွာဘုရားအား ကန်တော့ပွဲတစ်ပွဲပေး၍ သစ္စာပြုကာ တစ်နေ့တစ်အင်းကျသောက် (၄၅) ရက်စေ့လျှင် ဘုရားမော် အောင်၏။ လူနတ်ချစ်ခင်လေးစား၏။

စန္ဒာသုရိယအင်းကို ပြခြင်း



နေမင်း၏ အချင်းယူဇနာ (၅၀) ရှိသည်။
လမင်း၏ အချင်းယူဇနာ (၄၉) ရှိသည်။

စုစုပေါင်း (၉၉) ရှိသည်။

၎င်း (၉၉) ကိုတည်၊ နေရာတိုင်းတွင် ဓာတ်ကြီး (၄) ပါး သည် ခြယ်လှယ်သောကြောင့် ဓာတ် (၄) ပါးကို နုတ်၍ ခရုပတ် သွင်းရသည်။ အလယ်တွင် အင်္ဂါနံ စုန်းသေသည်။ မိုးထွန်းရ သည်။ အိမ်လေးထောင့်၊ ခြံလေးထောင့် မြှုပ်သော် အိမ်လုံ၏။

ရန်လုံ၏။ အင်းစောင့်ကာ၊ နတ်ဘီလူးစောင့်သည်။ စုန်းကဝေကို သေစေနိုင်သည်။

ပိယမိတ်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |
| ၇၈ | ပိ | ယေ | မ | ၂၄ |
| ၃၆ | ယေ | ၁၅၂၄ ၃၆၇၈ | ယာ | ၃၆ |
| ၂၄ | ဝါ | မ | ပိ | ၇၈ |
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |

ပထမ - ပိယာဝါယေ ပိယေမမ ကိုသွင်း။
ဒုတိယ - ၁၅၊ ၂၄၊ ၃၆၊ ၇၈ ကိုသွင်း။
တတိယ - (၇) နေ့၊ (၇) နံ ကို သွင်းပါ။

ရွှေပြားငွေပြားတွင် လက်ဖွဲ့ထိုးထား၊ စီးပွားတိုးတက်၏။ အရောင်းအဝယ်ကောင်း၏။ (၇) ရက်သား၊ (၇) ရက်သမီး ချစ်ခင်၏။ ရန်သူ၊ သူခိုး၊ ဓားပြများ၊ ချစ်ခင်လေးစားရ၏။ မှိုသေစွာ ဆောင်လေ။ တရားတဘောင်အမှုရုံးအမှုများကိုလည်း နိုင်နင်း၏။


အတတ်ဖျက်အင်း

| | | | | |
|---|---|---|---|---|
| ၈၉ | ၃၇ | ၁၂ | ၃၇ | ၈၉ |
| ၃၇ | ၅၄ | သံ | ၅၄ | ၃၇ |
| ၁၂ | မ | ၁၂ | ဂုံ | ၁၂ |
| ၃၇ | ၅၄ | ပ | ၅၄ | ၃၇ |
| ၈၉ | ၃၇ | ၁၂ | ၃၇ | ၈၉ |

အင်းချပုံကား- ပထမထောင့်တွင် (၈၉) ကို ချပါ။ ပြီးလျှင် ဒုတိယ-(၃၇) ကိုပတ်လည်လှည့်၍ချပါ။ ပြီးလျှင် (၅၄) ကို (၄) ဘက်မှာချ၊ (၁၂) ကို တစ်ဖန်လှည့်၍ချပါ။ အလယ်ဇယိုတွင် သံ၊ ဂုံ၊ ပ၊ မ ကိုသွင်းပါ။

အကျိုးကား - ကိုယ်တွင်ဆောင်ထားသော် အောက်လမ်းဆရာပင် မဝံ့ချေ။ အန္တရာယ်ဟူသမျှ ကင်းရသည်။ စုန်းကဝေ၊ တစ္ဆေ၊ သရဲကို အထူးနိုင်နင်း၏။ တစ်ပါးသူ၏ အတတ်ပညာမျိုးကို ဖျက်ဆီးနိုင်၏။ အရေးကြီးသော် ဧည့်ဂုဏ်ရေအိုးရေနှင့် အင်းကိုပြာချ၍ တိုက်ပါ။ တိုက်နွားဖြစ်သော် နွားလားဥသဘပင် ကျိုးကျိုးလေသည်ဟု မှတ်ပါ။

ဗောဓိပက္ခိယအင်း




သတိပဋ္ဌာန်တရား (၄) ပါး၊
သမ္မပ္ပဓာန်တရား (၄) ပါး၊
ဣဒ္ဓိပါဒ်တရား (၄) ပါး၊
ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး၊
မဂ္ဂင် (၈) ပါး၊ လောကုတ္တရာတရား (၉)ပါး။ အလယ်တွင် 'နံ' ထည့်ပါ။

၎င်းဗောဓိပက္ခိယအင်းသည် ထွက်ရပ်ပေါက်စေနိုင်သည်။ စုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက်၊ တစ္ဆေတိုက်၊ ပုဏ္ဏကတိုက် မှန်သမျှကို နိုင်နင်း၏။ ပြာချ၍ တိုက်ပါ။

အစွဲမှင့်အင်း



အလယ်ပဋ္ဌာ၊ ဒေါင့်ဆဋ္ဌ၊ ရှင်တော်ဦးက လှည့်ချ၊ လှနော စွဲ၊ ရအောင် မွှေ။ ၎င်းအင်းသည် စုန်းစွဲ၊ နတ်စွဲ၊ ကဝေစွဲ၊ တစ္ဆေ၊ ဖုတ်စွဲ၊

ဘီလူးစွဲ မှန်သမျှ ပြေးထွက်စေ၍ မကောင်းသော သိမ်ဝင် သပိတ်ကွဲတွင်လည်းကောင်း၊ သိမ်ဝင်ကြေးပြားတွင်လည်း ကောင်း အင်းချထားပါ။ ရွှေပြား၊ ငွေပြားတွင် လက်ဖွဲ့ထိုး၍ လည်ပင်းတွင် ချည်ပေးထားပါ။

ရန်လွှတ်အင်း

| | | | |
|---|---|---|---|
| သံ | ဦ | လွဲ | ဂုံ |
| ဃံ | မ | ဦ | ဗုံ |
| မံ | ဒွံ | ရှဲ | ဦ |
| မ | သံ | မွဲ | ပ |

ဦ ဗုဒ္ဓံလွဲ၊ ဦ ဓမ္မံလွဲ၊ ဦ သံဃံ ရှဲ သွင်းပါ။ သံ၊ ဂုံ၊ ပ၊ မ ကို ဒေါင့် (၄) ဒေါင့်တွင် ရံပါ။

အကျိုးကား - သိမ်ဝင် သပိတ် ကွဲတွင်ချ၍ ဆောင်ထားပါလေ။ အန္တရာယ်ကင်း၏။ စုန်းပယောဂ၊ နတ်ပယောဂ ရန်မှကင်းဝေး၏။ ရေဘေး၊ မီးဘေး၊ သူခိုးဓားပြ ဘေး၊ မင်းဘေးမှ ကင်းရှင်း၏။ ကျောက်ပြားတွင်ချ၊ အိမ် (၄) ထောင့်တွင် မြှုပ်၊ ရန်လုံ၏။ ဘေးရန်မှန်သမျှ ကင်း၏။ ရေစိမ် ၍တိုက်သော် ဘေးအမျိုးမျိုး၊ ဥပါဒ်အမျိုးမျိုးမှ ကင်းရှင်းရသည်။ မကောင်းသောအစာမှန်သမျှ ကျေပါသည်။

သုဝဏ္ဏသာမ္ဘိအင်း

| | | | | | |
|---|---|---|---|---|---|
| | သံ | နံ | ဒ္ဓိ | လ | |
| သ | ဟိ | တ | ဝ | သော | တာ |
| နိ | န္တာ | ယျံ | မ | နံ | ဏ္ဍာ |
| မ | ဒေ | ဒွ | ဟူ | ပိ | နုံ |
| ဂ | စေ | ရာ | တွာ | ဘု | ပြ |
| | မိ | မွိ | သာ | ဏ္ဍ | |

အင်းဆံဂါထာကား -

သုဝဏ္ဏဘုမ္မိ ဂန္တာနသော ဒုတ္တရော မဟိဒ္ဓိကာ ပိသာစေ

နိဒ္ဒ မိတ္တာန ဗြဟ္မဇာလ မဒေသယျ။

(၃၂) လုံးရှိသည်။

သိမ်ဝင်သပိတ်ကွဲတွင်လည်းကောင်း၊ သိမ်ဝင်ကြေးပြား တွင်လည်းကောင်း၊ နတ်အိုးကွဲတွင်လည်းကောင်း၊ သေချာစွာ ချ၍ ဆောင်ထားပါ။ အရေးရှိသော် ရေစိမ်၍တိုက်၊ တောက် ပါ။ ပက်ဖျန်းပေးပါ။ မှိုင်းခံစက္ကူတွင် ရေး၍ ပြာချ၍တိုက်နိုင် သည်။

အကျိုးကား - စုန်းစက်၊ နတ်စက်၊ ကဝေစက်၊ ဘီလူးစက်၊ အောက်လမ်းဆရာများ၏ အောက်စက်၊ ပညာစက်ဟူသမျှ ပြတ် ထွက်ကုန်၏။ စုန်းပင်း၊ နတ်ပင်း၊ ကဝေပင်း၊ တစ္ဆေပင်း၊ အပင်း ရှင်း၊ အပင်းခြောက်၊ အပင်းသင်နိုင်းစွပ်ပင်ဖြစ်စေ စက္ကူတွင်ချ ၍တိုက်ပါ။ အကုန်ကျလာရ၏။ ဖုတ်များ၊ ဘီလူးများ၊ ကဝေ စုန်းများ၊ သရဲသဘက်များ၊ နတ်ဆိုးနတ်ဝါးနတ်ယုတ်များကို အဝေးသို့နှင်ထုတ်စေသည်။ ၎င်းအင်းဖြင့် အောက်လမ်းဆရာ ကို နှိမ်နင်းနိုင်၏။ ပယောဂကုစားနိုင်၏။ အင်းဆံ 'သုဝဏ္ဏဘုမ္မိ ဂါထာ' နှင့် (၃၇) အုပ်မန်းလေ၊ အညွန်းမကုန်သေးပါ။ မေတ္တာ ထားပါလေ။

လေးကျွန်းအင်းတော်။

ဇယားနဲ့စဉ်ပြထားသည့်အတိုင်း ဂါထာကိုသွင်းပါ။

ဇမ္ဗူဒီပါတောင်ကျွန်းတစ်အင်း၊ အရှေ့ကျွန်းအင်း၊ မြောက်

ကျွန်းအင်း၊ အနောက်ကျွန်းအင်း စသည်ဖြင့် ကျွန်းကြီး (၄) ကျွန်း အင်းတော်ဖြစ်သည်။ ရှိသေစွာ ဆောင်ထားပါ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |
| ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၄၀ |
| ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ |
| ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ |
| ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၁ | ၆၂ | ၆၃ | ၆၄ |

"ဇမ္ဗုဒီပါ ရက္ခာဒေဝါ သဗ္ဗေဒေဝါ ပသံသိတာ ဇမ္ဗုဒီပါ ဟေရာဇာ အဝေရာ ဟောန္တု သုခိတာ၊ ဇမ္ဗုဒီပါ ဟေနော သုခိတာ ဟောတု ဖေယျတု သဗ္ဗေ ဒေဝါ ပသံသန္တော၊ အာယု ဒီဃာ သုခဘဝ" (တောင်ကျွန်း)

၎င်းအထက်ပါဂါထာသည် ဇမ္ဗူဒီပါတောင်ကျွန်း အင်းဆံဂါထာဖြစ်၏။ ဂဏန်းစဉ်အတိုင်း သွင်းပါလေ။

အင်းဆံဂါထာနှင့်ပင် (၃၇) အုပ်မန်းပါ။ အကျိုးကား - စုန်း၊ ဖုတ်၊ ဘီလူးဟူသမျှကို နိုင်နင်း၏။ လက်ဖွဲ့ထိုးထား။ အရေကြုံသော် လည်ပင်းတွင်ဖမ်း၍ချည်ထား။ (၃၇) မင်းနတ်ပင် ထွက်၍ မပြေးနိုင်။ ချုပ်မိနေ၏။ တောင်းပန်မှ လွှတ်ပေးပါလေ။ စစ်ချီစစ်တက်သော အလံမှာချ။ နောက်ပါ (၁၀၀၀) ကို လုံခြုံ

၏။ ၎င်းအင်းကို သစ်ပင်တွင်ချည်ထားသော် ရက္ခစိုးနတ် ထွက်ပြေး၏။ ဉာဏ်ရှိတိုင်း သုံးစွဲပါလေ။

အကျယ်မဆိုကောင်းပြီ။

## ဝေဒိဏ္ဏတ ဥဩာများ

| | | |
|---|---|---|
| တနင်္ဂနွေနေ့ | နံ | အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ |
| တနင်္လာ | နံ | က၊ ခ၊ ဂ၊ ဃ၊ င |
| အင်္ဂါ | နံ | စ၊ ဆ၊ ဇ၊ ဈ၊ ည |
| ဗုဒ္ဓဟူး | နံ | လ၊ ဝ၊ ယ၊ ရ |
| ကြာသပတေး | နံ | ပ၊ ဖ၊ ဘ၊ ဗ၊ မ |
| သောကြာ | နံ | သ၊ ဟ |
| စနေ | နံ | တ၊ ထ၊ ဒ၊ ဓ၊ န } စနေနံ |
| | နံ | ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ } စနေနံ |


| | | |
|---|---|---|
| တနင်္ဂနွေဂြိုဟ်သက် | (၆) နှစ် | အရှေ့မြောက် |
| တနင်္လာဂြိုဟ်သက် | (၁၅) နှစ် | အရှေ့ |
| အင်္ဂါဂြိုဟ်သက် | (၈) နှစ် | အရှေ့တောင် |
| ဗုဒ္ဓဟူးဂြိုဟ်သက် | (၁၇) နှစ် | တောင် |
| ကြာသပတေးဂြိုဟ်သက် | (၁၉) နှစ် | အနောက် |


| | | |
|---|---|---|
| သောကြာဂြိုဟ်သက် | (၂၁) နှစ် | မြောက် |
| စနေဂြိုဟ်သက် | (၁၀) နှစ် | အနောက်တောင် |
| ရာဟုဂြိုဟ်သက် | (၁၂) နှစ် | အနောက်မြောက် |
| စုစုပေါင်း | (၁၀၈) နှစ် | |

အရကျက်ထားရမည်။ လေ့လာထားရမည်။
ပါပဂြိုဟ်သည် မကောင်းကျိုးကို ပေးစွမ်းနိုင်သည်။
သောမဂြိုဟ်သည် ကောင်းကျိုးကို ပေးစွမ်းနိုင်သည်။
ပါပဂြိုဟ်သည် အပူဓာတ်၊ နေမင်းနှင့်တူသည်။
ပါပဂြိုဟ်သည် အအေးဓာတ်၊ လနှင့်တူ၏ဟု မှတ်ပါ။

ပါပဂြိုဟ်များမှာ
- တနင်္ဂနွေ
- အင်္ဂါ
- စနေ
- ရာဟု

သောမဂြိုဟ်များမှာ
- တနင်္လာ
- ဗုဒ္ဓဟူး
- ကြာသပတေး
- သောကြာ








ကမ္ဘာ့မိတ်ဖက်ဓာတ်များ။

အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း။

ထို အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်းသည် ကမ္ဘာ့မိတ်ဓာတ်ဖြစ်သည်။ ချစ်မှု၊ ခင်မှု၊ အောင်မြင်မှု၊ မိတ်ဆွေဖြစ်မှု၊ မေတ္တာရှိမှု၊ အေးချမ်းသာယာမှု၊ ဥစ္စာစီးပွားတက်မှု၊ ရောင်းဝယ်မှု စသည်များတွင် များစွာအသုံးဝင်သည်။




ကမ္ဘာ့ဓာတ်ရန်သည် (ဝါ) ကမ္ဘာ့ရန်ဘက်သည် ဦးညို၊ ခေမာ၊ သုတ၊ ဝေရီဖြစ်သည်။ ၎င်း ကမ္ဘာ့ရန်ဘက်သည် ငိုမှု၊ မဲ့မှု၊ စိတ်ဆင်းရဲမှု၊ ရန်ဖြစ်မှု၊ စကားများမှု၊ ခိုက်ရန်ဒေါသဖြစ်မှု၊ သေကြေမှု၊ ပြေးစေမှု၊ ဆင်းရဲမှု၊ ရောဂါရမှု၊ ဆုတ်ယုတ်မှု၊ ပျက်

စီးပွားများတွင် များစွာအသုံးဝင်သည်ဟုမှတ်။

ထိုရန်ဓာတ်၊ မိတ်ဓာတ် (၂) ပါးပိုင်က လောကတွင်ပညာရှိ သုခမိန်ဖြစ်ပြီဟု မှတ်လေလော။

ကမ္ဘာ့ဓာတ်ဘက်မှာ အန္တော၊ ဂဋ္ဌော၊ စရေ၊ ဝံသေ ဖြစ်ပါသည်။ ဓာတ်ချင်းတူပါလျက် တည့်မှု၊ မတည့်မှုရှိပါသေးသည်။ ဓာတ်ချင်းတည့်မတ်သောသဘော၊ ဓာတ်ချင်းပေါင်းဖက်ထားသော သဘောကို 'အန္တော၊ ဂဋ္ဌော၊ စရေ၊ ဝံသေ' ဟု မှတ်ပါ။

ဓာတ်ရိုက်၊ ဓာတ်ဆင်ရာတွင် များစွာအသုံးဝင်သည်။ ပညာစိရင်မှု၊ အချိန်အခါယူမှု၊ ပညာဖြင့် ဓာတ်ရိုက်ရာတွင် များစွာအသုံးဝင်သည်။

ကမ္ဘာ့မိတ်ဓာတ်

ဝံသေ စရေ ဂဋ္ဌော အန္တော

၄-၆ ၃-၈ ၂-၅ ၁-၇

ကမ္ဘာ့ဓာတ်ရန်

တောသူ ရေဘူ စံကူး ဦးဝေ

၇-၆ ၈-၅ ၃-၂ ၁-၄

ကမ္ဘာ့ဓာတ်ရန်သည် ဦးဝေ၊ စံကူး၊ ရေဘူ၊ တောသူ ဖြစ်သည်။ ဓာတ်ချင်းတူပါလျက် မတည့်ဘဲ ဓာတ်ချင်းရန်ကျနေသည်ကို ဓာတ်ရန်ဟုခေါ်သည်။ အင်ဝိဇ္ဇာဓာတ်ရိုက်၊ ဓာတ်ဆင်ရာတွင် အသုံးဝင်သည်။ ထိုဓာတ်ဘက်နှင့်ဓာတ်ရန်ကို ကောင်းစွာသိ

ထားပါက လောကတွင် ခြယ်လှယ်စိုးမိုးနိုင်လေပြီဟု မှတ်ကြပါကုန်လော့။

**အိမ်ထောင်မိတ်ဖက်ကား-**

ဦး သာ၊ စိန် ပန်း၊ ဒန်း လှ၊ ကို ရှာ ဖြစ်သည်။

အိမ်ထောင်ကျသော် မတူသော်လည်း မိတ်ဖက်ဖြစ်၍ နိုင်မြဲခြင်း၊ တည့်ခြင်းကိုဆိုလိုသည်။ ဓာတ်ရိုက်၊ ဓာတ်ဆင်ရာတွင် ၎င်းအိမ်ထောင်ဖက်ရွေးရာတွင်လည်းကောင်း၊ ပညာဖြင့်စီရင်မှုတွင်လည်းကောင်း များစွာအသုံးဝင်ပါသည်။

**အိမ်ထောင်မိတ်ဖက်**

| ကို-ရှာ | ဒါန်း-လှ | စိန်-ပန်း | ဦး-သာ |
|---|---|---|---|
| ၂-၈ | ၇-၄ | ၃-၅ | ၁-၆ |

**အိမ်ထောင်ရန်ဖက်**

| ရာ-ဇာ | အင်း-ဝ | သော-က | ဓ-မွာ |
|---|---|---|---|
| ၈-၃ | ၁-၄ | ၆-၂ | ၇-၅ |

**အိမ်ထောင်ရန်ဖက်**

ဓ-မွာ၊ သော-က၊ အင်း-ဝ၊ ရာ-ဇာဖြစ်ပါသည်။ အိမ်ထောင်ကျပါလျှက် ရန်ဖက်ဖြစ်သည်ဟုမှတ်ပါ။ လင်မယားကွဲစေမှု၊ အိမ်မီးလောင်စေမှု၊ အိမ်တွင်းဆူပူမှု၊ ပျက်စီးမှု၊ စီးပွားဆုတ်ယုတ်မှု၊ (၉၆) ပါးသော ရောဂါကပ်ရောက်စေမှု၊ ဓာတ်ရိုက်၊ ဓာတ်ဆင်ရာတွင် များစွာအသုံးဝင်လှပေသည်။

အင်္ဂါခေတ်ကို မီးခေတ် တေဇောခေတ်ဟုခေါ် သည်။
ဂဗ္ဘေခေတ်ကို မြေခေတ် ပထဝီခေတ်ဟုခေါ် သည်။
စရေခေတ်ကို လေခေတ် ဝါယောခေတ်ဟုခေါ် သည်။
ဝံသေခေတ်ကို ရေခေတ် အာပေါခေတ်ဟုခေါ် သည်။

၁။ တနင်္ဂနွေဂြိုဟ်ကို သူရိယဂြိုဟ်ဟုခေါ် သည်။
၆။ သောကြာဂြိုဟ်ကို သောကြာဂြိုဟ်ဟုခေါ် သည်။
၄။ ဗုဒ္ဓဟူးဂြိုဟ်ကို ဗုဒ္ဓဂြိုဟ်ဟုခေါ် သည်။
၂။ တနလ်ာဂြိုဟ်ကို စန္ဒရဂြိုဟ်ဟုခေါ် သည်။
၀။ စနေဂြိုဟ်ကို သောရီဂြိုဟ်ဟုခေါ် သည်။
၅။ ကြာသပတေးဂြိုဟ်ကို ဂုရုဂြိုဟ်ဟုခေါ် သည်။
၃။ အင်္ဂါဂြိုဟ်ကို ဘောမဂြိုဟ်ဟုခေါ် သည်။

တနင်္ဂနွေဂြိုဟ်သည် တစ် (၁) ဂဏန်းကိုရသည်။
တနလ်ာဂြိုဟ်သည် နှစ် (၂) ဂဏန်းကိုရသည်။
အင်္ဂါဂြိုဟ်သည် သုံး (၃) ဂဏန်းကိုရသည်။
ဗုဒ္ဓဟူးဂြိုဟ်သည် လေး (၄) ဂဏန်းကိုရသည်။
ကြာသပတေးဂြိုဟ်သည် ငါး (၅) ဂဏန်းကိုရသည်။
သောကြာဂြိုဟ်သည် ခြောက် (၆) ဂဏန်းကိုရသည်။
စနေဂြိုဟ်သည် ခုနစ် (၇) ဂဏန်းကိုရသည်။
ရာဟုဂြိုဟ်သည် ရှစ် (၈) ဂဏန်းကိုရသည်။
ကိတ်ဂြိုဟ်သည် ကိုး (၉) ဂဏန်းကိုရသည်။

မြင့်မြတ်သောဂြိုဟ်

အဓိပတိဂြိုဟ်ကို အထွတ်အထိပ်၊ မြင့်မြတ်သောဂြိုဟ် ဟုခေါ်သည်။

ရာဇဂြိုဟ်ကို ရှင်ဘုရင်ဂြိုဟ်၊ မင်းဂြိုဟ်ဟုခေါ်သည်။

အထွန်းဂြိုဟ်ကို မြဲခွဲမှု၊ ထွန်းကားမှု၊ ပေါမျှားမှုဂြိုဟ်ဟု ခေါ်သည်။

သိုက်ဂြိုဟ်သည် ဖွံ့စည်းမှု၊ ရှိမှု၊ ရမှု၊ ပိုင်ဆိုင်မှုကို ပြသော ဂြိုဟ်ဖြစ်သည်။

မရဏဂြိုဟ်သည် အသေအပျောက်၊ မရှိမှု၊ မမြဲမှုကိုပြ သောဂြိုဟ်ဖြစ်သည်။

ဘင်ဂြိုဟ်သည် ပျက်စီးမှု၊ ဆုံးရှုံးမှု၊ ဆုတ်မှုကိုပြသောဂြိုဟ် ဖြစ်သည်။

ပုတိဂြိုဟ်သည် ငံ့လျှိုးမှု၊ ကွယ်ဝှက်မှု၊ ပျောက်ကွဲမှု၊ ပုပ်သိုး မှုကိုပြသောဂြိုဟ်ဖြစ်သည်။

(၁) တနင်္ဂနွေ၏အမြစ်ဂြိုဟ်သည် စနေဖြစ်၍ အညွန့်ဂြိုဟ်သည် တနင်္လာဖြစ်သည်ကို မှတ်ပါ။ တနင်္ဂနွေသည် အပင်ဟု မှတ်ပါ။

(၂) တနင်္လာ၏အမြစ်ဂြိုဟ်သည် တနင်္ဂနွေဖြစ်၍ အညွန့်ဂြိုဟ် သည် အင်္ဂါဖြစ်သည်ဟု မှတ်ပါ။ တနင်္လာသည် အပင်ဟု မှတ်ပါ။

(၃) အင်္ဂါ၏အမြစ်ဂြိုဟ်သည် တနင်္လာဖြစ်၍ အညွန့်ဂြိုဟ်သည် ဗုဒ္ဓဟူးဖြစ်သည်ဟု မှတ်ပါ။ အင်္ဂါသည် အပင်ဟု မှတ်ပါ။

(၄) ဗုဒ္ဓဟူး၏အမြစ်ဂြိုဟ်သည် အင်္ဂါဖြစ်၍ အညွန့်ဂြိုဟ်သည် ကြာသပတေးဖြစ်သည်ဟု မှတ်ပါ။ ဗုဒ္ဓဟူးသည် အပင်ဟု မှတ်ပါ။

(၅) ကြာသပတေးဂြိုဟ်သည် ဗုဒ္ဓဟူးဖြစ်၍ အညွန့်ဂြိုဟ်သည် သောကြာဖြစ်၏ဟု မှတ်ပါ။ ကြာသပတေးသည် အပင်ဟု မှတ်ပါ။

(၆) သောကြာ၏အမြစ်ဂြိုဟ်သည် ကြာသပတေးဖြစ်၍ အညွန့်ဂြိုဟ်သည် စနေဟု မှတ်ပါ။ သောကြာသည် အပင်ဟုမှတ်ပါ။

(၇) စနေ၏ အမြစ်ဂြိုဟ်သည် သောကြာဖြစ်၍ အညွန့်ဂြိုဟ်သည် တနင်္ဂနွေဟု မှတ်ပါ။ စနေသည် အပင်ဟု သိလေ။

သိဒ္ဓိ ဆိုသည်မှာ ပြီးစီးအောင်မြင်သည်ဟု ခေါ်၏။

ဝိဇ္ဇာမဟိဒ္ဓိ ဆိုသည်မှာ ဝိဇ္ဇာတို့၏ တန်ခိုးဟုခေါ်၏။

မဟိဒ္ဓိ ဆိုသည်မှာ တန်ခိုးကိုခေါ်သည်။

မနောမယ ဆိုသည်မှာ ဝိဇ္ဇာတို့၏ အလိုရှိရာအတတ်ကို ခေါ်ဆိုပါသည်။

ဝိဇ္ဇာမယ ဆိုသည်မှာ ဝိဇ္ဇာတို့၏အလိုရှိရာအတတ်ကို ခေါ်ဆိုပါသည်။

ဣဒ္ဓိဝိဓ ဆိုသည်မှာ ဖန်ဆင်းအပ်သော တန်ခိုးအမျိုးမျိုးကို ခေါ်ဆိုပါသည်။

ပီယ ဆိုသည်မှာ ချစ်မှု၊ ခင်မှုကို ခေါ်ဆိုပါသည်။

ဒိဗ္ဗသောတ ဆိုသည်မှာ နတ်တို့၏ နားဟု ခေါ်သည်။

ဒိဗ္ဗစက္ခု ဆိုသည်မှာ နတ်တို့၏ မျက်စိဟု ခေါ်သည်။

ပု ဆိုသည်မှာ ပုဗ္ဗေနိဝါသဉာဏ်ကို ခေါ်သည်။

ဒိ ဆိုသည်မှာ ဒိဗ္ဗစက္ခုဉာဏ်ကို ဆိုပါသည်။

အာ ဆိုသည်မှာ အာသဝက္ခယဉာဏ်ကို ဆိုပါသည်။

တစ် (၁) ဂဏန်းကို ဧက ဟုခေါ်ပါသည်။

နှစ် (၂) ဂဏန်ကို ဒွေ-ဒွိ ဟု ခေါ်ပါသည်။

သုံး (၃) ဂဏန်းကို တြိ=တရိ ဟု ခေါ်ပါသည်။

လေး (၄) ဂဏန်းကို စတု=ဇယ ဟု ခေါ်ပါသည်။

ငါး (၅) ဂဏန်းကို ပဉ္စ ဟု ခေါ်ပါသည်။

ခြောက် (၆) ဂဏန်းကို ဆ-ဆဋ္ဌ ဟု ခေါ်ပါသည်။

ခုနစ် (၇) ဂဏန်းကို သတ္တ ဟု ခေါ်ပါသည်။

ရှစ် (၈) ဂဏန်းကို အဋ္ဌ ဟု ခေါ်ပါသည်။

ကိုး (၉) ဂဏန်းကို နဝ ဟု ခေါ်ပါသည်။

တစ် (၁) ဂဏန်းကို ဧက ဟု မှတ်ပါ။

နှစ် (၂) ဂဏန်းကို စမွာ ဟု မှတ်ပါ။

သုံး (၃) ဂဏန်းကို တြိ ဟု မှတ်ပါ။

လေး (၄) ဂဏန်းကို ဇာလင်း ဟု မှတ်ပါ။

ငါး (၅) ဂဏန်းကို ပဉ္စ ဟု မှတ်ပါ။

ခြောက် (၆) ဂဏန်းကို ဆ ဟု မှတ်ပါ။

ခုနစ် (၇) ဂဏန်းကို သတ္တ ဟု မှတ်ပါ။

ရှစ် (၈) ဂဏန်းကို အဋ္ဌ ဟု မှတ်ပါ။

ကိုး (၉) ဂဏန်းကို နဝင်း ဟု မှတ်ပါ။

သေချာစွာ ကျက်မှတ်ထားကြပါကုန်။ ထိုအခေါ်အဝေါ် သင်္ချာဂဏန်းများကို မသိပါက အင်းပညာရပ်တွင် အခက်အခဲ

များစွာ တွေ့ကြုံရတတ်ပါသည်။ အထူးသတိပြုပါ။

(၁) တစ်ဘက်ကာ်းနက္ခတ်သည် ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းများ၊ လမ်းများ၊ စေတီပုထိုးများကို တည်ထားရမည်။

(၂) နှစ်ဘက်ကာ်းနက္ခတ်တွင် ဆေးထိုးခြင်း၊ ဆေးနှံခြင်း၊ ပညာ ယူခြင်း၊ ပွဲတက်ခြင်း၊ အင်းချခြင်းကို ပြုရာ၏။

(၃) နှစ်ဘက်မြင်နက္ခတ်တွင် ဈေးခေါ် ဈေးရောင်း၊ နှစ်မှု၊ ခင်မှု၊ စီးပွားတက်မှု၊ လာဘ်လာဘဝင်မှု၊ ပီယ၊ ဓနကိစ္စကို ပြုရာ၏။

(၄) ကမ္ဗါဒ်နက္ခတ်တွင် အလုံးစုံသော ကိစ္စမှန်သမျှ ဆောင်ရွက်ရာ၏။ ဆောင်ရွက်တိုင်း အောင်မြင်ရာ၏ဟု မှတ်ပါ။

| | |
|---|---|
| ဥပါဒ်စုတ်<br>မိတ္တစုတ်<br>ကာနစုတ် | ၎င်းစုတ် (၃) စုတ်ကြုံလျှင် ပယောဂ၊ စုန်းကဝေများ ကုသခြင်း၊ နှင်ထုတ်ခြင်းကို ပြုရာ၏။ |
| အမြိတ္တစုတ်<br>လာဘစုတ်<br>သိဒ္ဓိစုတ် | ၎င်း စုတ် (၃) စုတ်ကြုံပါက ချစ်မှု၊ ခင်မှု၊ ရောင်းရေးဝယ်တာ၊ ပီယ၊ ဓန၊ ရွှေ ငွေ၊ ကိစ္စ၊ မင်္ဂလာဆောင်လာဘ်လာဘဝင်မှုကို ပြုရာ၏။ |

ဓရစုတ်ကိုကြုံလျှင် ဝိဇ္ဇာများ ဖိုဝင်ခြင်း၊ ပညာတတ်ခြင်း၊ ပညာဝင်ခြင်း၊ အင်းစာမများချခြင်း၊ မျိုခြင်းကို ပြုရာ၏။ သေချာစွာ မှတ်သားကြပါကုန်။ ပညာဟူသည် ရရန်ခဲယဉ်းလှပါသည်။ ဝီရိယကို ရှေ့ထား၍ ကျက်မှတ်ထားကြပါ။ ဝီရိယဟူသည် ပိုသည်မရှိ လိုသည်သာရှိ၏ဟု မှတ်ပါ။

(၁) တနင်္ဂနွေ - စနေ (၁-၇)

တစ်နေ့နေ့၌ အဿော (ခေါ်) တေဇောမီးဓာတ် ပေါ်ချိန်တွင် ပယောဂကို ကုသခြင်း၊ စုန်းကဝေ၊ တစ္ဆေ၊ မြေ၊ ဖုတ် စသည်ကို အဝေးသို့ နှင်ထုတ်ခြင်း၊ အပြိုင်အဆိုင်ကိစ္စ၊ ပူပန်စေသော ကိစ္စ၊ ဘုန်းတန်ခိုးကြီးမားစေသောကိစ္စကို ဆောင်ရွက်ရာ၏။

(၂) တနလ်ာ - ကြာသပတေး (၂-၅)

တစ်နေ့နေ့၌ ဂဇ္ဇော (ခေါ်) ပထဝီမြေဓာတ်ပေါ်သောအချိန်တွင် ကာယသိဒ္ဓိစီရင်ခြင်း၊ တစ်ပွဲပြန်၊ တုတ်၊ ဓား၊ သေနတ် အမြောက် ပြီးစေမှု စီရင်ခြင်း၊ ခိုင်မြဲစေတတ်သော အမှုကိစ္စ တည်မြဲစေတတ်သော ကိစ္စရပ်များကို ဆောင်ရွက်ရာ၏။

(၃) အင်္ဂါ - ရာဟု (၃-၈)

တစ်နေ့နေ့၌ စရေဓာတ် (ခေါ်) ဝါယောလေဓာတ်ပေါ် သောအခါ၌ လျင်မြန်စေတတ်သောကိစ္စ၊ အာကာသသိဒ္ဓိအ တတ်၊ အမှုကိစ္စများ၊ မြန်မြန်ပြီးစီးစေတတ်သော အတတ်ကိစ္စ၊ ပြောင်းရွှေ့သွားစေမှုကိစ္စများကို ဆောင်ရွက်စီမံရာ၏။

(၄) ဗုဒ္ဓဟူး - သောကြာ (၄-၆)

တစ်နေ့နေ့၌ ဝံသေဓာတ် (ခေါ်) အာပေါရေဓာတ်ပေါ် သောအခါ၌ အေးချမ်းသာယာသောကိစ္စ၊ ရွှင်လန်းချမ်းသာစေ တတ်သောကိစ္စ၊ အိမ်ထောင်ကိစ္စ၊ ချစ်မှုခင်မှုကိစ္စ၊ ပီယလောဘ ကိစ္စ၊ ရွှေငွေဝင်မှု၊ စုတ်ကောင်းလာဘ်ကောင်းဝင်မှုကိစ္စကို စီရင် ရာ၏။

ဤတွင် ပကိဏ္ဏကပညာပိုင်းကို တစ်ခန်းရပ်လိုက်ပါတော့

သည်။ ထိုပညာရပ်များကို ဝီရိယရှေ့ထားပြီး ဇွဲရှိရှိအားထုတ်ကြပါကုန်။

အကျွန်ုပ်သည် အနှစ်နှစ်အလလမှ အားထုတ်ဆည်းပူးလာသော ပညာရပ်များကို မကွယ်မဝှက်ဘဲ စိတ်စေတနာသန့်သန့်ဖြင့် ဖော်ပြလိုက်ပါသည်။ ကြိုးစားအားထုတ်ကြစေရာသတည်း။

ဤတွင် ပကိဏ္ဏကပညာပိုင်း ပြီး၏။

## နိဂုံးချုပ် ဆုတောင်း

အကျွန်ုပ်သည် အကျွန်ုပ်တတ်မြောက်ထားပြီးဖြစ်သော အနှစ်နှစ်၊ အလလမှ လေ့လာဆည်းပူးခဲ့သော အမျိုးမျိုးသော ဝိဇ္ဇာမယပညာရပ်များစွာကိုလည်းကောင်း၊ အထက်ဆရာတော်များ သွန်သင်ဆုံးမတော်မူသော ပညာရပ်အမျိုးမျိုးတို့ကိုလည်းကောင်း -

မကွယ်မဝှက်ဘဲ မိမိတတ်သိသကဲ့သို့ သူတစ်ပါးအား လည်းတတ်မြောက်စေလိုသော အာဒီသဆန္ဒသည် အလွန်ပင် ပြင်းပြလှပါ၍ ဝိဇ္ဇာမယပညာရပ်အမျိုးမျိုးတို့ကို ပေးကမ်းစွန့်ကြဲရသော ကောင်းမှုကြောင့် အကျွန်ုပ်သည် အာဏာပိုင်ခြင်း၊ စေပိုင်ခြင်း၊ မနောပိုင်ခြင်း၊ ပညာပိုင်ခြင်း၊ သိဒ္ဓိပိုင်ခြင်းသည် ဖြစ်ပါစေသတည်း။

အင်း အတတ်၊ ဆေးအတတ်၊ ပြဒါးအတတ်၊ သံအတတ်၊ ဘာမအတတ်၊ မှော်အတတ်၊ ဝိဇ္ဇာတို့၏အတတ်၊ နတ်တို့၏

အတတ်မျိုးကို အပြီးအစီးတတ်မြောက်ရပါလို၏။

ဒိဗ္ဗသောတဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ်၊ အာသဝက္ခယဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် စသော အဘိညာဉ်တရားတို့ကို ပိုင်ဆိုင်ပြီးစီးရပါလို၏။

ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ နေသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဥဒက သိဒ္ဓိ၊ ဣဒ္ဓိဝိဓသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ မနောမယသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ စသော သိဒ္ဓိကြီးများကို လည်း ပြီးစီးအောင်မြင်ပေါက်ရောက်ရပါလိုကုန်၏။

ဝိဇ္ဇာကတ် (၃) ပုံ၊ ဗေဒင် (၄) ပုံ၊ ကျမ်းအဖုံဖုံကိုလည်း ခဏမျှ အာရုံပြုကာမျှဖြင့် အာဂုံဆောင်ပြီးစီးရပါလို၏။ ထွက်စာမ၊ ဝင်စာမ၊ ထိန်းစာမ၊ သိမ်းစာမတည်းဟူသော စာမလေးလုံး၊ ဓာတ်လေးပါးကို ပိုင်ဆိုင်ပြီးစီးရပါစေသတည်း။

ဝိဇ္ဇာဓရအတတ်၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်တို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်အောင်မြင်ပြီးစီးရပါလို၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်အား ပြုစုမျိုးထောင်နိုင်သော သာသနာပြုပုဂ္ဂိုလ်သည် အမှန်စင်စစ်ဖြစ်ရပါစေသတည်း။

အထက်ဆရာ ကျော်ဘုရားများနှင့်အတူ ဖဝါးခြေထပ်လိုက်နိုင်သော တပည့်ကောင်း တပည့်မြတ်သည် အမှန်ကေန်ဖြစ်ရပါစေသတည်း။

သစ္စာလေးပါးတရားတော်ကို သိမြင်သော အရိယာဝိဇ္ဇာ စစ်စစ် အမှန်ဖြစ်ရ၍ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်

မြောက်ကာ မဂ်ဖိုလ် နိဗ္ဗာန်ကို တစ်ထိုင်တစ်မုဟုက်ချင်း ဝင်စံရပါစေသတည်း။

ဣဒံမေပုညံ အာသဝက္ခယံ ဝရံ ဟောတု

မဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဝေပုလ္လ
ဝေပုလ္လာရာမဆရာတော်
ဝေပုလ္လာရာမကျောင်းတိုက်
ပြည်မြို့။